ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၅ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်

၂၀၀၆ - ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၆၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## တရားရုံးချုပ်၊ တရားသူကြီးချုပ်
## ဒုတိယတရားသူကြီးချုပ်များနှင့်တရားသူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | **B.A.;B.L.** | တရားသူကြီးချုပ် |

### တရားရုံးချုပ် (ရန်ကုန်)

| | | | |
|---|---|---|---|
| ၂။ | ဦးသိန်းစိုး | **B.Sc.;R.L.; (Advocate)** | ဒုတိယတရားသူကြီးချုပ် |
| ၃။ | ဦးခင်မောင်အေး | **B.Sc.;B.L.; (Advocate)** | တရားသူကြီး |
| ၄။ | ဦးခင်မြင့် | **Master Mariner (F.G);H.G.P .; R.L. LL.B.;(Advocate)** | တရားသူကြီး |
| ၅။ | ဒေါက်တာတင်အောင်အေး | **B.Sc.; B.L.;LL.M.; LL.D.** | တရားသူကြီး |
| ၆။ | ဦးမြင့်သိန်း | **B.Sc.; B.L.; (Advocate)** | တရားသူကြီး |
| ၇။ | ဦးချစ်လွင် | **B.Sc.; B.L.; (Advocate)** | တရားသူကြီး |
| ၈။ | ဦးတင်အေး | **B.A .; H.G.P .; R.L.** | တရားသူကြီး |

### တရားရုံးချုပ် (မန္တလေး)

| | | | |
|---|---|---|---|
| ၉။ | ဦးခင်မောင်လတ် | **B.A .; B.L.;(Advocate)** | ဒုတိယတရားသူကြီးချုပ် |
| ၁၀။ | ဦးစန်းတင့်ရီ | **B.A .(Law); LL.B.; (Advocate)** | တရားသူကြီး |
| ၁၁။ | ဦးမြင့်အောင် | **B.A .(Law); LL.B.; (Advocate)** | တရားသူကြီး |
| ၁၂။ | ဦးစိန်လှိုင် | **B.A .(Law); LL.B.; LL.M.; (Advocate)** | တရားသူကြီး |
| ၁၃။ | ဦးသက်ထွန်း | **B.A .; B.L.; (Advocate)** | တရားသူကြီး |
| ၁၄။ | ဦးကျော်ဝင်း | **B.A .;(Hons.); H.G.P.; R.L.** | တရားသူကြီး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး<br>ဒုတိယတရားသူကြီးချုပ် | **B.Sc.; R.L.; (Advocate)** | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင်အေး<br>တရားသူကြီး | **B.Sc.; B.L.;(Advocate)** | အဖွဲ့ဝင် |
| ၃။ | ဒေါက်တာတင်အောင်အေး<br>တရားသူကြီး | **B.Sc.; B.L.; LL.M; LL.D.** | အဖွဲ့ဝင် |
| ၄။ | ဦးမြင့်နိုင်<br>ဒုတိယရှေ့နေချုပ် | **B.A.(Law); LL.B.; (Advocate)** | အဖွဲ့ဝင် |
| ၅။ | ဦးလှမြင့်ဝင်း<br>တရားရုံးချုပ်ရှေ့နေ | **B.A .; B.L.; (Advocate)** | အဖွဲ့ဝင် |
| ၆။ | ဦးမြညိမ်း<br>ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး | **B.A . (Law); LL.B.; (Advocate)** | အဖွဲ့ဝင် |
| ၇။ | ဦးဗိုလ်ကြည်<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (မန္တလေး) | **B.A .; R.L.** | အဖွဲ့ဝင် |
| ၈။ | ဦးစိုးညွန့်<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်(ရန်ကုန်) | **B.A .; R.L.** | အဖွဲ့ဝင် |
| ၉။ | ဦးမြသိန်း<br>ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန၊တရားရုံးချုပ်(ရန်ကုန်) | **B.A .(Law); LL.B.; LL.M.** | အဖွဲ့ဝင် |
| ၁၀။ | ဦးထွန်းကြည်<br>ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ်(ရန်ကုန်) | **B.A .; H.G.P.; R.L.** | အဖွဲ့ဝင် |
| ၁၁။ | ဦးစောစံလင်း<br>ညွှန်ကြားရေးမှူး၊ စီမံဌာန၊ တရားရုံးချုပ် (ရန်ကုန်)<br>(၂၂. ၈. ၂၀၀၅ နေ့အထိ) | **B.A (Law); LL.B.** | အဖွဲ့ဝင် |

၁၂။ ဦးအုန်းကျော် **B.A.; H.G.P** အဖွဲ့ဝင်

ညွှန်ကြားရေးမှူး၊ စီမံဌာန၊ တရားရုံးချုပ် (ရန်ကုန်)

(၃၁. ၈. ၂၀၀၅ မှစ၍)

၁၃။ ဦးဇော်ဝင်း **B.A.(Law); LL.B.** အတွင်းရေးမှူး

ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ တရားရုံးချုပ် (ရန်ကုန်)

(၅-၁-၂၀၀၅ မှစ၍)

"တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည်"

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ(ခ)မောင်ရွှေပါ - ၂)[၁]

၁။ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ - ၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသော ပြစ်မှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | က-ဇ |
| ဇော်ကြီး(ခ) ဇော်လွင်ထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| လျှုဖန်း (ခ) တင်ဝင်း ပါ၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၀ |
| ဦးကိုကြီး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၀ |
| ဦးစိုးမြင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၂၈ |
| ဦးကျော်တင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ | ၃၉ |
| မောင်စိန် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄၆ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် / ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဒေါ်တင်တင်မြင့် / ဒေါ်တင်တင်မြင့် | ၅၂ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မခိုင် (ခ) မြင့်မြင့်ခိုင် | ၅၈ |

# မာတိကာ

## စီရင်ထုံးပြုသော တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက-ကပ |
| ဒေါ်မာလာ ပါ ၅ | နှင့် | ဒေါ်မြင့်မြင့်ခိုင် ပါ ၄ | ၁ |
| ဦးအောင်ဝင်း ပါ ၃ (ကွယ်လွန်သူဦးစောဖေ၏ တရားဝင်ကိုယ်စားလှယ်များ) | နှင့် | ဦးကျော်ညွှန့် | ၁၃ |
| ဒေါ်သိန်းနု | နှင့် | ဒေါ်နီနီယဉ် ပါ ၂ (ကွယ်လွန်သူဦးဇော်ဝင်း (ခ) ဦးဇော်ဝင်းဇော်၏ တရားဝင်ကိုယ်စားလှယ်များ) | ၂၇ |
| ဦးမြတ်စိုး ပါ ၄ | နှင့် | ဒေါ်တင်ကြည် | ၄၂ |
| ဒေါက်တာဦးတင်ဦး (၎င်း၏ကိုယ်စားလှယ် စာရသူ ဦးကျော်ကျော်) | နှင့် | ဒေါ်အေးအေးသန်း | ၅၂ |
| E.S.W.C Company (၎င်း၏ကိုယ်စားလှယ် ဦးသက်နိုင်ဦး၊ အရောင်းကိုယ်စားလှယ်) | နှင့် | ဦးသန်းဝင်း | ၆၄ |
| ဦးမြတ်ထွန်း (၎င်း၏ကိုယ်စားလှယ် ဦးရွှေကြည်) | နှင့် | ဒေါ်တင်အုန်း (၎င်း၏ကိုယ်စားလှယ် ဦးမင်းအေး) | ၈၃ |

| | | | |
|---|---|---|---|
| ဦးလှမြင့် | နှင့် | ဒေါ်ဂျူဘီ | ၈၈ |
| ဒေါ်ရင်ရင်ဝေ<br>(၎င်းကိုယ်တိုင်နှင့်<br>ကွယ်လွန်သူ ဒေါ်ကျင်အေး၏<br>တရားဝင်ကိုယ်စားလှယ်၊<br>၎င်းတို့၏အခွင့်ရကိုယ်စားလှယ်<br>ဦးခင်မောင်ကြူ) | နှင့် | ဦးထွန်းမြင့်<br>(၎င်း၏အခွင့်ရ ကိုယ်စားလှယ်<br>ဦးထွန်းထွန်း) | ၉၈ |
| ဒေါ်ကြည်ကြည်<br>(၎င်း၏အခွင့်ရ<br>ကိုယ်စားလှယ် ဦးမင်းဟန်) | နှင့် | ဦးကင်စူး<br>(၎င်း၏အထူးကိုယ်စားလှယ်စာရသူ<br>ဒေါ်ဖြူဖြူဝင်း) | ၁၀၉ |
| ကိုမင်းလွင် | နှင့် | မောင်သန်းနိုင် | ၁၂၇ |
| ဒေါ်နန်းခင်ထွေး | နှင့် | ဒေါ်လီကွေ့ချင်(ခ) လီလောက်မေ ပါ ၃ | ၁၃၈ |

# ၂၀၀၅ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- သက်သေခံဥပဒေ
- ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ
- ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေ

**လူအများကထည့်ဝင်သည့် စုဆောင်းငွေများကို လက်ခံပြီး စုငွေများကို ပြန်လည်ခွဲဝေပေးရန် တာဝန်ယူထားသူသည် သဘောတူ ထားသည့်အတိုင်း ခွဲဝေပေးရန် အကြောင်းမဲ့ ပျက်ကွက်ပါက ယုံကြည်အပ်နှံမှုဖောက်ဖျက်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်(၁)။** ။ ထိုသို့မပေးနိုင်ခြင်းကြောင့် အယူခံတရားခံအပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆အရ ပြစ်မှုကျူးလွန်ခြင်းရှိမရှိသုံးသပ်ရန် လိုပေသည်။ အယူခံတရားခံသည် စုမဲဒိုင်အဖြစ် ဆောင်ရွက်ပြီး ၎င်းပြုလုပ်ထားသော စုမဲစာချုပ်စည်းကမ်းကို စုမဲထည့်ဝင်သူများက ယုံကြည်၍ လစဉ်စုမဲငွေများယည့်ဝင်ကြခြင်းဖြစ်သည်။ စုမဲဒိုင်ဆောင်ရွက်သူတစ်ဦးအနေဖြင့် အစုဝင်တစ်ဦးဦးက နှုတ်ထွက်လျှင်ဖြစ်စေ၊ စုမဲအလှည့်ကျထုတ်ခွင့်ရသည့်အခါဖြစ်စေ စုငွေများကို ထုတ်ပေးနိုင်ရမည့် တာဝန်ရှိပေသည်။ အစုဝင်များ၏ ယုံကြည်အပ်နှံမှုရရှိထားသူဖြစ်၍ ၎င်းတို့ယုံကြည်အပ်နှံသည့်အတိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိပေသည်။ ထိုသို့ယုံကြည်အပ်နှံခံရသည့် အတိုင်း ဆောင်ရွက်ခြင်း မပြုဘဲဖြစ်စေ၊ ဆောင်ရွက်ရန် ပျက်ကွက်လျှင် ဖြစ်စေ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ရာရောက်ပေသည်။

**ဆုံးဖြတ်ချက်(၂)။** ။ ယခုအမှုတွင် အယူခံတရားခံသည် မိမိ စာမျက်နှာ တာဝန်ယူထားသည့် စုမဲငွေလက်ခံခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းကို ပြီးဆုံး သည်အထိဆောင်ရွက်ခြင်းမပြုဘဲ လုပ်ငန်းဖျက်သိမ်းကာ ကျန်အစုရှင် များအား ထည့်ဝင်ပြီး အစုငွေကိုပြန်လည်ထုတ်ပေးခြင်း မပြုခြင်းကြောင့် မူလရုံးတရားလိုအပါအဝင်အစုရှင် (၂၁)ဦးတို့မှာ နစ်နာဆုံးရှုံးလျက် ရှိနေပေသည်။ ၎င်း၏ထွက်ချက်တင်ပြချက်အရပင် ၎င်းထံတွင် အစု ငွေလက်ကျန် ၆သိန်း ၃သောင်းရှိနေသေးကြောင်း ပေါ်ပေါက်သည်။ ၎င်းအနေဖြင့် ပထမဆုံး စုငွေထုတ်ယူခွင့်ရသူ စုမဲဒိုင်ဆောင်ရွက်သူ အဖြစ်ငွေ (၁၀)သိန်း (၅)သောင်း ထုတ်ယူရရှိပြီး လည်းဖြစ်သည်။ ဤသို့သော အခြေအနေတွင် စုမဲလုပ်ငန်းဖျက်သိမ်း ပါက စုမဲထည့်ဝင်သူ အစုရှင်များအား ၎င်းတို့နစ်နာမှုမရှိစေရန် ထိုက်သင့်သည့်ငွေများ ပြန်လည်ထုတ်ပေးရန် တာဝန်ရှိပေသည်။ ထိုသို့ထုတ်ပေးခြင်းမပြုဘဲ မိမိလက်ဝယ်တွင် ငွေများဆက်လက်ထား ရှိခြင်းသည်ပင် မိမိပစ္စည်းအဖြစ် ပြောင်းလဲ၍ အလွဲသုံးစားပြုရာလည်း ရောက်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မခိုင်(ခ) မြင့်မြင့်ခိုင် ၅၈

**ပြည့်တန်ဆာကိစ္စအလို့ငှာ အမျိုးသမီးများအား စုဆောင်းလက်ခံထား ပြီး ထိုလုပ်ငန်းမှ ရရှိသော ဝင်ငွေဖြင့် အသက်မွေးဝမ်း ကျောင်းပြုသည့် ပြစ်မှုနှင့် အရွယ်မရောက်သေးသူ မိန်းကလေးအား အခြားသူနှင့် မတရားသဖြင့် ကာမ စပ်ယှက်သည့် ပြစ်မှုတို့သည် ကွဲပြားသောပြစ်မှုများဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်(၁)။** ။ ပုဇွန်တောင်မြို့နယ်တရားရုံးပြစ်မှုကြီး အမှတ် ၆၈/၂၀၀၃ တွင် မတင်တင်မြင့်အပေါ် ပြည့်တန်ဆာကိစ္စ အလို့ငှာ အမျိုးသမီးများအားထားရှိပြီး ထိုလုပ်ငန်းမှရရှိသော ဝင်ငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုခြင်းအတွက် ပြစ်ဒဏ် ချမှတ်

ခဲ့ခြင်းဖြစ်သည်။ ပြစ်မှုကြီး အမှတ် ၆၉/ ၂၀၀၃ တွင် အရွယ်မရောက် သေးသူ မဇာနည်ထွန်းကို အခြားသူတစ်ဦးတစ်ယောက်နှင့် မတရား သဖြင့် ကာမစပ်ယှက်ရန်အကြံဖြင့် သွေးဆောင်ခြင်း ပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပြစ်မှု(၂)မျိုးမှာ တူညီခြင်းမရှိပေ။ ယင်းပြစ်မှု(၂)မျိုးကို ပေါင်းလျှင်လည်း တစ်မှုတည်းမဖြစ်ဘဲ သီးခြား ပြစ်မှုများအဖြစ်ရှိနေမည်ဖြစ်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ နှင့် အကျုံးဝင်ခြင်း ရှိမည်မဟုတ်ပေ။ စာမျက်နှာ

**ဆုံးဖြတ်ချက်(၂)။** ။ ရန်ကုန်တိုင်းတရားရုံးမှ ရည်ညွှန်းကိုးကား ထားသော မရွက်(ခ) မကွက်အမှုမှာ ပြစ်မှု(၂) ခုသည် မျိုးတူပြစ်မှုများ ဖြစ်၍ပြစ်မှု (၂)ခုအတွက် ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေခဲ့ ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၇၁ နှင့် ဆန့်ကျင်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဤအမှုတွင် ပြည့်တန်ဆာနှိပ်ကွက်ရေးအက် ဥဒေပုဒ်မ ၅(၁)အရ ပြစ်မှုနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆-က အရ ပြစ်မှုတို့သည်အမှုအမျိုးအစားခြင်းတူညီခြင်းမရှိပေ။ ယင်းပြစ်မှုများမှ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေခဲ့ခြင်းမှာ ဥပဒေနှင့်လည်းကောင်း၊ ညွှန်ကြားချက်များနှင့်လည်းကောင်း ညီညွတ်မည်မဟုတ်ပေ။ သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်၍ ယင်း အမိန့်အား ပြင်ဆင်ရန်လိုမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဒေါ်တင်တင်မြင့်*
ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဒေါ်တင်တင်မြင့်* ၅၂

**ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအား ခွင့်လွှတ်ခြင်း ပြုမပြုစဉ်းစားရာတွင် တရားရုံး၏ ဆင်ခြင်တုံတရားကို အသုံးပြုရခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ လျှောက်ထားတင်သွင်းရန်အတွက် ကာလစည်းကမ်းသတ်ကိုစွကို ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်းခဲ့ကြောင်း မတွေ့ရပေ။ တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ ပါ သတ်မှတ်ချက်ကာလ ကျော်လွန်သော ပြစ်မှုဆိုင်ရာပြင်ဆင်မှု ကို လက်ခံဆောင်ရွက်ခြင်း၊ ပြုသင့်မသင့်မှာ တရားသူကြီး၏ သင့်တော်ရာလုပ်ပိုင်ခွင့်သက်သက်သာဖြစ်သည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများ လက်ခံဆောင်ရွက်ပေးခြင်းမှာလည်း အမှုသည်တို့၏ အခွင့်အရေးတစ်ရပ်အနေဖြင့် လက်ခံဆောင်ရွက်ပေးခြင်း မဟုတ်ဘဲ တရားရုံးများက တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ အယူခံမှုများကို လက်ခံဆောင်ရွက်ခြင်းနှင့် ကွာခြားသည်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို နှစ်ဘက်ကြားနာနိုင်ရန် လက်ခံလိုက်ခြင်း သက်သက်သည်တရားမျှတမှုကို မထိခိုက်ဟုဆိုရမည်။ ဥပဒေ တစ်ရပ်ရပ်နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

ဦးစိုးမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၂၈

**တရားခံအပေါ် အပြစ်ပေးနိုင်ရန် စဉ်းစားရာတွင် ဥပဒေနှင့် ညီညွတ်သော သက်သေခံချက်များ လိုအပ်သည်။ အခြား သက်သေခံချက်မရှိဘဲ ပူးတွဲတရားခံ၏ ရဲထံအစစ်ခံချက် တစ်ခုတည်းဖြင့် ကျန်တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်ရန် သင့်/မသင့်။**

**ဆုံးဖြတ်ချက်။** ။ အဓိကတရားခံ မြင့်စိုး(ခ)ရာမ၏ ရဲထံအစစ်ခံချက်မှအပ အခြားသက်သေခံချက်များ တရားလိုဘက်မှ သက်သေထင်ရှား မပြနိုင်သောအခြေအနေတွင် အဓိက တရားခံ၏ ရဲထံ အစစ်ခံချက်

**အပေါ်** မှုတည်ပြီး လျှောက်ထား သူ ဇော်ကြီး(ခ)ဇော်လွင်ထွန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိ။ စာမျက်နှာ

ဇော်ကြီး(ခ)ဇော်လွင်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁

**တပ်မတော်ထောက်လှမ်းရေးထံတွင် ပူးတွဲတရားခံကထွက်ဆိုခဲ့သော ထွက်ဆိုချက်သာရှိပြီး ထိုအချက်ကို ထောက်ခံသည့် အခြား သက်သေခံချက်မရှိလျှင် ပူးတွဲတရားခံ၏ ထွက်ဆိုချက်တစ်ခု တည်းဖြင့် ကျန်တရားခံအပေါ်ပြစ်မှုထင်ရှားစီရင်ရန် သင့်/မသင့်။**

**ဆုံးဖြတ်ချက်။** ။ ပူးတွဲတရားခံတင်ရွှေ(ခ)သန်းထိုက်၏ တပ်မတော်ထောက်လှမ်းရေးတွင် ပေးသည့်စစ်ကြောချက်တစ်ခုတည်း သာရှိကြောင်း ပေါ်ပေါက်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ကိုးကားခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲနောင် ပါ၂ ၁၉၉၁ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၆၃ စီရင်ထုံးတွင်ပါရှိသကဲ့သို့ ကွင်းဆက်မိသည့်အခြား ထွက်ဆိုချက်များလည်း ဤအမှုတွင်မရှိပေ။ ထောက်လှမ်းရေးထံ ပေးသော ပူးတွဲတရားခံတင်ရွှေ(ခ)သန်းထိုက်၏ ငြိစွန်းထွက်ဆိုချက် အပေါ်တရားခံဦးကိုကြီး ပြစ်မှုကျူးလွန်ကြောင်း အခြားထောက်ခံသည့် ပတ်ဝန်းကျင်သက်သေခံအထောက်အထား တစ်စုံတစ်ရာမျှမရှိသည့် အခြေအနေတွင် ဦးကိုကြီးအပေါ် မူလ အမှုစစ်ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ် ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့် အဆိုပါပြစ်မှုထင်ရှား

စီရင်ခဲ့ခြင်းအပေါ် အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ စာမျက်နှာ အမိန့်တို့မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဦးကိုကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀

**၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(ဂ)၊ ၁၉ (ဃ)အရ ပြစ်မှုမြောက်သောပြုလုပ်မှု။**

**ဆုံးဖြတ်ချက်။** ။ မူးယစ်(အထူး)အဖွဲ့မှ ပူးပေါင်းလျက် တရားခံလျှဖန်း(ခ)တင်ဝင်းအား အက်ဖီဒရင်းဆေးများနှင့် ပတ်သက်၍ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးထားပြီးဖြစ်သည်။ ယင်းသို့ လျှဖန်း(ခ)တင်ဝင်းအား ဖမ်းဆီးချုပ်နှောင်ထားစဉ် ရှောင်ဖူးသည် **BEARER CHEQUE** ဖြင့်(၁၃-၁-၂၀၀၃)ရက်နေ့တွင် ဘဏ်မှငွေ ကျပ်သိန်း(၄၀၀) ထုတ်ယူခဲ့သဖြင့် ရှောင်ဖူးသည် လျှဖန်း(ခ)တင်ဝင်း ကျူးလွန်ခဲ့သော မူးယစ်ဆေးဝါးပြစ်မှုမှ အမှုနှင့်သက်ဆိုင်သော ငွေကြေးပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်း ခြင်း၊ အသွင်ပြောင်းလဲခြင်းများပြုသည်မှာ ထင်ရှားနေပေသည်။

တရားခံလျှဖန်း(ခ)တင်ဝင်းသည် အာရှဓနဘဏ်၊ ရိုးမဘဏ်၊ မြန်မာမေဖလားဝါးဘဏ် စသည်ဖြင့်ဘဏ်များတွင် ငွေစာရင်းများ အများအပြား ဖွင့်လှစ်ထားပြီး ယင်းငွေများဖြင့် အက်ဖီဒရင်းများ ဝယ်ယူ ရာတွင် ချက်လက်မှတ်ဖြင့် အကြိမ်ကြိမ်ပေးချေကြောင်းကို ငွေကြေးစစ်ဆေးရေးအဖွဲ့ ဒုရဲမှူးခင်မောင်ဝင်း(လိုပြ-၁)၏ ထွက်ဆိုချက်များနှင့် သက်သေခံ(င-၁)မှ(င-၁၂)ထိ ဘဏ်စာရင်းများအရလည်းကောင်း၊ ထောက်လှမ်းရေးအစီရင်ခံစာ သက်သေခံ(ဈ)အရလည်းကောင်း ပေါ်လွင်နေသဖြင့် တရားခံလျှဖန်း(ခ)တင်ဝင်းသည် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ

ဆိုင်ရာ ဥပဒေပုဒ်မ ၁၉(ဂ) အရပြစ်မှုကျူးလွန်ရာမှ ရရှိသော စာမျက်နှာ
ငွေကြေးများကို အမှုနှင့် စပ်လျဉ်းပြီး အရေးမယူနိုင်စေရန် ဖုံးကွယ်ထားသောပြစ်မှုကို ကျူးလွန်နေပေသည်။ ထို့အပြင် ယင်းဥပဒေပုဒ်မ ၁၉ (ဃ)အရ ယင်းငွေကြေးကို တရားဝင်အသွင်ရောက်စေရန် ပြောင်းလဲပေးသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။
လျှိုဖန်း(ခ)တင်ဝင်းပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၀

**မူးယစ်ဆေးဝါးပါဝင်သည့် ဆေးများကို အခွင့်ရဆရာဝန်မဟုတ်သည့် သာမန်ဆရာဝန်က တိုက်ကျွေးသဖြင့် တရားခံတွင် မူးယစ်ဆေးဝါးစွဲသော လက္ခဏာပေါ်ပေါက်ရသည်ဆိုသော သာမန်ဆရာဝန်တစ်ဦး၏ ထွက်ဆိုချက်ကို လက်ခံရန် သင့်မသင့်။**

**ဆုံးဖြတ်ချက်။** ။ မောင်စိန်အား ဆရာဝန်ညွှန်ကြားသည့် အက်ဖရာဂင်စင်ကိုဒင်းဆေးသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁ (က) အရ အထူးထိန်းချုပ်ဆေးဝါးအမျိုးအစားတွင် ပါဝင်သည်။ အဆိုပါဆေးကို လက်လီရောင်းချခွင့်ရှိသည့် မန္တလေးမြို့ ဆေးရုံကြီး တားဂက်ဆေးဆိုင်မှ ဝယ်ယူသောက်သုံးသည်မှာလည်း မှန်ကန်သည်။ သို့ရာတွင် အဆိုပါဆေးဝါးကို ပေးခွင့်ရှိသူမှာ ကျန်းမာရေးဝန်ကြီးဌာန၏အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁၀(က) အရ အထူးကုဆရာဝန်အဆင့်နှင့် အထက်ဆရာဝန်ကြီးများဖြစ်သည်။ ၎င်းတို့သည် အထူး ထိန်းချုပ်ဆေးဝါးနှင့် သာမန်ထိန်းချုပ်ဆေးဝါးများကို ဝယ်ယူကုသရန် ဆေးညွှန်ကြားစာပေးခြင်း၊ ဆေးကုသပေးခြင်းတို့ ပြုနိုင်သည်။ မောင်စိန်ကို ဆေးကုသပေးသူ ဒေါက်တာကျော်နိုင်ဦးသည် အထူးကုဆရာဝန်ဖြစ်ကြောင်း မပေါ်ပေါက်ပေ။ သာမန်ဆေးကုသခွင့်ရှိသော ဆရာဝန်သာဖြစ်သည်။ သို့ဖြစ်၍ ၎င်း၏

ဆေးကုသမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃ စာမျက်နှာ အပိုဒ် ၁၀(က)နှင့် ညီညွတ်မှုမရှိပေ။ ၎င်းညွှန်ကြားသည့်ဆေးကို သုံးစွဲ၍ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်သည်ဆိုသည့် ထုချေချက်မှာ တရားလိုဘက်မှ တင်ပြသည့် စွပ်စွဲချက်ကို ချေဖျက်နိုင်ခြင်း မရှိပေ။

မောင်စိန်နှင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၄၆

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ နှင့် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၅(င)အရ တရားရုံးချုပ်သည် တရားရုံးတစ်ရုံးရုံးက ချမှတ်ထားသော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ပြောင်းလဲပြင်ဆင်နိုင်သည်။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ခ)အရ ချမှတ်သော အမိန့်ကိုလည်း ပြင်ဆင်မှုတွင် ပြောင်းလဲ စီရင်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၂ တွင် "ဤဥပဒေတွင်သီးခြားပြဋ္ဌာန်းချက်မပါရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉နှင့် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၅(င) အရတရားရုံးချုပ်သည် တရားရုံးတစ်ရုံးရုံးက ချမှတ်သော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်သည့် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ ပုဒ်မ၄၇(ခ)အရ ချမှတ်သောအမိန့်အား ပြင်ဆင်မှုတွင် ပြောင်းလဲစီရင်နိုင်သည်။

ဦးကျော်တင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၃၉

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၅
ဇန်နဝါရီလ
၂၈ ရက်

## တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့ ရှေ့တွင်

## ဇော်ကြီး (ခ) ဇော်လွင်ထွန်း
## နှင့်
## ပြည်ထောင်စုမြန်မာနိုင်ငံတော် *

တရားခံအပေါ်အပြစ်ပေးနိုင်ရန် စဉ်းစားရာတွင် ဥပဒေနှင့် ညီညွတ်သော သက်သေခံချက်များ လိုအပ်သည်။ အခြား သက်သေခံချက်မရှိဘဲ ပူးတွဲတရားခံ၏ ရဲထံအစစ်ခံချက် တစ်ခုတည်းဖြင့် ကျန်တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်ရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** ။ အဓိကတရားခံ မြင့်စိုး(ခ)ရာမ၏ ရဲထံအစစ်ခံချက်မှအပ အခြားသက်သေခံချက်များ တရားလိုဘက်မှ သက်သေထင်ရှား မပြနိုင်သောအခြေအနေတွင် အဓိကတရားခံ၏ ရဲထံအစစ်ခံချက်အပေါ် မူတည်ပြီးလျှောက်ထားသူ ဇော်ကြီး(ခ) ဇော်လွင်ထွန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိ။

---

* ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၂၅

+ ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၅၉ (ခ) တွင်ချမှတ်သော ၅-၄-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု၊

၂၀၀၅
ဇော်ကြီး(ခ)
ဇော်လွင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အယူခံတရားလိုအတွက် - ဦးနေထွန်းကြည်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားခံအတွက် - ဒေါ်ကျင်စန်း
(ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)

ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၆၃/၂၀၀၃ တွင်အယူခံတရားလို ဇော်ကြီး (ခ) ဇော်လွင်ထွန်းအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ရန်ကုန်တိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၅၄/၂၀၀၃ ဖြင့် အယူခံဝင်ရောက်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ဆက်လက်၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၅၉(ခ)/၂၀၀၄ အရပြင်ဆင်မှု တက်ရောက်ခဲ့သော်လည်း အကျဉ်းနည်း ပလပ်ခြင်းခံရသည်။ ထိုအခါ ဇော်ကြီး(ခ)ဇော်လွင်ထွန်းက အထူးအယူခံဝင်ခွင့်ရရှိရေးအတွက် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ ၁၃၁/၂၀၀၄ ကိုတရားရုံးချုပ်သို့ တင်သွင်းခဲ့ရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန် ခွင့်ပြုခဲ့သည်-

> "အမိကတရားခံ မြင့်စိုး(ခ)ရာမ၏ ရဲထံအစစ်ခံချက်မှအပ အခြားသက်သေခံချက်များ တရားလိုဘက်မှ သက်သေထင်ရှားမပြနိုင်သော အခြေအနေတွင် အမိကတရားခံ၏ ရဲထံအစစ်ခံချက် အပေါ်မူတည်ပြီး လျှောက်ထားသူ ဇော်ကြီး (ခ)ဇော်လွင်ထွန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုတမှု ရှိ မရှိ"

၂၀၀၅
ဇော်ကြီး(ခ)
ဇော်လွင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အမှုမှာ ၁၂-၁၂-၂၀၀၂ ရက်နေ့ (၀၆း၃၀) နာရီအချိန်ခန့်တွင် ရန်ကုန်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ဇော်မျိုးဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အိမ်အမှတ် ၁၁၅ နေ မြင့်စိုး(ခ)ရာမ၏ နေအိမ်သို့ မူးယစ်ဆေးဝါးရှာဖွေခွင့်အမိန့်အမှတ် - ၁၃၄/၂၀၀၂ ဖြင့် ဝင်ရောက်ရှာဖွေရာ မြင့်စိုး(ခ) ရာမဝတ်ဆင်ထားသော ရှပ်အင်္ကျီအိတ်ကပ်အတွင်း လန်ဒန်စီးကရက်ဗူးခွံအတွင်း ပလပ်စတစ်အိတ်အသေးအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်(၀. ၀၆၈)ဂရမ်သိမ်းဆည်း ရမိခဲ့ကြောင်း၊ အဆိုပါဘိန်းဖြူများသည် တာမွေမြို့နယ်၊ ၁၅၅ လမ်း၊ အိမ်အမှတ်-၃၉နေ၊ ဇော်ကြီး(ခ) ဇော်လွင်ထွန်းထံမှ တယ်လီဖုန်းအမှတ်(၅၄၁၂၈၄) မှတစ်ဆင့် ဆက်သွယ်ပြီး ဘိန်းဖြူတစ်ထုပ်လျှင် ၇၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း၊ ဇော်ကြီးက ခိုင်းစေသူ မအေးအေးစန်းမှ ၁၅၅ လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် မြင့်စိုး(ခ)ရာမကို ပေးအပ်ခဲ့သော ဘိန်းဖြူ များဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဇော်ကြီး၏ နေအိမ်ကို ပူးပေါင်းတပ်ဖွဲ့များမှ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပစ္စည်းတစ်စုံတစ်ရာကို သိမ်းဆည်းရမိခြင်း မရှိသော်လည်း ဘိန်းဖြူလက်ဝယ်တွေ့ရှိသူ မြင့်စိုး(ခ)ရာမနှင့် ဇော်ကြီး(ခ)ဇော်လွင်ထွန်း၊ မအေးအေးစန်းတို့အပေါ် မူးယစ်ဆေးဝါး ဥပဒေအရ အရေးယူသောအမှုဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေကတင်ပြရာတွင် ပူးတွဲတရားခံ မြင့်စိုး(ခ)ရာမထံမှသာ မူးယစ်ဆေးဝါး(ဘိန်းဖြူ ၀. ၀၆၈)ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ရာမ၏ ရဲတပ်ဖွဲ့ဝင်များထံ အစစ်ခံချက်အရ ဇော်ကြီးထံမှ ဘိန်းဖြူတစ်ထုတ်လျှင် ၇၀၀၀ိ/- ဖြင့် ဝယ်ယူခဲ့သည် ဆိုသော်လည်း ဇော်ကြီးထံမှ ဘိန်းဖြူရောင်းရငွေ အပါအဝင် သက်သေခံ ပစ္စည်းတစ်စုံတစ်ရာကို သိမ်းဆည်းရမိခဲ့ခြင်း မရှိပါကြောင်း၊ ဇော်ကြီးက ရာမထံသို့ ဘိန်းဖြူကို မအေးအေးစန်းနှင့် ပေးပို့

ခိုင်းသည်ဆိုသော်လည်း ထိုအချက်မှာ ရာမ၏ ရဲထံထွက်ဆိုချက်သာ ဖြစ်ပြီး မအေးအေးစန်းထံမှ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ သိမ်းဆည်း ရမိခဲ့ခြင်းမရှိပါကြောင်း၊ ရာမက ဇော်ကြီးထံသို့ တယ်လီဖုန်းနံပါတ် (၅၄၁၂၈၄)ကို ဆက်သွယ်၍ ဝယ်ယူသည်ဆိုသော်လည်း တယ်လီဖုန်း နှင့် ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာကို တရားလိုဘက်မှ တင်ပြနိုင်ခြင်းမရှိပါကြောင်း၊ တရားလို ဒုရဲအုပ်မြင့်သိန်းဦးကိုယ်တိုင် မြင့်စိုး (ခ) ရာမထံမှ တွေ့ရှိခဲ့သော မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ (၂) (၃) တရားခံတို့သည် အားပေးကူညီခဲ့ကြောင်း ခိုင်လုံသော အထောက်အထားမတွေ့ရဟု ဆိုလျှင် မှန်ပါသည်ဟုလည်းကောင်း၊ ဒုရဲအုပ်စိုးနိုင် (လိုပြ-၄)ကလည်း (၁) တရားခံ၏ ထုတ်ဖော်အစစ်ခံ ချက်မှလွဲ၍ အားပေးကူညီကြောင်း၊ ကျန်သည့် အထောက်အထား မတွေ့ရဟုဆိုလျှင် မှန်ပါသည်ဟုလည်းကောင်း ထွက်ဆိုထားချက်များ အမှုတွဲတွင် ပေါ်ပေါက်နေပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ရဲထံထွက်ဆိုသော ထွက်ဆိုချက်များမှာ အမှုတွဲတွင် သက်သေခံအဖြစ် အသုံးမပြုနိုင်ပါကြောင်း၊ သက်သေခံမဝင်သော ရဲအရာရှိထံ ထွက်ဆိုချက်ကို အမှုစစ် တရားရုံးအနေဖြင့် မှတ်တမ်းတင် ရေးသားခွင့်ပင်မရှိပါကြောင်း၊ ထို့ပြင် ဇော်ကြီး(ခ)ဇော်လွင်ထွန်း နေထိုင် ရာ ရပ်ကွက်ထဲတွင် ၎င်းနှင့်ပတ်သက်သော မူးယစ်ဆေးဝါး ကျော်ဇော သတင်းရှိကြောင်း မည်သည့် ရယက အဖွဲ့ဝင် လူကြီးတစ်ယောက်ကိုမျှ သက်သေမတင်ပြခဲ့ပါကြောင်း၊ အမှုစစ်ရဲအရာရှိ ဒုရဲအုပ်သိန်းဆွေ၏ ထွက်ချက်တွင်လည်း ဇော်လွင်ထွန်းသည် မူးယစ်ဆေးဝါးနှင့် ကျော်ဇောသတင်းရှိကြောင်း အထောက်အထား တစ်စုံတစ်ရာ တင်ပြ မထားပါကြောင်း၊ ပူးတွဲတရားခံမြင့်စိုး(ခ) ရာမကိုယ်တိုင်က ဇော်ကြီး(ခ)ဇော်လွင်ထွန်းကို မြင်လည်း မမြင်ဖူးကြောင်း၊ နာမည်ကို မကြားဘူးကြောင်း ထွက်ဆိုထားချက်ရှိနေပါကြောင်း၊ မြင့်စိုး(ခ)ရာမ ကိုယ်တိုင်ကလည်း ၎င်းအနေဖြင့် မူးယစ်ဆေးဝါးကို ဇော်ကြီး(ခ)

ဇော်လွင်ထွန်းထံမှ ဖုန်းအမှတ်(၅၄၁၂၈၄)မှ ဆက်သွယ်၍ ဘိန်းဖြူ တစ်ထုပ်လျှင် ၇၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူခဲ့ရာမှ ဇော်ကြီး ခိုင်းစေသူ မအေးအေးစန်းမှ ၁၅၅လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ၎င်းကို ပေးအပ်ခဲ့သည်ဟု မပြောခဲ့ပါကြောင်း ထွက်ဆိုထားချက်များသည် အမှုတွဲတွင် ပေါ်လွင်နေသည့်အတွက် ဇော်ကြီး(ခ) ဇော်လွင်ထွန်းနှင့် ပတ်သက်၍ ရဲထံထွက်ဆိုချက်ပေါ်တွင် မူတည်ပြီး အားပေးကူညီသူ အဖြစ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းမှာ ဥပဒေအရ မှားယွင်းပါကြောင်း ဖြင့် **မောင်အုန်းတင်နှင့် နိုင်ငံတော်**[၁]၊ **ဒေါ်မြ အေးနှင့် နိုင်ငံတော်**[၂]၊ **မောင်စိုးမြင့်နှင့် နိုင်ငံတော်**[၃]၊ **ဦးစိန်ထွန်းနှင့် နိုင်ငံတော်**[၄] စသည့် စီရင်ထုံးအများအပြားကို ကိုးကား၍ လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက တင်ပြရာတွင် အမှုတွင် မြင့်စိုး(ခ) ရာမ၏ ထုတ်ဖော်ချက်အရ ဇော်ကြီး၏ နေအိမ်ကို ရှာဖွေရာ တွင် မြင့်စိုး ပြောသကဲ့သို့ ဇော်ကြီးနှင့် မအေးအေးစန်းကို တွေ့ရှိရ ကြောင်းမှာ အမှုတွဲတွင် ထင်ရှားနေပြီး မအေးအေးစန်းမှာ ဒဂုံတောင် တွင် နေထိုင်သူဖြစ်ကြောင်း ပေါ်ပေါက်သည့်အပြင် ယခင်ကလည်း မူးယစ်ဆေးဝါးဥပဒေပုဒ်မ ၁၆(ဂ)အရ ထောင်ဒဏ် (၅) နှစ်ကျဖူးသူ ဖြစ်ကြောင်း အမှုတွဲတွင် တွေ့ရှိရပါကြောင်း၊ အဓိကစဉ်းစားရန် အချက်မှာ အဓိကတရားခံ မြင့်စိုး(ခ)ရာမ၏ ထုတ်ဖော်ပြောကြား ချက်သည် ရဲထံ အစစ်ခံချက်ဖြစ်သလား၊ ရဲထံအစစ်ခံချက်ဟုဆိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂ တွင် ပါဝင်သော ပိတ်ပင် တားမြစ်ချက် အဝန်းအဝိုင်း အတွင်းကျရောက်သလားဟူသော အချက်ကို သုံးသပ်ရန်လိုပါကြောင်း၊ ရာမ၏ ပြောကြားချက်သည် အမှုစစ်ဆေးစဉ် အတောအတွင်း ရဲထံပြောကြားခြင်း မဟုတ်ဟု

---

(၁) ၁၉၉၀ မတစ စာ ၉၄ (စုံညီ)
(၂) ၁၉၉၅ မတစ စာ ၁၀၃ (စုံညီ)
(၃) ၁၉၈၁ မတစ စာ ၂၁
(၄) ၁၉၈၀ မတစ စာ ၁၃

တွေ့ရှိရပါကြောင်း၊ အမှုစစ်ဆေးနေစဉ် အတောအတွင်း ရဲထံ ပြောကြားချက်ဖြစ်မှုသာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ တားမြစ်ချက်နှင့် အကျုံးဝင်မည်ဖြစ်ပါကြောင်း၊ မြင့်စိုး(ခ)ရာမ၏ ပြောကြားချက်အရ ဇော်ကြီးသည် ၁၅၅ လမ်းတွင်နေပြီး မအေးအေးစန်း သည်လည်း ဇော်ကြီးအိမ်တွင် တွေ့ရှိနေသော အချက်များပေါ်ပေါက် နေရာ ထိုအချက်များသည် သက်သေခံဝင်သည်ဟု ကောက်ယူနိုင်ပါ ကြောင်း၊ သို့ဖြစ်၍ မူလရုံးမှ ဇော်ကြီး(ခ)ဇော်လွင်ထွန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၁ အရပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု သုံးသပ်ဆုံးဖြတ်သင့်ပါကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာသည့်အခါတွင် အယူခံတရားလို ဇော်ကြီး(ခ)ဇော်လွင်ထွန်းထံမှ မည်သည့်သက်သေခံပစ္စည်းမျှ မတွေ့ရှိ ရသကဲ့သို့ မူးယစ်ဆေးဝါးရောင်းချရသည့် ငွေကြေးတစ်စုံတစ်ရာကို လည်း သိမ်းဆည်းရမိခြင်းမရှိကြောင်း ပေါ်ပေါက်သည်။ ဇော်ကြီး(ခ) ဇော်လွင်ထွန်း နေအိမ်သို့ ရန်ကုန် မူးယစ်အထူးတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ ဝင်များ ဝင်ရောက်ရှာဖွေရခြင်းမှာလည်း မြင့်စိုး(ခ)ရာမ၏ ရဲထံ ပြောကြားချက်ဖြစ်သော ၎င်းထံမှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး များသည် ဇော်ကြီး (ခ)ဇော်လွင်ထွန်းထံမှ တစ်ထုတ်လျှင် ၇၀၀၀ိ/- နှုန်းဖြင့် တယ်လီဖုန်းနံပါတ် (၅၄၁၂၈၄)နှင့်ဆက်သွယ်၍ ဝယ်ယူပြီး မအေးအေးစန်းက လာရောက်ပေးသည်ဟု ထွက်ဆိုချက်ပေါ်မူတည် ၍ ဝင်ရောက်ရှာဖွေခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထိုသို့ ဝင်ရောက် ရှာဖွေရာတွင် မြင့်စိုး(ခ)ရာမပြောဆိုသကဲ့သို့ပင် ဇော်ကြီး(ခ) ဇော်လွင်ထွန်းသည် ၁၅၅ လမ်းတွင် နေထိုင်ပြီး အဆိုပါနေအိမ်တွင် မအေးအေးစန်းကိုပါ တွေ့ရှိရကြောင်း အမှုတွဲတွင် ပေါ်ပေါက်သည်။ သို့သော် မြင့်စိုး(ခ)ရာမ ပြောဆိုသည့် တယ်လီဖုန်းနံပါတ် (၅၄၁၂၈၄) နှင့် ပတ်သက်၍မူ တစ်စုံတစ်ရာ အမှုတွဲတွင် တင်ပြထားသည်ကို

မတွေ့ရပေ။ တရားလို ဒုရဲအုပ် မြင့်သိန်းဦး (လိုပြ-၁) နှင့် ဒုရဲအုပ်စိုးနိုင် (လိုပြ-၄) အပါအဝင် တရားလိုပြ သက်သေထွက်ဆိုချက်များအရ အယူခံတရားလို ဇော်ကြီး(ခ) ဇော်လွင်ထွန်းနေအိမ်မှ မူးယစ်ဆေးဝါး နှင့် ပတ်သက်ပြီး သက်သေခံပစ္စည်းတစ်စုံ တစ်ရာကိုမျှ သိမ်းဆည်း ရမိခြင်း မတွေ့ရပေ။ ဒုရဲအုပ်မြင့်သိန်းဦး (လိုပြ-၁) ကိုယ်တိုင်က မြင့်စိုး(ခ) ရာမထံမှ တွေ့ရှိသော မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ (၂) (၃)တရားခံတို့သည် အားပေးကူညီခဲ့ကြောင်း၊ ခိုင်လုံသော အထောက်အထားမတွေ့ရဟု တင်ပြထားသကဲ့သို့ ဒုရဲအုပ် စိုးနိုင် (လိုပြ-၄) ကိုယ်တိုင်ကလည်း မြင့်စိုး(ခ)ရာမ၏ ထွက်ဆိုဝန်ခံချက်မှ လွဲ၍ အားပေးကူညီကြောင်း ကျန်သည့်အထောက်အထား မတွေ့ ရဟု ထွက်ဆိုထားချက်ကိုလည်း အမှုတွဲတွင် တွေ့ရသည်။ သို့ဖြစ်ရာ အမှုတွဲရှိ ဇော်ကြီး(ခ)ဇော်လွင်ထွန်းနှင့် ပတ်သက်၍ ငြိစွန်းသည့် အချက်မှာ မြင့်စိုး(ခ)ရာမ၏ ရဲထံ ပြောကြားချက်သာဖြစ်သည်။

မူးယစ်ဆေးဝါးအမှုများသည် ပြစ်မှုဆိုင်ရာအမှုများကဲ့သို့ သဘော သဘာဝမတူညီချေ။ ပြစ်မှုဆိုင်ရာအမှုများတွင် ပြုလုပ်မှုတစ်ခုကြောင့် ပြစ်မှုမြောက်ခဲ့ရာမှ ထိုပြစ်မှုအတွက် စုံစမ်းစစ်ဆေးပြီးနောက်မှ တရားခံ ကို တရားစွဲဆိုတင်ပို့လေ့ရှိသည်။ မူးယစ်ဆေးဝါးအမှုများတွင် မူးယစ် ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ထောက်လှမ်း၍ ရယူရသည်။ စုံစမ်း ၍ ရယူရသည်။ မေးမြန်း၍ရယူရသည်။ ထိုသို့ ထောက်လှမ်း၊ စုံစမ်းမေးမြန်းရာမှ ရရှိသော သတင်းအချက်အလက်များ ပေါ်မူတည် ၍ မူးယစ်ဆေးဝါးများကို ဝင်ရောက်ရှာဖွေဖမ်းဆီးရသည်။ ထိုသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင်လည်း မူးယစ်ဆေးဝါး တွေ့ရှိ သိမ်းဆည်းရမိမှသာ အမှုတည်ဆောက်ရသည်။ ထိုသို့အမှု တည်ဆောက်နေစဉ်အချိန်အတွင်း တရားခံ၏ ပြောကြားချက်ဖြစ်မှ သာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ သက်သေခံဝင်မည် မဟုတ်ပေ။ ယခုအမှုတွင် မြင့်စိုး(ခ) ရာမ၏ ပြောကြားချက်သည်

၂၀၀၅
ဇော်ကြီး(ခ)
ဇော်လွင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အမှုစစ်ဆေးနေစဉ်အတွင်း ပြောကြားချက်ဟု ပုံသေကားချပ်မှတ်ယူ၍ မရပေ။ မူးယစ်ဆေးဝါးသတင်း စုံစမ်းထောက်လှမ်းနေစဉ်ရရှိသော သတင်းအချက်အလက်ပေါ် မူတည်၍ ဇော်ကြီး(ခ)ဇော်လွင်ထွန်း နေအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း ဖြစ်သည် ဟုပင် သုံးသပ်နိုင်သည်။ သို့ဖြစ်ရာ မြင့်စိုး(ခ)ရာမ၏ ပြောကြားချက်သည် ယခုကဲ့သို့သော အခြေအနေမျိုးတွင် ရဲထံပြောကြားချက် သက်သက်ဖြစ်သဖြင့် သက်သေခံမဝင်ဟု တထစ်ချ ဆိုနိုင်၍မရပေ။ သို့သော် အမှုတွဲတွင် ပေါ်ပေါက်ချက်အရ ဇော်ကြီး(ခ) ဇော်လွင်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာတွင် မည်သည့်မူးယစ်ဆေးဝါးနှင့် ပတ်သက်သော သက်သေခံပစ္စည်း တစ်စုံတစ်ရာမျှ သိမ်းဆည်းရမိခြင်း မရှိကြောင်း ပေါ်ပေါက်နေသဖြင့် မြင့်စိုး(ခ)ရာမ၏ ပြောကြားချက်သည် သက်သေခံအရာတွင် အားနည်းလျက်ရှိကြောင်း ကောက်ယူနိုင်ပေသည်။ ထို့ကြောင့် ထုတ်နုတ်ထားသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်။

"အဓိကတရားခံ မြင့်စိုး(ခ)ရာမ၏ ရဲထံအစစ်ခံချက်မှအပ အခြားသက်သေခံချက်များ တရားလိုဘက်မှ သက်သေထင်ရှား မပြနိုင်သော အခြေနေတွင်အဓိကတရားခံ၏ ရဲထံအစစ်ခံချက်အပေါ် မူတည်ပြီး လျှောက်ထားသူ ဇော်ကြီး(ခ)ဇော်လွင်ထွန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆(ဂ)/ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိ"

သို့ဖြစ်၍ ဇော်ကြီး(ခ)ဇော်လွင်ထွန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/ ၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် ချမှတ်ခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ အမိန့်၊ ယင်းအမိန့်ကို အတည်ပြုခဲ့သော တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ ဇော်ကြီး

၂၀၀၅
ဇော်ကြီး(ခ)
ဇော်လွှင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

(ခ)ဇော်လွှင်ထွန်းအား ဤအမှုနှင့် ပတ်သက်၍ အမှုမှအပြီးအပြတ် လွှတ်လိုက်သည်။

+ ၂၀၀၅
ဇန်နဝါရီလ
၃၁ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေ့တွင်

### လျှုဖန်း (ခ) တင်ဝင်းပါ ၂
### နှင့်
### ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(ဂ)၊ ၁၉ (ဃ)အရ ပြစ်မှုမြောက်သောပြုလုပ်မှု။**

**ဆုံးဖြတ်ချက်။** ။ မူးယစ်(အထူး)အဖွဲ့မှ ပူးပေါင်းလျက် တရားခံလျှုဖန်း(ခ)တင်ဝင်းအား အက်ဖီဒရင်း ဆေးများနှင့် ပတ်သက်၍ ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးထားပြီးဖြစ်သည်။ ယင်းသို့ လျှုဖန်း (ခ)တင်ဝင်းအား ဖမ်းဆီးချုပ်နှောင်ထားစဉ် ရှောင်ဖူးသည် BEARER CHEQUE ဖြင့် (၁၃-၁-၂၀၀၃)ရက်နေ့တွင် ဘဏ်မှ ငွေကျပ်သိန်း(၄၀၀)ထုတ်ယူခဲ့သဖြင့် ရှောင်ဖူးသည် လျှုဖန်း(ခ)တင်ဝင်း ကျူးလွန်ခဲ့သော မူးယစ်ဆေးဝါးပြစ်မှုမှ အမှုနှင့် သက်ဆိုင်သော ငွေကြေးပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်းများ ပြုသည်မှာ ထင်ရှားနေပေသည်။

တရားခံလျှုဖန်း(ခ)တင်ဝင်းသည် အာရှမဟာဘဏ်၊ ရိုးမဘဏ်၊ မြန်မာမေဖလားဝါးဘဏ် စသည်ဖြင့်ဘဏ်များတွင် ငွေစာရင်းများ

---

* ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅၈ (ခ)

\+ ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၇ တွင်ချမှတ်သော ၁၇-၉-၂၀၀၄ ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၂၀၀၅
လျှဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အများအပြား ဖွင့်လှစ်ထားပြီး ယင်းငွေများဖြင့် အက်ဖီဒရင်းများ ဝယ်ယူရာတွင် ချက်လက်မှတ်ဖြင့် အကြိမ်ကြိမ်ပေးချေကြောင်းကို ငွေကြေး စစ်ဆေးရေးအဖွဲ့ ဒုရဲမှူးခင်မောင်ဝင်း (လိုပြ-၁) ၏ထွက်ဆိုချက်များနှင့် သက်သေခံ(င-၁)မှ(င-၁၂) ထိ ဘဏ်စာရင်းများအရလည်းကောင်း၊ ထောက်လှမ်းရေးအစီရင်ခံစာ သက်သေခံ (ဈ)အရလည်းကောင်း ပေါ်လွင်နေသဖြင့် တရားခံလျှဖန်း(ခ)တင်ဝင်းသည် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(ဂ) အရပြစ်မှုကျူးလွန်ရာမှ ရရှိသောငွေကြေးများကို အမှုနှင့် စပ်လျဉ်းပြီး အရေးမယူနိုင်စေရန် ဖုံးကွယ်ထားသော ပြစ်မှုကို ကျူးလွန်နေပေသည်။ ထို့အပြင် ယင်းဥပဒေပုဒ်မ ၁၉ (ဃ) အရ ယင်းငွေကြေးကို တရားဝင်အသွင် ရောက်စေရန် ပြောင်းလဲပေးသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

လျှောက်ထားသူ(၁) (၂)အတွက် - ဦးစိုးဝင်း
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဦးသန်းလှိုင်
(လက်ထောက်ညွှန်ကြားရေးမှူး)
(ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့)

မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၅၄/၂၀၀၃ တွင် (၁) တရားခံလျှဖန်း(ခ)တင်ဝင်းအား ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(ဂ) အရ ထောင်ဒဏ်(၁၀)နှစ်၊ ယင်းဥပဒေပုဒ်မ ၁၉(ဃ)အရ ထောင်ဒဏ်(၁၀)နှစ်၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန်နှင့် (၂) တရားခံ ရှောင်ဖူးအား ယင်းဥပဒေ ပုဒ်မ ၁၉(ဃ)/၂၁ အရ ထောင်ဒဏ်(၁၀)နှစ် ကျခံစေရန်၊ အာရှဓနဘဏ်ခွဲငွေစုစာအုပ်မှ ငွေ ၂၀၁၈၀၅၅၇ ကျပ် ၄၀ ပြား၊ သက်သေခံငွေ ၂၀၈၀၀၀၀ ကျပ်နှင့် လယ်အရောင်းအဝယ်စာချုပ်နှင့် လယ်မြေများကို ပြည်သူပိုင်သိမ်းဆည်းရန် အမိန့်ချမှတ်သည်။

၂၀၀၅
လျှဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တရားခံလျှဖန်း(ခ)တင်ဝင်းနှင့် ရှောင်ဖူးတို့က မန္တလေးတိုင်း တရားရုံး အယူခံမှုအမှတ် ၁၆၇/၂၀၀၄ အရ လျှောက်ထားရာ ပလပ်ခံရသဖြင့် ဆက်လက်၍တရားခံများက တရားရုံးချုပ် (မန္တလေးရုံးထိုင်)တွင် ဤပြင်ဆင်မှုကို ဝင်ရောက်လာခြင်းဖြစ်သည်။

အမှုမှာ (၂၉-၁၀-၂၀၀၂) ရက်နေ့ (၁၇း၁၅) နာရီအချိန် ခန့်တွင် အမှတ် (၁) ထောက်လှမ်းရေးတပ်နှင့် မန္တလေးမူးယစ် (အထူး) အဖွဲ့တို့ ပါဝင်သော အဖွဲ့သည် သတင်းအရ ပုသိမ်ကြီးမြို့နယ်၊ အင်ကျယ် ကျေးရွာအုပ်စု၊ ထန်းတောမြောက်ကျေးရွာ၊ ရန်ရှိဟူ (ခ) အားဟူ၏ စိုက်ပျိုးရေးခြံတွင်း ရေကန်ဟောင်းထဲမှ အက်ဖီဒရင်းဆေးမှုန့် (၄၅၃) ကီလိုဂရမ်အား ဖမ်းဆီးရမိပြီး နောက်ဆက်လက်၍ တရားခံမျိုးထွန်း (ခ) လိဒ်ထံမှ အက်ဖီ ဒရင်းဆေးမှုန့် (၃၂၀) ကီလိုဂရမ်အား လျှဖန်(ခ) တင်ဝင်း နှင့် ရှိချုန်းတို့ မှ ဝယ်ယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်ရာ တရားခံ များက အာရှမနေဘဏ် ငွေစာရင်းမှ အက်ဖီဒရင်း ဝယ်ယူမှုအတွက် ငွေများ ပေးချေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တရားခံလျှဖန်း (ခ)တင်ဝင်းအား ဖမ်းဆီးခဲ့ကြောင်း၊ ယင်းသို့ဖမ်းဆီးပြီးနောက် (၁၃-၁-၂၀၀၃) ရက်နေ့တွင် ဘဏ်စာရင်းထဲမှ ကျပ်ငွေသိန်း (၄၀၀) ကို တရားခံလျှဖန်း(ခ)တင်ဝင်း၏ လက်မှတ်ပါ BEARER CHEQUE ဖြင့်ရှောင်ဖူးက ဘဏ်မှထုတ်ယူပြီး ဖုံးကွယ်အသွင် ပြောင်းလဲကာ အာရှမနေဘဏ်ခွဲတွင် ငွေကျပ်သိန်း (၃၀၀) ကိုအပ်နှံခြင်း ပြုလုပ်သဖြင့် ဒုရဲမှူးခင်မောင်ဝင်းက လျှဖန်း(ခ)တင်ဝင်းနှင့် ရှောင်ဖူးတို့ အပေါ် အမှတ်(၈)ရဲစခန်းတွင် တိုင်ကြားအရေးယူသော အမှုဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားသူအား စွပ်စွဲထား သည့် အက်ဖီဒရင်းဆေးမှုန့် (၃၂၀) ကီလိုမှာ သိမ်းဆည်းရမိခြင်း မရှိ ကြောင်း၊ အဆိုပါ သက်သေခံပစ္စည်းများမှာ အမှန်တကယ်ရှိမရှိ ပစ္စည်း အစစ်အမှန်ဟုတ် မဟုတ်မှာလည်း မပေါ်ပေါက်ကြောင်း၊ လျှောက်ထား သူအား တရားစွဲဆိုခြင်းမှာ မူးယစ်အထူးရဲအရာရှိ ရှေ့အစစ်ခံချက်နှင့်

၂၀၀၅
လျှဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ထောက်လှမ်းရေးထံ အစစ်ခံချက်များအရ တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ရဲအရာရှိ ထံပေးသည့် ဖြောင့်ချက်သည် သက်သေခံ အက်ဥပဒေပုဒ်မ ၂၅ အရ သက်သေခံမဝင်ကြောင်း၊ ဖြောင့်ချက်ပေးစဉ် အချိန်က တရားခံ မဖြစ် သေးသော်လည်း နောင်တွင်တရားခံဖြစ်လာချိန်၌ ရဲထံတွင် ပေးခဲ့သည့် ဖြောင့်ချက်ကိုပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ အသုံးမပြု နိုင်ကြောင်း၊ ရဲအချုပ်တွင်ရှိနေစဉ်၌ အချုပ်ခံနေရသူတစ်ဦး၏ ဖြောင့်ချက်သည် တရားသူကြီး ရှေ့တွင်ပေးသော ဖြောင့်ချက် မဟုတ်လျှင် သက်သေခံအဖြစ်အသုံးမပြုနိုင်ကြောင်း၊ မူလရုံးတရားလိုမှ တရားခံ ပြစ်မှုကျူးလွန်းကြောင်း တိကျသည့် သက်သေခံချက်များကို သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၁ အရ မတင်ပြနိုင်သဖြင့် လျှောက်ထားသူများအား အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း၊ သက်သေခံငွေကြေးများကို လွဲပြောင်းထုတ်ယူသုံးစွဲသည် ဆိုသည့် တိုင်အောင် လျှောက်ထားသူအား အရေးမယူနိုင်ကြောင်း၊ သက်သေခံ ငွေစုစာအုပ်နှင့်ငွေများ၊ လယ်အရောင်းအဝယ်စာချုပ်နှင့် လယ်မြေများ မှာ ပြစ်မှုနှင့်အကျုံးဝင်ငြိစွန်း ခြင်းမရှိသဖြင့် ပြည်သူဘဏ္ဍာသိမ်းဆည်း ရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ လျှောက်ထားသူ လျှဖန်း(ခ)တင်ဝင်းနှင့် ရှောင်ဖူးအား ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် အာရှမနေဘဏ်မှ ရှောင်ဖူးအမည်ဖြင့် ငွေစုစာအုပ်မှ ငွေကျပ် ၂၀၁၈၀၅၅၇ ကျပ် ၄၀ ပြားနှင့် ငွေ ၂၀၈၀၀၀၀ ကျပ်၊ လယ်အရောင်း အဝယ်စာချုပ်၊ လယ်မြေများကို ဘဏ္ဍာသိမ်းဆည်းသည့်အမိန့်များကို ပယ်ဖျက်၍ လျှောက်ထားသူများအား အမှုမှအပြီးအပြတ်လွှတ်သင့် ကြောင်းလျှောက်ထားသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ဒုရဲမှူး ခင်မောင်ဝင်း၊ ရဲအုပ်စိုးမင်းသန်း၊ ရဲအုပ်မြင့်ဆွေတို့ပါဝင်သော အဖွဲ့မှ မူးယစ်ဗဟိုအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ တရားခံများ၏ငွေကြေး နှင့် ပစ္စည်းများ ဆောင်ရွက်ချက်ကို စစ်ဆေးကြောင်း၊ လျှောက်ထားသူ

၂၀၀၅
လျှုဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

များမှာ အာရှ ဓနဘဏ် တင်ဝင်းအမည်ပါ ငွေစာရင်းမှငွေကျပ်သိန်း (၂၂၀) ကို ပေးချေခဲ့ကြောင်း၊ ယင်းငွေများကို လက်ခံသူမှာ မျိုးထွန်း (ခ)လိဒ် ဖြစ်ကြောင်း၊ လျှောက်ထားသူ လျှုဖန်း(ခ)တင်ဝင်းကို ဖမ်းဆီးပြီးနောက် ၎င်း၏ငွေစာရင်းမှ ငွေကျပ်သိန်း(၄၀၀)ကို ယောက္ခမ ရှောင်ဖူးက ချက်လက်မှတ်ဖြင့်ထုတ်ယူပြီး နောက်ငွေကျပ်သိန်း(၃၀၀)ကို အာရှဓန ဘဏ်ငွေစာရင်း ပြောင်းလဲဖွင့်ခြင်း၊ လယ်မြေအချို့ဝယ်ယူခြင်းနှင့် ကျန် ငွေ ၂၀၈၀၀၀၀ ကျပ်ကို လက်ဝယ်တွေ့ရခြင်း စသည်ဖြင့်ဖုံးကွယ် ပြောင်းလဲခဲ့ကြောင်း၊ ရှောင်ဖူးကအဆိုပါငွေကျပ်သိန်း (၄၀၀)အနက်မှ ကျပ်သိန်း (၁၀၀)ကို မမန်ရှုးအားပေးရာ မမန်ရှုးက ငွေကျပ်(၇၅)သိန်း ဖြင့် ဖုံးကွယ်ဖျောက်ဖျက်ခြင်း စသည်ဖြင့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

မူလရုံးအမှုကို စိစစ်ရာတွင် ဒုရဲမျူးခင်မောင်ဝင်း (လိုပြ-၁)၊ ရဲအုပ်စိုးမင်းသန်း၊ ရဲအုပ်မြင့်ဆွေတို့ ပါဝင်သော မူးယစ်ဗဟိုအဖွဲ့မှ ဖွဲ့စည်း ပေးသည့်အဖွဲ့သည် အာရှဓနဘဏ်၊ ရိုးမဘဏ်၊ မြန်မာမေဖလားဝါး ဘဏ်တို့မှ ယခုအမှုတွင် စွဲဆိုခံရသော တရားခံများ၏ ငွေကြေး ပစ္စည်းများ ဆောင်ရွက်မှုကို စစ်ဆေးရန် သက်သေခံ(ခ-၁)အကြောင်း ကြားစာအရ တာဝန်ပေးအပ်သဖြင့် စစ်ဆေးရာတွင် တရားခံလျှုဖန်း(ခ) တင်ဝင်းနှင့် တရားခံရီချုန်းတို့မှာ မျိုးထွန်း (ခ)လိဒ်ထံသို့ အာရှဓနဘဏ် ငွေစာရင်းမှ ကျပ်သိန်း(၁၀၀)တစ်ကြိမ်၊ ကျပ်သိန်း(၈၀)တစ်ကြိမ်၊ ကျပ်သိန်း(၄၀)တစ်ကြိမ် ပေးချေကြောင်း စစ်ဆေးတွေ့ရသည်ဟု ထွက်ဆိုရာ အာရှဓနဘဏ်ခွဲ (၁) မန်မေဂျာဒေါ်ခင်တင့် (လိုပြ-၃)က သက်သေခံ (င-၁)တွင် တင်ဝင်း၏ ဘဏ်ငွေစာရင်းထဲမှ ငွေကျပ်သိန်း ရာဂဏန်းဖြင့် ထုတ်ယူခဲ့ကြောင်း၊ ငွေစာရင်းရှင်းတမ်းအရ ဖော်ပြ ထောက်ခံထွက်ဆိုထားသည်။ တရားလိုဒုရဲမျူး ခင်မောင်ဝင်း(လိုပြ-၁) မှာ တရားခံလျှုဖန်း(ခ)တင်ဝင်းအပါအဝင် တရားခံများ၏ ထောက်လှမ်း ရေးထံ ထွက်ဆိုချက်များအရလည်း တရားခံလျှုဖန်း(ခ)တင်ဝင်းနှင့်

၂၀၀၅
လျှုဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ရှိချန်းတို့သည် အက်ဖိဒရင်း (၃၂၀) ကီလိုဂရမ်အား မျိုးထွန်း(ခ) လိဒ်ထံမှ ဝယ်ယူကြောင်းနှင့် ယင်းသို့ဝယ်ယူသဖြင့် ပေးချေသည့် ငွေများကို မျိုးထွန်း(ခ)လိဒ်က လက်ခံထုတ်ယူသွားကြောင်း၊ စစ်ကြောချက်တွင် ပေါ်ပေါက်သည်။ အမှုမှတရားခံလျှုဖန်း(ခ)တင်ဝင်းသည် အာရှမန ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရာ ၎င်းအားဖမ်းဆီးထားပြီးနောက် (၁၃-၁-၂၀၀၃) ရက်နေ့တွင် ၎င်း၏ငွေစာရင်းထဲမှ ချက်လက်မှတ် အမှတ် ၀၂၃၃၆၈၆၆ ဖြင့်တရားခံ ရှောင်ဖူးက ငွေကျပ်သိန်း (၄၀၀)ကို ထုတ်ယူသွားကြောင်း၊ ရှောင်ဖူးသည် ယင်းငွေများအနက်မှ ငွေကျပ်သိန်း(၃၀၀)ကို (၂၈)လမ်းရှိ အာရှမနဘဏ်တွင် ၎င်းအမည်ဖြင့် ငွေစာရင်းဖွင့်၍ ပေးသွင်းကာပြောင်းလဲ ဖုံးကွယ် ခဲ့ကြောင်း၊ စစ်ဆေးရေး အဖွဲ့မှ စစ်ဆေးတွေ့ရကြောင်း ထွက်ဆိုချက်ကို တွေ့ရသည်။ အာရှမန ဘဏ်ခွဲ (၁) မန်နေဂျာဒေါ်ခင်တင့် (လိုပြ-၃)က တရားခံတင်ဝင်း အမည်ဖြင့် မိမိတို့ဘဏ်တွင် ငွေစာရင်း (၃)ခု ဖွင့်ထားရာ သက်သေခံ (င-၁) စာမျက်နှာ (၂)တွင် (၁၃-၁-၂၀၀၃) ရက်စွဲဖြင့် ငွေကျပ်သိန်း (၄၀၀) ကိုထုတ်ယူထားကြောင်းနှင့် သက်သေခံ (င-၁)မှ (င-၁၂) ထိ ချက်လက်မှတ်မိတ္တူ(၅)စောင်၊ ငွေသားစာရင်းပြောင်း (၂) စောင်၊ ငွေစာရင်း ဖွင့်ခွင့်လျှောက်လွှာ(၁)စောင်နှင့် တရားခံရှောင်ဖူး၏ လက်မှတ်နမူနာ ကဒ်(၁)စောင်ကို တင်ပြထောက်ခံထွက်ဆိုသွားသည်။ ဒုရဲမှူးခင်မောင်ဝင်း က အာရှမနဘဏ်ခွဲမှ တရားခံရှောင်ဖူး၏ ငွေစာရင်း လက်ကျန်ငွေ ၂၀၁၈၀၅၅၇ ကျပ် ၄၀ ပြားအား ဘဏ်မှထုတ်ပြီး ဦးခင်မောင်ထွေး (လိုပြ-၅)နှင့် ဦးအောင်ကျော်မိုး (လိုပြ-၆)တို့ ရှေ့တွင် သက်သေခံ(ဆ) ရှာဖွေ ပုံစံဖြင့် သိမ်းဆည်းတင်ပြသည်။

ဒုရဲမှူးခင်မောင်ဝင်း(လိုပြ-၁)က ဆက်လက်၍ ထွက်ဆိုရာ တရားခံရှောင်ဖူးသည် အာရှမနဘဏ်မှထုတ်ယူသော ငွေကျပ်သိန်း(၄၀၀) အနက်မှ ငွေကျပ်သိန်း (၃၀၀)ကို အာရှမနဘဏ်၊ (၂၈)လမ်းတွင် ၎င်း၏ငွေစာရင်းဖွင့်လှစ်ပြီး ပြောင်းလဲဖုံးကွယ်ထားသည့်အပြင်

၂၀၀၅
လျှဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ငွေကျပ်သိန်း (၁၀၀)အား (၂၀-၁-၂၀၀၃) နေ့တွင် ထပ်မံထုတ်ယူ၍ မမန်ရှူးအားပေးခဲ့ကြောင်း၊ ရှောင်ဖူး၏ ငွေစာရင်းစာအုပ်ကို သက်သေခံ (စ) အဖြစ်တင်ပြကြောင်းကို ထွက်ဆိုထားသည်။ ချမ်းအေးသာစံမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခင်အေးသစ်(လိုပြ-၉)က တရားခံ ရှောင်ဖူး၏ သက်သေခံ(ည)ဖြောင့်ချက်ကိုရယူကြောင်း၊ ယင်း သက်သေခံ ဖြောင့်ချက်တွင် တရားခံက အဆိုပါငွေကျပ်သိန်း (၄၀၀)နှင့် ငွေကျပ်သိန်း(၁၀၀)ကို ထပ်မံထုတ်ယူခဲ့ကြောင်း တရားခံရှောင်ဖူးက ဖြောင့်ဆိုထား သည်ကို တွေ့ရသည်။

ဒုရဲမှူးခင်မောင်ဝင်း (လိုပြ-၁)က မိမိတို့စစ်ဆေးရေးအဖွဲ့သည် (၄-၇-၂၀၀၃) ရက်နေ့တွင် ရှောင်ဖူး၏နေအိမ်မှ သက်သေခံ (ယ) ရှာဖွေပုံစံဖြင့်ငွေ ၂၀၈၀၀၀၀ိ/-နှင့် လယ်မြေဝယ်ယူသည့် စာချုပ်ကို သိမ်းယူရာတွင် ရှာဖွေသက်သေဦးလွမ်းဇယ် (လိုပြ-၁၀)နှင့် ဦးညွန့်တင် (လိုပြ-၁၁)တို့က သက်သေအဖြစ် လက်မှတ်ရေးထိုးကြသည်။ တရားလိုက ဆက်လက်ထွက်ဆိုရာတွင် (၁၂-၃-၂၀၀၃)ရက်နေ့တွင် လျှဖန်း(ခ) တင်ဝင်း၏ ငွေစာရင်းမှ ငွေကျပ်သိန်း (၁၀၀)အား ဦးဝင်းဘို (လိုပြ-၂)ထံ ငွေကျပ် (၇၅) သိန်းဖြင့် ရောင်းချရာ ငွေကျပ်သိန်း (၁၀၀)ကို ဦးအောင်ကျော်ပြောသည့် ငွေစာရင်းသို့ပြောင်းပေးကြောင်း၊ ဝင်းဘိုက ငွေကျပ် (၇၅)သိန်းကို မမန်ရှူးထံပေးခဲ့ကြောင်း၊ ငွေလွှဲခငွေ ၁၀၅၀၀ကျပ် ကို ဘဏ်ငွေစာရင်းထဲမှ ပေးချေရကြောင်း ထွက်ဆိုသွားသည်။ အာရှဓန ဘဏ်ခွဲ (ဝိဇယရန်ကုန်) မန်နေဂျာဒေါ်သီတာဝင်း (လိုပြ-၇) က ဦးအိုက်စိုင်း၏ ငွေစာရင်းရှင်းတမ်းတွင် ငွေကျပ်သိန်း(၁၀၀) ရရှိကြောင်း ဖြင့် သက်သေခံ (ဇ-၁)ကို တင်ပြသည်။

တရားခံလျှဖန်း(ခ)တင်ဝင်းက မိမိသည်ငါးရှဉ့်ရောင်းဝယ်ရေး ကိုယ်ပိုင်စီးပွားရေးကို လုပ်ကိုင်ကြောင်း၊ အစိုးရမှ လေလံပစ်သော သဘော်ာပျက်၊ မီးရထား၊ တံတားဟောင်းစသည်များကို လေလံရသူများ နှင့် ပူးပေါင်းလုပ်ကိုင်ကြောင်း၊ အမြဲတန်းလိုလိုခရီးသွားနေရသဖြင့်

အာရှမနေဘဏ်နှင့်အခြားဘဏ်များတွင်ငွေများ အပ်နှံထားကြောင်း၊ ဇနီးဖြစ်သူ မမန်ရှူးအား ငွေထုတ်၊ ငွေလွှဲ၊ ဘဏ်ငွေစာရင်းကိစ္စကို ဆောင်ရွက်စေကြောင်း၊ မိမိသည်အမြဲလိုလိုပင် BEARER CHEQUE များကို လက်မှတ်ရေးထိုးထားကြောင်း၊ မိမိခရီးသွားလျှင် ငွေကြေးလို အပ်ပါက ဇနီးက ငွေကြေးကို ချက်လက်မှတ်ဖြင့် ထုတ်ယူကြောင်း၊ မိမိထံမှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာမျှ ဖမ်းဆီးခံရခြင်း မရှိကြောင်း၊ သို့ဖြစ်၍ စွဲဆိုသောပြစ်မှုကို မကျူးလွန်ရ ကြောင်း ထုချေသည်။

တရားခံရှောင်ဖူးက မိမိသည်သမီးမမန်းရှူး ခေါ်ယူလွှဲပေးသည့် ငွေကျပ်သိန်း (၄၀၀) ကိုလက်ခံခဲ့ကြောင်း၊ မမန်းရှူးမှာမိမိအားထိုကဲ့သို့ ငွေပေးသည်မှာ တစ်ကြိမ်မကကြောင်း၊ မိမိမှာ ကားရောင်းဝယ်လုပ်ငန်း၊ ကားပြေးဆွဲသည့်လုပ်ငန်းနှင့် သင့်လျော်ရာစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း၊ သမီးမမန်းရှူးမှာ ငွေများကိုမကြာခဏလည်း အပ်နှံဖူး ကြောင်း စွဲဆိုသော ပြစ်မှုကို မကျူးလွန်ရကြောင်း ထုချေသည်။

ဒုရဲမှူးခင်မောင်ဝင်းက သက်သေခံ(ဈ) ထောက်လှမ်းရေး တပ်ဖွဲ့အစီရင်ခံစာကို တင်ပြရာ၌အဆိုပါသက်သေခံ(ဈ) စာမျက်နှာ (၅)တွင် အက်ဖီဒရင်း (၁)ကီလိုလျှင်ငွေ ၂၀၀၀၀၀ိ/-ကျပ်ဖြင့် ဝယ်ယူ ကြောင်း၊ (၂၉-၉-၂၀၀၂)ရက်နေ့တွင် ငွေကျပ်သိန်း(၁၀၀)၊ (၁-၁၀-၂၀၀၂) ရက်နေ့တွင် ငွေကျပ်သိန်း (၁၂၀)တို့ကို တရားခံမင်းမင်းအား အက်ဖီဒရင်းဖိုးငွေပေးရန်အထွက် ရီချန်းထံပေးပို့စေကြောင်း၊ (၂၂-၁၀-၂၀၀၂) ရက်နေ့တွင် မင်းမင်းထံ နောက်ထပ်ငွေ ၅၀၀၀၀ိ/- ကျပ် ကိုပေးချေခဲ့ ကြောင်း၊ အက်ဖီဒရင်း (၃၂၀) ကီလိုအတွက် ငွေကျပ်သိန်း (၆၄၀)ကို လျှော်ဖန်း (ခ) တင်ဝင်းမှ ပေးချေရန်ရှိရာ ငွေကျပ်(၂၂၇)သိန်းကို ပေးချေထားပြီးဖြစ်၍ ငွေကျပ်သိန်း (၃၉၀)အားပေးချေရန်အတွက် ပစ္စည်းဝယ်ယူသူ အားလုံးမှ လျှော်ဖန်းထံပေးရန်ငွေကျပ်(၂၃)သိန်း မရသေး သဖြင့် မပေးသေးကြောင်းဖော်ပြထားသည်။ အာရှမနေဘဏ်ခွဲမန်နေကျာ

၂၀၀၅
လျှုဖန်း(ခ)
တင်ဝင်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဒေါ်ခင်တင့် (လိုပြ-၃)ထံမှ သိမ်းဆည်းသည့်သက်သေခံ (င-၁)တွင် ဘဏ်ငွေစာရင်းထဲမှ (၂၇-၉-၂၀၀၂)ရက်နေ့တွင် ငွေကျပ်သိန်း (၁၀၀)ကိုလည်းကောင်း၊ (၂-၁၀-၂၀၀၂)ရက်နေ့တွင် ငွေကျပ်သိန်း (၄၀)နှင့် သိန်း (၈၀)ကို လည်းကောင်း၊ တရားခံတင်ဝင်း၏ ငွေစာရင်းမှ ထုတ်ယူကြောင်း ပေါ်ပေါက်သည်။

မူးယစ်(အထူး)အဖွဲ့မှ ပူးပေါင်းလျက်တရားခံ လျှုဖန်း(ခ) တင်ဝင်းအား အက်ဖီဒရင်းဆေးများနှင့် ပတ်သက်၍ ၂၀၀၂ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးထားပြီးဖြစ်သည်။ ယင်းသို့လျှုဖန်း(ခ)တင်ဝင်း အား ဖမ်းဆီးချုပ်နှောင်ထားစဉ် ရှောင်ဖူးသည် BEARER CHEQUE ဖြင့် (၁၃-၁-၂၀၀၃)နေ့တွင်ဘဏ်မှ ငွေကျပ်သိန်း (၄၀၀) ထုတ်ယူ ခဲ့သဖြင့် ရှောင်ဖူးသည် လျှုဖန်း(ခ)တင်ဝင်းကျူးလွန်ခဲ့သော မူးယစ် ဆေးဝါးပြစ်မှုမှအမှုနှင့် သက်ဆိုင်သောငွေကြေး၊ ပစ္စည်းများကို တရားဝင် အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်းခြင်း အသွင်ပြောင်းလဲခြင်းများ ပြုသည်မှာ ထင်ရှားနေပေသည်။

တရားခံလျှုဖန်း(ခ)တင်ဝင်းသည် အာရှဓနဘဏ်၊ ရိုးမဘဏ်၊ မြန်မာမေဖလားဝါးဘဏ်စသည်ဖြင့် ဘဏ်များတွင် ငွေစာရင်းများ အများအပြားဖွင့်လှစ်ထားပြီး ယင်းငွေများဖြင့် အက်ဖီဒရင်းများ ဝယ်ယူ ရာတွင် ချက်လက်မှတ်ဖြင့် အကြိမ်ကြိမ်ပေးချေကြောင်းကို ငွေကြေး စစ်ဆေးရေးအဖွဲ့ ဒုရဲမှူးခင်မောင်ဝင်း(လိုပြ-၁)၏ ထွက်ဆိုချက်များနှင့် သက်သေခံ (င-၁)မှ (င-၁၂)ထိ ဘဏ်စာရင်းများအရလည်းကောင်း၊ ထောက်လှမ်းရေးအစီရင်ခံစာသက်သေခံ (ဈ-ဈ) အရလည်းကောင်း ပေါ်လွင်နေသဖြင့် တရားခံလျှုဖန်း(ခ)တင်ဝင်းသည် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉(ဂ)အရ ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးများကို အမှု နှင့်စပ်လျဉ်းပြီး အရေးမယူနိုင်စေရန် ဖုံးကွယ်ထားသော ပြစ်မှုကို ကျူးလွန်နေပေသည်။ ထို့အပြင်ယင်းဥပဒေပုဒ်မ ၁၉(ဃ)အရ ယင်းငွေ

ကြေးကို တရားဝင်အသွင်ရောက်စေရန် ပြောင်းလဲပေးသော ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

သို့ဖြစ်၍ မန္တလေးခရိုင်တရားရုံးမှတရားခံလျှုဖန်း(ခ)တင်ဝင်း အပေါ်တွင် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(ဂ)အရ ထောင်ဒဏ် (၁၀)နှစ်ကျခံ စေရန်၊ ပုဒ်မ ၁၉(ဃ) အရ ထောင်ဒဏ် (၁၀)နှစ် (ဆယ်နှစ်) ကျခံ စေရန်၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန်နှင့် တရားခံ ရှောင်ဖူးအား ယင်းဥပဒေပုဒ်မ ၁၉(ဃ)/၂၁ အရ ထောင်ဒဏ် (၁၀) နှစ် (ဆယ်နှစ်) ကျခံစေရန် ချမှတ်သောအမိန့်နှင့်ယင်းအမိန့်ကို အတည် ပြုသော မန္တလေးတိုင်းတရားရုံးက တရားခံလျှုဖန်း(ခ)တင်ဝင်းအား ပြစ်မှုကြီးအမှတ် ၁၁၄/၂၀၀၂ မှ ပြစ်ဒဏ်နှင့်တစ်ပေါင်းတည်းကျခံစေ ရန် ချမှတ်သောအမိန့်များသည် ဥပဒေအရမှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

\+ ၂၀၀၅
ဇွန်လ
၁ ရက်

**ပြစ်မှုဆိုင်ရာပြင်ဆင်မှု**

**တရားရုံးချုပ်တရားသူကြီး ဦးတင်အေးရှေ့တွင်**

**ဦးကိုကြီး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** •

တပ်မတော်ထောက်လှမ်းရေးထံတွင် ပူးတွဲတရားခံကထွက်ဆိုခဲ့သော ထွက်ဆိုချက်သာရှိပြီး ထိုအချက်ကို ထောက်ခံသည့် အခြား သက်သေခံချက်မရှိလျှင် ပူးတွဲတရားခံ၏ ထွက်ဆိုချက်တစ်ခု တည်းဖြင့် ကျန်တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်ရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** ။ ပူးတွဲတရားခံတင်ရွှေ(ခ)သန်းထိုက်၏ တပ်မတော် ထောက်လှမ်းရေးတွင် ပေးသည့်စစ်ကြောချက်တစ်ခုတည်းသာ ရှိကြောင်းပေါ်ပေါက်သည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ကိုးကား ခဲ့သည့် **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ ၂ ၁၉၉၁ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၆၃ စီရင်ထုံး**တွင်ပါရှိသကဲ့သို့ ကွင်းဆက်မိသည့်အခြား ထွက်ဆိုချက်များလည်း ဤအမှုတွင်မရှိပေ။ ထောက်လှမ်းရေးထံပေးသော ပူးတွဲတရားခံတင်ရွှေ(ခ)သန်းထိုက်၏ ငြိစွန်းထွက်ဆိုချက်အပေါ် တရားခံဦးကိုကြီး ပြစ်မှုကျူးလွန်ကြောင်း အခြားထောက်ခံသည့် ပတ်ဝန်းကျင်သက်သေခံအထောက်အထား တစ်စုံတစ်ရာမျှမရှိသည့် အခြေအနေတွင် ဦးကိုကြီးအပေါ်

---
• ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၂ (ခ)
\+ ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၆ တွင်ချမှတ်သော ၁၀-၁၂-၂၀၀၄ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

မူလအမှုစစ်ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့် အဆိုပါပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းအပေါ် အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်တို့မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူအတွက် - ဒေါ်နန်းကြည်မေ၊
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဒေါ်သန်းသန်းဆွေ
(လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၅၄/၂၀၀၄ တွင် တရားခံတင်ရွှေအား ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံစေရန်နှင့် ပူးတွဲတရားခံဦးကိုကြီးအပေါ် ယင်းဥပဒေပုဒ်မ ၁၉(က)/၂၁ အရအလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးကိုကြီးက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း အကျဉ်းနည်းပလပ်ခံရသဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၂၁-၃-၂၀၀၄ နေ့(၁၃း၀၀)နာရီအချိန်ခန့်တွင် မူးယစ်ဆေးဝါးဘိန်းဖြူအရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ကြည့်နေစဉ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ မဆလာစက်မှတ်တိုင်အနီးတွင် ကြိုတင်သတင်းရရှိထားသူ တင်ရွှေ(ခ) သန်းထိုက် ရောက်ရှိလာ၍ ရန်ကုန်မူးယစ်(အထူး)အဖွဲ့မှ ဒုရဲမှူး ခင်မောင်ဇိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၇) ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များက သက်သေများရှေ့မှောက်တွင် ရှာဖွေရာ

ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန်(၁၈. ၂၆၉) ဂရမ် သိမ်းဆည်းရမိသဖြင့် အရေးယူပေးရန် ဒုရဲအုပ်နေမျိုးက မင်္ဂလာတောင်ညွန့်ရဲစခန်းတွင် သတင်းချက်ရေးဖွင့်တိုင်တန်းခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူဦးကိုကြီး၏ ရှေ့နေက ဦးကိုကြီးသည် စတင်ဖမ်းဆီးစဉ်ကပါဝင်ခြင်းမရှိကြောင်း၊ ၎င်းထံမှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာသိမ်းမိခြင်း မရှိကြောင်း၊ ၎င်းနှင့် ပတ်သက်၍ မူလရုံး ၁-တရားခံ တင်ရွှေ(ခ)သန်းထိုက်၏ ထောက်လှမ်းရေး (၇) တွင် စစ်ကြောထွက်ဆိုချက်တစ်ခုသာ ငြိစွန်းမှုရှိကြောင်း၊ ထောက်လှမ်းရေး(၇)တွင် ၁-တရားခံ တင်ရွှေ(ခ) သန်းထိုက်၏ စစ်ကြောချက်မှာ သက်သေခံဥပဒေ ပုဒ်မ ၂၅၊ ၂၆ တို့အရ ရဲထံအစစ်ခံချက်သာဖြစ်သဖြင့် သက်သေခံအဖြစ်အသုံးမပြုနိုင်ကြောင်း၊ **မောင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု**[၁]၊ **ဦးမင်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၂] တို့တွင်ထိုမှု သဘောကို ညွှန်ပြထားကြောင်း၊ ပူးတွဲတရားခံ၏ ဖြောင့်ချက်ကို ထောက်ခံသည့် အခြားသက်သေခံချက်မရှိဘဲ ယင်းဖြောင့်ချက်ကို အခြေပြု၍ ပူးတွဲ တရားခံအား အပြစ်မပေးနိုင်ကြောင်း၊ **မောင်လှသန်းပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၃]၊ **ဦးဂျန်မော်ယော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု**[၄] တို့တွင် လမ်းညွှန်ထားချက်များ ရှိသည့်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက လျှောက်ထားသူအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် အဆိုပါ အမိန့်ကိုအတည်ပြုခဲ့သည့် ရန်ကုန်တိုင်း တရားရုံး၏ အမိန့်တို့ကို ပယ်ဖျက်၍ တရားသေလွှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၅၈
(၂) ၁၉၇၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၂၂
(၃) ၁၉၇၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၈
(၄) ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၃

၂၀၀၅
ဦးကိုကြီး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လျှောက်ထားခံရသူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့်ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ဦးကိုကြီး၏လက်ဝယ်တွင် သက်သေခံပစ္စည်းများ မတွေ့ရသော်လည်း အမှတ်(၁)တရားခံတင်ရွှေ(ခ)သန်းထိုက်က တတိယအကြိမ် ဘိန်းဖြူဘိုး ငွေ ၃၅၀၀၀၀ိ/- ဖြင့် ဦးကိုကြီးထံမှ ဝယ်ယူခဲ့ကြောင်း၊ တရားခံ တင်ရွှေသည် ဦးကိုကြီး၏ အိမ်သို့ရောက်ခဲ့ဖူးကြောင်း ဦးကိုကြီး၏ ထွက်ချက်အရ တွေ့ရကြောင်း၊ ၁-တရားခံ တင်ရွှေ(ခ)သန်းထိုက်သည် ဦးကိုကြီးအပေါ် မမှန်မကန်စွဲကြောင်း ရန်ငြိုးရန်စရှိသည်ဟု မပေါ်ပေါက်ကြောင်း၊ ၎င်းအား ရိုက်နှက်၍ ကြောက်သဖြင့် ထွက်ဆိုချက် ပေးခဲ့ရသည်ဟု ပြန်လှန်မေးမြန်း မထားသည့်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ဦးရဲနောင်ပါ ၂ အမှု**[၅] ကိုရည်ညွှန်း၍ ၎င်းအပေါ် ပြစ်မှု ထင်ရှားစီရင်ခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ရန်ကုန်တိုင်းတရားရုံးက အဆိုပါအမိန့်ကို အတည်ပြုခဲ့သည်မှာလည်း မှန်ကန်ပါသဖြင့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် တင်ရွှေ(ခ)သန်းထိုက်အား အမှတ်(၇) ထောက်လှမ်းရေးတပ်သို့ ခေါ်ယူစစ်ဆေးရာတွင် ၎င်းလွယ်ထားသော အိတ်အတွင်းရှိ ဆပ်ပြာခွက်အတွင်းမှ ဟယ်ရိုးအင်းဟိုက်ဒရိုကလိုရိုဒ် (၁၃. ၄၀၉)ဂရမ်၊ ကိုနီကာဖလင်ဘူး(၂)ဘူး အတွင်းမှ (၂. ၈၆)ဂရမ်၊ နိုင်ငံခြား ဆေးထည့်သည့်ပလစ်စတစ်ဘူးအဖြူအတွင်းမှ (၂)ဂရမ်၊ စုစုပေါင်း ဟယ်ရိုးအင်းဟိုက်ဒရိုကလိုရိုဒ်(၁၈. ၂၆၉) ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း အငြင်းမပွားပေါ်ပေါက်သည်။ ဦးကိုကြီးအား တရားခံတင်ရွှေ(ခ)သန်းထိုက်၏ ထွက်ဆိုချက်အရ အမှုစစ် ဒုရဲအုပ် ကိုကိုဦး(လိုပြ-၆)က ပျဉ်းမနားမြို့နယ်၊ စီကောက်ကျေးရွာသို့ သွားရောက်ဖမ်းဆီးခဲ့ပြီး တရားစွဲတင်ပို့ခဲ့ကြောင်း၊ အမှတ်(၁၅)

(၅) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၆၃

၂၀၀၅
ဦးကိုကြီး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တပ်မတော်ထောက်လှမ်းရေးမှ ဦးကိုကြီး၏နေအိမ်တွင် ရှာဖွေရာ၌ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ သိမ်းဆည်းရမိခြင်း မရှိကြောင်း ပေါ်ပေါက်သည်။ အမှုတွင်ဦးကိုကြီးအား ပူးတွဲတရားခံတင်ရွှေ(ခ) သန်းထိုက်၏ တပ်မတော်ထောက်လှမ်းရေးတွင်ပေးသည့် စစ်ကြော ချက်အပေါ်အမိက အခြေပြု၍ပြစ်မှုထင်ရှား စီရင်ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၁၃၃ အရ ကြံရာပါတစ်ဦး၏ ထွက်ဆိုချက်အပေါ်အထောက်အကူပြုသည့် သက်သေခံချက်မရှိဘဲ ထိုသူ၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်စီရင်ခြင်းသည် ဥပဒေနှင့်အညီမဟုတ် ဟု မဆို နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင် သက်သေခံအက် ဥပဒေပုဒ်မ ၁၁၄(ခ)၌ ကြံရာပါသက်သေ၏ထွက်ချက်ကို အရေးကြီး သည့်အချက်များ ၌ အထောက်အကူပြုသည့် သက်သေခံချက်မရှိလျှင် မယုံကြည်ထိုက်ဟု ယူဆနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ကြံရာပါ၏ ထွက်ချက်ကို အထောက်အကူပြုသည့်သက်သေခံချက်မရှိလျှင် ယင်း၏ သက်သေခံချက်အရ တရားခံများအား အပြစ်ပေးရန် မသင့်ဟူသော ထုံးကို တရားရုံးများက လိုက်နာကျင့်သုံးလျက်ရှိကြောင်း **မောင်ခင်မောင်ပါ(၄) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု**(၆) တွင်လမ်းညွှန်ထားသည်။ မူလအမှုစစ်ခရိုင်တရားရုံးက ကိုးကား ခဲ့သည့် **ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဦးရဲနောင်ပါ ၂** စီရင်ထုံးမှာ ပူးတွဲတရားခံများ၏ တပ်မတော်ထောက်လှမ်းရေးထံ အစစ်ခံချက်များမှာ စစ်ကြောချက်ပါအကြောင်းအရာ အချင်းချင်း ကွင်းဆက်မိမိအစစ်ခံထားပြီး ပြစ်မှုပေါ်လွင်ထင်ရှားနေကြောင်း တွေ့ရှိရပြီး သက်သေခံအက် ဥပဒေပုဒ်မ ၂၄ ပါဖြားယောင်းသွေးဆောင် ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မှ ကင်းလွတ်သည့်အတွက် ထောက်လှမ်းရေး စစ်ကြောချက်ကိုလက်ခံ၍ ပြစ်မှုထင်ရှားစီရင်ထားခြင်းဖြစ်သည်။

---

(၆) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၂၄

၂၀၀၅
ဦးကိုကြီး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ပူးတွဲတရားခံဖြစ်သည့် ၁-တရားခံတင်ရွှေ(ခ)သန်းထိုက်က သက်သေခံအက်ဥပဒေပုဒ်မ ၂၆ အရ ရာဇဝတ်တရားသူကြီးတစ်ဦးထံ ဖြောင့်ချက်ပေးထားသည်ကို မတွေ့ရပေ။ သက်သေခံအက်ဥပဒေပုဒ်မ ၂၆ အရ ရာဇဝတ်တရားသူကြီးတစ်ဦးထံ ပေးသောဖြောင့်ချက်ရှိသော်လည်း ထိုဖြောင့်ချက်ကို တရားခံကရုပ်သိမ်းသည့်အခါ ပြန်လည်ရုပ်သိမ်းခဲ့သည့် ဖြောင့်ချက်အပေါ် ထောက်ခံနိုင်သော အခြားသက်သေခံချက် တစ်စုံတစ်ရာမရှိသည့်အခြေအနေမျိုးတွင် ယင်းဖြောင့်ချက်ကိုအခြေပြု၍ ပူးတွဲတရားခံအား အပြစ်ပေးရန် မသင့်ကြောင်း **ဦးဂျန်မော်ယော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု** တွင်လမ်းညွှန်ထားသည်။ ယခုအမှုတွင် ပူးတွဲတရားခံတင်ရွှေ၏သက်သေခံ(ဂ-၂)တပ်မတော်ထောက်လှမ်းရေး (၇)တွင် ပေးသည့် စစ်ကြောချက်တွင် "မူးယစ်ဆေးဝါးမှုဖြင့် သာယာဝတီထောင်တွင်(၁၀)နှစ် ပြစ်ဒဏ်ကျခံခဲ့ရပြီး ထောင်မှ ၂၈-၂-၂၀၀၃နေ့တွင် ပြန်လည်လွတ်မြောက်လာပြီးနောက် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလဆန်းမှ ပျော်ဘွယ်မြို့နယ်ပြန်လည်ရောက်ရှိစဉ် ထောင်အတွင်း ရင်းနှီးခဲ့သူကုလားလေးမှပေးခဲ့သောလိပ်စာ စီကောက်ရွာ၊ ပျဉ်းမနားမြို့နယ်နေ ဦးကိုကြီးထံရောက်ရှိ၍ ဘိန်းဖြူဆပ်ပြာ ၁-ဘူး ဝယ်ယူခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဘိန်းဖြူဆပ်ပြာ ၁ခွက်၊ ဖလင်ဘူးတို့ဖြင့် ဒုတိယအကြိမ်၊ ၁၅-၃-၂၀၀၄ ရက်နေ့တွင် သိမ်းဆည်းခံရသည့် ဘိန်းဖြူများကို တတိယအကြိမ်အဖြစ် ဦးကိုကြီးထံမှ ဝယ်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုချက်ပေးထားကြောင်းတွေ့ရသည်။ ထိုစစ်ကြောချက်မှာ ရာဇဝတ်တရားသူကြီးထံပေးသောဖြောင့်ဆိုချက် မဟုတ်ပေ။ ထို့ပြင်ဦးကိုကြီးထံမှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာကိုမျှ သိမ်းဆည်းရမိခဲ့ခြင်းမရှိပေ။ သက်သေခံ (ဂ-၂) စစ်ကြောချက်ကို အထောက်အကူပြုသည့် အခြားသက်သေခံချက်လည်းမရှိပေ။ ဦးကိုကြီးနှင့် တရားခံတင်ရွှေ(ခ)သန်းထိုက် တို့က သန်းထိုက်ထောင်မှလွတ်မြောက်

လာချိန်တွင် စီကောက်ရွာရှိ တင်ရွှေ(ခ)သန်းထိုက်၏သူငယ်ချင်းကိုမြင့်ခိုင်ထံ သန်းထိုက်သွားရောက်လည်ပတ်စဉ်က ကိုမြင့်ခိုင်၏အိမ်တွင်ရေတွင်းမရှိ၍ ရေတွင်းရှိသည့် ဦးကိုကြီး၏အိမ်သို့သွားရောက်ရေချိုးခဲ့သဖြင့် သန်းထိုက်နှင့်ဦးကိုကြီးတို့တွေ့မြင်သိရှိဖူးကြောင်းသာထွက်ဆိုချက်ရှိသည်။

ဦးကိုကြီးမှာ ပျဉ်းမနားမြို့နယ်၊ စီကောက်ရွာတွင်နေထိုင်ပြီးတောင်ယာလုပ်ကိုင်သူဖြစ်ကြောင်းပေါ်ပေါက်သည်။ မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍ကျော်စောသတင်းရှိသူဟု မပေါ်ပေါက်သည့်ပြင် မူးယစ်ဆေး ဝါးရောင်းဝယ်သည်ဟု ဆက်စပ်နိုင်လောက်သည့်စီးပွားရေးလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်သူဖြစ်ကြောင်း၊ ထိုစီးပွားရေးလုပ်ငန်းတွင် ၁-တရားခံတင်ရွှေ(ခ)သန်းထိုက်နှင့်ဆက်သွယ်လုပ်ကိုင်သူဖြစ်ကြောင်း စသည့်အချက်များလည်း ပေါ်ပေါက်ခြင်းအလျဉ်းမရှိချေ။ ပူးတွဲတရားခံ တင်ရွှေ(ခ)သန်းထိုက်၏ တပ်မတော်ထောက်လှမ်းရေး(၇)တွင်ပေးသည့် စစ်ကြောချက်တစ်ခုတည်းသာရှိခကြောင်း ပေါ်ပေါက်သည်။ ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံးက ကိုးကားခဲ့သည့် **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ဦးရဲနောင်ပါ ၂** စီရင်ထုံးတွင် ပါရှိသကဲ့သို့ ကွင်းဆက်မိသည့် အခြားထွက်ဆိုချက်များလည်း ဤအမှုတွင်မရှိပေ။ ထောက်လှမ်းရေးထံပေးသော ပူးတွဲတရားခံတင်ရွှေ(ခ)သန်းထိုက်၏ငြိစွန်းထွက်ဆိုချက်အပေါ် တရားခံဦးကိုကြီးပြစ်မှုကျူးလွန်ကြောင်း အခြားထောက်ခံသည့် ပတ်ဝန်းကျင်သက်သေခံအထောက်အထားတစ်စုံတစ်ရာမျှမရှိသည့် အခြေအနေတွင် ဦးကိုကြီးအပေါ် မူလအမှုစစ် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင် ခဲ့ခြင်းနှင့် အဆိုပါပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း အပေါ် အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်တို့မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

၂၀၀၅
ဦးကိုကြီး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သို့ဖြစ်၍ ဤပြင်ဆင်မှုကိုခွင့်ပြုသည်။ ဦးကိုကြီးအပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်နှင့် အဆိုပါအမိန့်ကိုအတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်များကိုပယ်ဖျက်၍ ဦးကိုကြီးအား အမှုမှ အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၅
စက်တင်ဘာလ
၁၆ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်
တရားသူကြီး ဦးခင်မောင်အေးတို့ ရှေ့တွင်

ဦးစိုးမြင့်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ *

**ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအား ခွင့်လွှတ်ခြင်း ပြုမပြုစဉ်းစားရာတွင် တရားရုံး၏ ဆင်ခြင်တုံတရားကို အသုံးပြုရခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ လျှောက်ထားတင်သွင်းရန်အတွက် ကာလစည်းကမ်းသတ်ကိစ္စကို ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း မတွေ့ရပေ။ တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ပါ သတ်မှတ်ချက်ကာလ ကျော်လွန်သောပြစ်မှုဆိုင်ရာပြင်ဆင်မှုကို လက်ခံဆောင်ရွက်ခြင်း၊ ပြုသင့်မသင့်မှာ တရားသူကြီး၏ သင့်တော်ရာ လုပ်ပိုင်ခွင့်သက်သက်သာဖြစ်သည်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ လက်ခံဆောင်ရွက်ပေးခြင်း မှာလည်း အမှုသည်တို့၏ အခွင့်အရေး တစ်ရပ်အနေဖြင့် လက်ခံဆောင်ရွက်ပေးခြင်း မဟုတ်ဘဲ တရားရုံးများက တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အယူခံမှုများကို လက်ခံဆောင်ရွက်ခြင်းနှင့် ကွာခြားသည်။ ပြစ်မှု

* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၆
+ ၂၀၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇၂ (ခ) တွင်ချမှတ်သော ၇-၁၀-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု။

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဆိုင်ရာပြင်ဆင်မှုကို နှစ်ဘက်ကြားနာနိုင်ရန် လက်ခံလိုက်ခြင်း သက်သက်သည်တရားမျှတမှုကို မထိခိုက်ဟုဆိုရမည်။ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် - ဒေါ်ခင်အေးနု
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားခံအတွက် - ၁။ ဦးစောနိုင်
(ဒုတိယညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး)
၂။ ဦးလှိုင်မြင့်
(တရားရုံးချုပ်ရှေ့နေ)။

မရမ်းကုန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၇/၂၀၀၁တွင် တရားခံအောင်မိုးသူ(ခ)အောင်မိုးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀နှင့် ပုဒ်မ ၄၆၈ တို့အရပြစ်မှုထင်ရှားစီရင်ပြီး အလုပ်နှင့်ထောင်ဒဏ် (၂)နှစ်စီကျခံစေရန်နှင့်ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန်လည်းကောင်း၊ တရားခံထွန်းလင်းကျော်(ခ)ထွန်းထွန်းအပေါ်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရအလုပ်နှင့်ထောင်ဒဏ်(၂)လကျခံစေရန်လည်းကောင်း၊ ပြစ်ဒဏ်စီရင်ခဲ့ပြီး ယင်းအမှုမှသက်သေခံယာဉ်အမှတ်-၉က/၃၇၁၆ နှင့်လိုင်စင်စာအုပ်များကို အယူခံရက်ကျော်လွန်က ပိုင်ရှင်ဦးကျော်မျိုးခန့်အား ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ အမှုဖြစ်ချိန်တွင် မော်တော်ယာဉ် ၉က/၃၇၁၆ ကို ဦးစိုးမြင့်က ဝယ်ယူလက်ရှိထားခဲ့သည်။ ယင်းသက်သေခံယာဉ်အတွက်ချမှတ်သည့် အမိန့်ကို ဦးစိုးမြင့်က မကျေနပ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၁/၂၀၀၂ဖြင့် ပြင်ဆင်မှု တင်သွင်းခဲ့ရာ ခရိုင်တရားရုံးက အချင်းဖြစ်သက်သေခံယာဉ်ကို ဦးစိုးမြင့်ထံ ပေးအပ်စေရန် ပြန်လည်ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏ အမိန့်ကို ဦးကျော်မျိုးခန့်နှင့် မူလတရားလို ဦးမောင်မောင်မင်းအောင်

တို့က မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁၉၉/၂၀၀၃ နှင့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၈၅၃/၂၀၀၃ တို့ဖြင့် သီးခြားစီတင်သွင်းခဲ့ကြရာ နှစ်မှုလုံး ပလပ်ခဲ့သဖြင့် ဦးကျော်မျိုးခန့် နှင့် ဦးမောင်မောင်မင်းအောင်တို့က တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်အမှတ်-၃၆၉(ခ)/၂၀၀၄ နှင့် ၃၇၂(ခ)/၂၀၀၄ တို့ကို သီးခြားစီ တင်သွင်းခဲ့သည်။ တရားရုံးချုပ်က ဦးကျော်မျိုးခန့် လျှောက်ထားသည့် ပြင်ဆင်မှုကိုခွင့်ပြုပြီး သက်သေခံပစ္စည်းနှင့် စပ်လျဉ်းသည့် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံးတို့၏အမိန့်များကို ပယ်ဖျက်လိုက်ပြီး သက်သေခံ ၉က/၃၇၁၆ ယာဉ်နှင့် လိုင်စင်စာအုပ်များကို ဦးကျော်မျိုးခန့်အား ပြန်ပေးစေရန် ချမှတ်ခဲ့သော မူလမရမ်းကုန်းမြို့တရားရုံး၏ အမိန့်ကိုပြန်လည် အတည်ပြုခဲ့သည်။ ဦးမောင်မောင်မင်းအောင် တင်သွင်းသည့် ပြင်ဆင်မှု ကို ပလပ်ခဲ့သည်။ သက်သေခံယာဉ် ၉က/၃၇၁၆ နှင့် လိုင်စင်စာအုပ် များအား ဦးကျော်မျိုးခန့်သို့ ပြန်ပေး အပ်သည့်အမိန့်ကို ဦးစိုးမြင့်က မကျေနပ်၍ အထူးအယူခံ ဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ(အထူးအယူခံ)ကို တင်သွင်းလာရာ အောက်ဖော်ပြပါ ပြဿနာအား အထူးအယူခံခုံရုံးဖြင့် ဖြေကြားရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"တရားရုံးများလက်စွဲအပိုဒ် ၇၆၆ အရသတ်မှတ်သည့် စည်းကမ်းသတ်ကာလထက်လွန်စွာ ကျော်လွန်ပြီးမှ တင်သွင်းလာသည့် ပြင်ဆင်မှုအား လက်ခံဆောင်ရွက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မျှတ မှန်ကန်ခြင်း ရှိ မရှိ"

အမှုမှာ ၂၁-၅-၂၀၀၀ ရက်နေ့(၁၁း၀၀) နာရီခန့်က မရမ်းကုန်း မြို့နယ် (၅) ရပ်ကွက်၊ (၉)မိုင်၊ အေဝမ်းခြံရှိ ဦးမောင်မောင်ဌေး၏ နေအိမ် ၌ ၉က/၃၇၁၆ လီမီတက် မော်တော်ယာဉ်ကို ယာဉ်ပိုင်ရှင် ကိုကျော် မျိုးခန့်၏ အထူးကိုယ်စားလှယ်ပါဝါရထားသူ မောင်မောင်မင်းအောင် ထံမှ အောင်မိုးသူနှင့် ထွန်းလင်းကျော်(ခ)ထွန်းထွန်းတို့က ၃၁/၂၈၁၈

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

တိုယိုတာကာဒီနာမော်တော်ယာဉ်အတု၊ ယာဉ်လိုင်စင်အတုဖြင့် ငွေကျပ်(၁၈)သိန်းအလိုက်ရယူကာ လိမ်လည်၍ကားကို အလဲအထပ်ပြုလုပ် ရယူသွားသဖြင့် အောင်မိုးသူနှင့်ထွန်းလင်းကျော်တို့ကို ဥပဒေအရ အရေးယူပေးရန် ဦးမောင်မောင်မင်းအောင်က မရမ်းကုန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို ဦးစိုးမြင့်၏ရှေ့နေက လျှောက်လဲရာတွင် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းရာတွင် ရက်ပေါင်း ၆၀အတွင်းတင်သွင်းရမည်ဟု တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ တွင် အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ ကာလစည်းကမ်းသတ်မှတ်ထားခြင်းမှာ အမှုများပြီးပြတ်မှုကို အချိန်ကာလဖြင့်သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်းအတွက် တင်ပြသော အကြောင်းပြချက်များ ခိုင်လုံမှုရှိမရှိစိစစ်ရာတွင် ဆင်ခြင်တုံတရားကို သုံးစွဲ၍ စီစစ်ဆုံးဖြတ်ရကြောင်း၊ ဦးကျော်မျိုးခန့် လျှောက်ထားခဲ့သည့် ပြင်ဆင်မှု တွင် ကာလစည်းကမ်းသတ်ကျော်လွန်ခဲ့ရခြင်းအတွက် တင်ပြထား သည့် အကြောင်းပြချက်များ ခိုင်မာမှုရှိ၊ မရှိတရားရုံးချုပ်က သုံးသပ်မှုမရှိခဲ့ကြောင်း၊ ဦးကျော်မျိုးခန့်သည် ဌာနဆိုင်ရာ တာဝန်များ ထမ်းဆောင်နေရသဖြင့် ပြင်ဆင်မှုလျှောက်လွှာတင်ရန် ရက်ပေါင်း ၂၉၅ ရက် နောက်ကျခဲ့ရသည်ဟု အကြောင်းပြထားသော်လည်း အဆိုပါအချက်အတွက် ဌာနဆိုင်ရာထောက်ခံချက်ကို တင်ပြခြင်း မပြုနိုင်ခဲ့ကြောင်း၊ တရားရုံး ချုပ်သို့ ဦးကျော်မျိုးခန့်က ပြစ်မှုဆိုင်ရာပြင်ဆင်မှုမတင်သွင်းမီ ၆-၁၁-၀၃ ရက်နေ့ကပင် ဦးကျော်မျိုးခန့် ဒဂုံမြို့နယ်တရားရုံးသို့ ရောက်ရှိနေခဲ့သည်မှာ ထင်ရှားကြောင်း၊ အကြောင်းပြချက်ခိုင်လုံမှုမရှိဘဲ ကာလစည်းကမ်းသတ် ကျော်လွန်မှုကို တရားရုံးချုပ်က လက်ခံခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မျှတမှုမရှိကြောင်း၊ ထို့ကြောင့် ဦးကျော်မျိုးခန့်၏ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကိုလက်ခံဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မျှတမှု မရှိဟု ဖြေကြားသင့်ကြောင်း၊ ဤအထူးအယူခံကို

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပ၊ ၂

ခွင့်ပြုသင့်ကြောင်း၊ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်- ၃၇၂(ခ)/၂၀၀၄ တွင် ချမှတ်ခဲ့သည့် အမိန့်ကိုပယ်ဖျက်ပြီး ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုပေးသင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် ၂၁-၅-၂၀၀၀နေ့က မောင်မောင်မင်းအောင်နှင့် တရားခံအောင်မိုးသူတို့တွေ့ဆုံပြီး ကိုကျော်မျိုးခန့်၏ ယာဉ် ၉က/၃၇၁၆ ကို ကျပ်သိန်း (၅၀)တန်ဖိုးထား၍ အောင်မိုးသူ၏ ယာဉ် ၃ခ/၂၈၁၈ ကို ကျပ်(၁၈)သိန်း အလိုက်ပေး၍ အလဲအထပ်ပြု လုပ်ခဲ့ကြကြောင်း၊ နောင်တွင်ယာဉ်အမှတ် ၃ခ/၂၈၁၈ မှာယာဉ်အတု လိုင်စင်အတုဖြစ်နေသည်ကို မူလရုံးတရားလို သိရှိခဲ့ရကြောင်း၊ တရားလို ၏ တရားဝင်မော်တော်ယာဉ် ၉က/၃၇၁၆ ကို တရားခံတို့က ဦးစိုးမြင့် ဆိုသူထံပြန်လည်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အောင်မိုးသူသည် ကိုကျော်မျိုးခန့်ထံမှ ၉က/၃၇၁၆ ယာဉ်ကိုယာဉ် အတု၊ လိုင်စင်အတုဖြစ်သည့် ယာဉ် ၃ခ/၂၈၁၈ ဖြင့်အလဲအထပ် ပြုလုပ်၍ မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ဆောင်ရွက်ပြီး ၉က/၃၇၁၆ ကိုရယူခဲ့ကြောင်း၊ မူလရုံးတွင် တရားခံအား ပြစ်မှု ထင်ရှားစီရင်ပြီးဖြစ်သဖြင့် သက်သေခံမော်တော်ယာဉ် ၉က/၃၇၁၆ ကို မူလပိုင်ရှင်ထံပြန်ပေးရန် ချမှတ်သည့်အမိန့်မှာ ဥပဒေ အရ မှားယွင်းမှု မရှိကြောင်း၊ မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည် ရယူသွားသော ယာဉ်ကိုနောက်ဆုံး လက်ဝယ်ရှိသူအား ပြန်ပေးရမည် ဆိုပါက တရားမျှတမှုရှိမည်မဟုတ်ကြောင်း၊ တရားရုံးချုပ်က မူလမြို့နယ် တရားရုံး၏ အမိန့်အတိုင်း ဦးကျော်မျိုးခန့်ထံ ပြန်လည်ပေးစေရန် အတည် ပြုခဲ့သည့် အမိန့်မှာ ဥပဒေနှင့်ညီညွတ်ကြောင်း လျှောက်လဲသည်။

ထို့နောက် ဆက်လက်လျှောက်လဲရာတွင် သက်သေခံယာဉ် ၉က/၃၇၁၆ ယာဉ်နှင့်စပ်လျဉ်း၍ ခရိုင်တရားရုံး၏အမိန့်ကို မကျေနပ်

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

၍ ဦးကျော်မျိုးခန့်က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၁၉၉/၂၀၀၃ ဖြင့်လည်းကောင်း၊ ဦးမောင်မောင်မင်းအောင်က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၈၅၃/၂၀၀၃ ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း တရားရုံးသို့ ပြင်ဆင်မှုများသီးခြားစီတင်သွင်းခဲ့ရာတွင် ဦးမောင်မောင်မင်းအောင် ၏ ပြင်ဆင်မှုတွင် ဦးကျော်မျိုးခန့်သည် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးက ပြင်ဆင်မှုနှစ်မှုစလုံးကို ပလပ်ခဲ့ကြောင်း၊ တိုင်းတရားရုံး၏အမိန့်ကိုမကျေနပ်၍ ဦးကျော်မျိုးခန့်က တရား ရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၃၇၂(ခ)/၂၀၀၄ ဖြင့်တင်သွင်းလာရာ တရားရုံးများလက်စွဲအပိုဒ် ၇၆၆ အရခွင့်ပြုသည့် ကာလစည်းကမ်း သတ်ရက်ပေါင်း (၆၀) ထက် (၂၉၅ရက်) (၁၀)လခန့်ကျော်လွန်ခဲ့ကြောင်း၊ ဦးမောင်မောင်မင်းအောင် ရန်ကုန်တိုင်းတရားရုံးတွင် တင်သွင်းသော ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၈၅၃/၂၀၀၃ တွင် ဦးကျော်မျိုးခန့်သည် လျှောက်ထားခံရသူ (၂)အဖြစ် ပါဝင်နေသဖြင့် ယင်းအမှုအမိန့်ချသည့် ၂၅-၂-၂၀၀၄ ရက်နေ့ထိ စောင့်ဆိုင်းနေရခြင်းကြောင့်လည်းကောင်း၊ ယင်းသို့ အမိန့်ချပြီးနောက်တွင်လည်း ဦးကျော်မျိုးခန့်သည် ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ပဆက်သွယ်ရေး ဆက်ကြောင်း တာဝန်ဖြင့် ဧရာဝတီတိုင်းမှ ပင်လယ်ပြင်ထဲအထိ သွားရောက်၍ အရေးကြီးတာဝန်များထမ်းဆောင်ခဲ့ရသဖြင့်လည်းကောင်း၊ အချိန်များကုန်လွန်ခဲ့ရကြောင်းတို့ကိုအကြောင်းပြထားကြောင်း၊ အဆိုပါ အကြောင်းပြချက်များ ခိုင်လုံမှုရှိပါက ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို တရားရုံးက ခွင့်လွှတ်နိုင်ခွင့်ရှိကြောင်းတို့ကို လျှောက်လဲသည်။

အယူခံတရားခံအမှတ်(၂) ဦးကျော်မျိုးခန့်၏ရှေ့နေက လျှောက်လဲရာတွင် ဦးကျော်မျိုးခန့်သည် နိုင်ငံတော်မှပေးအပ်သည့် တာဝန်များကို ထမ်းဆောင်နေခဲ့ရသဖြင့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုတင်သွင်းရာတွင်

ကာလစည်းကမ်းသတ်အချိန် နောက်ကျခဲ့ရခြင်းဖြစ်ကြောင်း၊ ဦးကျော်မျိုးခန့်သည်ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတွင် လက်ထောက်အင်ဂျင်နီယာ တာဝန်ထမ်းဆောင်သူတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် ၁၅-၃-၂၀၀၃ရက်နေ့မှ ၁-၆-၂၀၀၄ရက်နေ့အထိ အာရှ-ဥရောပ ရေအောက်ကေဘယ်လ်တည်ဆောက်ခြင်း၊ လုပ်ငန်းအတွက် ဖျာပုံမြို့သို့ ရောက်နေပြီး နိုင်ငံတာဝန်များကို ထမ်းဆောင်နေခဲ့ရကြောင်း၊ ရှောင်လွှဲ၍မရသည့် တာဝန်များကို ထမ်းဆောင်နေခဲ့ရသဖြင့်အချိန်များကုန်လွန်ခဲ့ရကြောင်း၊ သို့ဖြစ်၍ပြင်မှုဆိုင်ရာပြင်ဆင်မှုတင်သွင်းရာတွင် အချိန်ကျော်လွန်ခဲ့ခြင်းအား ခွင့်လွှတ်သင့်ကြောင်းတို့ကို လျှောက်လဲသည်။

ထို့နောက်ဆက်လက်လျှောက်လဲရာတွင် အမှု၏အရည်သွေးကို ထောက်ရှုပါကလည်း သက်သေခံမော်တော်ယာဉ်ကို ဦးကျော်မျိုးခန့်က ပြန်လည်လက်ရောက်ရထိုက်သည်မှာ ထင်ရှားကြောင်း၊ ဦးကျော်မျိုးခန့်သည် လိမ်လည်ခံရသဖြင့် သက်သေခံမော်တော်ယာဉ်ကို လက်လွတ်ဖြစ်ခဲ့ရသူဖြစ်ကြောင်း၊ လိမ်လည်သူတရားခံများကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀ နှင့် ၄၆၈ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ဖြစ်သဖြင့် သက်သေခံ မော်တော်ယာဉ်ကို ဦးကျော်မျိုးခန့်အား ပြန်လည်ပေးအပ် ခြင်းမှာ တည်ဆဲစီရင်ထုံးပါမူသဘောများနှင့်ကိုက်ညီကြောင်းတို့ကို လျှောက်လဲသည်။ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခဲ့မှုမှာ ခွင့်လွှတ်ထိုက်သော အကြောင်းရှိသဖြင့် တရားရုံးချုပ်က ဆင်ခြင်တုံတရားအရ ခွင့်ပြုခဲ့ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်မှုမရှိကြောင်း၊ သို့ဖြစ်၍တရားရုံးချုပ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၃၇၂(ခ)/၂၀၀၄ ဆုံးဖြတ်ချက်ကို အတည်ပြုပြီး ဤ အထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွင် စိစစ်ဆုံးဖြတ်ရမည့်အချက်မှာ တရားရုံးချုပ်သို့

ဦးကျော်မျိုးခန့်လျှောက်ထားသည့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်- ၃၇၂(ခ)/၂၀၀၄ ကို ကာလစည်းကမ်းသတ် ကျော်လွန်တင်သွင်း လာခြင်း အား တရားရုံးချုပ်က လက်ခံဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ် မျှတမှန်ကန်မှုရှိမရှိဆိုသော အချက်ပင်ဖြစ်သည်။ ဖော်ပြပါ တရားရုံး ချုပ်ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၃၇၂(ခ)/၂၀၀၄ သည် ရန်ကုန်တိုင်း တရားရုံး၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၁၉၉/၂၀၀၃ အမိန့်ကို မကျေနပ်၍ တင်သွင်းလာခြင်းဖြစ်သည်။ တိုင်းတရားရုံးအမိန့်ကို မကျေနပ်ပါက ရက်ပေါင်း ၆၀ အတွင်း တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားခွင့်ရှိကြောင်း တရားရုံးများလက်စွဲစာအုပ်တွင် သတ်မှတ် ထားသည်။ တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ တွင် "နစ်နာကြောင်း အဆိုရှိသည့် နောက်ဆုံး အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ ကျော်လွန်ပြီးနောက် တင်သွင်းလာသော ပြင်ဆင်မှုလျှောက်လွှာတို့ကို မည်သည့်အတွက် နှောင့်နှေးကြန့်ကြာရကြောင်း ရှင်လင်းဖော်ပြချက်နှင့် လိုအပ်သော ကျမ်းကျိန်လွှာများကို ထိုလျှောက်လွှာနှင့်အတူ မပါရှိလျှင် သာမန်အားဖြင့် စဉ်းစားဆင်ခြင်လိမ့်မည်မဟုတ်" ဟုသတ်မှတ်ပြဋ္ဌာန်း ထားကြောင်း တွေ့ရှိရသည်။ ဦးကျော်မျိုးခန့်က တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှု လျှောက်ထားသည့်အခါတွင် ကာလစည်းကမ်း သတ်ရက်ပေါင်း ၂၉၅ ရက်ကျော်လွန်နေကြောင်း တွေ့ရှိရသည်။ ပြင်ဆင်မှုကာလစည်းကမ်း သတ်ကျော်လွန်နေရခြင်းမှာ လျှောက်ထား သူသည် စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်များ ဆောင်ရွက်နေရသဖြင့်လည်းကောင်း၊ ယခု မော်တော်ယာဉ်ကိစ္စအတွက် ရန်ကုန်တိုင်းတရားရုံးသို့ ဦးမောင်မောင် မင်းအောင် လျှောက်ထားသည့်အမှုတွင် လျှောက်ထားခံရသူအဖြစ် ရင်ဆိုင်နေရသဖြင့် လည်းကောင်း၊ အချိန်များကုန်လွန်သွားခဲ့ရကြောင်း အကြောင်းပြထားသည်။ ဦးမောင်မောင်မင်းအောင်ကလည်း

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

သက်သေခံမော်တော်ယာဉ်အား ပြန်လည်လက်ရောက်ရရှိရေးအတွက် ရန်ကုန်တိုင်းတရားရုံး သို့ ပြစ်မှု ဆိုင်ရာပြင်ဆင်မှုအမှတ်-၈၅၃/ ၂၀၀၃ တင်သွင်းခဲ့ကြောင်း၊ ထိုအမှုတွင် ဦးကျော်မျိုးခန့်သည် လျှောက်ထား ခံရသူ အဖြစ်ပါဝင်ခဲ့ ကြောင်း တွေ့ရှိရသည်။

ကာလစည်းကမ်းသတ်ကျော်လွန် လျှောက်ထားလာခြင်း အတွက် တရားရုံးချုပ်က သုံးသပ်ရာတွင် "ပြစ်မှုဆိုင်ရာအမှုများတွင် အယူခံမှုများအတွက်သာ ကာလစည်းကမ်းသတ်ဥပဒေတွင် သီးခြားပြဋ္ဌာန်းထားပြီး ပြစ်မှုဆိုင်ရာပြင်ဆင်မှုများအတွက်မူ ကာလစည်းကမ်းသတ်ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမရှိပေ။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများအတွက် စည်းကမ်းသတ်ကာလနှင့် ဆိုင်ရာ ကိစ္စများကို တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ ပါ ဖော်ပြချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ အချင်းဖြစ် အမှုတွင် ကာလစည်းကမ်း သတ်ကျော်လွန်ရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသူများ၏ ပြင်ဆင်မှုလျှောက်လွှာနှင့်အတူပူးတွဲတင်ပြခဲ့ ကြသည့်ကျမ်းကျိန်လွှာပါ ဖော်ပြချက်များ ပူးတွဲတင်ပြသည့် အထောက်အထားများအရ လည်းကောင်း၊ ရုံးရှေ့လျှောက်လဲတင်ပြချက်များအရ လည်းကောင်း၊ ဤလျှောက်ထားမှုများအပေါ် ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်း အကြောင်း အချက်တစ်ရပ်တည်းဖြင့် အမှုတစ်ခုလုံး ပလပ်ရန် အကြောင်း မတွေ့ရပေ" ဟု သုံးသပ်ထားကြောင်း တွေ့ရှိရသည်။

ကာလစည်းကမ်းသတ်ကျော်လွန်နေသော အမှုများတွင် ကာလ စည်းကမ်းသတ်ကျော်လွန်ရသည့်အကြောင်းရင်းအား ခိုင်လုံစွာ တင်ပြနိုင်ပါကအမှုကို တရားရုံးက လက်ခံ ဆောင်ရွက် နိုင်ကြောင်း ခွင့်ပြုထားသည့် အချက်ကိုလည်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့် ဆိုသော် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအား တရားသူကြီး၏ သင့်တော်ရာလုပ်ပိုင်ခွင့်အာဏာအရ ခွင့်ပြုသင့်မသင့် ဆုံးဖြတ်ခွင့် ရှိသည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းလာခြင်း အပေါ် အလားတူ

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဆုံးဖြတ်ပိုင်ခွင့် အာဏာပေးထားကြောင်းလည်း တွေ့ရှိရသည်။

သင့်တော်ရာလုပ်ပိုင်ခွင့် အာဏာကိုသုံးစွဲမည်ဆိုပါက တရားနည်းလမ်းတကျ ကျင့်သုံးကြရန် တရားသူကြီး အဆက်ဆက်တို့က လက်ခံခဲ့ကြပြီးဖြစ်သည်။ တရားနည်းလမ်းတကျဟုဆိုရာတွင် သက်ဆိုင်ရာ အမှုများအား ကြားနာခြင်း၊ အကြောင်းပြချက်များ ခိုင်လုံမှုရှိမရှိစိစစ်ခြင်း၊ ရှေးဦးဖြတ်ထုံးပါမူများကို အလေးထားခြင်း၊ လက်ရှိတည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိမရှိ စိစစ်ခြင်း စသည့် အချက်များပါဝင်သည်ဟု သုံးသပ်ရရှိသည်။

ဤအမှုတွင် ကာလစည်းကမ်းသတ်ကိစ္စကို စဉ်းစားရာတွင် သက်ဆိုင်ရာအမှုသည်များအား လျှောက်ထားတင်ပြခွင့်ပြုခဲ့ကြောင်း တွေ့ရှိရသည်။ အလားတူကာလစည်းကမ်းသတ်ကျော်လွန်မှုများကို တရားရုံးများက လက်ခံဆောင်ရွက်ခဲ့သော ရှေးအစဉ်အလာများလည်း အထင်အရှားရှိခဲ့ကြောင်း တွေ့ရှိရသည်။ အကြောင်းပြချက်များ ခိုင်လုံသဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်သော ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တရားရုံးချုပ်က လက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တရားရုံးချုပ်၏ အမိန့်သည် ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်သော အကြောင်းလည်းမတွေ့ရပေ။

ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ လျှောက်ထားတင်သွင်းရန်အတွက် ကာလစည်းကမ်းသတ်ကိစ္စကို ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်းခဲ့ကြောင်း မတွေ့ရပေ။ တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ ပါ သတ်မှတ်ချက်ကာလ ကျော်လွန်သော ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို လက်ခံဆောင်ရွက်ခြင်း ပြုသင့် မသင့်မှာ တရားသူကြီး၏ သင့်တော်ရာလုပ်ပိုင်ခွင့် သက်သက်သာဖြစ်သည်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ လက်ခံဆောင်ရွက်ပေးခြင်းမှာလည်း အမှုသည်တို့၏ အခွင့်အရေးတစ်ရပ်အနေဖြင့် လက်ခံဆောင်ရွက်ခြင်း မဟုတ်ဘဲ တရားရုံးများက တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အယူခံမှုများကို လက်ခံ

၂၀၀၅
ဦးစိုးမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဆောင်ရွက်ခြင်းနှင့် ကွာခြားသည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို နှစ်ဖက်ကြားနာနိုင်ရန် လက်ခံလိုက်ခြင်း သက်သက်သည် တရားမျှတမှုကို မထိခိုက်ဟုဆိုရမည်။ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ အရသတ်မှတ်သည့် စည်းကမ်းသတ်ကာလထက်လွန်စွာ ကျော်လွန်ပြီးမှ တင်သွင်းလာသည့် ပြင်ဆင်မှုအား လက်ခံဆောင်ရွက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်မှုမရှိကြောင်းဖြေကြားသည်။ အထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၅
နှန်လ
၉ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးမြင့်အောင် ရှေ့တွင်

ဦးကျော်တင့်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂*

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉နှင့် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၅(င) အရ တရားရုံးချုပ်သည် တရားရုံးတစ်ရုံးရုံးက ချမှတ်ထား သော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ပြောင်းလဲ ပြင်ဆင်နိုင်သည်။ ၁၉၉၃ခုနှစ်၊ ကလေး သူငယ်ဥပဒေပုဒ်မ ၄၇(ခ)အရ ချမှတ်သော အမိန့်ကိုလည်း ပြင်ဆင်မှုတွင် ပြောင်းလဲ စီရင်နိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၂ တွင် "ဤဥပဒေတွင်သီးခြားပြဋ္ဌာန်းချက်မပါရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်း ထားသည်။

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ နှင့် ၂၀၀၀ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၅(င) အရတရားရုံးချုပ် သည်တရားရုံး တစ်ရုံးရုံးက ချမှတ်သော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ် ချက်တစ်ရပ်ဖြစ်သည့် ၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၇(ခ)

* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၉၀(ခ)
+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၃၇(ခ)တွင်ချမှတ်သော ၁၈-၁-၂၀၀၅ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၂၀၀၅
ဦးကျော်တင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အရချမှတ်သောအမိန့်အား ပြင်ဆင်မှုတွင် ပြောင်းလဲစီရင်နိုင်သည်။

လျှောက်ထားသူအတွက်- ဦးကိုကိုလေး
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ၁။ ဦးရွှေရန်၊
(ဒုတိယညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံးခွဲ၊မန္တလေးမြို့)
၂။ ကိုယ်တိုင်(မလာ)
(မထားထားအေးမှ လျှောက်
ထားချက်ရေးသား တင်သွင်း
သည်။)

မန္တလေးမြို့၊ ကလေးသူငယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၆၁/၂၀၀၄ တွင် သန်းဇော်ဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရ အပြစ် ရှိကြောင်းတွေ့ရသဖြင့် ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ခ) အရ ၅၀၀၀ိ/- ကျပ်တန် ခံဝန်သူ(၂)ဦးဖြင့် တစ်နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်ရန် မိဘထံ အပ်နှံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မူလရုံးတရားလို ဦးကျော်တင့်ကမကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး၊ ပြင်ဆင်မှုအမှတ် ၃၇/၂၀၀၅ အရလျှောက်ထားရာပလပ်သဖြင့် ၎င်းက ဆက်လက်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်)တွင် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

အမှုမှာ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်(စ)ရပ်ကွက်တွင် နေထိုင်သူ အထက်တန်းပြဆရာဦးကျော်တင့်က ၁၇-၈-၂၀၀၄ ရက်နေ့ နံနက် (၈)နာရီခန့်တွင် သန်းဇော်ဝင်းနှင့် အမည်မသိအမျိုးသမီးတစ်ဦး တို့စကားများကြရာမှ သန်းဇော်ဝင်းမှ ခုံနှင့်ပစ်ပေါက်သဖြင့် အ-မ-က(၁၆)၊ ဒုတိယတန်းကျောင်းသား မောင်ဉာဏ်ဝင်းလှိုင်၏ ဦးခေါင်းကို ထိမှန်ပြီး သားဖြစ်သူမောင်ဉာဏ်ဝင်းလှိုင်အား မန္တလေးမြို့ ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနတွင်တက်ရောက်ကုသနေရကြောင်း ရ-ယ-က အဖွဲ့ဝင် ဦးသောင်းညွှန့်က လာရောက်ပြောဆိုသိရသည်။

သို့ဖြစ်၍ ခုံနှင့်ပစ်ပေါက်သူ သန်းဇော်ဝင်းအား အရေးယူပေးပါရန် ပြည်ကြီး တံခွန်ရဲစခန်းတွင် တိုင်ကြားအရေးယူသောအမှုဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက ရေးသားလျှောက်လဲရာတွင် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရအပြစ်ရှိသူအား ထောင်ဒဏ် (၂)နှစ်အထိ ပြစ်ဒဏ်စီရင်နိုင်သော်လည်း လျှောက်ထားခံရသူအား ကလေးသူငယ် ဥပဒေပုဒ်မ ၄၇(ခ) အရပြစ်ဒဏ်စီရင်ခြင်းမှာ ပြစ်မှုနှင့်ပြစ်ဒဏ်မမျှတကြောင်း၊ ကျူးလွန်သောပြစ်မှုအလိုက် အမှုအခြေအနေအလိုက် လျော်ညီမျှသော ပြစ်ဒဏ်ချမှတ်ပြင်ဆင် ပေးသင့်ကြောင်း၊ လျှောက်ထားခံရသူသည် ခံဝန်ကာလအတွင်းပင် ဇီးကုန်းရွာတွင် မောင်ဘိုဘိုဦး (၉)နှစ်အား စက်ဘီးဖြင့် တိုက်ခြင်း၊ ခြေထောက်ဖြင့်ကန်ရုံမျှမက ဆဲရေးကြိမ်းမောင်း မှုထပ်မံဖြစ်ပွားသဖြင့် ကတိသစ္စာပြုလွှာနှင့်အတူတင်ပြ၍ မူလရုံးအမိန့်ကို ပြင်ဆင်ပေးသင့် ကြောင်းလျှောက်ထားသည်။

လျှောက်ထားခံရသူ သန်းဇော်ဝင်း၏မိခင်ဒေါ်ထားထားအေးမှ လျှောက်ထားရာတွင် လျှောက်ထားသူ၏ ကလေးငယ်တွင် ရရှိသော ဒဏ်ရာမှာ သန်းဇော်ဝင်းက တမင်သက်သက်ပြုလုပ်ခြင်း မဟုတ်ဘဲ မတော်တဆသာ ဖြစ်ပွားခဲ့ရကြောင်း၊ သန်းဇော်ဝင်းမှာ ကျောင်းပညာ သင်နှစ်(၁)နှစ် ပျက်ကွက်ခဲ့သဖြင့် ပညာရေးထိခိုက်နစ်နာမှုရှိခဲ့ကြောင်း၊ ကျောင်းစရိတ်ကို အနိုင်နိုင်ဖြင့် ကျောင်းတက်နေရသော ကျောင်းသား တစ်ဦးဖြစ်ကြောင်း၊ လျှောက်ထားခံရသူ(၂) သန်းဇော်ဝင်း၏ ပညာရေးကို ထောက်ထားသောအားဖြင့် ပြင်ဆင်မှုကိုပလပ်ပေးရန် လျှောက်ထား သည်။

ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက အမှုကို မူလကလေး သူငယ်တရားရုံးမှ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(ခ) အရ သာမန်မှုဖြင့် စစ်ဆေးကြောင်း၊ တရားခံသန်းဇော်ဝင်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ ကို ကျူးလွန်ကြောင်း ဝန်ခံသဖြင့်ရင်းအား ၅၀၀၀ိ/- ကျပ်တန်ခံ

ဝန်ခံသူ(၂)ဦးဖြင့် (၁)နှစ်အတွင်း ကောင်းမွန်စွာနေထိုင်ရန် မိဘထံ အပ်နှံခဲ့ကြောင်း၊ သန်းဇော်ဝင်းမှာ ကျောင်းအုပ်ဆရာမကြီး၏ ထောက်ခံစာ အရ အသက်(၁၆)နှစ်မပြည့်သေးသဖြင့် ကျူးလွန်သောပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကလေးသူငယ်သည် အကျင့်စာရိတ္တ ပျက်ပြားခြင်းမရှိလျှင် နောက်ထပ်ပြစ်မှုကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန် ထိုကလေးသူငယ်ကို (၃)နှစ်ထက်မပိုသော ကာလအတွင်းခံဝန်ချုပ်ပါ စည်းကမ်းအတိုင်းကောင်းမွန်စွာ ကျင့်ကြံစေရေးအတွက် မိဘထံပြန်လည်အပ်နှံခြင်းမှာ ဥပဒေအရ မှန်ကန်သဖြင့် ပြင်ဆင်မှုကို ပလပ်သင့်ကြောင်းလျှောက်ထားသည်။

မူလရုံးအမှုကို စိစစ်ရာတွင် ၁၇-၈-၂၀၀၄ ရက်နေ့ နံနက် (၈) နာရီခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက်နေ သန်းဇော်ဝင်းသည် အမည်မသိအမျိုးသမီးတစ်ဦးနှင့် စကားများရန်ဖြစ်ရာ သန်းဇော်ဝင်းက ခုံနှင့်၎င်းအမျိုးသမီးအား ပစ်ပေါက်ရာအနီးရှိ အ-မ-က(၁၆) ဒုတိယတန်းကျောင်းသား မောင်ဉာဏ်ဝင်းလှိုင် (၇)နှစ်၏ ဦးခေါင်းကို ထိမှန်သဖြင့် မောင်ဉာဏ်ဝင်းလှိုင်အား မန္တလေးမြို့ ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနသို့ တင်ပို့ကုသနေရကြောင်း၊ (စ) ရပ်ကွက် ရ-ယ-က အဖွဲ့ဝင်ဦးသောင်းညွန့်က ထိုအကြောင်းကို တရားလိုဦးကျော်တင့်အား အ-ထ-က(၇) ချမ်းမြသာစည်ကျောင်းတွင် ကျောင်းတက်နေစဉ် လာရောက်ပြောကြားသဖြင့်သိရကြောင်း၊ သို့ဖြစ်၍ သားဖြစ်သူ မောင်ဉာဏ်ဝင်းလှိုင် (၇)နှစ်အား ခုံဖြင့်ပစ်ပေါက်သူ သန်းဇော်ဝင်းကို အရေးယူပေးပါရန် ပြည်ကြီးတံခွန် ရဲစခန်းတွင် တိုင်ကြားရာမှ တရားခံ သန်းဇော်ဝင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရတရားစွဲဆိုသည်။

မန္တလေးမြို့ ကလေးသူငယ်တရားသူကြီးက ကလေးသူငယ် သန်းဇော်ဝင်း၏အသက်မှာ (၁၆) နှစ်မပြည့်သေး၍ စွဲဆိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ မှာ ထောင်ဒဏ် (၂)နှစ်အထိသာ ချမှတ်နိုင်သဖြင့် ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(စ) အရသေဒဏ်၊ တစ်သက်တစ်

ကျွန်းဒဏ် သို့မဟုတ် ထောင်ဒဏ်(၃)နှစ် အထက်ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်းများမှ တစ်ပါးအခြားကလေးသူငယ်မှုခင်းများကို သာမန်မှုစစ်ဆေးသည့် နည်းလမ်းအတိုင်းစစ်ဆေးခြင်းဖြစ်သည်။ တရားခံသန်းဇော်ဝင်းအား ထောင်ဒဏ်ခြောက်လအောက် စစ်ဆေးနည်းဖြင့် ကလေးသူငယ်အား ပြစ်မှုပါအကြောင်းရာများကို ဖတ်ကြားရှင်းလင်းရာ သန်းဇော်ဝင်းက အပြစ်ရှိကြောင်း ဝန်ခံသည်။

၂၀၀၅
ဦးကျော်တင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ခ) အရကျူးလွန်သော ပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားခြင်း မရှိသေးလျှင် နောက်ထပ်ပြစ်မှုကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန်အတွက် (၃)နှစ်ထက်မပိုသော ကာလအတွင်း ခံဝန်ချုပ်ပါ စည်းကမ်းများအတိုင်း ကောင်းမွန်စွာကျင့်ကြံစေရေးအတွက် မိဘအုပ်ထိန်းသူအား ခံဝန်ချုပ်ဆိုအပ်နှံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

အမှုမှာ လျှောက်ထားခံရသူ သန်းဇော်ဝင်းသည် အမျိုးသမီးတစ်ဦးနှင့်စကားများရာမှ မဆင်မခြင်ခဲ့ဖြင့် ပစ်ပေါက်ရာမှအနီးတွင် ရောက်ရှိနေသော မောင်ဉာဏ်ဝင်းလှိုင်၏ ဦးခေါင်းကို ထိခိုက်မိခြင်းဖြစ်ရာ ၎င်းသည်မဆင်မခြင် ဒေါသအလျှောက်ပြုလုပ်မှုရှိသည်ဟု အမှုတွင် ပေါ်ပေါက်နေသော အကြောင်းခြင်းရာများအရ ပေါ်ပေါက်ပေသည်။

အဆိုပါ ၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၄အရ ပြစ်မှုကျူးလွန်သော ကလေးသူငယ်အပေါ် အမိန့်ချမှတ်ခြင်း မပြုမီကလေးသူငယ်တရားရုံးသည်

(က) ကလေးသူငယ်၏အသက်နှင့်အကျင့်စာရိတ္တ

(ခ) ကလေးသူငယ်နေထိုင်သော ပတ်ဝန်းကျင်အခြေအနေ

(ဂ) ပြစ်မှုကျူးလွန်ရသည့်အကြောင်းရင်း

(ဃ) ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသောအစီရင်ခံစာ

(င) ကလေးသူငယ်၏အကျိုးငှာ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ယူဆသောအခြားအကြောင်းများကို ထည့်သွင်းစဉ်းစားရပေမည်။

ကလေးသူငယ်ကို သာမန်အားဖြင့် ကလေးသူငယ်တရားရုံးများက ထောင်ဒဏ်ချမှတ်ခြင်း မရှိပေ။ ၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေ၏ ရည်ရွယ်ချက်မှာ ကလေးသူငယ်အခွင့်အရေး၊ ကလေးသူငယ်အကျိုးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်ဖြစ်သည်။

၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၂ တွင်-

"ဤဥပဒေတွင် သီးခြားပြဋ္ဌာန်းချက်မပါရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ နှင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၅(င) အရတရားရုံးချုပ်သည် တရားရုံးတစ်ရုံးရုံးက ချမှတ်သော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်ဖြစ်သည့် ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ခ) အရချမှတ်သော အမိန့်အား ပြင်ဆင်မှုတွင် ပြောင်းလဲစီရင်နိုင်သည်။

၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၃၁ တွင်-

ပုဒ်မ ၃၀ ပါ ကျင့်ဝတ်စည်းကမ်းများကို ကလေးသူငယ်များလိုက်နာစောင့်ထိန်းသည့် အလေ့အထရရှိစေရန် မိဘ၊ ဆရာအုပ်ထိန်းသူတို့က နည်းပေးလမ်းညွှန်ပြုရမည်။

ယင်းဥပဒေပုဒ်မ ၃၀ တွင် ကလေးသူငယ်တိုင်းသည် အသက်အရွယ်အလိုက် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်။

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ခ) မိဘအုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်မှုကို နာခံခြင်း၊

၂၀၀၅
ဦးကျော်တင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

(ဂ) ဆရာ၊ ဆရာမများ၏ သွန်သင်မှုကို ခံယူပြီး ငြိမ်းချမ်းစွာ ပညာသင်ကြားခြင်း၊

(ဃ) ကျောင်းစည်းကမ်း၊ လုပ်ခွင်စည်းကမ်း၊ ရပ်ကွက်စည်းကမ်း တို့ကို လိုက်နာခြင်း၊

(င) မိမိနှင့်သက်ဆိုင်သော အမျိုးဘာသာသာသနာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်းနှင့် အခြားအကျင့်စာရိတ္တပျက်ပြားဖွယ် ရာ အမူအကျင့်များမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

မန္တလေးမြို့ကလေးသူငယ်တရားရုံးမှ တရားခံသန်းဇော်ဝင်း အား ကလေးသူငယ်ဥပဒေပုဒ်မ ၄၇ (ခ) အရခံဝန်ချုပ်ပါ စည်းကမ်း အတိုင်း (၁)နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေရေးအတွက် မိဘထံခံဝန်ချုပ်ဆိုအပ်နှံခြင်းမှာ အမှုတွင် ပေါ်ပေါက်နေသောအချက် များအရ မလုံလောက်ကြောင်း တွေ့ရသည်။

အထက်ပါအကြောင်းအရာများအရ မန္တလေးမြို့ ကလေး သူငယ်တရားရုံးမှ လျှောက်ထားခံရသူ သန်းဇော်ဝင်းအပေါ်တွင် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ခ) အရ (၁)နှစ်အတွင်း ကောင်းမွန် စွာ နေထိုင်ကျင့်ကြံစေရေးအတွက် မိဘထံခံဝန်ချုပ်ချုပ်ဆိုပြီး ပြန်လည် အပ်နှံသည့်အမိန့်ကို ပယ်ဖျက်လိုက်ပြီး အဆိုပါအမိန့်အစား လျှောက်ထား ခံရသူ သန်းဇော်ဝင်းအား ၁၉၉၃ခုနှစ်၊ ကလေးသူငယ် ဥပဒေပုဒ်မ ၄၇(ဂ) အရ (၁)နှစ်ထက်မပိုသော ကာလအတွင်း ကလေးသူငယ် ကြီးကြပ်သူ ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။

မန္တလေးမြို့၊ ကလေးသူငယ်တရားရုံးအား ၁၉၉၃ခုနှစ်၊ ကလေး သူငယ်ဥပဒေ၏ နည်းဥပဒေအပိုဒ် ၈၀(ခ) ပါလုပ်ထုံးလုပ်နည်းကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြားသည်။

+ ၂၀၀၅
ဇူလိုင်လ
၂၁ ရက်

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးသက်ထွန်း ရှေ့တွင်

မောင်စိန်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

မူးယစ်ဆေးဝါးပါဝင်သည့် ဆေးများကို အခွင့်ရဆရာဝန်မဟုတ်သည့် သာမန်ဆရာဝန်က တိုက်ကျွေးသဖြင့် တရားခံတွင် မူးယစ်ဆေးဝါးစွဲသော လက္ခဏာပေါ် ပေါက်ရသည်ဆိုသော သာမန်ဆရာဝန်တစ်ဦး၏ ထွက်ဆိုချက်ကို လက်ခံရန် သင့်မသင့်။

**ဆုံးဖြတ်ချက်။** ။ မောင်စိန်အား ဆရာဝန်ညွှန်ကြားသည့် အက်ဖရာဂင်စင်ကိုဒင်းဆေးသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁ (က)အရ အထူးထိန်းချုပ်ဆေးဝါးအမျိုးအစားတွင် ပါဝင်သည်။ အဆိုပါဆေးကို လက်လီရောင်းချခွင့်ရှိသည့် မန္တလေးမြို့ ဆေးရုံကြီး တားဂတ်ဆေးဆိုင်မှ ဝယ်ယူသောက်သုံးသည်မှာလည်း မှန်ကန်သည်။ သို့ရာတွင် အဆိုပါဆေးဝါးကို ပေးခွင့်ရှိသူမှာ ကျန်းမာရေး ဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁၀(က) အရ အထူးကု ဆရာဝန်အဆင့်နှင့် အထက်ဆရာဝန်ကြီးများဖြစ်သည်။ ၎င်းတို့သည် အထူးထိန်းချုပ်ဆေးဝါးနှင့် သာမန်ထိန်းချုပ်ဆေးဝါးများကို

---

* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၅၃(ခ)

\+ ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံအမှတ် ၂ တွင်ချမှတ်သော ၁၈-၁-၂၀၀၅ ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

ဝယ်ယူကုသရန် ဆေးညွှန်ကြားစာပေးခြင်း၊ ဆေးကုသပေးခြင်းတို့ ပြုနိုင်သည်။ မောင်စိန်ကို ဆေးကုသပေးသူ ဒေါက်တာကျော်နိုင်ဦး သည် အထူးကုဆရာဝန်ဖြစ်ကြောင်း မပေါ်ပေါက်ပေ။ သာမန် ဆေးကုသ ခွင့်ရှိသော ဆရာဝန်သာဖြစ်သည်။ သို့ဖြစ်၍ ၎င်း၏ ဆေးကုသမှု သည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁၀(က)နှင့် ညီညွတ်မှုမရှိပေ။ ၎င်းညွှန်ကြားသည့် ဆေးကို သုံးစွဲ၍ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်သည်ဆိုသည့် ထုချေချက်မှာ တရားလိုဘက်မှ တင်ပြသည့် စွပ်စွဲချက်ကို ချေဖျက်နိုင်ခြင်း မရှိပေ။

လျှောက်ထားသူအတွက် - ဒေါ်တင်အေးကြူ
(တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဦးခင်မောင်မြင့်
(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေ ချုပ်ရုံး)

ပြင်ဦးလွင်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁/၂၀၀၄ တွင် တရားခံမောင်စိန်အပေါ် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် (၄)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့် ကို မောင်စိန်က မကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂/၂၀၀၅ ထပ်သွင်းရာ အကျဉ်းနည်းပလပ်ခံရသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)သို့ ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုတင်သွင်း လာခြင်းဖြစ်သည်။

အမှုမှာ မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့စခန်း ဒုရဲအုပ်ဝင်းကျော်ရဲ ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သက်သေ ရ. ယ. ကများနှင့် အတူ မူးယစ်ဆေးဝါးသတင်းအရ မိုးကုတ်မြို့ ဝိစ္စကုတ်ရပ်နေ ကိုသီမောင်၏ နေအိမ်သို့ ၁၅-၁၂-၂၀၀၃ ရက်နေ့ ၁၅း၂၀နာရီအချိန် တွင် ဝင်ရောက်ရှာဖွေကြရာ နေအိမ်အပေါ်ထပ် ဘုရားစင်ရှေ့တွင်

ကိုသီမောင်နှင့် မောင်စိန်တို့ကို ထိုင်လျက်တွေ့ရသဖြင့် ၎င်းတို့၏ ခန္ဓာကိုယ်ကိုရှာဖွေရာ ကိုသီမောင်ဝတ်ဆင်ထားသည့် အင်္ကျီလက်ရှည် ဝဲဘက်အပေါ် အိတ်ကပ်ထဲမှ သားရေအညိုရောင်ပိုက်ဆံအိတ်အတွင်းမှ (WY) စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား(၁၀၀)ပြား၊ (WY) စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား(၄၀)ပြား၊ ငွေရောင်စက္ကူ(၈)ရွက်၊ ရော်ဘာပိုက်ဖြူအပ်ချောင်း သံပိုက်တိုတစ်ချောင်းတို့ကို တွေ့ရှိ၍သိမ်းဆည်းခဲ့သည်။ မောင်စိန်၏ ခန္ဓာကိုယ်ပေါ်မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်သောပစ္စည်းတစ်စုံတစ်ရာမတွေ့ရသော်လည်း မူးယစ်ဆေးဝါးသုံးစွဲရန်ပြင်ဆင်ရောက်ရှိနေကြောင်း အစစ်ခံချက်အရ ကိုသီမောင်၊ မောင်စိန်တို့ကို အရေးယူပေးရန် ဒုရဲအုပ်ဝင်းကျော်ရဲက တရားလိုပြုလုပ် တိုင်ကြားသောအမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက တရားလိုပြသက်သေဒေါက်တာချိုမောင်စန်းနှင့်မောင်စိန်ကို စစ်ဆေးခဲ့သည့် ဒေါက်တာသဇင်ခိုင်၏ ထွက်ဆိုချက်တို့အရ မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိဟု ယူဆနိုင်ကြောင်း ထင်ရှားပေါ်လွင်ပါလျက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ အပြစ်ပေးထားခြင်းမှာ မှားယွင်းလျက်ရှိကြောင်း၊ မောင်စိန်မှာအချင်းမဖြစ်မီ(၇၂)နာရီအတွင်း၌ ဒေါက်တာကျော်နိုင်ဦးထံ ဆေးကုသမှုခံယူခဲ့ကြောင်း၊ ၎င်းညွှန်ကြားသည့်ဆေးကို မန္တလေးဆေးရုံကြီး တားဂတ်ဆေးဆိုင်မှ ဝယ်ယူသုံးစွဲခဲ့ကြောင်း၊ အထောက်အထားခိုင်လုံစွာ ထုချေတင်ပြနိုင်သော်လည်း မူလတရားရုံးက ဒေါက်တာကျော်နိုင်ဦးသည် အထူးကုဆရာဝန်ကြီး မဟုတ်သဖြင့် အဆိုပါဆေးကို ညွှန်ကြားခွင့်မရှိဟု သုံးသပ်ကာ လျှောက်ထားသူဘက်မှ ထုချေတင်ပြချက်ကို လက်မခံဘဲ ပြစ်မှုထင်ရှား စီရင်ခဲ့ကြောင်း၊ တားဂတ်ဆေးဆိုင်သည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့် ၁/၂၀၀၃ ၏ အပိုဒ်(၂)အရ လက်လီ ရောင်းချခွင့်ရှိသည့် ဆေးဆိုင်ဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်သည့်အတွက် ဥပဒေနှင့်အညီ

ဝယ်ယူသုံးစွဲခဲ့ကြောင်း ပေါ်လွင်ပါလျက် ဒေါက်တာကျော်နိုင်ဦး၏ ထွက်ဆို ချက်တို့ကို လက်မခံနိုင်ဟု သုံးသပ်ဆုံးဖြတ်ခြင်းနှင့် ၎င်းမှာသာမန် ဆရာဝန်တစ်ဦးသာဖြစ်သဖြင့် တားဂတ်ဆေးဆိုင်မှ ဝယ်ယူခဲ့သည့်ဆေးကို ညွှန်ကြားပိုင်ခွင့်မရှိဟု သုံးသပ်ခြင်းမှာ မှားယွင်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ မောင်စိန်အပေါ် ပြစ်မှုထင်ရှားစီရင်သည့် ပြင်ဦးလွင် ခရိုင်တရားရုံး အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသော မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး အမှုမှ အပြီးအပြတ် လွှတ်ပေးရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ ဒုတိယညွှန်ကြားရေးမှူးက မောင်စိန်၏ဆီးတွင် မော်ဖင်းတွေ့ရှိခြင်းမှာ ဒေါက်တာကျော်နိုင်ဦး၏ ညွှန်ကြားချက်အရ အက်ဖရာဂင်စင်ကိုဒင်း ဆေးသောက်သုံးခြင်းကြောင့်ဖြစ်ကြောင်း ဆေးကုမှတ်တမ်းတင်ပြထား ကြောင်း၊ ဒေါက်တာကျော်နိုင်ဦးက မောင်စိန်၏ရောဂါပျောက်ကင်းရေး အတွက် အက်ဖရာဂင်စင်ကိုဒင်းဆေးသောက်သုံးရန် ညွှန်ကြားခဲ့ ကြောင်း၊ ယင်းဆေးသောက်သုံး၍ ဆီးတွင်မော်ဖင်းစမ်းသပ် တွေ့ရှိခြင်း ဖြစ်ကြောင်း ထွက်ဆိုထားကြောင်း၊ ဒေါက်တာကျော်နိုင်ဦးသည် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်း ဥပဒေပုဒ်မ ၂(၃)အရ မူးယစ်ဆေးဝါးသုံးစွဲကုသရေးဌာနတွင် တာဝန် ထမ်းဆောင်နေသူ မဟုတ်ဘဲ သာမန်ဆေးကုသခွင့်ရှိသော ဆရာဝန် တစ်ဦးသာဖြစ်ကြောင်း၊ သာမန်ဆရာဝန်တစ်ဦး၏ ညွှန်ကြားချက်ဖြင့် ကိုဒင်းပါသောဆေးကို အထူးထိန်းချုပ်ဆေးဝါးများ ရောင်းချခွင့်ရှိသည့် တားဂတ်ဆေးဆိုင်မှ ဝယ်ယူသောက်သုံး၍ ဆီးတွင်ဖော်မင်း တွေ့ခြင်း ဖြစ်ကြောင်း မောင်စိန်၏ ထုချေချက်ကို လက်ခံရန် မသင့်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ကြောင်း ပေါ်ပေါက်၍မူလတရားရုံးက ပြစ်မှု ထင်ရှားစီရင်ခြင်းသည် မှန်ကန်သဖြင့် ပြင်ဆင်မှုအား ပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွဲပေါ် ပေါက်ချက်အရ ဒေါက်တာချိမောင်စန်း(လိုပြ-၇)

ကမောင်စိန်၏ ဆေးစာ(သက်သေခံ ပ-၁)အရ ခန္ဓာကိုယ်စမ်းသပ်စစ်ဆေးချက်များအပေါ် မူတည်၍ မူးယစ်ဆေးဝါးသုံးစွဲထားသည့် အခြေအနေမရှိဟု မှတ်ချက်ပြုရမည်ဖြစ်ကြောင်းနှင့် ဒေါက်တာသဇင်ခိုင်က တရားခံ၏ ပြင်ပလက္ခဏာတွင် မူးယစ်ဆေးသုံးစွဲခြင်း လက္ခဏာမတွေ့ရသော်လည်း ဆီးတွင်မော်ဖင်း၊ ကိုဒင်းစမ်းသပ်တွေ့ရှိပါက ရောဂါအတွက် ဆရာဝန်ကြီးများညွှန်ကြားသော အချို့ဆေးဝါးများ သောက်သုံးခြင်းအားဖြင့် တွေ့ရှိနိုင်သည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိဟု ယူဆနိုင်ကြောင်း ထွက်ဆိုထားကြသော်လည်း မောင်စိန်၏ဆီးတွင် မော်ဖင်း စမ်းသပ်တွေ့ရှိခြင်းမှာ သက်သေခံ(ပ-၁) ပြန်ကြားစာအရ ထင်ရှားသည်။

မောင်စိန် (ခံပြ-၂)က ၎င်းသည် လက်အဆစ်ကိုက် ရောဂါခံစားရ၍ (၁၂-၁၂-၂၀၀၃)ရက် ညနေတွင် မန္တလေးမြို့ ၃၅ × ၇၅လမ်းထောင့်ရှိ ဒေါက်တာကျော်နိုင်ဦးထံပြသခဲ့ကြောင်း၊ ဆရာဝန်က မန္တလေးဆေးရုံကြီးအတွင်းရှိ တားဂတ်ဆေးဆိုင်မှ ဆေးဝယ်ရန် ဆေးစာပေးခဲ့ကြောင်း၊ အဆိုပါဆေးကို တစ်နေ့ (၃)ကြိမ်နှင့် (၅)ရက်သောက်ရန် ညွှန်ကြားခဲ့ကြောင်း၊ (၁၄-၁၂-၂၀၀၃)ရက်နေ့တွင် မန္တလေးမြို့မှ မိုးကုတ်မြို့သို့ ပြန်ခဲ့ကြောင်း၊ (၁၅-၁၂-၂၀၀၃)ရက်နေ့တွင် ကျောက်ရောင်းရန်ရှိ၍ ကိုသီမောင်၏အိမ်သို့သွားခဲ့ကြောင်း၊ ကိုသီမောင်၏ ဇနီးမရှိ၍ စောင့်နေစဉ်ရဲများနှင့် လူများရောက်လာပြီး ကိုသီမောင် ကိုဖမ်းဆီးကြောင်း၊ ၎င်း၏ခန္ဓာကိုယ်ကို ရှာဖွေသည့်အခါ မည်သည့် ဆေးမှမတွေ့ကြောင်း၊ ပြစ်မှုကျူးလွန်ခြင်းမရှိ၍ အပြစ်မရှိကြောင်း ထုချေထားသည်။

ဒေါက်တာကျော်နိုင်ဦး (ခံပြ-၄)က (၁၂-၁၂-၂၀၀၃) ရက်နေ့တွင် မိုးကုတ်မြို့မှ မောင်စိန်ကို ဆေးကုပေးခဲ့ကြောင်း၊ လက်အဆစ်ကိုက်၍ အက်ဒရာဂင်စင်ကိုဒင်းဆေးကို တစ်နေ့(၃)ကြိမ်၊ (၅)ရက်သောက်ရန် မန္တလေးမြို့ဆေးရုံကြီး တားဂတ်ဆေးဆိုင်မှ ဝယ်ယူရန် ဆေးစာရေး

ပေးလိုက်ကြောင်း၊ မောင်စိန်ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းမှာ အက်ဖရာဂင်စင်ကိုဒင်းဆေးကြောင့် ဆီးတွင် ဘေးထွက်ပစ္စည်းအနေဖြင့် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်ကြောင်း ထောက်ခံထွက်ဆိုထားသည်။

မောင်စိန်အား ဆရာဝန်ညွှန်ကြားသည့် အက်ဖရာဂင်စင်ကိုဒင်းဆေးသည် ကျန်းမာရေးဝန်ကြီးဌာန၏အမိန့် ၁/၂၀၀၃ အပိုဒ် ၁(က) အရ အထူးထိန်းချုပ်ဆေးဝါးအမျိုးအစားတွင် ပါဝင်သည်။ အဆိုပါဆေးကို လက်လီရောင်းချခွင့်ရှိသည့် မန္တလေးမြို့ဆေးရုံကြီး တားဂတ်ဆေးဆိုင်မှ ဝယ်ယူသောက်သုံးသည်မှာလည်း မှန်သည်။ သို့ရာတွင် အဆိုပါဆေးဝါးကို ပေးခွင့်ရှိသူမှာ ကျန်းမာရေးဝန်ကြီးဌာန အမိန့်အမှတ် ၁/၂၀၀၃အပိုဒ် ၁၀(က)အရ အထူးကုဆရာဝန်အဆင့်နှင့် အထက်ဆရာဝန်ကြီးများဖြစ်သည်။ ၎င်းတို့သည် အထူးထိန်းချုပ်ဆေးဝါးနှင့် သာမန်ထိန်းချုပ်ဆေးဝါးများကို ဝယ်ယူကုသရန် ဆေးညွှန်ကြားစာပေးခြင်း၊ ဆေးကုသပေးခြင်းတို့ပြုနိုင်သည်။ မောင်စိန်ကို ဆေးကုသပေးသူ ဒေါက်တာကျော်နိုင်ဦးသည် အထူးကုဆရာဝန်ဖြစ်ကြောင်း မပေါ်ပေါက်ပေ။ သာမန်ဆေးကုသ ခွင့်ရှိသော ဆရာဝန်သာဖြစ်သည်။ သို့ဖြစ်၍၎င်း၏ ဆေးကုသမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃အပိုဒ် ၁၀(က)နှင့် ညီညွတ်မှုမရှိပေ။ ၎င်းညွှန်ကြားသည့် ဆေးကိုသုံးစွဲ၍ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်သည်ဆိုသည့်ထုချေချက်မှာ တရားလိုဘက်မှ တင်ပြသည့် စွပ်စွဲချက်ကို ချေဖျက်နိုင်ခြင်းမရှိပေ။

သို့ဖြစ်၍မောင်စိန်အပေါ် ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅အရ ပြစ်မှုထင်ရှားစီရင်သည့် ပြင်ဦးလွင်ခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော မန္တလေးတိုင်းတရားရုံး၏အမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

သဖြင့် ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၂၀/၂၀၀၄ နှင့် ၂၁/၂၀၀၄တို့တွင် ပြင်ဆင်မှုများ အသီးသီးတင်သွင်းခဲ့ရာ ပလပ်ခြင်းခံရသဖြင့် ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ ဤပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများကို ဆက်လက်တင်သွင်းလျှောက်ထားလာခြင်းဖြစ်သည်။ ဤပြင်ဆင်မှု(၂)မှုလုံးသည် မူလဖြစ်စဉ်တစ်ခုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်၍ ဤစီရင်ချက်သည် ပြင်ဆင်မှု(၂)မှုလုံးနှင့် သက်ဆိုင် စေရမည်။

အမှုမှာ ၃-၂-၂၀၀၃ ရက်နေ့ ၁၇း၂၅ နာရီတွင် ပုဇွန်တောင်ရဲစခန်းမှ စခန်းမှူးရဲအုပ်သိန်းအေးနှင့်အဖွဲ့သည် ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းအမှတ် ၁၃၆(ပ) ထပ်သို့ ဝင်ရောက်ရှာဖွေရာ မတင်တင်မြင့်အား ပြည့်တန်ဆာလုပ်ငန်းကြီးကြပ်လုပ်ကိုင်ရာမှ ရရှိထားသည့် ငွေ ၅၀၀ိ/-တန် (၁၄) ရွက်၊ ၁၀၀၀ိ/-တန်(၁၁)ရွက်၊ စုစုပေါင်းငွေ (၁၈၀၀၀ိ/-)တို့ကို သိမ်းဆည်းရမိခဲ့ပြီး နေအိမ်ခန်းအတွင်းမှ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန် ရောက်ရှိနေသော မသန်းသန်းမြင့်ပါ (၆)ဦးတို့ကိုလည်း တွေ့ရှိခဲ့ရ၍ မတင်တင်မြင့်သည် ပြည့်တန်ဆာလုပ်ငန်းကို အိမ်ရှင်အဖြစ်လည်းကောင်း၊ စီမံခန့်ခွဲကြီးကြပ်သူအဖြစ်လည်းကောင်း၊ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး အသက်မပြည့်သေးသူ မဇာနည်ထွန်းအား ပြည့်တန်ဆာအဖြစ် ခိုင်းစေလုပ်ကိုင်စားသောက်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် မတင်တင်မြင့်အပေါ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၅(၁)အရ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆-က တို့အရ သီးခြားစီ အမှုဖွင့်၍ ပြစ်မှုကြီးအမှတ် ၆၈/၂၀၀၃နှင့် ၆၉/၂၀၀၃ တို့အရ တရားစွဲဆိုခဲ့သော အမှုများဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းတရားရုံးမှ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၇၁ နှင့် **မရွက်(ခ)မကွက် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၆၆ခုနှစ်၊ မတစ၊ စာ-၉၅၄** တို့ကို ကိုးကား၍ မူလမြို့နယ်တရားရုံး

က ပြစ်မှုကြီးအမှတ် ၆၈/ ၂၀၀၃ တွင် တရားခံမတင်တင်မြင့်အား ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅(၁)အရ ထောင်ဒဏ် (၅)နှစ် ချမှတ်ခြင်းမှာ အများဆုံးပြစ်ဒဏ်ချမှတ်ထားခြင်းဖြစ်ရာ ပြစ်မှုကြီး အမှတ် ၆၉/ ၂၀၀၃ တွင် မူလတရားရုံးက တရားခံတင်တင်မြင့်အား ပြစ်မှုဆိုင်ရာပုဒ်မ ၃၆၆-က အရထောင်ဒဏ်(၅)နှစ်ချမှတ်ခြင်းဖြင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းချမှတ်ခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၇၁ ကို ဆန့်ကျင်သည်ဟု မဆိုသာဟု သုံးသပ်၍ ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမှုများတွင် တရားလိုပြသက်သေ ဒုရဲအုပ် ရွှေဝင်းမော်က စန်းလွင်ထွန်းဆိုသူအား မတင်တင်မြင့်၏ နေအိမ်မှ အမျိုးသမီးအား ပျော်ပါးရန်အသွင်ယူသည့်နည်းဖြင့် ၅၀၀ိ/-တန် ငွေစက္ကူများနှင့် ၁၀၀၀ိ/-တန် ငွေစက္ကူများကို နံပါတ်မှတ်ပြီး မတင်တင် မြင့်အားပေး၍ ဇင်ဇင်မိုးဆိုသူ အမျိုးသမီးအား Eastern တည်းခိုခန်းသို့ ခေါ်ယူပျော်ပါး၍ မှတ်တမ်းတင်ဓာတ်ပုံများကို ရိုက်ပြီးဖမ်းဆီးကာ မတင်တင်မြင့်အား ပြည့်တန်ဆာကိစ္စအလို့ငှာ၊ အမျိုးသမီးများထားရှိပြီး ထိုလုပ်ငန်းမှရရှိသောငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြောင်း ပေါ်လွင်၍ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅(၁)အရလည်း ကောင်း၊ မတင်တင်မြင့်နေအိမ်တွင် အသက်(၁၈)နှစ်အောက်ရှိသော မဇာနည်ထွန်းအား အခြားသူတစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံဖြင့် သွေးဆောင်ရာရောက်သဖြင့် ပြစ်မှုဆိုင် ရာဥပဒေပုဒ်မ ၃၆၆-က အရ လည်းကောင်း၊ ပြစ်မှုထင်ရှားပြစ်ဒဏ်စီရင် ခဲ့ရာတွင် ယင်းပြစ်မှု (၂)ရပ်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ တွင် ပါရှိသည့် တားမြစ်ချက်နှင့် အကျုံးဝင်ခြင်းမရှိကြောင်း၊ ပြည့်တန်ဆာ မှုများနှင့် ပတ်သက်၍ ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း၊ သို့ဖြစ်၍ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅(၁)အရ ပြစ်ဒဏ်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆-က အရ ပြစ်ဒဏ်များကို သီးခြားကျခံစေသင့်ကြောင်း၊

ပုဇွန်တောင် မြို့နယ် တရားရုံး၏ ပြစ်မှုကြီးအမှတ် ၆၈/၂၀၀၃ နှင့် ၆၉/၂၀၀၃ အမှုတို့မှ ပြစ်ဒဏ်များကို သီးခြားစီကျခံစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြင်ဆင်မှုလျှောက်ထားခံရသူ မတင်တင်မြင့်အား အကျဉ်းထောင်တာဝန်ခံမှတစ်ဆင့် အကြောင်းကြားခဲ့သော်လည်း တစ်စုံတစ်ရာ ရုံးရှေ့လာရောက်လျှောက်ထားတင်ပြခြင်းမရှိပေ။ မူလရုံးတွင် ထုချေရာ၌ မဇာနည်ထွန်းသည် အိမ်ဖော်အဖြစ် ၎င်း၏အိမ်တွင် နေထိုင်ခြင်းဖြစ်ကြောင်း၊ ပန်းရောင်းသောမလေးလေးနှင့် မသန်းငွေးမြင့်တို့အား ခေါက်ဆွဲသုတ်လာစားရန်ခေါ် ထား၍ရောက်ရှိနေကြခြင်းဖြစ်ကြောင်း၊ ဇင်ဇင်မိုး(ခ)ဝိုင်း၊ ဝင့်ဝါ၊ ဆုလတ်နွယ်၊ မိုးမိုးတို့မှာ ကျိုက်ထီးရိုးဘုရားဖူး သွားချင်ကြ၍ ၎င်းတို့အား ပို့ပေးရန် နေအိမ်သို့ရောက်ရှိနေကြခြင်းဖြစ်ကြောင်း၊ စန်းလွင်ထွန်းဆိုသူက ရေးကြီးသုတ်ပြာနှင့် ငွေစက္ကူအလိပ်လိုက်ကို ၎င်းလက်ထဲထည့်ပြီး ဇင်ဇင်မိုးကိုခေါ် သွားခြင်းကိစ္စနှင့် ပတ်သက်၍ အကျိုးအကြောင်းမသိရှိရကြောင်း၊ ပြည့်တန်ဆာလုပ်ငန်းဖြင့် မှီခိုစားသောက်ခြင်းမရှိကြောင်း ထုချေထားသည်ကို တွေ့ရှိရသည်။

မူလရုံးအမှုတွဲကို လေ့လာရာတွင် လျှောက်ထားခံရသူအနေဖြင့် မူလရုံးပြစ်ဒဏ်များအပေါ် အယူခံတက်ရောက်ခဲ့ခြင်း မတွေ့ရှိရပေ။ ရန်ကုန်တိုင်းတရားရုံးက တိုင်းဥပဒေရုံးမှပြစ်ဒဏ်များ သီးခြားကျခံ စေရန် ပြင်ဆင်မှုလျှောက်ထားခြင်းအပေါ် ပြင်ဆင်မှုကို ပလပ်ခဲ့ရာ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ကို ရည်ညွှန်းကာ မူလရုံးမှ ပြစ်ဒဏ်(၂)ရပ်ကို တစ်ပေါင်းတည်းကျခံစေခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း **မရွှေ(ခ)မကွက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု (၁၉၆၆၊ မတမ၊စာ-၉၅၄)**ကို ကိုးကား၍ မူလရုံးအမိန့်ကို အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ပုဇွန်တောင်မြို့နယ်တရားရုံးပြစ်မှုကြီးအမှတ် ၆၈/၂၀၀၃ တွင် မတင်တင်မြင့်အပေါ် ပြည့်တန်ဆာကိစ္စအလို့ငှာ အမျိုးသမီးများ

အားထားရှိပြီး ထိုလုပ်ငန်းမှ ရရှိသောဝင်ငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ပြစ်မှုကြီးအမှတ် ၆၉/ ၂၀၀၃ တွင်အရွယ်မရောက်သေးသူ မဇာနည်ထွန်းကို အခြားသူတစ်ဦးတစ်ယောက်နှင့်မတရားသဖြင့် ကာမစပ်ယှက်ရန်အကြံဖြင့် သွေးဆောင်ခြင်း ပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပြစ်မှု(၂)မျိုးမှာ တူညီခြင်းမရှိပေ။ ယင်းပြစ်မှု(၂)မျိုးကို ပေါင်းလျှင်လည်း တစ်မှုတည်းမဖြစ်ဘဲ သီးခြားပြစ်မှုများအဖြစ် ရှိနေမည်ဖြစ်သည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ နှင့် အကျုံးဝင်ခြင်းရှိမည် မဟုတ်ပေ။

ရန်ကုန်တိုင်း တရားရုံးမှ ရည်ညွှန်းကိုးကားထားသော မရွက်(ခ) မကွက်အမှုမှာ ပြစ်မှု(၂)ခုသည် မျိုးတူပြစ်မှုများဖြစ်၍ ပြစ်မှု (၂)ခုအတွက် ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ နှင့် ဆန့်ကျင်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဤအမှုတွင် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပုဒ်မ ၅(၁) အရ ပြစ်မှုနှင့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆-က အရ ပြစ်မှုတို့သည် အမှုအမျိုးအစားချင်းတူညီခြင်းမရှိပေ။ ယင်းပြစ်မှုများမှ ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေခဲ့ခြင်းမှာ ဥပဒေနှင့်လည်းကောင်း၊ ညွှန်ကြားချက်များနှင့်လည်းကောင်း ညီညွတ်မည်မဟုတ်ပေ။ သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်၍ ယင်းအမိန့်အား ပြင်ဆင်ရန် လိုမည်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုများကို ခွင့်ပြု၍ ပြစ်ဒဏ်နှစ်ရပ်အားတစ်ပေါင်းတည်းကျခံစေခဲ့သော မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ရုံးအဆင့်ဆင့်တို့၏အမိန့်များကို ပယ်ဖျက်ပြီး ပုဇွန်တောင်မြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၆၈/ ၂၀၀၃ နှင့် ၆၉/ ၂၀၀၃ ပြစ်မှုများမှ (ပြစ်ဒဏ်)ထောင်ဒဏ်များကို သီးခြားစီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၅
ဇူလိုင်လ
၁၄ ရက်

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း ရှေ့တွင်

### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### နှင့်
### မခိုင်(ခ) မြင့်မြင့်ခိုင်*

လူအများကထည့်ဝင်သည့် စုဆောင်းငွေများကို လက်ခံပြီး စုငွေများကို ပြန်လည်ခွဲဝေပေးရန် တာဝန်ယူထားသူသည် သဘောတူထားသည့်အတိုင်း ခွဲဝေပေးရန်အကြောင်း မဲ့ပျက်ကွက်ပါက ယုံကြည်အပ်နှံမှုဖောက်ဖျက်ရာ ရောက်ခြင်း။

**ဆုံးဖြတ်ချက်(၁)။** ။ ထိုသို့မပေးနိုင်ခြင်းကြောင့် အယူခံတရားခံ အပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆အရ ပြစ်မှု ကျူးလွန်ခြင်းရှိမရှိသုံးသပ်ရန် လိုပေသည်။ အယူခံတရားခံသည် စုမဲဒိုင်အဖြစ် ဆောင်ရွက်ပြီး ၎င်းပြုလုပ်ထားသော စုမဲစာချုပ် စည်းကမ်းကို စုမဲထည့်ဝင်သူများက ယုံကြည်၍ လစဉ်စုမဲငွေများ ထည့်ဝင်ကြခြင်းဖြစ်သည်။ စုမဲဒိုင်ဆောင်ရွက်သူတစ်ဦးအနေဖြင့် အစုဝင်တစ်ဦးဦးက နုတ်ထွက်လျှင်ဖြစ်စေ၊ စုမဲအလှည့်ကျ ထုတ်ခွင့်ရ သည့်အခါဖြစ်စေ စုငွေများကို ထုတ်ပေးနိုင်ရမည့် တာဝန်ရှိပေသည်။ အစုဝင်များ၏ ယုံကြည်အပ်နှံမှုရရှိထားသူဖြစ်၍ ၎င်းတို့ယုံကြည် အပ်နှံသည့်အတိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိပေသည်။

---

* ၂၀၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈၉
+ ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြစ်မှုကြီးမှုအမှတ် ၃၈၄တွင် ချမှတ်သော ၂၇-၈-၂၀၀၄ ရက်စွဲပါ မြဝတီမြို့နယ်တရားရုံး၏ အမိန့်ကိုအယူခံမှု။

ထိုသို့ယုံကြည်အပ်နှံခံရသည့်အတိုင်း ဆောင်ရွက်ခြင်း မပြုဘဲဖြစ်စေ၊ ဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ရာရောက်ပေသည်။

**ဆုံးဖြတ်ချက်(၂)။** ။ ယခုအမှုတွင် အယူခံတရားခံသည် မိမိတာဝန်ယူထားသည့် စုမဲငွေလက်ခံခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းကို ပြီးဆုံး သည်အထိဆောင်ရွက်ခြင်းမပြုဘဲ လုပ်ငန်းဖျက်သိမ်းကာ ကျန်အစုရှင်များအား ထည့်ဝင်ပြီး အစုငွေကိုပြန်လည်ထုတ်ပေးခြင်း မပြုခြင်းကြောင့် မူလရုံးတရားလိုအပါအဝင်အစုရှင်(၂၁)ဦးတို့မှာ နစ်နာဆုံးရှုံးလျက် ရှိနေပေသည်။ ၎င်း၏ထွက်ချက်တင်ပြချက်အရပင် ၎င်းထံတွင် အစုငွေလက်ကျန် ၆ သိန်း ၃သောင်းရှိနေသေးကြောင်း ပေါ်ပေါက်သည်။ ၎င်းအနေဖြင့် ပထမဆုံး စုငွေထုတ်ယူခွင့်ရသူ စုမဲဒိုင်ဆောင်ရွက်သူအဖြစ် ငွေ(၁၀)သိန်း (၅)သောင်း ထုတ်ယူရရှိပြီးလည်းဖြစ်သည်။ ဤသို့သော အခြေအနေတွင် စုမဲလုပ်ငန်းဖျက်သိမ်းပါက စုမဲထည့်ဝင်သူ အစုရှင်များအား ၎င်းတို့နစ်နာမှုမရှိစေရန် ထိုက်သင့်သည့်ငွေများ ပြန်လည်ထုတ်ပေးရန် တာဝန်ရှိပေသည်။ ထိုသို့ထုတ်ပေးခြင်းမပြုဘဲ မိမိလက်ဝယ်တွင် ငွေများဆက်လက်ထားရှိခြင်းသည် မိမိပစ္စည်းအဖြစ် ပြောင်းလဲ၍ အလွဲသုံးစားပြုရာလည်းရောက်ပေသည်။

အယူခံတရားလိုအတွက် - ဒေါ်ခင်သန်းစု
(လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး)

အယူခံတရားခံအတွက် - ဦးမြင့်သွေး
(တရားရုံးချုပ်ရှေ့နေ)

မြဝတီမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၃၆၄/၂၀၀၃ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ တရားခံမခိုင်(ခ) မြင့်မြင့်ခိုင်အပေါ် စွဲဆိုသောအမှုတွင်မြို့နယ်တရားရုံးက တရားခံအား ၂၇-၈-၀၄ ရက်နေ့

တွင် အပြီးအပြတ်လွှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက ကျေနပ်မှုမရှိ၍ ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ မြဝတီမြို့ အမှတ် (၃) ရပ်ကွက်နေ ဒေါ်ရွှေအေးသည် ၂၀၀၂ခုနှစ်၊ ဧပြီလခန့်မှစ၍ ၎င်းအပါအဝင်(၃၅)ဦး ပါဝင်ပြီး တစ်ဦးလျှင်တစ်လ ၃၀၀၀ဝိ/-ကျပ်စီဖြင့် မခိုင်ထံတွင် စုမဲထည့်ဝင်ကြကြောင်း၊ လေလံစုငွေထုတ်ပေးခြင်းကို တစ်လလျှင် လူတစ်ဦးကို (၁၀)သိန်း (၅)သောင်းစီဖြင့် အရင်းအနှီးရရှိရန် ရည်ရွယ်၍ ငွေစုခြင်းဖြစ်ကြောင်း ၄-၆-၀၃ ရက်နေ့မတိုင်မီအထိ မခိုင်သည် ငွေစုသူ (၃၅)ဦးအနက် (၁၄)ဦးအထိ စုငွေထုတ်ပေးပြီးနောက် လေလံမဲကို ရပ်ဆိုင်းလိုက်ပြီးဖြစ်ကြောင်းပြောကာ ကျန်အစုဝင်(၂၀)ဦးတို့အား စုငွေဆက်လက်ထုတ်မပေးတော့သဖြင့် စုငွေများ အားလုံးကို မိမိကိုယ်ကျိုးအတွက် အလွဲ သုံးစားပြုသူ မခိုင်အပေါ် ဥပဒေအရအရေးယူပေးရန် ဒေါ်ရွှေအေးက တရားလိုပြုလုပ် တိုင်တန်းသောအမှုဖြစ်သည်။

အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက တရားခံမခိုင်သည် ငွေစုဒိုင်အဖြစ်ဆောင်ရွက်ပြီး မခိုင်အပါအဝင် ငွေစုလိုသူ (၃၅) ဦးရှိပြီး တစ်ဦးလျှင် တစ်လ ၃၀၀၀ဝိ/- ကျပ်ထည့်ဝင်ရန် သတ်မှတ်ကြကြောင်း၊ အစုဝင်စတင်ထည့်ဝင်သည့် အစုငွေကိုဒိုင်ဆောင်ရွက်သူ မခိုင်ကစတင်၍ (၁၀)သိန်း (၅)သောင်းကျပ်ကို ထုတ်ယူကြောင်း၊ ဒုတိယလမှစ၍ ကျန်အစုဝင်များက တစ်လလျှင် တစ်ဦးကျစုငွေထုတ်ယူခွင့်ရှိကြောင်း စည်းကမ်းချက်ကို ရှင်းပြ၍ အစုငွေထည့်ဝင်ရန် သဘောတူခဲ့ကြကြောင်း၊ ဒေါ်ရွှေအေးသည်အစုငွေကို ပထမလတွင် ၃၀၀၀ဝိ/- အပြည့် ထည့်ဝင်ပြီး ကျန်လများတွင် မည်ကဲ့သို့ထည့်ဝင်ခဲ့သည်ကို မမှတ်မိတော့ ကြောင်း (၁၄)လအထိ စုစုပေါင်းငွေ ၁၄၇၆၀ဝိ/- ထည့်ဝင်ခဲ့ပြီး ဖြစ်ကြောင်း၊ တစ်လလျှင်တစ်ဦးကျအစုဝင် (၁၄)ဦးအား စုငွေများ ထုတ်ပေးပြီးနောက် ၄-၆-၀၃ ရက်နေ့တွင် အစုငွေဆက်လက်

ထုတ်မပေးတော့သဖြင့် ငွေမထုတ်ရသေးသူ အစုဝင်(၂၁)ဦး ကျန်ရှိသေးကြောင်း၊ လေလံမဲ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း၊ စုငွေမထုတ်ရသေးသူများမှာ နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ ဒိုင်လုပ်သူ မခိုင်မှ စုငွေမထုတ်ရသေးသူများအား ထည့်ဝင်ပြီးသော ငွေကိုပြန်ထုတ်ပေးခြင်း မပြုဘဲအလွဲ သုံးစားပြုထားသည်မှာ ပေါ်ပေါက်ကြောင်း၊ တရားလိုပြသက်သေများဖြစ်ကြသော မကြူကြူသင်း(လိုပြ-၂)၊ မတင်တင်နွယ်(လိုပြ-၃)တို့ကလည်း ၎င်းတို့မှာ အစုငွေထည့်ဝင်ထားကြသူများဖြစ်ပြီး စုငွေမထုတ်ရသေးကြောင်း၊ မခိုင် မှစုမဲငွေများ ဖျက်သိမ်းလိုက်ပြီး နောက်ထည့်ဝင်ငွေ ၁၄၇၆၀၀ိ/-ကို ပြန်လည်ထုတ်မပေးသဖြင့် နစ်နာဆုံးရှုံးခဲ့ရသည်ကို ထောက်ခံထွက်ဆိုထားကြကြောင်း၊ စုငွေမထုတ်ရသေးသူ(၂၁)ဦး ရှိရာ၎င်းတို့၏ စုငွေများကို မခိုင်က ထုတ်မပေးဘဲ ကိုယ်ကျိုးသုံးစွဲထားခြင်းဖြစ်ကြောင်း၊ လူ (၂၁)ဦး ၏ စုငွေစုစုပေါင်း (၆)သိန်း (၃)သောင်းမှာ ဂ ရားခံ၏ လက်ဝယ်ကျန်ရှိနေပြီး ပြန်ထုတ်ပေးခြင်းမရှိဘဲ အလွဲသုံးစား ပြုထားသည်မှာ ထင်ရှားကြောင်း၊ မခိုင်ကအစုထည့်ဝင်သူ (၁၄)ဦး အထိပေးထားပြီးဖြစ်၍ မိမိအလွဲသုံးစားပြုခြင်း မရှိကြောင်း၊ ကျန်ငွေများ ကိုတစ်လလျှင် တစ်ဦးကျ ပြန်အမ်းပေးမည်ဖြစ်ကြောင်း တင်ပြချက်ကို မူလရုံးက လက်ခံ၍ အလွဲသုံးစားပြုမှု မမြောက်ကြောင်း သုံးသပ်ပြီးအပြီး အပြတ်လွှတ်ခဲ့ခြင်းမှာ မှန်ကန်မှုမရှိသဖြင့် မူလရုံးအမိန့်ကို ပယ်ဖျက် ပြီးတရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားခံ၏ ရှေ့နေက အယူခံတရားခံသည် မဲစနစ်ဖြင့် ငွေစုဆောင်းကြသည့်အလုပ်တွင် ဒိုင်အဖြစ်ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း၊ တစ်ဦးလျှင် တစ်လ ၃၀၀၀ိ/-နှုန်းဖြင့် အစုဝင် (၃၅) ဦးရှိပြီး တစ်လလျှင် မဲပေါက်သူတစ်ဦးအတွက် (၁၀)သိန်း (၅)သောင်းစုငွေထုတ်ယူခွင့်ရှိပြီး ဒိုင်အဖြစ်ဆောင်ရွက်သူအယူခံတရားခံသည် ပထမဆုံးလအတွက်

အစုဝင်များထံမှ စုဆောင်းငွေစုစုပေါင်း (၁၀)သိန်း (၅)သောင်းကို ထုတ်ယူရရှိကြောင်း၊ ကျန်လများတွင် (၁၄)ကြိမ်မြောက်လအထိ အစုဝင် (၁၄)ဦးအား ထုတ်ပေးပြီးဖြစ်ကြောင်း၊ တရားလိုဒေါ်ရွှေအေးအပါအဝင် အစုဝင်တစ်ဦးစီထံမှ ကောက်ခံရရှိငွေမှာ ၁၄၇၆၀၀ိ/-သာ ဖြစ်သည်ဟု ဒေါ်ရွှေအေးက ထွက်ဆိုထားကြောင်း၊ (၁၄)ကြိမ်မြောက်လနောက်ပိုင်းတွင် စုငွေထုတ်ယူပြီးသူ အချို့က ငွေမထည့်ဝင်တော့ကြောင်း၊ အစုဝင်အချို့ကသတ်မှတ်ရက်ကျော်လွန်ပြီးမှ စုငွေ ထည့်ဝင်ကြခြင်းတို့ကြောင့် အများစု၏ဆန္ဒဖြင့် ထိုလုပ်ငန်းကို ဖျက်သိမ်းခြင်းမှာပေါ်ပေါက်ကြောင်း၊ ယခုအမှုတွင် စုမဲအရေအတွက် (၃၅)ဦးရှိသော်လည်း အစုဝင်ပုဂ္ဂိုလ်အနေဖြင့် (၂၀)ဦးကျော်သာရှိကြောင်း၊ မူလရုံးတရားလိုသည် အမှန်တကယ်ထည့်ဝင်ထားသောငွေထက်တစ်လလျှင် ၃၀၀၀၀ိ/-နှုန်းဖြင့် (၁၄)လ အတွက်ငွေပြန်ပေးရန် တောင်းခံနေခြင်းဖြစ်ကြောင်း၊ ထိုသို့တောင်းဆိုရာတွင် မူလရုံးတရားခံက အမှန်တကယ်ထည့်ဝင်ငွေကို ပြန်ပေးမည်ဖြစ်ကြောင်းနှင့် တစ်လလျှင် တစ်ဦးနှုန်းအလှည့်ကျပြန်ပေးမည်ဟုပြောခဲ့သည်မှာ သက်သေခံချက်များအရ ထင်ရှားကြောင်း တရား လိုထံမှ အမှန်တကယ်ကောက်ခံရငွေမှာ ၁၄၇၆၀၀ိ/-ဖြစ်ပြီး တရားခံတွင် ၃၀၀၀၀ိ/-သာ ရှိသဖြင့် ထည့်ဝင်ငွေ ၁၁၀၀၀၀ိ/-ကျပ်မှာ အလှည့်ကျထုတ်ယူသူများထံ ထုတ်ပေးထား၍ မိမိတွင်အပြစ်မရှိကြောင်း၊ ပြန်ပေးရန်ငွေပမာဏနှင့် အချိန်ကာလအငြင်းပွားခဲ့ကြ၍ ယခုအမှုပေါ် ပေါက်လာခြင်းဖြစ်ကြောင်း၊ မိမိမှမရိုးမဖြောင့် ဆောင်ရွက်ထားခြင်း၊ အလွဲသုံးစားပြုခြင်း မရှိသဖြင့် အယူခံမှုကိုပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကိုလေ့လာရာတွင် အယူခံတရားခံသည် စုမဲဝင်သည့် အစုရှင် (၃၅)ဦးထံမှ လစဉ်တစ်ဦးလျှင် ၃၀၀၀၀ိ/-နှုန်းဖြင့် ကောက်ခံပြီး တစ်လလျှင် စုစုပေါင်း (၁၀)သိန်း (၅)သောင်းကျပ်ကို ပထမလတွင် မိမိရယူပြီး နောက်လများတွင်အလှည့်ကျရရှိသူများအား

(၁၄)ကြိမ်အထိ ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ (၁၄)ဦး ထုတ်ယူပြီးဖြစ်၍ (၂၁)ဦး ကျန်ရှိနေသေးကြောင်း ပေါ်ပေါက်သည်။ မထုတ်ယူရသေးသည့် အစုရှင်များသည် (၁၄)လစာ မိမိတို့ထည့်ဝင်ငွေများကို ပြန်လည်ထုတ်ပေးရန် တောင်းဆိုရာတွင် အယူခံတရားခံက ထုတ်မပေးနိုင်သေး၍ ယခုအမှုပေါ်ပေါက်ရခြင်းဖြစ်သည်။

ထိုသို့မပေးနိုင်ခြင်းကြောင့် အယူခံတရားခံအပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုကျူးလွန်ခြင်းရှိမရှိ သုံးသပ်ရန်လိုပေသည်။ အယူခံတရားခံသည် စုမဲဒိုင်အဖြစ် ဆောင်ရွက်ပြီးဥင်းပြုလုပ်ထားသော စုမဲစာချုပ်စည်းကမ်းကို စုမဲထည့်ဝင်သူများက ယုံကြည်၍ လစဉ်စုမဲငွေများ ထည့်ဝင်ကြခြင်းဖြစ်သည်။ စုမဲဒိုင်ဆောင်ရွက်သူတစ်ဦးအနေဖြင့် အစုဝင်တစ်ဦးဦးက နှုတ်ထွက်လျှင်ဖြစ်စေ၊ စုမဲအလှည့်ကျထုတ်ယူခွင့်ရသည့်အခါဖြစ်စေ စုငွေများကို ထုတ်ပေးနိုင်ရမည့် တာဝန်ရှိပေသည်။ အစုဝင်များ၏ ယုံကြည်အပ်နှံမှုရရှိထားသူဖြစ်၍ ဥင်းတို့ယုံကြည်အပ်နှံသည့်အတိုင်း ဆောင်ရွက်ပေးရန်တာဝန်ရှိပေသည်။ ထိုသို့ယုံကြည်အပ်နှံခံရသည့်အတိုင်း ဆောင်ရွက်ခြင်းမပြုဘဲဖြစ်စေ၊ ဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ယုံကြည်အပ်နှံမှုကို ဖောက် ဖျက်ရာရောက်ပေသည်။

ယခုအမှုတွင် အယူခံတရားခံသည် မိမိတာဝန်ယူထားသည့် စုမဲငွေလက်ခံခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းကို ပြီးဆုံးသည်အထိ ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ငန်းဖျက်သိမ်းကာ ကျန်အစုရှင်များအား ထည့်ဝင်ပြီး အစုငွေကိုပြန်လည်ထုတ်ပေးခြင်း မပြုခြင်းကြောင့် မူလရုံးတရားလို အပါအဝင် အစုရှင်(၂၁)ဦးတို့မှာ နစ်နာဆုံးရှုံးလျက်ရှိနေပေသည်။ ဥင်း၏ထွက်ချက်တင်ပြချက်အရ ဥင်းထံတွင်အစုငွေလက်ကျန် ၆သိန်း ၃သောင်းရှိနေသေးကြောင်း ပေါ်ပေါက်သည်။ ဥင်းအနေဖြင့် ပထမဆုံး စုငွေထုတ်ယူခွင့်ရယူသူ စုမဲဒိုင်ဆောင်ရွက်သူအဖြစ် ငွေ(၁၀)သိန်း(၅)သောင်း ထုတ်ယူရရှိပြီးလည်းဖြစ်သည်။

ဤသို့သော အခြေအနေတွင် စုမဲလုပ်ငန်းဖျက်သိမ်းပါက စုမဲထည့်ဝင်သူ အစုရှင်များအား ၎င်းတို့နစ်နာမှု မရှိစေရန် ထိုက်သင့်သည့်ငွေများ ပြန်ထုတ်ပေးရန် တာဝန်ရှိပေသည်။ ထိုသို့ထုတ်ပေးခြင်းမပြုဘဲ မိမိလက်ဝယ်တွင် ငွေများဆက်လက်ထားရှိခြင်းသည်ပင် မိမိပစ္စည်း အဖြစ်ပြောင်းလဲ၍ အလွဲသုံးစားပြုရာလည်း ရောက်ပေသည်။

အယူခံတရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာရောက်သဖြင့် ပုဒ်မ ၄၀၆အရ ပြစ်မှုကို ကျူးလွန်ရာရောက်ပေသည်။ မူလရုံးသည် တရားလိုနှင့်တရားခံအကြား အစုငွေကိစ္စနှင့် ပတ်သက်၍ အငြင်းပွားကြခြင်းဖြစ်ကြောင်း တရားခံက ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း၊ တစ်လလျှင်တစ်ဦးကျ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ညှိနှိုင်းချက်အရ ၎င်းအနေဖြင့် အလွဲသုံးစားမှုပြုရာမရောက်ကြောင်း သုံးသပ်ပြီး အမှုမှအပြီးအပြတ်လွှတ်ခဲ့ခြင်းသည် ကျန်သောအစုငွေထည့်ဝင်သူများ၏ ဆုံးရှုံးမှုကိုလျစ်လျူရှုရာ ရောက်သဖြင့် ယင်းအမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ယင်းအမိန့်အား ပြင်ဆင်တည့်မတ်ပေးရန်လိုမည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြု၍ မူလမြို့နယ်တရားရုံးက တရားခံ မခိုင်(ခ)မြင့်မြင့်ခိုင်အား အပြီးအပြတ်လွှတ်သည့် အမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အလုပ်နှင့်ထောင်ဒဏ်(၁) (တစ်) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

# ၂၀၀၅ ခုနှစ်

# တရားမဆိုင်ရာအမှုများ

## တရားမဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ-**

- တရားမကျင့်ထုံးဥပဒေ
- ကာလစည်းကမ်းသတ်ဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- အစ္စလာမ်တရားဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ
- သီးခြားသက်သာခွင့်ဥပဒေ
- လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ

**တရားရုံးချုပ်က တိုင်းတရားရုံး၏ ယာယီတားဝရမ်း ထုတ်ပေးသည့် အမိန့်ကို ပယ်ဖျက်သည့် တရားမ အထွေထွေ အယူခံမှုသည် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ ပါ "တရားရုံး တစ်ရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသောအမှု" ဟုတ်မဟုတ်။**

**ထာဝရတားဝရမ်းထုတ်ပေးရန် တောင်းခံသည့်အမှုတွင် အမှု၏ကနဦးအဆင့်၌ ယာယီတားဝရမ်းထုတ်ပေးရန် သင့်မသင့် စဉ်းစားရာ၌ အခြေခံရမည့်အချက်များ။**

**ဆုံးဖြတ်ချက်။** ။ တရားလိုစွဲဆိုသော အမှုသည်ထာဝရတားဝရမ်း ရလိုကြောင်းနှင့် နစ်နာကြေးငွေရလိုကြောင်း သက်သာခွင့်တောင်းဆို သည့်အမှုဖြစ်သည်။ တိုင်းတရားရုံးက အမှုကိုစစ်ဆေးခြင်း မပြုမီ

ယာယီ တားဝရမ်းထုတ်ပေးသော အမိန့်တစ်ရပ်ချမှတ်သည်။ ယာယီ တားဝရမ်း ထုတ်ဆင့်သည်ဖြစ်စေ၊ မထုတ်ဆင့်သည်ဖြစ်စေ တရားလို တောင်းဆိုသော ထာဝရတားဝရမ်းရလိုသည့်သက်သာခွင့် အပေါ်အမှုအား ဆက်လက် ကြားနာ၍ ဆုံးဖြတ်ရန် ကျန်ရှိနေသေးသည်။ ယာယီတားဝရမ်း ထုတ်ဆင့်သည့် အမိန့်သို့မဟုတ် ယာယီတားဝရမ်းကို ပယ်ဖျက်သည့် အမိန့်သည် မူလမှုမှ အမှုသည်တို့၏ အခွင့်အရေးကို အပြီးအပြတ် အဆုံးအဖြတ်ပြုရာ ရောက်သော အမိန့်မဟုတ်ပေ။ သို့ဖြစ်၍ တရားရုံးချုပ် က ယာယီတားဝရမ်းအမိန့်ကို ပယ်ဖျက်လိုက်သော်လည်း အယူခံ တရားလိုအနေဖြင့် မိမိတောင်းဆိုသည့် ထာဝရတားဝရမ်း ရလိုသည့် သက်သာခွင့်ကိုဖြစ်စေ၊ နစ်နာကြေး ငွေကိုဖြစ်စေ၊ ရထိုက်မရထိုက် အဆုံးအဖြတ်ရရန် အခွင့်အရေးရှိနေသေးသည့်အလျောက် ယင်း အမိန့်သည် အပြီးသတ်အမိန့်မဟုတ်ပေ။ ထို့ကြောင့် တိုင်းတရားရုံး၏ ယာယီတားဝရမ်းထုတ်ဆင့်သည့် အမိန့်ကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့ သည့် အမိန့်အပေါ် အထူးအယူခံဝင်ခွင့်ပြုရန် မသင့်ချေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ ထာဝရတားဝရမ်းထုတ်ပေးရန် တောင်းခံ သည့်အမှုတွင် အမှု၏ကနဦး အဆင့်၌ ယာယီတားဝရမ်း ထုတ်ပေးရန် သင့်မသင့်စဉ်းစားရာ၌ တရားရုံးရှေ့မှောက်ရှိ အကြောင်းအရာအရ တောင်းဆိုသည့်သက်သာခွင့်ကို ရခွင့်ရှိကြောင်းဖြစ်ဟန် လက္ခဏာ **(Probability)** ရှိခြင်း၊ တစ်နည်းအားဖြင့် တရားစွဲဆိုသည့်အမှုတွင် သာမန်အားဖြင့် မြင်သာသည့်အခြေ **(Prima facie)** ရှိခြင်းတို့ကို တရားလိုက ထင်ရှားပြသရန်လိုပေသည်။ ရေရာသေချာသည့် အခြေအနေရှိ မရှိ သေချာစွာ မစိစစ်ဘဲယာယီတားဝရမ်းကို ပေါ့ပေါ့လွယ်လွယ်ထုတ်

ပေးလျှင် ထာဝရ တားဝရမ်းကိုကြိုတင်ထုတ်ပေးသည့် သဘောသက် စာမျက်နှာ ရောက်စေနိုင်သကဲ့သို့ ယာယီတားဝရမ်းထုတ်ပေးသင့်ပါလျက် ထုတ်ပေး ခြင်းမပြုလျှင် တရားလို၏နစ်နာမှုကို အကာအကွယ်ပေးရန် ပျက်ကွက် ရာရောက်ပေလိမ့်မည်။

အယူခံတရားလိုစွဲဆိုသော အမှုသည်သာမန်အမြင်အားဖြင့် အခြေခံ **(Prima facie)** ရှိဖို့လိုသည်။ **ဦးထွန်းမြင့်** နှင့် **ဦးသက်ရှည်အမှု**[၃] ကိုကြည့်ပါ။ အထက်တွင် သုံးသပ်ဖော်ပြ ထားသည့်အတိုင်း အဆိုပါကုန် အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိရာ အယူခံတရားပြိုင်က အယူခံတရားလို ကုမ္ပဏီ၏ မြင်းခွာပုံသင်္ကေတ ကုန်အမှတ်တံဆိပ်ကို တုပပြီး ရောင်းချနေကြောင်း အမြင်အားဖြင့်ယူဆနိုင်အောင်တင်ပြနိုင် ခြင်းမရှိသေးသည့် အခြေအနေတွင် အယူခံတရားလိုစွဲဆိုသော အမှုသည် အခြေအမြစ် ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

**E.S.W.C Company**

(၎င်း၏ကိုယ်စားလှယ်ဦးသက်နိုင်ဦး၊ နှင့် ဦးသန်းဝင်း ၆၄
အရောင်းကိုယ်စားလှယ်)

**ဇာရီမှုတွင် တရားနိုင်နှင့်တရားရှုံးတို့အကြား ဒီကရီ အတည်ပြုခြင်း နှင့်ပတ်သက်၍ ပေါ်ပေါက်သည့် ပြဿနာ ကိုအဆုံးအဖြတ် ပေးခြင်း၊ ယင်းအဆုံးအဖြတ်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံးဝင် သဖြင့် ယင်းဥပဒေပုဒ်မ ၂ (၂) အရ ဒီကရီဟု မှတ်ယူရခြင်း၊ အဆိုပါအမိန့်အပေါ် ပြင်ဆင်မှု တင်သွင်းခြင်းမှာ မှန်ကန်ခြင်းရှိမရှိ။**

(ကဃ) ညွှန်းချက်

**ဆုံးဖြတ်ချက်။** ။ဇာရီမှုတွင်တရားနိုင်နှင့် တရားရှုံးတို့အငြင်းပွား သည်မှာ တရားနိုင်ရရှိထားသည့် ဒီကရီကိုအတည်ပြုရာ၌ မည်သည့်မြေ အတိုင်းအတာကို အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ တရားနိုင် သို့လက်ရောက်ပေးအပ်ရမည် ဆိုသောအချက်ဖြစ်သည်။ ဤအချက် သည် ဒီကရီအတည်ပြုခြင်းနှင့် သက်ဆိုင်သောတရားနိုင်နှင့်တရားရှုံး တို့အကြားအငြင်းပွားမှုဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ တွင် အကျုံးဝင်သော ပြဿနာ ဖြစ်သည်မှာမြင်သာသော အချက်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၂) ပါ ပြဋ္ဌာန်းချက်အရ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ အတွင်း ကျရောက်သော ပြဿနာအပေါ် ချမှတ်သည့်အမိန့်သည် ဒီကရီဖြစ်သည်။တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆အရ ဒီကရီကို အယူခံဝင်ရောက်ရမည်သာဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားသူ သည် မူလတိုင်းတရားရုံးက ဇာရီမှုတွင်ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို ဤတရားရုံးချုပ်တွင် ပြင်ဆင်မှု ဝင်ရောက်ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။

ဦးမြတ်ထွန်း(၎င်း၏ ကိုယ်စားလှယ်ဦးရွှေကြည်) နှင့် ဒေါ်တင်အုန်း(၎င်း၏ ကိုယ်စားလှယ်ဦးမင်းအေး) ၈၃

**မှတ်ပုံတင်အပိုင်ပေးစာချုပ်အား ပယ်ဖျက်ပေးရန် စွဲဆိုမှု၊ တိုင်းတရားရုံး၏ အမှုအား ပလပ်သည့် အမိန့်အပေါ် အယူခံ ဝင်ရာတွင် အယူခံမဝင်ခင်တရားလိုနှစ်ဦးအနက် တစ်ဦးသေသည်ကို အကြောင်းပြု၍ တစ်ဦးတည်းက ဆက်လက်ဆောင်ရွက်ခွင့်ပြု ရန်တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ အရလျှောက်ထားခြင်း ကိုခွင့်ပြုနိုင်ခြင်းရှိမရှိ**

**ဆုံးဖြတ်ချက်။** ။ ဥပဒေသဘောအရ ကွယ်လွန်သူ၏ အမွေစား စာမျက်နှာ အမွေခံသို့မဟုတ် တစ်ဦးတစ်ယောက်၏အကျိုးကို ဆက်ခံသူ သည် ကွယ်လွန်သူစွဲဆိုထားသောအမှု (ကွယ်လွန်ခြင်းကြောင့် အမှုရပ်စဲခြင်း မရှိလျှင်) သို့မဟုတ် လွှဲပြောင်းသူစွဲဆိုထားသော အမှုကို ဆက်လက်စွဲဆိုပိုင်ခွင့်ရှိမည်ဖြစ်သည်။ ထိုသူလျှောက် ထားသောအမှုကိုလည်း ဆက်လက်ဆောင်ရွက်ခွင့်ရှိမည် ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆တွင် ရည်ညွှန်း သောမှုခင်းတွင် အယူခံမှုလည်း ပါဝင်သည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၆သည် အမိန့် ၂၂ ပါပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်း မပြုသဖြင့် ရပ်စဲသွားသောအမှုကိုမူ ယင်းဥပဒေ ပုဒ်မအရ အသက်ပြန် မသွင်းနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှုတရားလို ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့သည် မိခင်နှင့်သမီးဖြစ်သည်။ ဒေါ်ကျင်အေး တွင် သမီးဒေါ်ရင်ရင်ဝေအပြင် အခြားအမွေဆက်ခံသူလည်း ရှိသည့်တိုင်အောင် ဒေါ်ကျင်အေး ကွယ်လွန်သည့်အခါ ဒေါ်ရင်ရင်ဝေသည် မိခင်ဒေါ်ကျင်အေး၏အကျိုးသက်ဆိုင်ခွင့် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆက်ခံ မည်ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ပါ ပြဋ္ဌာန်းချက်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၁၆ ထက်ပိုမို ကျယ်ဝန်း၍ တစ်ဦးတစ်ယောက်က မှုခင်းတစ်ရပ်စွဲဆိုနိုင်လျှင် ထိုသူ၏အကျိုးသက်ဆိုင်ခွင့်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ဆက်ခံရရှိသူအား ယင်းမှုခင်းကိုစွဲဆိုနိုင် စေသည်။ သို့မဟုတ် ယင်းမှုခင်းနှင့် စပ်လျဉ်းသည့် အယူခံမှုကို တင်သွင်းနိုင်စေသည်။

သို့ဖြစ်၍ ဒေါ်ရင်ရင်ဝေသည် ကွယ်လွန်သူ ဒေါ်ကျင်အေး၏ စာမျက်နှာ အကျိုးသက်ဆိုင်ခွင့်တစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆက်ခံသူအနေဖြင့် မူလတိုင်းတရားရုံးက ချမှတ်သည့် ဒီကရီကို အယူခံဝင်ရောက်ခွင့်ရှိကြောင်းထင်ရှားသည်။

ဒေါ်ရင်ရင်ဝေ ဦးထွန်းမြင့် ၉၈
(၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ နှင့် (၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ကျင်အေး၏တရားဝင်ကိုယ်စားလှယ် ဦးထွန်းထွန်း)
၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်
ဦးခင်မောင်ကြူ)

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃ အရအမှုကို သဘောတူပြေငြိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းနှစ်ရပ်၊ ပထမနည်းလမ်းမှာအမှုကို သဘောတူပြေငြိမ်းသည့်အခါပြေငြိမ်းမှုကို မှတ်တမ်းတင်ထားချက်နှင့် အညီ ဒီကရီချမှတ်ခြင်းဖြစ်ပြီး၊ ဒုတိယနည်းလမ်းမှာ သဘောတူပြေငြိမ်းချက်ပါ စည်းကမ်းချက်များအရ အမှုတွင် နောက်ထပ်ဆောင်ရွက်ချက်အရပ်ရပ်ကို ဆိုင်ငံ့ထားစေရန် ဒီကရီချမှတ်ခြင်းဖြစ်သည်။

ပြေငြိမ်းဒီကရီအရ စည်းကမ်းချက်များကိုအတည်ပြုရန် အမှုကို ရပ်ဆိုင်းထားခြင်းသည် အမှုသည်တို့၏ ရပိုင်ခွင့်ကိုသတ်မှတ် ဖော်ထုတ်ဆုံးဖြတ်သော ဒီကရီ မဟုတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃ စာမျက်နှာ ပြဋ္ဌာန်းချက်အရ အမှုစွဲဆိုပြီး နောက်ဥပဒေနှင့် အညီ သဘောတူညီချက် သို့မဟုတ် သဘောတူကျေအေးပြေငြိမ်း ချက်အရ အမှုတစ်မှုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ အမှု သည်များက ရှင်းလင်းပြေကျေနိုင်သည်။ တရားပြိုင်သည် အမှု ၏ အချင်းဖြစ်အကြောင်းအရာ တစ်ရပ်လုံး သို့မဟုတ် တစ်စိတ် တစ်ဒေသနှင့် စပ်လျဉ်း၍ တရားလိုအားကျေအေးပြေငြိမ်း အောင်လည်း ဆောင်ရွက် နိုင်သည်။ ထိုအခါ တရားရုံးကအဆို ပါ သဘောတူညီချက်၊ သဘောတူကျေအေးပြေငြိမ်းချက်ကို မှတ်တမ်းတင်စေရန် အမိန့်ချမှတ်ရသည်။ ထိုမှတ်တမ်းတင် ချက်နှင့်အညီ ဒီကရီချမှတ်နိုင်သည် သို့မဟုတ် အဆိုပါသဘော တူညီချက်၊ သဘောတူကျေအေးပြေငြိမ်းချက်ကို အကျိုးသက် ရောက်စေရန်အလို့ငှာအမှုသည်များက လျှောက်ထားခွင့်နှင့် တကွယင်းသဘောတူညီချက်၊ သဘောတူပြေငြိမ်းချက်ပါ စည်း ကမ်းချက်များအရ အမှုတွင် နောက်ထပ် ဆောင်ရွက်ချက် အရပ်ရပ်ကိုဆိုင်းငံ့ထားစေရန် ဒီကရီ ချမှတ်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှုတွင်ချမှတ်သောပြေငြိမ်းဒီကရီပါ အတိအလင်းဖော်ပြပါရှိချက်အရတိုင်းတရားရုံးသည် တရားမ ကြီးမှုတွင် ဆက်လက်ဆောက်ရွက်ခြင်း အရပ်ရပ်ကိုရပ်ဆိုင်း ခဲ့ခြင်းမျှသာဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂)တွင် ဖွင့်ဆိုထားသကဲ့သို့အမှုသည်တို့၏ ရပိုင်ခွင့်ကို သတ်မှတ်ဖော် ထုတ်ဆုံးဖြတ်သော ဒီကရီမျိုးမဟုတ်သည့်အပြင် အမွေစီမံခန့်ခွဲ ပေးစေလိုမှုတွင် အမှုသည်တို့၏ ရခွင့်ရှိသည့်အမွေဝေစုကို သတ်မှတ်ဖော်ထုတ်ဆုံးဖြတ်သော ပဏာမဒီကရီလည်းမဟုတ်ပေ။

တစ်ဖက်တွင် တရားမပုံစံအမှတ် ၆၄-က၊ စာမျက်နှာ(၂) တွင် "အတည်ပြုရန်အမှုသည်များက လျှောက် ထားခွင့်ရှိသည်" ဟူသောစကားရပ်သည်အမိန့် ၂၃၊ နည်း ၃ပါ "with liberty to the parties to apply for the purpose of carrying the same into effect" ၏ ဘာသာပြန်ဆိုချက် ဖြစ်သည်။ ယင်းစကားရပ် အနေအထား ကို ထောက်ချင့်၍ ကတိစာချုပ်ပါ စည်းကမ်းချက်များ အတိုင်း သို့မဟုတ် ကတိ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန် သို့မဟုတ် အကောင်အထည်ဖော်စေရန်ဟု အဓိပ္ပာယ်ရရှိသည်။ စာမျက်နှာ

တရားမပုံစံအမှတ် ၆၄-က အရချမှတ် သော ဒီကရီအတိုင်း နှစ်ဖက်အမှုသည်များ ဆောင်ရွက်ကြ၍ ကျေနပ်မှုရရှိပါလျှင် တရားရုံးသို့လာရောက်အရေး ဆိုတော့မည် မဟုတ်သဖြင့် ထိုဒီကရီချမှတ်ထားသော အဆင့်မှာပင် ရပ်ဆိုင်း ထားသည့် တရားမကြီးမှုသည် ဆုံးခန်းတိုင်ရောက်ရှိသွားမည် ဖြစ်သည်။ ပြေငြိမ်း ဒီကရီပါ"မှတစ်ပါး" ဟူသော စကားရပ်ကို ထောက်ရှု၍ တစ်ဖက်ဖက်သောအမှုသည်က သဘောတူညီ ချက်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက ကျန်တစ်ဖက် အမှုသည်က ဒီကရီတွင်သီးသန့်ထားသည့်အတိုင်း ကတိစာချုပ် ပါ စည်းကမ်းချက်များကို အတည်ပြုရန် ရပ်ဆိုင်းထားသည့် တရားမကြီးမှုတွင် လျှောက်ထားခွင့်ရှိသည်။

**ရုံးချိန်းပျက်ကွက်ခြင်းကြောင့် ပလပ်သောအမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားရာတွင်လုံလောက်သောအကြောင်းဟုတ်မဟုတ်။** စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ ရုံးချိန်းပျက်ကွက်ခြင်းကြောင့် ပလပ်သောအမှုကို အမိန့်-၉၊ နည်း-၉အရ ပယ်ဖျက်နိုင်သည့်တစ်ခုတည်းသော အကြောင်းမှာ တရားလိုသည် လုံလောက်သောအကြောင်းကြောင့် တရားရုံးသို့ မလာရောက်နိုင်ခြင်းဖြစ်သည်။ လုံလောက်သော အကြောင်းဟုတ်မဟုတ်မှာ အမှုတစ်မှုစီ၏ ဖြစ်ရပ်များအပေါ်တွင် မူတည်သည်။ အယူခံတရားလိုအနေ ဖြင့် လွန်ကဲစွာပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှုနှင့် တူသောအကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိလျှင် ၎င်း အား ကြားနာခွင့်မပေးဘဲမထားသင့်ပေ။ **ဦးငွေနှင့်ဗမာ့တံခွန် ကုမ္ပဏီအမှု**[၁] တွင်ကြည့်ပါ။

ယခုအမှုတွင် ယေဘုယျအားဖြင့် စိစစ်ရန်မှာ အယူခံတရားလို သည် အမှုကြားနာစဉ်တရားရုံးသို့ ရောက်ရှိရန်ရိုးရိုးသားသား ရည်ရွယ်ခြင်းရှိမရှိနှင့် အချိန်မီရောက်ရှိအောင်အစွမ်းကုန် ဆောင်ရွက်ခြင်း ရှိမရှိဖြစ်သည်။ အယူခံတရားလိုအနေဖြင့် ရန်ကုန်မြို့တွင်ဆေးဝါးကုသမှု ခံယူရသည်ဆိုသော်လည်း ဆေးရုံတက်ရောက်ကုသရခြင်းမျိုးမဟုတ်ဘဲ ပြင်ပလူနာအနေ ဖြင့် သာကုသမှုခံယူရကြောင်းပေါ်ပေါက်နေပေသည်။ သို့ဖြစ်ရာ၎င်းအနေဖြင့် ရုံးချိန်းနေ့ရက်များတွင် အထောက် အထားပြည့်စုံစွာဖြင့် ဆေးဝါးကုသမှုခံယူနေကြောင်း တင်ပြ ခြင်းမရှိဘဲလျက် ပျက်ကွက်ခြင်းမှာ၎င်း၏ ပေါ့ဆမှု၊ ရုံးချိန်းရက်

များတွင်ရုံးသို့ အချိန်မီရောက်ရှိအောင် အစွမ်းကုန်ဆောင် စာမျက်နှာ ရွက်ခြင်းမရှိဘဲ ပျက်ကွက်မှုများ ရှိနေကြောင်းမှာ မြင်သာသည်။

ဒေါ်နန်းခင်ထွေး နှင့် ဒေါ်လီကွေ့ချင်(ခ)လီလောက်မေ ပါ၃ ၁၃၈

**ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁၃၊ အမှုကို ဆောင်ရွက်ရန်ချိန်းဆိုသည့်နေ့မှစ၍ သို့မဟုတ် ချိန်းဆိုခြင်း မရှိလျှင် မဆောင်မရွက် ငြင်းပယ်ခြင်းကို တရားလိုသိသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရန်ဖြစ်သည်။**

**တရားလိုအနေဖြင့် မည်သူကို တရားဘက်ပြုရမည်ဆိုသည့် ကိစ္စရပ်မှာ တရားရုံးက အဆုံးအဖြတ်မပြုမီ မသိနိုင်ခြင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်အရ ပေါ်ပေါက်သူကို တရားဘက် ပြု၍ အမှုစွဲဆိုရခြင်းဖြစ်သောကြောင့် တရားလိုအား မိမိအခွင့်အရေးနှင့် စပ်လျဉ်း၍ အိပ်ပျော်နေသူ ဖြစ်သည် ဟု ဆိုနိုင်မည်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ မူလရုံးတရားလို စွဲဆိုသည့်အမှုမှာ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှုဖြစ်သည်။ ယင်းအမှုကို ဆောင်ရွက်ရန် ချိန်းဆိုသည့် နေ့မှ စ၍ သို့မဟုတ် ချိန်းဆိုခြင်း မရှိလျှင် မဆောင်မရွက်ငြင်းပယ် ခြင်းကို တရားလိုသိသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရန် ဖြစ်ကြောင်း ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၁၁၃ တွင် ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်နီနီဇော်၏ ထွက်ဆိုချက်အရ တရားရုံးချုပ် တရားမအထူးအယူခံမှုအမှတ် ၃၀/၂၀၀၃ ၏ ၁၉-၆-၂၀၀၃ ရက်စွဲပါ

ဆုံးဖြတ်ချက်ကြောင့် ဦးဇော်ဝင်းဇော်သည် ဒေါ်မြင့်မြင့်၏ကိတ္တိမသား တစ်ဦးဖြစ်ကြောင်း ထင်ရှားသည်။ ဦးဇော်ဝင်းဇော်မှာ အခြားအမွေဆိုင်များနှင့် အမှုအခင်းများဖြစ်ပွားလျက်ရှိရာ မူလရုံးတရားလိုအနေဖြင့် ဒေါ်မြင့်မြင့်၏ အမွေစားအမွေခံကို တရားရုံးက ဆုံးဖြတ်သည့်နေ့ နောက်ပိုင်းမှ ခွဲခွဲခြားခြားသိရှိရခြင်း ဖြစ်သည်။ တရားလိုအနေဖြင့် မည်သူကိုတရားပြိုင်ဘက် ပြုရမည်ဆိုသော ကိစ္စရပ်မှာ တရားရုံးက အဆုံးအဖြတ်မပြုမီ မသိနိုင်ချေ။ တရားရုံး၏ ဆုံးဖြတ်ချက်အရ ဒေါ်မြင့်မြင့်၏ ကိတ္တိမသားအဖြစ် တရားဘက်ပြု၍ အမှုစွဲဆိုခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ မူလရုံးတရားလိုအနေဖြင့် မိမိအခွင့်အရေးနှင့် စပ်လျဉ်း၍ အိပ်ပျော် နေသူဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် တရားရုံးချုပ်က **မရွှေမြ နှင့် မောင်မိုးနှောင်းအမှု**[၁] ကို ကိုးကား၍ အမှုကို အဆုံး အဖြတ်ပြုခြင်းသည် မှန်ကန်ခြင်း မရှိပေ။ စာမျက်နှာ

ဒေါ်သိန်းနု နှင့် ဒေါ်နီနီယဉ် ပါ ၂(ကွယ်လွန်သူ ဦးဇော်ဝင်း(ခ)ဦးဇော်ဝင်းအောင် ၏တရားဝင်ကိုယ်စားလှယ်များ) ၂၃

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ မယားပြိုင်အများရှိသော မြန်မာဗုဒ္ဓ ဘာသာအိမ်ထောင်တွင် ဖခင်ကွယ်လွန်သောအခါ ဖခင် အလျှင် ကွယ်လွန်သော ပထမမယားနှင့် ရသော သားသမီး များနှင့် ကျန်ရစ်သူ မိထွေးတို့ ရခွင့်ရှိသည့် အမွေဝေစု။**

**ဆုံးဖြတ်ချက်။** ။မိဘတစ်ဦးဦးကွယ်လွန်ပြီး ကျန်ရစ်သူ စာမျက်နှာ မိဘနောက် အိမ်ထောင်ပြုသည့်အခါ ကွယ်လွန်သူနှင့်ရရှိခဲ့သော သားသမီးများသည် ကျန်ရစ်သူမိဘထံမှ ကွယ်လွန်သူ မိဘအစုကို ရရှိသည်။ ယင်းဝေစုကို အမွေရယူခဲ့ပါလျှင် ထိုကျန်ရစ်သူ မိဘကွယ်လွန်သောအခါ အမွေတောင်း ခံခွင့်မရှိတော့ပေ။ သို့ရာတွင် အမွေတောင်းခံခြင်းမရှိခဲ့ပါမူ ကျန်ရစ်သူ မိဘကွယ်လွန်သောအခါ မိထွေး၊ ပထွေးထံမှ အမွေတောင်းခံခွင့် ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဖခင်ရင်းနှင့် မိထွေးတို့ပိုင်ဝေစု၏ ခြောက်ပုံတစ်ပုံကိုသာလျှင် လင်ပါမယားပါသားသမီးများ အမွေရခွင့်ရှိသည် ဟူသော အယူခံတရားပြိုင်ဘက်မှ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ထိုသို့ ခြောက်ပုံတစ်ပုံရခွင့်ရှိကြောင်းပြဆိုသည့် ဓမ္မသတ်များသည် တစ်လင်တစ်မယားရှိသော အိမ်ထောင်နှင့်သာ သက်ဆိုင်သည်။ မယား ပြိုင်များရှိသော အိမ်ထောင်နှင့် သက်ဆိုင်သော ဓမ္မသတ်များ မရှိသည် ကတစ်ကြောင်း၊ လင်ပါမယားပါသားသမီးများသည် ဖခင်ရင်း၏ ဝေစုကို သာလျှင် အထိုက်အလျောက် အမွေရခွင့်ရှိသည်ကတစ်ကြောင်းတို့ ကြောင့် ထိုတင်ပြချက်ကို လက်ခံရန်အကြောင်းမမြင်ချေ။

မိခင်ရင်း ကွယ်လွန်စဉ်က အမွေမတောင်းခဲ့သော လင်ပါသား သမီးသည် ၎င်းတို့၏ ဖခင်ရင်း ကွယ်လွန်သောအခါ မိခင်ထံမှ ရရှိသည့် ဝေစုအပြင် ဖခင်ရင်း၏ အပြီးအပိုင်ရရှိပြီးဖြစ်သည့် ဝေစုကိုလည်း မိထွေးနှင့် ပူးတွဲအမွေဆက်ခံသည်။ ထိုဝေစုအားလုံးကို မိထွေးတစ်ဦး တည်းကသာလျှင် ဆက်ခံကြောင်း မည်သည့်ဓမ္မသတ်၊ မည်သည့်စီရင် ထုံးကမျှ ပြဆိုခြင်းမရှိပေ။

**ပစ္စည်းခွဲဝေပေး စေလိုမှု၊ လင်မယားနှစ်ဦးအတူပိုင်ဆိုင်သော မြေကွက်ကိုမယားဖြစ်သူကလင်သဘောမတူဘဲ သူတစ်စိမ်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ရောင်းချခဲ့ရာ မယား ဖြစ်သူ၏ ဝေစုသာအတည်ဖြစ်ပြီး ခင်ပွန်းဖြစ်သူ၏ ဝေစု အတည်မဖြစ်သော အခြေအနေတွင် ခင်ပွန်းဖြစ်သူနှင့် မြေကွက်ဝယ်ထားသူတို့သည် မြေကွက်ကို တစ်ဝက်စီသာ ပိုင်ဆိုင်ခွင့်ရှိမရှိ၊ လင်ဖြစ်သူက မြေကွက်ဝယ်ထားသူ အပေါ်အတည် မဖြစ်သော ၎င်း၏ ဝေစုအတွက်ပစ္စည်း ခွဲဝေပေး စေလိုမှုစွဲဆိုခွင့်ရှိမရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။လင်နှင့်မယားတို့သည် မိမိတို့နှစ်ဦးပိုင်ပစ္စည်းကို နှစ်ဦးသဘောတူညီလျှင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း စသည်တို့ကိုပြုလုပ်ခွင့်ရှိသည်။ လင်ကဖြစ်စေ၊ မယားက ဖြစ်စေ ၎င်း၏ သဘောဆန္ဒကို အထင်အရှား မဟုတ်သော်လည်း အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီချက်ရရှိလျှင်လည်း နှစ်ဦးပိုင်ပစ္စည်းကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်။ သို့ရာတွင် လင်မယားနှစ်ဦးအနက် တစ်ဦးသည် ကျန်တစ်ဦး၏ သဘောတူညီချက်မရရှိလျှင် နှစ်ဦးပိုင် ပစ္စည်းမှ ထိုသဘောမတူသူ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းရောင်းချခြင်း မပြုနိုင်ပေ။

အမှုတွင် ဒေါက်တာ ဦးတင်ဦး၏ သဘောတူညီချက်မရရှိဘဲ ဇနီးဖြစ်သူ ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားက ဒေါ်အေးအေးသန်းကိုမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၁၄၆/၉၇ဖြင့် အချင်းဖြစ် ပစ္စည်းကို ရောင်းချခြင်းသည် ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထား၏ ဝေစုဖြစ်သော အစိတ်အပိုင်းသာအတည်ဖြစ်သော်

လည်း ခင်ပွန်းဖြစ်သူ ဒေါက်တာဦးတင်ဦး၏ ဝေစုဖြစ်သည့် စာမျက်နှာ အစိတ်အပိုင်းနှင့် ပတ်သက်၍ တရားဝင်လွှဲပြောင်း ရောင်းချရာ မရောက်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။အဆိုပါ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်တွင် မူလရုံးတရားလို ဒေါက်တာ ဦးတင်ဦး၏ အကျိုးခံစားခွင့်နှင့်သက်ဆိုင်သမျှ ပျက်ပြယ်ကြောင်းတရားရုံးချုပ်တရားမ ပထမအယူခံမှု အမှတ် ၂၇၁/၂၀၀၀ ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်လျက် ရှိသည်။ လင်မယားနှစ်ဦး ပိုင်ပစ္စည်းတွင် လင်နှင့်မယားတို့သည် အညီအမျှအကျိုး ခံစားခွင့်ရှိသည်။ **မခင်နှင့် မောင်ဖိုးစိန်အမှု** [၃] ကိုကြည့်ပါ။ ရောင်းချခဲ့သော အချင်းဖြစ်ပစ္စည်းတွင် လင်ဖြစ်သူ တရားလို ဒေါက်တာ ဦးတင်ဦး၏ ဝေစုထက်ဝက်သည် ပယ်ဖျက်ခဲ့ပြီး ဖြစ်ရာ ယင်းပစ္စည်းအပေါ်တွင် ဒေါက်တာဦးတင်ဦးအနေဖြင့် ဒေါ်အေးအေးသန်းနှင့် အတူပူးတွဲပိုင်ဆိုင်ခွင့်ရရှိသည်မှာ ထင်ရှားသည်။

ဤအခြေအနေတွင် ဝယ်ယူသူမူလရုံးတရားပြိုင် ဒေါ်အေးအေး သန်းနှင့် မူလရုံးတရားလို ဒေါက်တာ ဦးတင်ဦးတို့သည် အချင်းဖြစ် မြေကွက်ပေါ်တွင် တစ်ဝက်စီပူးတွဲပိုင်များ အဖြစ်တည်ရှိနေမည်ဖြစ်သည်။ အချင်းဖြစ်မြေကွက်ကို ဒေါ်အေးအေးသန်းက မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူပြီး လက်ရောက်ရယူထားသည်ဟုဆိုသော်လည်း အချင်းဖြစ် မြေကွက်တွင် ဒေါက်တာ ဦးတင်ဦးသည် ပူးတွဲပိုင်ရှင်အဖြစ်အခွင့် အရေးအညီအမျှရရှိသည်။ ထို့ပြင် လင်မယားနှစ်ဦး ပိုင်လက်ရှိထားသော မြေကွက်ကို လင်သဘောတူညီချက်မရဘဲ ရောင်းချရာတွင် လင်၏အကျိုးခံစားခွင့် တစ်ဝက်သည်

အတည်မဖြစ်သည့်အလျောက် ယင်းပစ္စည်းအပေါ်တွင် ဥပဒေ စာမျက်နှာ သဘောအရ လင်သည်လက်ရှိထား မြဲဖြစ်သည်မှာ မြင်သာသည်။ သို့ဖြစ်၍ အချင်းဖြစ်ပစ္စည်းကို တရားလိုနှင့်တရားပြိုင်တို့အကျိုး ခံစားမှု သို့မဟုတ် အခွင့်အရေးအညီအမျှ ရရှိသည့်အပြင်အချင်းဖြစ် ပစ္စည်းတွင် တရားလိုနှင့်တရားပြိုင်တို့သည် အညီအမျှလက်ရှိဖြစ်ကြောင်း ပေါ်ပေါက်သည့် အခြေအနေတွင် ပူးတွဲပိုင်ဆိုင်သူတစ်ဦးက အခြားပူးတွဲ ပိုင်ဆိုင်သူတစ်ဦးအပေါ် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုရန်သာ ရှိပေသည်။

ဒေါက်တာဦးတင်ဦး ၅၂
(၎င်းကိုယ်စားလှယ်စာရသူ နှင့် ဒေါ်အေးအေးသန်း
ဦးကျော်ကျော်)

**အမွေပုံစီမံခန့်ခွဲပေးစေလိုမှု၊ အစ္စလာမ်ဘာသာဝင် အမွေရှင်မိခင် ကျန်ရစ်သော အမွေကိုမူလကတည်းက ဗုဒ္ဓဘာသာဝင် ကိုးကွယ်သူသမီးက အမွေဆက်ခံခွင့် ရှိမရှိ။ The Caste Disabilities Removal Act သည် ဘာသာကူးပြောင်း ကိုးကွယ်ခြင်းကြောင့် မူလကိုးကွယ်ခဲ့သည့် ဘာသာအရ အမွေဆက်ခံ ရရှိခွင့်ကို မဆုံးရှုံးစေရန် ရည်ရွယ်ခြင်းသာ ဖြစ်သည်။**

**ဆုံးဖြတ်ချက်။** ။မြန်မာနိုင်ငံရှိ တရားရုံးများတွင် အမွေဆက်ခံရေး၊ အမွေခွဲဝေရေးစသည်တို့နှင့် ပတ်သက်၍ အမှုဖြစ်ပွားလျှင် အမွေရှင်နှင့် သက်ဆိုင်သော မိသားစုဥပဒေအရ အဆုံးအဖြတ်ပြုရန် မြန်မာနိုင်ငံ တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃ (၁) တွင် ပြဋ္ဌာန်းထားသည်။

အမှုတွင် အမွေရှင် ဒေါ်သိန်းရှင်မှာ အစ္စလာမ်ဘာသာဝင်ဖြစ် စာမျက်နှာကြောင်း နှစ်ဘက်အငြင်းမပွားပေ။ ဒေါ်သိန်းရှင်သည် အစ္စလာမ်ဘာသာဝင်တစ်ဦးအဖြစ် ကွယ်လွန်သွားခြင်းကြောင့် ၎င်းသေဆုံးချိန်၌ ၎င်း၏ အမွေနှင့် ပတ်သက်၍ အဆုံးအဖြတ်ပြုရမည့် ဥပဒေမှာ မြန်မာနိုင်ငံ တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃(၁)အရ အစ္စလာမ်ဥပဒေဖြစ် သည်။ သို့ဖြစ်၍ ဒေါ်သိန်းရှင် ကျန်ရစ်သော အမွေပစ္စည်းများကို ၎င်း ၏မိသားစု ဥပဒေဖြစ်သော အစ္စလာမ်ဥပဒေအရ သတ်မှတ်ထားသည့် အမွေခံများက အမွေခွဲဝေကြရမည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမွေစီမံခန့်ခွဲပေးရန် စွဲဆိုသောအမှုမှာ အမွေဆိုင်များ အချင်းချင်း တရားဆိုင်သော အမှုအမျိုးအစားဖြစ်သည်။ ဒေါ်ခင်မြင့်သည် အမွေရှင် ဒေါ်သိန်းရှင်၏ အမွေဆက်ခံသူမဟုတ်သည့်အတွက် ၎င်းအား တရားပြိုင်ထား၍ ဒေါ်သိန်းရှင် ကျန်ရစ်သော အမွေကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်ရှိမည် မဟုတ်ပေ။

ထို့ကြောင့် အစ္စလာမ်ဘာသာဝင်တစ်ဦး၏ အမွေကို ဆက်ခံခွင့် မရှိသော ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်ကို မူလရုံးတရားလိုများနှင့် ပူးတွဲ ၍ အမွေခွဲဝေရန်အကြောင်း မရှိသည့်အလျောက် အမွေပုံစီမံခန့်ခွဲပေး စေလိုမှု စွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်းမြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမွေရှင်ဒေါ်သိန်းရှင်သည် အစ္စလာမ်ဘာသာဝင်အဖြစ် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေဆက်ခံခြင်းမှာ အစ္စလာမ် ဥပဒေနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်သည် အစ္စလာမ်ဘာသာဝင် ဒေါ်သိန်းရှင်၏ အမွေကို

ဆက်ခံခွင့်မရှိကြောင်း၊ အထက်တွင် သုံးသပ်တင်ပြပြီး ဖြစ်သည်။ စာမျက်နှာ
အကယ်၍ ဒေါ်ခင်မြင့်သည် မူလကမိခင်နည်းတူ အစ္စလာမ်
ဘာသာဝင် ဖြစ်ပြီး နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကူးပြောင်း
ကိုးကွယ်လျှင်မူ The Caste Disabilities Removal Act အရ
ထိုသို့ပြောင်းလဲ ကိုးကွယ်မှုကြောင့် မိခင်ထံမှ အမွေရပိုင်ခွင့်
မဆုံးရှုံးနိုင်ပေ။

ယခုအမှုတွင် ဒေါ်ခင်မြင့်သည် မူလကပင် ဗုဒ္ဓဘာသာဝင်
တစ်ဦးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်မှ ဗုဒ္ဓဘာသာဝင်သို့ ကူးပြောင်း
ကိုးကွယ်သူမဟုတ်သည့်အတွက် အထက်ပါ အက်ဥပဒေနှင့်
သက်ဆိုင် ခြင်းမရှိပေ။ အဆိုပါအက် ဥပဒေသည် ကွယ်လွန်သူနှင့်
ကိုးကွယ်သည့် ဘာသာချင်း မတူခြင်းကြောင့် အမွေဆက်ခံခွင့်
ပိတ်ပင်ခြင်းကို ဖယ်ရှား ရန် မရည်ရွယ်ချေ။ ဘာသာကူးပြောင်း
ကိုးကွယ်ခြင်းကြောင့် မူလ ကိုးကွယ်ခဲ့သည့် ဘာသာအရ
အမွေဆက်ခံရရှိခွင့်ကို မဆုံးရှုံးစေရန် ရည်ရွယ်ခြင်းသာ ဖြစ်ပေသည်။

ဒေါ်မာလာ ပါ ၅ နှင့် ဒေါ်မြင့်မြင့်ခိုင် ပါ ၄ ၁

**ပစ္စည်းခွဲဝေခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပါ**
**ပစ္စည်း လွှဲပြောင်းခြင်းတစ်ရပ်ရပ်နှင့် အကျုံးမဝင်ခြင်း၊**
**ပစ္စည်း ခွဲဝေခြင်းကို စာဖြင့် ရေးသားရန်**
**လိုအပ်ကြောင်းပြဋ္ဌာန်း ချက်မရှိ၍ နှုတ်ဖြင့်**
**သဘောတူဆောင်ရွက်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းခွဲဝေခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း စာမျက်နှာ အက်ဥပဒေပါ ပစ္စည်းလွှဲပြောင်းခြင်း တစ်ရပ်ရပ်နှင့် အကျုံးမဝင်ချေ။ စာနှင့်ရေးသားရန် ဥပဒေအရ အတိအလင်း မလိုအပ်သည့်ကိစ္စရပ်များတွင် စာမရေးသားဘဲ ပစ္စည်းလွှဲပြောင်းနိုင်သည်ဟု ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည်။ ပစ္စည်းခွဲဝေခြင်းကို စာဖြင့် ရေးသားရန်လိုအပ်ကြောင်း ပြဋ္ဌာန်းချက်မရှိ၍ နှုတ်ဖြင့်သဘောတူဆောင်ရွက်နိုင်သည်။

အမှုတွင်ပေါ်ပေါက်သော ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့၏ အချင်းဖြစ်နေအိမ်တွင် နှစ်ဦးသဘောတူ သီးသီးခြားခြားနေထိုင်ပြုမူ ပုံကို ထောက်ရှုပါက ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်တွင် ၎င်းတို့၏ အကျိုးခံစားခွင့်ကို အပြီးအပြတ်ခွဲဝေပြီး ဖြစ်သည်ဟုသာ ကောက်ယူ ရမည်ဖြစ်သည်။

ဦးအောင်ဝင်း ပါ ၃ ၁၃
(ကွယ်လွန်သူဦးစောဖေ၏ နှင့် ဦးကျော်ညွှန့်
တရားဝင်ကိုယ်စားလှယ်များ)

**နှစ်ဦးပူးတွဲဂရန်အမည်ပေါက်ဂရန်မြေတွင် မြေကွက်တစ်ခြမ်းကို ဂရန်အမည်ပေါက်သူတစ်ဦးက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီချမှတ်ပေးရန်တရားစွဲဆိုနိုင်ခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုသော အမှုတွင်ထိုပုဒ်မအရ တရားလိုကတောင်းဆိုသည့် မြွက်ဟ

ဒီကရီကို တရားရုံးကခွင့်ပြုရာတွင်အလွယ်တကူခွင့်ပြုရန်မဟုတ်ချေ။ စာမျက်နှာ တရားရုံးမှဆင်ခြင်တုံတရားအတိုင်းသာအသုံးပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာ အာဏာပိုင်/ဌာန ကို ဂရန်ခွဲစိတ်ပေးရန်လျှောက်ထားနိုင်သည့် အခွင့်အရေးရှိနေသော အခြေအနေတွင် တရားရုံးကတရားလိုအား ၎င်းတောင်းဆိုသည့် အတိုင်း အချင်းဖြစ် မြေကွက်၏တစ်ခြမ်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးရန်သင့် မြတ်မည်မဟုတ်ချေ။

ဦးလှမြင့်                         နှင့်                         ဒေါ်ဂျူဘီ                    ၈၈

ခွင့်ပြုချက်ဖြင့်ထားသော အချင်းဖြစ်မြေကွက်မှ ဖယ်ရှား ထွက်ခွာ ပေးစေလိုမှု။

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃(ခ) ၏ ခြွင်းချက်အရ လယ်ယာမြေဟူသော စကားရပ်၌ မြို့ရွာအတွင်း တည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် မြေမပါ ဝင်ခြင်း။

လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်။

ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုကြောင်း စွဲဆိုမှုကို ၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၆ က တားမြစ်ပိတ်ပင်ထားမှုမရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃ (ခ) ၏ ခြွင်းချက်တွင် လယ်ယာမြေဟူသော စကားရပ်၌

မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် စာမျက်နှာ မြေမပါဝင်ကြောင်း ဖော်ပြထားသည်။

ဤအမှုတွင် အချင်းဖြစ်မြေသည် မြေစာရင်း၌ာန၌ ဥယျာဉ်ခြံမြေဟု အမည်ပေါက်ဆဲဖြစ်သော်လည်း အစိုးရက ကြေညာ၍ ပြန်လည်သိမ်းယူကြောင်း သို့မဟုတ် သီးစားချထား ရေးဥပဒေပုဒ်မ ၃ အရ သီးစားချထားပြီးဖြစ်ကြောင်း သို့တည်း မဟုတ် ယင်းသို့တစ်နည်းနည်းပြုလုပ်ရန် လက်ငင်းအစီအစဉ် ရှိကြောင်း သက်သေခံချက်များ အခိုင်အမာအခြေအမြစ် ရှိရှိ ပေါ်ပေါက်ခြင်း မရှိချေ။

အချင်းဖြစ်မြေကွက်တည်ရှိရာ မော်လမြိုင်မြို့၊ ဈေးကြို ရပ်ကွက်သည် မြို့နယ်စည်ပင်သာယာရေးနယ်နမိတ်အတွင်း တည်ရှိပြီး လူနေရပ်ကွက်ဖြစ်ကြောင်း သက်သေခံချက်အရ ပေါ်ပေါက်နေပေရာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက် ဥပဒေပုဒ်မ ၃(ခ) ခြွင်းချက်ပါ ပြဋ္ဌာန်းချက်အရ အချင်းဖြစ် မြေသည်လယ်ယာမြေတွင်အကျုံးမဝင်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက် ဥပဒေပုဒ်မ ၃၆ တွင်လျှော်ကြေးကိစ္စနှင့် အုပ်ထိန်းသူခန့်အပ် ခြင်းကိစ္စတို့မှ တစ်ပါးထိုအက်ဥပဒေပါမည်သည့်အခြားကိစ္စကို မျှတရားမရုံးက စီရင်ပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။

"အက်ဥပဒေပါအခြားကိစ္စများ" ဆိုသည်မှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄ အရ လယ်ယာမြေကို လွှဲပြောင်းခြင်း၊ ပုဒ်မ ၅အရသိမ်းယူခြင်း၊ ပုဒ်မ ၆ အရကင်းလွတ်ခွင့်ပြုခြင်း၊ ပုဒ်မ ၇ အရ ဝေငှခြင်း၊ ပုဒ်မ ၂၉မှ ၃၂ အရဝေငှထားသည့် လယ်ယာမြေနှင့် ကင်းလွတ်ခွင့်ပြုထားသည့်

လယ်ယာမြေများကို ပြန်လည်သိမ်း ယူခြင်းတို့သာဖြစ်သည်။ စာမျက်နှာ ၎င်းကိစ္စတို့နှင့် ပတ်သက်ခြင်းမရှိလျှင် တရားမရုံး၏ စီရင်ပိုင်ခွင့် အာဏာကို ပုဒ်မ ၃၆ က ပိတ်ပင် သည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မှန်မမှန်ကိုသာလျှင် စဉ်းစားဆုံးဖြတ်ရမည်ဖြစ် သည်။ အချင်းဖြစ်မြေပိုင်ဆိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန် လို မည်မဟုတ်သကဲ့သို့ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပါ လယ်ယာမြေကို လွှဲပြောင်းခြင်း၊ သိမ်းယူခြင်း စသည့်ကိစ္စရပ်များ ကိုလည်း ဤကဲ့သို့သော အမှုမျိုးတွင် ဆုံးဖြတ်ရန်အကြောင်းမရှိပေ။ ထို့ကြောင့် အယူခံတရားလိုက အယူခံတရားပြိုင်အား မူလမှုတွင် အခမဲ့ခွင့်ပြုချက်ဖြင့် ထားသူ အား နှင်ထုတ်လိုကြောင်းကို ၁၉၅၃ခုနှစ်၊ လယ်ယာ မြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၆ က တားမြစ် ပိတ်ပင်ခြင်း မရှိဟု ဆိုရပေမည်။

| | | | |
|---|---|---|---|
| ဒေါ်ကြည်ကြည် | | ဦးတင်စူး | ၁၀၉ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမင်းဟန်) | နှင့် | (၎င်း၏အထူးကိုယ်စားလှယ် စာရေးသူဒေါ်ဖြူဖြူဝင်း) | |

၂၀၀၅

ဖေဖော်ဝါရီလ
၁၁ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေးနှင့်
ဦးမြင့်သိန်းတို့ရှေ့တွင်

ဒေါ်မာလာ ပါ ၅
နှင့်
ဒေါ်မြင့်မြင့်ခိုင် ပါ ၄ *

**အမွေပုံစီမံခန့်ခွဲပေးစေလိုမှု၊ အစ္စလာမ်ဘာသာဝင် အမွေရှင်မိခင် ကျန်ရစ်သော အမွေကိုမူလကတည်းက ဗုဒ္ဓဘာသာဝင် ကိုးကွယ်သူသမီးက အမွေဆက်ခံခွင့် ရှိမရှိ၊ The Caste Disabilities Removal Act သည် ဘာသာကူးပြောင်း ကိုးကွယ်ခြင်းကြောင့် မူလကိုးကွယ်ခဲ့သည့် ဘာသာအရ အမွေဆက်ခံ ရရှိခွင့်ကို မဆုံးရှုံးစေရန် ရည်ရွယ်ခြင်းသာ ဖြစ်သည်။**

**ဆုံးဖြတ်ချက်။** ။မြန်မာနိုင်ငံရှိ တရားရုံးများတွင် အမွေဆက်ခံရေး အမွေခွဲဝေရေးစသည်တို့နှင့် ပတ်သက်၍ အမှုဖြစ်ပွားလျှင် အမွေရှင်နှင့် သက်ဆိုင်သော မိသားစုဥပဒေအရ အဆုံးအဖြတ်ပြုရန် မြန်မာနိုင်ငံ တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃ (၁) တွင် ပြဋ္ဌာန်းထားသည်။

အမှုတွင် အမွေရှင် ဒေါ်သိန်းရှင်မှာ အစ္စလာမ်ဘာသာဝင်ဖြစ်ကြောင်း နှစ်ဘက်အငြင်းမပွားပေ။ ဒေါ်သိန်းရှင်သည် အစ္စလာမ်

---

၊ ၂၀၀၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၇

* ၂၀၀၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၀၃ တွင် ချမှတ်သော ၉-၁၀-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်ခိုင်
ပါ ၄

ဘာသာဝင်တစ်ဦးအဖြစ် ကွယ်လွန်သွားခြင်းကြောင့် ၎င်းသေဆုံးချိန်၌ ၎င်း၏ အမွေနှင့် ပတ်သက်၍ အဆုံးအဖြတ်ပြုရမည့် ဥပဒေမှာ မြန်မာနိုင်ငံ တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃(၁)အရ အစ္စလာမ်ဥပဒေဖြစ်သည်။ သို့ဖြစ်၍ ဒေါ်သိန်းရှင် ကျန်ရစ်သော အမွေပစ္စည်းများကို ၎င်း၏မိသားစု ဥပဒေဖြစ်သော အစ္စလာမ် ဥပဒေအရ သတ်မှတ်ထားသည့် အမွေခံများက အမွေခွဲဝေကြရမည် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမွေစီမံခန့်ခွဲပေးရန် စွဲဆိုသောအမှုမှာ အမွေဆိုင်များ အချင်းချင်းတရားဆိုင်သော အမှုအမျိုးအစား ဖြစ်သည်။ ဒေါ်ခင်မြင့်သည် အမွေရှင် ဒေါ်သိန်းရှင်၏ အမွေဆက်ခံသူမဟုတ် သည့်အတွက် ၎င်းအား တရားပြိုင်ထား၍ ဒေါ်သိန်းရှင် ကျန်ရစ်သောအမွေကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခွင့်ရှိမည် မဟုတ်ပေ။

ထို့ကြောင့် အစ္စလာမ်ဘာသာဝင်တစ်ဦး၏ အမွေကို ဆက်ခံခွင့်မရှိသော ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်ကို မူလရုံး တရားလိုများနှင့်ပူးတွဲ၍ အမွေခွဲဝေရန်အကြောင်း မရှိသည့် အလျောက် အမွေပုံစီမံခန့်ခွဲပေး စေလိုမှု စွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်းမြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမွေရှင်ဒေါ်သိန်းရှင်သည် အစ္စလာမ် ဘာသာဝင်အဖြစ် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေဆက်ခံခြင်းမှာ အစ္စလာမ် ဥပဒေနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်သည် အစ္စလာမ်ဘာသာဝင် ဒေါ်သိန်းရှင်၏ အမွေကို ဆက်ခံခွင့်မရှိကြောင်း၊ အထက်တွင် သုံးသပ်တင်ပြပြီး ဖြစ်သည်။ အကယ်၍ ဒေါ်ခင်မြင့်သည် မူလကမိခင်နည်းတူ အစ္စလာမ် ဘာသာဝင် ဖြစ်ပြီး နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ကူးပြောင်း ကိုးကွယ်လျှင်မူ The Caste Disabilities Removal Act အရ

၂၀၀၃
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်ခိုင်
ပါ ၄

ထိုသို့ပြောင်းလဲ ကိုးကွယ်မှုကြောင့် မိခင်ထံမှ အမွေရပိုင်ခွင့် မဆုံးရှုံးနိုင်ပေ။

ယခုအမှုတွင် ဒေါ်ခင်မြင့်သည် မူလကပင် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်မှ ဗုဒ္ဓဘာသာဝင်သို့ ကူးပြောင်း ကိုးကွယ်သူမဟုတ်သည့်အတွက် အထက်ပါ အက်ဥပဒေနှင့် သက်ဆိုင် ခြင်းမရှိပေ။ အဆိုပါအက် ဥပဒေသည် ကွယ်လွန်သူနှင့် ကိုးကွယ်သည့် ဘာသာချင်း မတူခြင်းကြောင့် အမွေဆက်ခံခွင့် ပိတ်ပင်ခြင်းကို ဖယ်ရှား ရန် မရည်ရွယ်ချေ။ ဘာသာကူးပြောင်း ကိုးကွယ်ခြင်းကြောင့် မူလကိုးကွယ်ခဲ့သည့် ဘာသာအရ အမွေဆက်ခံရရှိခွင့်ကို မဆုံးရှုံးစေရန် ရည်ရွယ်ခြင်းသာ ဖြစ်ပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဒေါ်ခင်မေသန်း<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် | - | ဦးအောင်သစ်<br>(တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၆၈ တွင် ဒေါ်လှရီပါ ၆ဦးက ဒေါ်ခင်မြင့်အပေါ် အမွေစီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်ခင်မြင့် ကွယ်လွန် သဖြင့် ၎င်း၏သားသမီးများဖြစ်ကြသော ဦးအောင်စိုးဦး၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်မိုး၊ ဦးချို၀မ်း၊ ဒေါ်ခင်မိုးလွင်တို့သည် တရားဝင် ကိုယ်စား လှယ်များအဖြစ် ပါဝင်လာကြသည်။ ယင်းအမှုတွင် တိုင်းတရားရုံးက အဆိုလွှာကို ပလပ်ကြောင်း ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင် ချက်နှင့် ဒီကရီကို ဒေါ်လှရီပါ ၆ ဦးတို့က ကျေနပ်မှုမရှိသဖြင့် ၂၀၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၀၃ အရ တရားရုံးချုပ်တွင် အယူခံ ဝင်ရောက်ရာ မအောင်မြင်ခဲ့ပေ။ ဒေါ်လှရီပါ ၆ ဦးတို့က

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်ခိုင်
ပါ ၄

တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုသည်-

"ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်သည် အစ္စလာမ်ဘာသာဝင်ဖြစ်သော ကွယ်လွန်သူ မိခင်ဒေါ်သိန်းရှင် ကျန်ရစ်သည့်အမွေပစ္စည်းများကို အမွေဆက်ခံခွင့်မရှိကြောင်း တောက်ယူဆုံးဖြတ် ခြင်းသည် ဥပဒေနှင့်ညီညွတ် မှန်ကန်ခြင်းရှိမရှိ။"

အဆိုလွှာအရ ဒေါ်သိန်းရှင်သည် ပထမအိမ်ထောင် အစ္စလာမ် ဘာသာကိုးကွယ်သူ ဦးမွန်တားနှင့် ဒေါ်ကျင်လှ၊ ဒေါ်ကျင်နီ၊ ဒေါ်လှရီ၊ ဦးထီသန်းနှင့် ဒေါ်သေးသေးတို့ကို မွေးဖွားခဲ့ပြီး ဒေါ်သိန်းရှင်သည် ဒုတိယအိမ်ထောင်ဖြစ်သည့် ဟိန္ဒူဗုဒ္ဓဘာသာကိုးကွယ်သူ ဦးစိနိဘာဘူ နှင့် သမီးဒေါ်ခင်မြင့်တို့ကို မွေးဖွားခဲ့ကြောင်း၊ ဒေါ်သိန်းရှင်သည် ၁၄-၉-၉၇နေ့တွင် အစ္စလာမ်ဘာသာဝင်အဖြစ် ကွယ်လွန်ကြောင်း၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (တောင်) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၂၁ ဟု ခေါ်တွင်သည့် အိမ်နှင့်ဥပစာတည်ရာ မြေတိုင်း ရပ်ကွက်အမှတ် ၂၆ အကွက်ဖိ ၅၊ မြေကွက်အမှတ် ၂၂၊ ၂၃ (၁၇ ပေ × ၅၀ ပေ) မြေကွက်နှင့် အိမ်ကို ဒေါ်သိန်းရှင်က မူလပိုင်ရှင် ဒေါ်တင်ရီထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ အချင်းဖြစ်အိမ်ဝင်းထဲတွင် မူလကပင် အမှတ် (၄) (၅) (၆) အယူခံတရားလိုများ၏မိခင် ဒေါ်ကျင်နီ၏ နှစ်ထပ်အိမ်တစ်လုံး ပါရှိကြောင်း၊ ဒေါ်သိန်းရှင်သည် ၎င်းမကွယ်လွန်မီက တရားပြိုင်အား အပိုင်ပေးစာချုပ်ဖြင့် အချင်းဖြစ် ဥပစာအား ပေးအပ်ခဲ့သော်လည်း မှတ်ပုံတင်စာချုပ်ဖြင့် ပေးကမ်းခဲ့ခြင်း မဟုတ်၍ တရားမဝင်ကြောင်း၊ အယူခံတရားပြိုင်သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်၍ ကွယ်လွန်သူ

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်နိုင်
ပါ ၄

အစ္စလာမ်ဘာသာဝင် ဒေါ်သိန်းရှင်၏ အမွေဝေစုကို ဥပဒေအရ မရထိုက်ကြောင်း၊ ဒေါ်သိန်းရှင်ကွယ်လွန် သည့်အခါ မရွှေ့မပြောင်းနိုင်သော မြေနှင့် နေအိမ်၊ ရွှေ၊ ကျောက်မျက်ရတနာများ ကျန်ရစ်ခဲ့ကြောင်း၊ ဒေါ်ကျင်နီမှာ ၁၃-၇-၈၇ နေ့တွင် အချင်းဖြစ် နေအိမ်၌ ကွယ်လွန်ရာ ဒေါ်ကျင်နီ၏ ပထမအိမ်ထောင်မှ သားသမီးများဖြစ်ကြသည့် ဦးသန်းဦး၊ ဒေါ်အေးမြင့်၊ ဒုတိယအိမ်ထောင် မှ သမီးဒေါ်သန်းသန်းအေးတို့ ကျန်ရစ်ခဲ့ကြောင်း၊ အမှတ် (၂) အယူခံ တရားလို ဦးထီသန်းသည် သားယောကျ်ားလေး ဖြစ်၍ အမွေပစ္စည်းများ ၏ ၅ ပုံ ၂ ပုံနှင့် ကျန်တရားလိုသမီးများမှာ ၅ ပုံ ၁ ပုံစီရ သင့်ကြောင်း အဆိုပြုသည်။

အယူခံတရားပြိုင်များက ကွယ်လွန်သူ ဒေါ်သိန်းရှင်သည် ဦးမောင်စိန် (ခ) စိနိဘာဘူ (ခ) အေကေဒတ်(စ်)နှင့် အိမ်ထောင်ကျသည့်အချိန်မှစ၍ နှစ်ပေါင်း (၆၀)ခန့် ဗုဒ္ဓဘာသာကိုးကွယ်ခဲ့ရာ မသေမီတစ်နှစ်ခန့်မှ အစ္စလာမ်ဘာသာသို့ ကူးပြောင်းဝင်ရောက်ခဲ့ပြီး အစ္စလာမ်ဘာသာဝင်အဖြစ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ် (၄) (၅) (၆) အယူခံ တရားလိုများ၏ မိခင်ဒေါ်ကျင်နီသည် ဒေါ်သိန်းရှင်ထက် အရင်ကွယ်လွန်ခဲ့ရာ အစ္စလာမ်ထုံးတမ်းအရ (၄) (၅) (၆) အယူခံ တရားလိုများသည် ဒေါ်သိန်းရှင်၏ အမွေကိုဆက်ခံခွင့် မရှိကြောင်း၊ ဒေါ်သိန်းရှင်သည် ဦးမောင်စိန်နှင့် ဒုတိယအိမ်ထောင်ပြုပြီးနောက် (၃၅) နှစ်ခန့်အကြာမှာ ဒုတိယအိမ်ထောင်၏ လက်ထက်ပွားငွေဖြင့် ၂၀-၁၂-၈၂ နေ့တွင် အချင်းဖြစ်အိမ်မြေကို ဒေါ်တင်ရီထံမှ ဝယ်ယူခဲ့ ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်အိမ်ဝင်းအတွင်း၌ အမှတ် (၄) (၅) (၆) အယူခံတရားလိုများ၏ မိဘများပိုင် နှစ်ထပ်အိမ်တစ်လုံးပါရှိသည် ဆိုခြင်းမှာ မမှန်ကြောင်း၊ အမှတ် (၁) (၂) (၃) အယူခံတရားလိုများ နှင့် အမှတ် (၄) (၅) (၆) အယူခံတရားလိုများ၏ မိခင်နှင့်အတူ ဒေါ်သိန်းရှင်တို့ ဈေးရောင်း

၂၀၀၅ / ဒေါ်မာလာ ပါ ၅ နှင့် ဒေါ်မြင့်မြင့်နိုင် ပါ ၄

စီးပွားရှာ၍ အတူဝယ်ယူပိုင်ဆိုင်သည်ဆို သော အဆိုပါပစ္စည်းများကို ဒေါ်သိန်းရှင်၏ ကျန်ရစ်သော အမွေပုံ ပစ္စည်းဟူ၍ သတ်မှတ်ပြီး ယခုအမှုပုံစံဖြင့် စွဲဆိုခွင့်မရှိကြောင်း၊ အမှတ် (၄) (၅) (၆) အယူခံတရားလိုများ ပိုင်ဆိုင်သည်ဆိုသော နှစ်ထပ်အိမ် ကို အမွေမှု၌ ပါဝင်၍ ပေးအပ်စေရန် တောင်းဆိုခွင့်မရှိကြောင်း၊ တရားစွဲဆိုရန် အကြောင်းအရာများကို မှားယွင်းပူးတွဲတင်ပြ ထားကြောင်း ဒေါ်သိန်းရှင် မသေဆုံးမီ ၁၄-၇-၉၇ နေ့တွင် အချင်းဖြစ်ဥပစာကို တရားပြိုင်ဖြစ်သူ ဗုဒ္ဓဘာသာဝင်သမီးသို့ အစ္စလာမ်ဥပဒေအရ မေတ္တာဖြင့် အပိုင်ပေးစာချုပ်ပြုလုပ်ပြီး လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ အယူခံတရားလိုများသည် ယခုအမှုကို တရားစွဲဆိုရန် အကြောင်းအရာ မပေါ်ပေါက်ကြောင်း၊ ဤအမှုကို ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ချေပသည်။

တိုင်းတရားရုံးက တရားလိုများ၏ မိခင်ဒေါ်သိန်းရှင်သည် အစ္စလာမ်ဘာသာဝင်ဖြစ်ပြီး ကွယ်လွန်ချိန်၌လည်း အစ္စလာမ်ဘာသာဖြင့် သဂြိုဟ်ခဲ့ကြောင်း၊ ဒေါ်သိန်းရှင်ကွယ်လွန်ပြီးနောက် အမွေမခွဲရသေးသည့် အချင်းဖြစ်မြေနှင့် အိမ်အပြင် ရွှေထည်ရတနာပစ္စည်းများ ကျန်ရစ်ခဲ့ခြင်းမရှိကြောင်း၊ အစ္စလာမ်ဘာသာဝင်ဖြစ်သော ဒေါ်သိန်းရှင်၏ ပေးကမ်းမှုမှာ မှတ်ပုံတင်စာချုပ်ပြုလုပ်၍ လွှဲပြောင်းပေးခြင်း မဟုတ် သောကြောင့် ပေးကမ်းမှုမမြောက်ကြောင်း၊ ဒေါ်ခင်မြင့်သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်သဖြင့် ၎င်း၏ လက်ရှိဖြစ်သော အချင်းဖြစ်မြေနှင့် အိမ်ကို အစ္စလာမ်ဘာသာဝင်များဖြစ်ကြသော အယူခံတရားလိုတို့က အစ္စလာမ် ဓလေ့ထုံးတမ်းနှင့်အညီ အမွေခွဲဝေပေးရန် တောင်းဆိုခွင့်မရှိကြောင်း၊ အမွေရထိုက်ခွင့်မရှိသူ၊ အမွေဆိုင်မဟုတ်သူအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပိုင်ခွင့် စွဲဆိုခွင့်ရှိမည်မဟုတ်ကြောင်း၊ အမှတ် (၁) (၂) (၃) အယူခံတရားလိုများက ဒေါ်သိန်းရှင်၏ အမွေပုံပစ္စည်းများအပေါ်၌ လည်းကောင်း၊

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်နိုင်
ပါ ၄

အမှတ် (၄) (၅) (၆) အယူခံတရားလိုတို့က မိခင် ဒေါ်ကျင်နီ ဆောက်လုပ်ခဲ့သည်ဆိုသော နှစ်ထပ်အိမ်အပေါ်၌ လည်းကောင်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်၍ သီးခြားစီဖြစ်သော တရားစွဲဆိုနိုင်ရန် အကြောင်းနှစ်ရပ်ကို ပူးပေါင်းစွဲဆိုထားခြင်းဖြစ်သည့်အတွက် တရားမကျင့်ထုံး ဥပဒေအမိန့် ၂ နည်း ၃ နှင့် ဆန့်ကျင်ကြောင်း သုံးသပ်၍ အဆိုလွှာကို ပလပ်ခဲ့သည်။

တရားရုံးချုပ်က ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (တောင်) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၂၁၊ အနံ ၁၇ပေ× အလျား၅၀ပေရှိ တစ်ထပ်နေအိမ် အဆောက်အဦနှင့် ယင်းနေအိမ်တည်ရှိရာမြေကွက်သည် ဒေါ်သိန်းရှင် ကွယ်လွန်စဉ် ကျန်ရစ်သည့် အမွေပစ္စည်းဖြစ်ကြောင်း၊ အဆိုပါအမွေပစ္စည်းသည် ဒေါ်ခင်မြင့် လက်ရှိဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်ဒေါ်ခင်မြင့်သည် အစ္စလာမ် ဘာသာဝင် ဒေါ်သိန်းရှင်၏အမွေကို ဆက်ခံခွင့်မရှိ၍ သွေးသားတော်စပ်မှုအရ သမီး ပင်ဖြစ်သော်လည်း အမွေခန်းမှုအရ သူစိမ်းအနေအထားသာဖြစ်ကြောင်း၊ သို့ဖြစ်၍ အစ္စလာမ် ဘာသာဝင်ဖြစ်သော မူလမှုတရားလိုတို့က ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့် အပေါ် အစ္စလာမ်ဓလေ့ထုံးတမ်းနှင့်အညီ အမွေခွဲဝေပေးရန် တောင်းဆိုခွင့် မရှိကြောင်း သုံးသပ်၍ မူလရုံးစီရင် ချက်နှင့် ဒီကရီကို အတည်ပြုပြီး အယူခံကို ပလပ်ခဲ့သည်။

မူလရုံးအမှုတွဲကို စိစစ်ရာတွင် မူလရုံးတရားလို ဒေါ်လှရီ၊ ဦးထိသန်း၊ဒေါ်သေးသေးတို့သည် ကွယ်လွန်သူ အစ္စလာမ်ဘာသာဝင် ဦးမွန်တား၊ ဒေါ်သိန်းရှင်တို့၏သားသမီးများဖြစ်ကြကြောင်း တွေ့ရှိရသည်။ ကျန်တရားလို ဦးသန်းဦး၊ ဒေါ်အေးမြင့်နှင့် ဒေါ်သန်းသန်းအေး တို့မှာ ဦးမွန်တား၊ ဒေါ်သိန်းရှင်တို့၏သမီး ဒေါ်ကျင်နီ (ကွယ်လွန်)မှ မွေးဖွားသော သားသမီးများဖြစ်၍ ဦးမွန်တားနှင့် ဒေါ်သိန်းရှင်တို့၏ မြေးများဖြစ်ကြသည်။

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်ခိုင်
ပါ ၄

ဒေါ်ကျင်နီသည် အမှုမှ အမွေရှင် ဒေါ်သိန်းရှင် အရင် ကွယ်လွန်ခဲ့သည်။ တရားလိုတို့အားလုံးသည် အစ္စလာမ်ဘာသာ ဝင်များဖြစ်ကြသည်။

မူလရုံးတရားပြိုင် ဒေါ်ခင်မြင့်သည် ဒေါ်သိန်းရှင်နှင့် ဒုတိယ အိမ်ထောင်ဖြစ်သော ဟိန္ဒူဘာသာဝင်ဦးမောင်စိန် (ခ) ဦးစိန်ဘာဘူ (ခ) အေကေဒတ်စ်တို့မှ မွေးဖွားသည့်သမီးဖြစ်ပြီး ဟိန္ဒူဗုဒ္ဓဘာသာဝင် ဖြစ်သည်။ ဒေါ်သိန်းရှင်မှာ ၁၄-၉-၉၇ ရက်နေ့တွင် ကွယ်လွန်သွားရာ မူလရုံးတရားလို ဒေါ်လှရီပါ-၆ဦးက အမွေရှင်ဒေါ်သိန်းရှင် ကျန်ရစ် သော ပစ္စည်းများနှင့် အမှတ် (၄) (၅) (၆) တရားလိုတို့ မိခင်ကျန်ရစ် သော အိမ်ကိုအမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုကြောင်းဖြင့် ဒေါ်ခင်မြင့် အပေါ်တရားစွဲဆိုခြင်းဖြစ်သည်။ အမှုအတောအတွင်း ဒေါ်ခင်မြင့်မှာ ကွယ်လွန်ခဲ့သဖြင့် ဒေါ်ခင်မြင့်၏သားသမီးများက ဒေါ်ခင်မြင့်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်၍အမှုတွင် ရင်ဆိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံရှိ တရားရုံးများတွင် အမွေဆက်ခံရေး၊ အမွေခွဲ ဝေရေး စသည်တို့နှင့် ပတ်သက်၍ အမှုဖြစ်ပွားလျှင် အမွေရှင်နှင့်သက် ဆိုင်သော မိသားစုဥပဒေအရ အဆုံးအဖြတ်ပြုရန် မြန်မာနိုင်ငံတရား ဥပဒေများ အက်ဥပဒေပုဒ်မ ၁၃ (၁) တွင် ပြဋ္ဌာန်းထားသည်။

အမှုတွင် အမွေရှင် ဒေါ်သိန်းရှင်မှာ အစ္စလာမ်ဘာသာဝင်ဖြစ် ကြောင်း နှစ်ဘက်အငြင်းမပွားပေ။ ဒေါ်သိန်းရှင်သည် အစ္စလာမ်ဘာသာ ဝင်တစ်ဦးအဖြစ် ကွယ်လွန်သွားခြင်းကြောင့် ၎င်းသေဆုံးချိန်၌ ၎င်း၏ အမွေနှင့်ပတ်သက်၍ အဆုံးအဖြတ်ပြုရမည့် ဥပဒေမှာ မြန်မာနိုင်ငံ တရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃ (၁) အရအစ္စလာမ်ဥပဒေဖြစ် သည်။ သို့ဖြစ်၍ ဒေါ်သိန်းရှင် ကျန်ရစ်သော အမွေပစ္စည်းများကို ၎င်း၏ မိသားစုဥပဒေဖြစ်သော အစ္စလာမ်ဥပဒေအရ သတ်မှတ်ထားသည့် အမွေခံများက အမွေခွဲဝေကြရမည်ဖြစ်သည်။ **ဒေါ်ပုနှင့် အာမက် အစ္စဆီး**

၂၀၀၇
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်နိုင်
ပါ ၄

**မေးဆီမားအမှု**[၁] ကို ကြည့်ပါ။

ဒေါ်သိန်းရှင်သည် မူလကဗုဒ္ဓဘာသာဝင်ဖြစ်ပြီး မကွယ်လွန်မီ အစ္စလာမ်ဘာသာသို့ ကူးပြောင်းကိုးကွယ်ကြောင်းလည်း အမှုတွင် ပေါ်ပေါက်သည်။ မူလက ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အစ္စလာမ်ဘာသာသို့ ကူး ပြောင်းသွားသူ၏ အမွေကို ၎င်း၏ ဗုဒ္ဓဘာသာဝင်ဆွေမျိုးများက ဆက်ခံ ခွင့်မရှိကြောင်း **အရှာဘီဘီ** နှင့် **မောင်ကျော်ရင်အမှု**[၂] တွင် ပြဆို ထားသည်။

ကွယ်လွန်သူ ဒေါ်သိန်းရှင်သည် အစ္စလာမ်ဘာသာဝင်တစ်ဦး ဖြစ်ပြီး သမီး ဒေါ်ခင်မြင့်သည် ဟိန္ဒူဗုဒ္ဓဘာသာဝင်ဖြစ်သည်။ မူလရုံး တရားလိုတို့၏ အဆိုလွှာအပိုဒ် ၁၅၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

အပိုဒ် ၁၅ ။ × × × × ×

> ထို့အပြင် တရားပြိုင်သည် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူဖြစ်ကြောင်း အခိုင်အမာ သိရှိ ရသဖြင့် ကွယ်လွန်သူ ဒေါ်သိန်းရှင်မှာ အစ္စလာမ် ဘာသာကိုးကွယ်သူတစ်ဦးဖြစ်၍ ၎င်း၏ အမွေကို တရားပြိုင်သည် ဥပဒေနှင့် အညီ လုံးဝရထိုက် ခွင့်မရှိပေ။

ဒေါ်ခင်မြင့်ကလည်း အမွေဆက်ခံခွင့် မရှိကြောင်း တင်ပြထား သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်သည် အစ္စလာမ်ဘာသာ ဝင် မိခင် ဒေါ်သိန်းရှင်၏ အမွေကို ဆက်ခံခွင့် မရှိပေ။

အမွေစီမံခန့်ခွဲပေးရန် စွဲဆိုသော အမှုမှာ အမွေဆိုင်များ အချင်းချင်း တရားဆိုင်သော အမှုအမျိုးအစားဖြစ်သည်။ ဒေါ်ခင်မြင့် သည် အမွေရှင် ဒေါ်သိန်းရှင်၏ အမွေဆက်ခံသူမဟုတ်သည့်အတွက်

---

**(၁) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်) စာ-၂၁**
**(၂) ဘီအယ်လ်ဘီ အတွဲ ၁၃၊ စာ - ၂၁၇**

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်နိုင်
ပါ ၄

၎င်းအား တရားပြိုင်ထား၍ ဒေါ်သိန်းရှင် ကျန်ရစ်သော အမွေကို စီမံခန့် ခွဲပေးစေလိုမှု စွဲဆိုခွင့်ရှိမည်မဟုတ်ပေ။ ဤမူသဘောကို **အကျန်ဆင် နှင့် ကိုအယွမ်အမှု**[၃]၊ **မလှမြင့်ပါ၅ နှင့် မစိန်မြိုင်ပါ၃ အမှု**[၄]၊ **ဒေါ်အုန်းရင် နှင့် ဒေါ်ငွေရီအမှု**[၅] များတွင် တွေ့မြင်နိုင်သည်။

ထို့ကြောင့် အစ္စလာမ်ဘာသာဝင်တစ်ဦး၏ အမွေကို ဆက်ခံခွင့် မရှိသော ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်ကို မူလရုံးတရားလို များနှင့် ပူးတွဲ ၍ အမွေခွဲဝေရန်အကြောင်းမရှိသည့်အလျောက် အမွေပုံစီမံခန့်ခွဲပေး စေလိုမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း မြင်သာသည်။

သို့ရာတွင် တရားရုံးချုပ် အထူးခုံရုံးက The Caste Disabilities Removal Act, 1850 ပုဒ်မ ၁ ပါ ပြဋ္ဌာန်းချက်ကို ကိုးကား၍ အမွေဆက်ခံရမည့်သူက ကွယ်လွန်သူနှင့် ဘာသာမတူသည်ကိုအကြောင်းပြု၍ အမွေဆက်ခံခွင့် ပိတ်ပင်ထားခြင်းကို ဖယ်ရှားရန်သာ ဖြစ်ကြောင်း၊ တရားရုံးချုပ်က တရားမ ပထမအယူခံမှုတွင် ဒေါ်ခင်မြင့်သည်ကွယ်လွန် သူအစ္စလာမ်ဘာသာဝင်ဖြစ်သော မိခင်ဒေါ်သိန်းရှင်၏သမီးဖြစ်သော် လည်း ဘာသာခြားနားမှုကို အကြောင်းပြု၍ ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်မရှိဟု ကောက်ယူခဲ့ကြောင်း သုံးသပ်ခဲ့ခြင်း မှန်မမှန်ပြန်လည် စိစစ်နိုင်ရန် အထက်ပါပြဿနာကို ထုတ်နုတ်ခဲ့ခြင်းဖြစ်သည်။

အမွေရှင်ဒေါ်သိန်းရှင်သည် အစ္စလာမ်ဘာသာဝင်အဖြစ် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ အမွေဆက်ခံခြင်းမှာ အစ္စလာမ်ဥပဒေနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်သည် အစ္စလာမ်ဘာသာဝင် ဒေါ်သိန်းရှင်၏ အမွေကိုဆက်ခံခွင့်မရှိကြောင်း၊

---

(၃) အေအိုင်အာရ် ၁၉၃၇ ရန်ကုန် ၄၉၇

(၄) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်) စာ - ၅၉

(၅) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံး စာ-၉၃

၂၀၀၅
ဒေါ်မာလာ
ပါ ၅
နှင့်
ဒေါ်မြင့်မြင့်နိုင်
ပါ ၄

**အထက်တွင် သုံးသပ်တင်ပြပြီးဖြစ်သည်။ အကယ်၍ ဒေါ်ခင်မြင့်သည် မူလက မိခင်နည်း တူ အစ္စလာမ်ဘာသာဝင်ဖြစ်ပြီး နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကူးပြောင်း ကိုးကွယ်လျှင်မူ The Caste Disabilities Removal Act အရ ထိုသို့ ပြောင်းလဲကိုးကွယ်မှုကြောင့် မိခင်ထံမှ အမွေရပိုင်ခွင့် မဆုံးရှုံးနိုင်ပေ။**

ယခုအမှုတွင် ဒေါ်ခင်မြင့်သည် မူလကပင်ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်မှ ဗုဒ္ဓဘာသာဝင်သို့ ကူးပြောင်း ကိုးကွယ်သူမဟုတ်သည့်အတွက် အထက်ပါဥပဒေနှင့်သက်ဆိုင်ခြင်း မရှိပေ။ အဆိုပါအက်ဥပဒေသည် ကွယ်လွန်သူနှင့် ကိုးကွယ်သည့် ဘာသာချင်းမတူခြင်းကြောင့် အမွေဆက်ခံခွင့်ပိတ်ပင်ခြင်းကို ဖယ်ရှား ရန်မရည်ရွယ်ချေ။ ဘာသာကူးပြောင်းကိုးကွယ်ခြင်းကြောင့် မူလကိုးကွယ်ခဲ့သည့်ဘာသာအရ အမွေဆက်ခံရရှိခွင့်ကို မဆုံးရှုံး စေရန် ရည်ရွယ်ခြင်းသာဖြစ်ပေသည်။

ထို့ပြင်တရားမမှုများတွင် အဆိုအချေပေါ်တွင် အမှု အနိုင်အရှုံးကို ဆုံးဖြတ်ရသည်။ မူလရုံးအနေဖြင့်လည်းကောင်း၊ အယူခံရုံးအနေဖြင့် လည်းကောင်း၊ အဆိုအချေနှင့် ကွဲလွဲသည့်ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့် မပေးနိုင်ပေ။ **အေအက်စ်၊ ပီ၊ အက်စ် ကေအာရ်ဂရုပန် ချစ်တီးယား နှင့် အေချက်ကလင်ဂန် ချစ်တီးယားအမှု**(၆) ကို ရည်ညွှန်း သည်။

ထို့ကြောင့် မူလရုံးတရားလိုတို့က ဒေါ်ခင်မြင့်သည် ဒေါ်သိန်းရှင်၏ အမွေဆက်ခံခွင့်မရှိကြောင်း အတိအလင်း အဆိုပြုစွဲဆိုခြင်းနှင့် ကွဲလွဲ၍ အမွေဆက်ခံခွင့်ရှိကြောင်း ဤရုံးအနေ ဖြင့် ဆုံးဖြတ်ရန်သင့်မည် မဟုတ်ချေ။

သို့ဖြစ်၍ တရားရုံးချုပ်သည် မူလရုံးက တရားလိုစွဲဆိုသော အမွေစီမံခန့်ခွဲပေးစေလိုမှုကို ပလပ်သည့် စီရင်ချက်နှင့် ဒီကရီအား

(၆) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၄၆ (တရားလွှတ်တော်)

၂၀၀၅ / ဒေါ်မာလာ ပါ ၅ နှင့် ဒေါ်မြင့်မြင့်နိုင် ပါ ၄

အတည်ပြုခြင်းသည် ဥပဒေနှင့် ညီညွတ်သည်။

ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

"ဗုဒ္ဓဘာသာဝင် ဒေါ်ခင်မြင့်သည် အစ္စလာမ်ဘာသာဝင်ဖြစ်သော ကွယ်လွန်သူ မိခင်ဒေါ်သိန်းရှင် ကျန်ရစ်သည့် အမွေပစ္စည်းများကို အမွေဆက်ခံခွင့်မရှိကြောင်း ကောက်ယူဆုံးဖြတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ကြောင်း"

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ် လိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀/-ကျပ် သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

+ ၂၀၀၅
ဇန်နဝါရီလ
၂၈ ရက်

### တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့် ဦးတင်အေးတို့ရှေ့တွင်

### ဦးအောင်ဝင်း ပါ ၃
### (ကွယ်လွန်သူဦးစောဖေ၏တရားဝင်ကိုယ်စားလှယ်များ)
### နှင့်
### ဦးကျော်ညွန့် *

ပစ္စည်းခွဲဝေခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပါ ပစ္စည်း လွှဲပြောင်းခြင်းတစ်ရပ်ရပ်နှင့် အကျုံးမဝင်ခြင်း၊ ပစ္စည်း ခွဲဝေခြင်းကိုစာဖြင့် ရေးသားရန် လိုအပ် ကြောင်းပြဋ္ဌာန်းချက်မရှိ၍ နှုတ်ဖြင့်သဘောတူ ဆောင်ရွက်နိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။ပစ္စည်းခွဲဝေခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပါ ပစ္စည်းလွှဲပြောင်းခြင်း တစ်ရပ်ရပ်နှင့် အကျုံးမဝင်ချေ။ စာနှင့်ရေးသားရန် ဥပဒေအရ အတိအလင်း မလိုအပ်သည့်ကိစ္စရပ် များတွင် စာမရေးသားဘဲ ပစ္စည်းလွှဲပြောင်းနိုင်သည်ဟု ပစ္စည်းလွှဲပြောင်း ခြင်း အက်ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည်။ ပစ္စည်းခွဲဝေခြင်းကို စာဖြင့် ရေးသားရန်လိုအပ်ကြောင်း ပြဋ္ဌာန်းချက်မရှိ၍ နှုတ်ဖြင့်

---

* ၂၀၀၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆၉

\+ ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၈ တွင် ချမှတ်သော ၆-၄-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

သဘောတူဆောင်ရွက်နိုင်သည်။

အမှုတွင်ပေါ်ပေါက်သော ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့၏ အချင်းဖြစ်နေအိမ်တွင် နှစ်ဦးသဘောတူ သီးသီးခြားခြားနေထိုင်ပြုမူ ပုံကို ထောက်ရှုပါက ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်တွင် ၎င်းတို့၏ အကျိုးခံစားခွင့်ကို အပြီးအပြတ်ခွဲဝေပြီး ဖြစ်သည်ဟုသာ ကောက်ယူ ရမည်ဖြစ်သည်။

အယူခံတရားလိုများအတွက် - ဦးမြဟန်
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ဦးမင်းလွင်
(တရားရုံးချုပ်ရှေ့နေ)

တနင်္သာရီတိုင်း တရားရုံး (မြိတ်ရုံးထိုင်) ၂၀၀၁ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၂ တွင် မူလရုံးတရားလို ဦးကျော်ညွန့်က ဦးအောင်ဝင်းနှင့် ဦးစောဖေတို့အပေါ် မိမိပိုင်ပစ္စည်းမဟုတ်မှန်း သိလျက်နှင့် အဓမ္မလက်ရှိရယူထားသော နေအိမ်တစ်ခြမ်းအား ပိုင်ရှင်သို့ လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုရာပလပ်ခြင်း ခံရသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုမူလရုံးတရားလိုဦးကျော်ညွန့်က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ် တွင် ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၈ အရ အယူခံတင်သွင်းရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကို ပယ်ဖျက်ပြီး ဦးကျော်ညွန့်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ဦးအောင်ဝင်းတို့က ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါ ပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံကို ဝင်ခွင့်ပြုခဲ့သည်-

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

၁။ အမှုတွဲရှိ သက်သေခံချက်များအရ ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့နှစ်ဦးအတူ ပူးတွဲပိုင်ဆိုင်သည့် နေအိမ်တွင် ၎င်းတို့၏ အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ခွဲဝေပြီးခြင်းရှိမရှိ၊

၂။ ဦးမောင်တင်၏သမီးများ ဖြစ်ကြသော မငွေရီတို့ ၃ဦး က အချင်းဖြစ်နေအိမ် အစိတ်အပိုင်းကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိမရှိ။

အဆိုလွှာအရ မူလရုံးတရားလို ဦးကျော်ညွန့်က အချင်းဖြစ် ပျဉ်ထောင်၊ ပျဉ်ခင်း၊ မနိမ့်မိုး၊ အောက်ထပ်တံခါးလေးပေါက်ရှိ နေအိမ် ဟောင်းကြီးတစ်ဆောင်တွင် မြောက်ဘက်ခြမ်း၊ အထက်အောက် တံခါး နှစ်ပေါက် အစိတ်အပိုင်းကို ဦးမောင်တင်မှ လည်းကောင်း၊ တောင်ဘက် ခြမ်း၊ အထက်အောက် တံခါးနှစ်ပေါက် အစိတ်အပိုင်းကို ဦးအောင်ဝင်းက လည်းကောင်း၊ မှတ်ပုံတင်စာချုပ်အမှတ် ၁၀၃/၇၄ အရ ဝယ်ယူ ပိုင်ဆိုင်ခဲ့ကြကြောင်း၊ ဦးမောင်တင် မိသားစုက မြောက်ဘက်ခြမ်း အပေါ်ထပ်တွင်လည်းကောင်း၊ အမှတ် (၁) တရားပြိုင်ဦးအောင်ဝင်းက တောင်ဘက်ခြမ်းတွင်လည်းကောင်း အလယ်မှသီးခြား ဝါးထရံ (ယိုင်) ကာရံပြီး သီးခြားလှေခါးနှစ်ပေါက် ဖြင့် သီးခြားစီနေထိုင်လာခဲ့ကြကြောင်း၊ ဦးမောင်တင်သည် ၂၀-၁၀- ၈၈ နေ့တွင် အသတ်ခံရကြောင်း၊ အချင်း ဖြစ် မြောက်ဘက်ခြမ်း အပေါ်ထပ်တွင် ဦးမောင်တင်၏သမီးများဖြစ် ကြသည့် မငွေရီ၊ မငွေစန်း၊ မဌေးဌေးဝင်းတို့ ဆက်လက်နေထိုင်လာခဲ့ကြပြီး ဦးအောင်ဝင်း၏ ခြိမ်းခြောက်ဟန့်တားမှုကြောင့် မငွေရီတို့သည် နေအိမ်၌ ဆက်လက်မနေထိုင်တော့ဘဲ ကန်ဖျားရပ်ကွက်တွင် ခေတ္တ ပြောင်း ရွှေ့နေထိုင်ခဲ့ကြောင်း၊ အချင်းဖြစ်နေအိမ် အဆောက်အအုံမှာ လူများနေထိုင်ရန် အန္တရာယ်ရှိသော အဆောက်အအုံဖြစ်၍

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

သက်ဆိုင် ရာမှ ဖြိုဖျက်ရန် အမိန့်ထုတ်ထားစဉ် ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်းသည် တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း ကာရံထားသော (ယိုင်) တို့ကို ဖြိုဖျက်ပြီး တံခါးဘောင် များနှင့် လှေခါးကို ဖြုတ်ပစ်ကြောင်း၊ မြောက်ဘက်ခြမ်း အဝင်အထွက် တံခါးပေါက်ကိုလည်း လုံးဝပိတ်ပစ်၍ မြောက်ဘက် အပေါ်ထပ်သို့ ကျူးကျော်ဝင်ရောက်ပြီး အိမ်အဆောက်အအုံ တစ်ဆောင်လုံး ပြုပြင်ကာ အဓမ္မလက်ရောက် ရယူထားခဲ့ကြောင်း၊ ထို့နောက်အမှတ် (၁) တရား ပြိုင် ဦးအောင်ဝင်းသည် အမှတ်(၂) တရားပြိုင် ဦးစောဖေကို အိမ် မြောက်ဘက်ခြမ်း အိမ်နံဘေးနေရာတွင် ငှားရမ်းထားကြောင်း၊ မငွေရီ တို့က ၎င်းတို့ပိုင်ဆိုင်သော နေအိမ်မြောက်ဘက်ခြမ်း၊ အပေါ်အောက် တံခါးနှစ်ပေါက် တစ်ခြမ်းအား မြေငှားဂရန်ရရှိထားသူ ဦးတင်ဝင်းအား မှတ်ပုံတင် စာချုပ်အမှတ် ၁၄/၉၁ အရ ရောင်းချခဲ့ကြောင်း၊ ဦးတင်ဝင်း က တစ်ဖန် ထိုဥပစာကို တရားလို ဦးကျော်ညွန့်သို့ မှတ်ပုံတင်စာချုပ် အမှတ် ၂၆/၉၂အရ ရောင်းချခဲ့ရာ ဦးကျော်ညွန့်က အချင်းဖြစ် ဥပစာ အား တရားဝင်ပိုင်ဆိုင်လာကြောင်း၊ အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်းက မူလရုံးတရားလို ဦးကျော်ညွန့်ပိုင် ဥပစာအား လက်ရောက် ပေးအပ်ခြင်းမရှိ၍ တရားလိုဦးကျော်ညွန့်က တရားပြိုင် ဦးအောင်ဝင်း နှင့် အိမ်ငှားများအပေါ် တနင်္သာရီတိုင်းတရားရုံး (မြိတ်ခရိုင်)တွင် တရားမကြီးမှုအမှတ် ၁/၉၅ဖြင့် တရားစွဲဆိုခဲ့ရာ ပလပ်ခြင်း ခံခဲ့ရ ကြောင်း၊ တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ် ၈၂/၉၇ တွင် တနင်္သာရီတိုင်းတရားရုံး (မြိတ်ခရိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တိုင်းတရားရုံးတွင် အမှုကို ဆက်လက်စွဲဆိုရန် အမိန့်ချ မှတ်ခဲ့သဖြင့် ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း စသည်ဖြင့် အဆိုပြု သည်။

အမှတ် (၁) မူလရုံး တရားပြိုင် ဦးအောင်ဝင်းက အချင်းဖြစ်

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

ဥပစာသည် မူလဂရန်အမည်ပေါက် ဦးဘဖေ၏သား ဦးတင်ဝင်းက ဦးအောင်ဝင်းအား ဂရန်စာရွက်စာတမ်းများနှင့်အတူ ပစ္စည်းလက်ရောက်ပေးအပ်၍ ရောင်းချခဲ့ကြောင်း၊ အဆိုပါမြေပေါ်ရှိ နေအိမ်ဟောင်းကြီးတစ်ဆောင်ကိုမူ အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့ နှစ်ဦးက ၁၃-၉-၇၄ ရက်စွဲပါ အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၁၀၃/၇၄ ဖြင့် ဝယ်ယူပြီး လက်ရှိနေထိုင်လာခဲ့ကြကြောင်း၊ ထိုဥပစာတွင် ယခင်အိမ်ရှင်ဟောင်းများ လက်ထက်က ကျန်ရစ်ခဲ့သော ဦးစောဖေအပါအဝင် အိမ်ငှားတို့အား ဆက်လက်၍ အိမ်ငှားအဖြစ် နေထိုင်စေခဲ့ကြောင်း၊ မြိတ်အရှေ့မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၆/၇၉ ၏ ဆုံးဖြတ်ချက်အရ အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့သည် နှစ်ဦးပူးတွဲပိုင်ဆိုင် ကြောင်း မြွက်ဟဒီကရီကိုရရှိခဲ့ကြောင်း၊ မူလအိမ်ဟောင်းတွင် ဦးမောင်တင်နှင့်ပူးတွဲ ပိုင်ဆိုင်သော်လည်း နောက်ပိုင်းတွင် ဦးမောင်တင်က ၎င်း၏ အိမ်ပူးတွဲပိုင်ဆိုင်မှုထက်ဝက်ကို တန်ဖိုးထား၍ အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်းထံမှ ရောင်းဘိုးငွေများ ရယူထားကြောင်း၊ ၁၉၈၈ ခုနှစ် ဦးမောင်တင် ကွယ်လွန်ပြီး နောက်ပိုင်း ဦးမောင်တင်၏ သမီးများဖြစ်ကြသော မငွေရီပါ (၃) ဦးက ဦးအောင်ဝင်းအား အချင်း ဖြစ်ဥပစာကို လွှဲအပ်ထွက်ခွာသွားခဲ့ကြောင်း၊ ဦးအောင်ဝင်းသည် ၁၉၈၈ ခုနှစ်မှစပြီး အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ဟောင်း နှင့် အခွင့်အရေးအားလုံးကို တစ်ဦးတည်းပိုင်ဖြစ်လာခဲ့ကြောင်း၊ မူလရုံးတရားလိုဦးကျော်ညွန့်သည် တရားမဝင်သော စာချုပ်စာတမ်းများကို ပြုလုပ်ခဲ့ခြင်းကြောင့် အချင်းဖြစ် ဥပစာကို တရားဝင်ပိုင်ဆိုင်သူမဟုတ်ကြောင်း၊ အဆိုပါမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်းသည် ထိုမြေကွက်ကို မူလရုံးတရားလို ဦးကျော်ညွန့်ထက်အရင် အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်းသို့ ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၂၆/၉၂ သည် တရားဝင်ရောင်းချခြင်း မမြောက်ကြောင်း၊ မူလရုံးတရားလိုစွဲဆိုသောအမှုမှာ ပုံစံမှားယွင်းပြီး တရားစွဲဆိုရန်အကြောင်းခြင်းရာ မပေါ်ပေါက်ကြောင်း၊ ယခင်တရားမကြီးမှုမှ ဖြစ်ပျက်သော အကြောင်းခြင်းရာနှင့် ယခုတရားမကြီးမှုအကြောင်းခြင်းရာတို့သည် အတူတူဖြစ်၍ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ အရ မီးသေပိတ်ပင်ပြီးဖြစ်ကြောင်း၊ တရားလိုစွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ချေပသည်။

အမှတ် (၂) တရားပြိုင် ဦးစောဖေက ၎င်းသည် အမှတ် (၁) တရားပြိုင် ဦးအောင်ဝင်း၏ အိမ်ငှားဖြစ်ကြောင်း၊ အချင်းဖြစ်အဆောက်အအုံတွင် ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့ ပူးတွဲဝယ်ယူစဉ်က ပါလာသော အိမ်ငှားဖြစ်၍ ၎င်းအပေါ် ယခုအမှုပုံစံဖြင့် စွဲဆိုနှင်ထုတ် ခွင့် မရှိကြောင်း၊ မူလရုံးတရားလိုသည် မူလရုံး တရားပြိုင်များ အပေါ် တရားမကြီးမှုအမှတ် ၁/၉၅ ဖြင့် စွဲဆိုခဲ့ပြီး ဖြစ်၍ ယခုထပ်မံစွဲဆိုခွင့် မရှိတော့ကြောင်း ချေပသည်။

တိုင်းတရားရုံးက ဦးမောင်တင်နှင့်ဦးအောင်ဝင်းတို့သည် နေအိမ်အား တရားဝင်စာချုပ်စာတမ်းဖြင့် နှစ်ဦးစပ်တူဝယ်ယူ ပိုင်ဆိုင်သော်လည်း တရားဝင်စာချုပ်စာတမ်းဖြင့် ခွဲဝေရခြင်းမရှိသေးကြောင်း၊ ဦးမောင်တင်ကွယ်လွန်ပြီးနောက် အချင်းဖြစ်အခန်းအား မငွေရီ၊ မငွေစန်း၊ မဒွေးဒွေးဝင်းတို့က အမွေဆက်ခံခြင်းဖြင့် ဦးအောင်ဝင်းနှင့် ပူးတွဲပိုင် အခန်းအား မငွေရီ မငွေစန်း၊ မဒွေးဒွေးဝင်းတို့ထံမှ ဝယ်ယူသူဦးတင်ဝင်းသည်လည်းကောင်း၊ ဦးတင်ဝင်းထံမှ ဝယ်သူ ဦးကျော်ညွန့် သည်လည်းကောင်း တရားဝင်ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း၊ မူလရုံးတရား လိုသည် အချင်းဖြစ်အခန်းအား မည်သည့်အချိန်ကမျှ လက်ရှိမဖြစ် သည့်အပြင် မူလရုံးတရားပြိုင်သည် မူလရုံးတရားလိုထံမှ အမွေရယူခဲ့ ခြင်းလည်းမရှိကြောင်း ကောက်ယူသုံးသပ်ပြီး

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

အဆိုလွှာအား ပလပ်ခဲ့ သည်။

တရားရုံးချုပ်က အချင်းဖြစ်ဥပစာကို မြောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း ခွဲခြား နေထိုင်ခြင်းသည် ဦးမောင်တင်နှင့် ဦးအောင်ဝင်းတို့နှစ်ဦး သဘောတူညီချက်အရ နေထိုင်ခဲ့ကြခြင်းဖြစ်၍ ယင်းသို့နေထိုင်ခြင်းသည် oral partition ဖြစ်သည်ဟု ဆိုရမည်ဖြစ် ကြောင်း၊ **မငွေခင် နှင့် မရီစိန်ပါ-၂ အမှု**[၁] တွင် လမ်းညွှန်ချက်အရ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို နှုတ်ဖြင့် ခွဲခြမ်းစိတ်ဖြာ ပြုလုပ်ခြင်း အတွက် မှတ်ပုံတင်ရန်မလိုအပ်သည်မှာ ထင်ရှားကြောင်း၊ ပစ္စည်းလွှဲ ပြောင်းခြင်း အက်ဥပဒေပုဒ်မ ၄၅ အရ ဦးမောင်တင်နှင့် ဦးအောင်ဝင်း တို့သည် ပစ္စည်းအပေါ် ညီတူညီမျှ ဆက်ခံပိုင်ဆိုင်၍ မှတ်ပုံတင်စာချုပ် ဖြင့် ဝယ်ယူခဲ့သည့် ဦးကျော်ညွန့် သည် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်မှာ အငြင်းမပွားကြောင်း သုံးသပ်၍ အချင်းဖြစ်နေအိမ် မြောက်ဘက်ခြမ်း၊ အပေါ်အောက်တံခါး နှစ်ပေါက်တစ်ခြမ်းအား ဦးကျော်ညွန့်သို့ ဦးအောင်ဝင်းနှင့် ဦးစောဖေ တို့က လက်ရောက်ပေးအပ်စေရန် အနိုင်ဒီကရီ ချမှတ်ခဲ့သည်။

အယူခံတရားလိုများ၏ ရှေ့နေက မြိတ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၇၉ ၏ စီရင်ချက်နှင့် ဒီကရီအရ အိမ်တစ်ခု လုံးကို ဦးမောင်တင်နှင့် ဦးအောင်ဝင်းတို့ နှစ်ဦးပူးတွဲပိုင်ဆိုင်ကြောင်း၊ ယင်းဒီကရီမှာ ယနေ့အထိ အတည်ဖြစ်လျက်ရှိကြောင်း၊ ဦးအောင်ဝင်း နှင့် ဦးမောင်တင်တို့နှစ်ဦးဝယ်ယူပြီး တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း အသီးသီးနေထိုင်ခဲ့သော်လည်း ဦးမောင်တင်ကိုယ်တိုင်က ဦးအောင်ဝင်း နှင့်အတူ ပူးတွဲပိုင်ဆိုင်ကြောင်း ပြောကြားချက်သည် ဦးမောင်တင် အပေါ်၌လည်းကောင်း၊ ဦးမောင်တင်၏အမွေဆက်ခံသူ သားသမီးများ အပေါ်၌လည်းကောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ နှုတ်ပိတ်ပြီးဖြစ်ကြောင်း၊ တံခါး ၄ ပေါက်ပါ

(၁) ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၁၃

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

အချင်းဖြစ်အိမ်တစ်ခုလုံးကို ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့ ဥပဒေနှင့်အညီ အပြီးအပြတ် ခွဲဝေ ခဲ့ခြင်းမရှိကြောင်း၊ အိမ်ကိုပူးတွဲသုံးကြကြောင်း ပေါ်ပေါက်သဖြင့် ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့သည် အပြန်အလှန်အားဖြင့် သတ်သတ်မှတ်မှတ် အခွင့်အရေးစွန့်လွှတ်ကြခြင်းမရှိခြင်းမှာ ထင်ရှား ကြောင်း၊ အချင်းဖြစ်အိမ်ကို ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့သည် အပြန်အလှန်ဖလှယ်ခြင်းအားဖြင့် စွန့်လွှတ်ခွဲဝေခဲ့ခြင်းမရှိ၍ တောင်ဘက်ခြမ်းတွင် ဦးမောင်တင်၏သမီး ဒေါ်ငွေရီ၏အခွင့်အရေးပါရှိနေ သေးသကဲ့သို့ မြောက်ဘက်ခြမ်းတွင်လည်း ဦးအောင်ဝင်း၏အခွင့်အရေးပါရှိနေကြောင်း၊ ထို့ကြောင့် ဦးအောင်ဝင်း၏ အခွင့်အရေးပါရှိနေသော မြောက်ဘက်ခြမ်းကို ဒေါ်ငွေရီပါ (၃) ဦးသည် ဦးအောင်ဝင်းမသိဘဲ၊ သဘောမတူဘဲ ရောင်းချခွင့်မရှိကြောင်း၊ မြေငှားဂရန်ရရှိထားသော ဦးတင်ဝင်းထံမှ ဦးအောင်ဝင်းက ငွေကျပ် ၃၅၀၀၀/- ဖြင့် ပေးချေဝယ်ယူခဲ့ကြောင်း၊ ဦးတင်ဝင်းက မြေဂရန်မူရင်းနှင့် စာချုပ်စာတမ်းများကို ဦးအောင်ဝင်းအား လွှဲပေး၍ ဦးအောင်ဝင်းထံ ရောက်ရှိခဲ့ကြောင်း၊ ဦးတင်ဝင်းကိုယ်တိုင် ဦးအောင်ဝင်းကို မြေရောင်းချပြီးဖြစ်ရာ ဦးတင်ဝင်း က ဦးကျော်ညွန့်ကို ထပ်မံရောင်းချခွင့်ရှိတော့မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဦးမောင်တင်၏သမီးများဖြစ်ကြသော မငွေရီတို့ (၃) ဦးက အချင်းဖြစ်နေအိမ် အစိတ်အပိုင်းကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဖြင့် ရောင်းချခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း လျှောက်လဲ သည်။

အယူခံတရားပြိုင်၏ရှေ့နေက အချင်းဖြစ်အိမ်တွင် မြောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း ခွဲခြားနေထိုင်ခြင်းသည် ဦးမောင်တင်နှင့် ဦးအောင်ဝင်းတို့နှစ်ဦး သဘောတူညီချက်အရ ဖြစ်သည်မှာ အမှုတွင် အငြင်းမပွားကြောင်း၊ ပစ္စည်းခွဲဝေခြင်းကို စာရေးသားရန် လိုအပ်ကြောင်း ပြဋ္ဌာန်းချက်မရှိ၍ နှုတ်ဖြင့်သဘောတူ

၁၀၈
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွှန့်

ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် တရားရုံးချုပ်က **မငွေခင်** နှင့် **မရိစိန်ပါ-၂အမှု**[၁] ကို ကိုးကား၍ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းကို စာချုပ်ဖြင့်မဟုတ်ဘဲ နှုတ်ဖြင့်ခွဲခြမ်း စိတ်ဖြာပြုလုပ်ခြင်းအတွက် မှတ်ပုံတင်ရန် မလိုအပ်ကြောင်း ဆုံးဖြတ် ခြင်းဖြစ်ကြောင်း၊ မငွေရီတို့သည် အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင် ရန် မဖြစ်နိုင်သောကြောင့် အိမ်မြောက်ဘက်ခြမ်းအား မြေပိုင်ရှင် ဦးတင်ဝင်းထံ စာချုပ်အမှတ် ၁၄/၉၁၊ သက်သေခံအမှတ် (ခ) အရ ရောင်းချခဲ့ရကြောင်း၊ မြေပိုင်ရှင် ဦးတင်ဝင်းက မူလရုံးတရားလို ဦးကျော်ညွှန့်ထံ စာချုပ်အမှတ် ၂၆/၉၂၊ သက်သေခံအမှတ် (က) အရ ဆက်လက်ရောင်းချခဲ့ခြင်း ဖြစ်ကြောင်း၊ ဦးကျော်ညွှန့်သည် မိမိဝယ်ယူ ခဲ့သည့် မြောက်ဘက်ခြမ်း အမှတ် ၄၉ (က) အတွက် အိမ်ခွန်ကို သီးခြား ပေးဆောင်လျက်ရှိရာ သက်သေခံအမှတ် (ယ-၁) မှ (ယ-၆) ထိ တင်ပြ ထားကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၄၅ ပါ ပြဋ္ဌာန်း ချက်များအရ အချင်းဖြစ်အိမ်ကို ဦးမောင်တင်နှင့် ဦးအောင်ဝင်းတို့ အညီအမျှပိုင်ကြောင်း၊ ဦးအောင်ဝင်းသည် အချင်းဖြစ်အဆောက်အအုံ တွင် ထက်ဝက်သာပိုင်ဆိုင်ခွင့်ရှိပါလျက် တောင်ဘက်ခြမ်းတွင် နေထိုင် ရာမှ ထရံကာ အတားအဆီးများကို ဖျက်၊ လှေကားများကို ဖြုတ်၍ အခန်းမြောက်ဘက်ခြမ်းကို လက်ရောက်ရယူထားခြင်းသည် ဥပဒေမဲ့ ရယူထားခြင်းဖြစ်ကြောင်း၊ နှစ်ဦးသဘောတူ သတ်သတ်မှတ်မှတ် ခွဲခြား နေထိုင်ရာမှ မိမိလက်ရှိနေထိုင်သော မြောက်ဘက်ခြမ်းကို ရောင်းချခြင်း သည် ပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်ရန် အကြောင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအား စိစစ်ရာတွင် မူလရုံးတရားလိုက မြို့ဘ်မြို့ ဆိပ်ငယ် မြောက်ရပ်ကွက်၊ အကွက်အမှတ် ၁၃ (ခ)၊ ဦးပိုင်အမှတ် ၁၆/ဧရိယာ ဝ. ဝ၇၁ ဧက မြေပေါ်ရှိ နေအိမ်မြောက်ဘက်ခြမ်း

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

အပေါ် အောက်တံခါးနှစ်ပေါက် တစ်ခြမ်းကို လက်ရောက်ရလိုကြောင်းဖြင့် မူလရုံးတရားပြိုင်များအပေါ် တရားစွဲဆိုခြင်းဖြစ်သည်။

အချင်းဖြစ်အစိတ်အပိုင်းပါဝင်သည့် မြိတ်မြို့၊ ဆိတ်ငယ်မြောက် ရပ်ကွက်၊ လမ်းအမှတ် ၄၊ အိမ်အမှတ် ၅၄၊ ပျဉ်ထောင်ပျဉ်ခင်း၊ ခနိမိုး တံခါး ၄ ပေါက်ပါ နေအိမ်ကို ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့က ၁၃-၉-၉၄ ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၀၃/၇၄ သက်သေခံ အမှတ် (၂) ဖြင့် မူလပိုင်ရှင် ဦးမောင်သင်၊ ဇနီး ဒေါ်ထွေးထံမှ ဝယ်ယူခဲ့သည်။

အချင်းဖြစ်ဥပစာနှင့် စပ်လျဉ်း၍ မြိတ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၇၉ တွင် ဦးအောင်ဝင်းနှင့်ဦးမောင်တင်တို့က မောင်တင်ရှိန်ပါ (၃) ဦးတို့အပေါ် အချင်းဖြစ် အိမ်ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲ ဆိုရာ ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့ အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးအောင်ဝင်းသည် အချင်းဖြစ်ဥပစာ နေအိမ်အပေါ်ထပ် တောင်ဘက် ခြမ်းတွင်လည်းကောင်း၊ ဦးမောင်တင်သည် နေအိမ်အပေါ်ထပ် မြောက် ဘက်အခြမ်းတွင်လည်းကောင်း ဝါးထရံ (ယိုင်) ကာ၍ နေထိုင်ခဲ့ကြ သည်။ ယင်းအချက်များသည် အမှုတွင် အငြင်းမပွားပေါ်ပေါက်လျက် ရှိသည်။

အချင်းဖြစ်ဥပစာကို ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့ ဝယ်ယူ နေထိုင်ရာတွင် ၁၉၈၈ ခုနှစ်တွင် ဦးမောင်တင်အသတ်ခံရသည်။ ထို့နောက် ဦးအောင်ဝင်းက ဦးမောင်တင်၏သမီး မငွေရီ၊ မငွေစန်းနှင့် မငွေးငွေးဝင်းတို့အား ခြိမ်းခြောက်သဖြင့် ဆက်လက်မနေဝံ့၍ ရှောင်တိမ်းပြီး အခြားတွင် နေထိုင်ရကြောင်း၊ နေအိမ်ထရံလှေကားများ ဖျက်ဆီး ကြောင်းဖြင့် မြိတ်မြို့နယ် တရားရုံးပြစ်မှုကြီးအမှတ် ၅၁၀/၉၁ အရ မငွေရီက ဦးအောင်ဝင်းအပေါ် တရားစွဲဆိုရာ တရားရုံးက

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

ဦးအောင်ဝင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ နှင့် ၅၀၆ တို့အရ ပြစ်မှုထင်ရှား စီရင်ပြီး ခံဝန်ဖြင့် ၂ နှစ်အတွင်း ကောင်းမွန်စွာနေထိုင်ရန် အမိန့်ချမှတ်ကြောင်း သက်သေခံအမှတ်-ဌ စီရင်ချက် မိတ္တူမှန်အရ ပေါ်ပေါက်သည်။

အချင်းဖြစ် ဥပစာတွင် မငွေရီတို့မှာ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သည့်အတွက် ဦးမောင်တင်၏သမီးများဖြစ်ကြသည့် မငွေရီ၊ မငွေစန်းနှင့် မငွေငွေဝင်းတို့ ဖခင်ဝယ်ယူထားသော အချင်းဖြစ် အိမ် မြောက်ဘက်ခြမ်းကို မြေပိုင်ရှင် ဦးတင်ဝင်းအား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၁၄/၉၁ အရ ရောင်းချခဲ့ပြီး ဦးတင်ဝင်းက မူလရုံးတရားလို ဦးကျော်ညွန့်အား နေအိမ်တစ်ခြမ်း အရောင်းအဝယ်ပြုလုပ်သည့် မှတ်ပုံတင်စာချုပ်အမှတ် ၂၆/၉၂ သက်သေခံအမှတ်-က ဖြင့် ရောင်းချကြောင်း၊ ယင်းဥပစာတွင် မူလရုံးတရားပြိုင် ဦးအောင်ဝင်းက မိမိအခွင့်အရေးမရှိဘဲ ဝင်ရောက်နေထိုင်ကြောင်းဖြင့် မူလရုံးတရား လိုက ဤအမှုစွဲဆိုခြင်း ဖြစ်သည်။

ဤအယူခံတွင် အယူခံတရားလိုဘက်မှ ကွယ်လွန်သူ ဦးမောင်တင်နှင့် ဦးအောင်ဝင်းတို့ ပူးတွဲပိုင်ဆိုင်၍ ခွဲဝေခြင်း မရှိသေးသဖြင့် အချင်းဖြစ်နေအိမ်ကို ရောင်းချခြင်းသည် ဥပဒေနှင့်မညီဟု တင်ပြချက်သည် မှန်ကန်ခြင်း ရှိမရှိ စိစစ်ရန်ရှိသည်။

အချင်းဖြစ်နေအိမ် မြောက်ဘက်ခြမ်းတွင် ဦးမောင်တင် မိသားစု နေထိုင်ပြီး တောင်ဘက်ခြမ်းတွင်မူ ဦးအောင်ဝင်းတို့ တစ်သီးတစ်ခြား စီ နေထိုင်ကြကြောင်း အမှုတွင် ပေါ်ပေါက်သည်။

မူလရုံးသက်သေခံချက်များအရ မူလရုံးတရားလိုဘက်မှ အချင်းဖြစ်အိမ်၏တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းကို ဝါးထရံ (ယိုင်) ဖြင့် အခိုင်အမာ သီးခြားခွဲ ကာရံထားပြီး တစ်ဖက်စီတွင် လှေကားနှင့် တံခါးပေါက်များရှိကြောင်း ထွက်ဆိုသည်။ မူလရုံး

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

တရားပြိုင်ဘက်မှ လည်း တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်း၏ ရှေ့ပိုင်း ၂၅ ပေခန့် သာ ကာရံထားပြီး နောက်ပိုင်းတွင် ကာရံခြင်းမရှိဘဲ ပူးတွဲ သုံးကြောင်း ထွက်ဆိုကြသည်။ ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့သည် သွေးသား တော်စပ်သည့် ဆွေမျိုးသားချင်း မဟုတ်သည့်ပြင် လုပ်ငန်းချင်းလည်း မတူညီကြပေ။ သို့ဖြစ်၍ ဆွေမျိုးမတော် သွေးသားမစပ်သည့် မိသားစု နှစ်စုသည် ယင်းအိမ်တွင် သီးသီးခြားခြား ကာရံ နေထိုင်ခြင်းမရှိဘဲ အတူတူရောရောယှက်ယှက် ပူးပေါင်း နေထိုင်သည်ဆိုခြင်းမှာ ယုတ္တိမရှိနိုင်ပေ။ အချင်းဖြစ် နေအိမ်ကို မူလပိုင်ရှင်ထံမှ ဦးအောင်ဝင်း၊ ဦးမောင်တင်တို့ ဝယ်ယူပြီး မြောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း ခွဲခြား၍ နှစ်ဦးသဘောတူ နေထိုင်ခဲ့သည်ဟု သဘာဝကျကျ ကောက်ယူရန် ဖြစ်ပေသည်။

ပစ္စည်းခွဲဝေခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပါပစ္စည်းလွှဲပြောင်းခြင်း တစ်ရပ်ရပ်နှင့် အကျုံးမဝင်ချေ။ စာနှင့်ရေးသားရန် ဥပဒေအရ အတိအလင်း မလိုအပ်သည့်ကိစ္စရပ်များတွင် စာမရေးသားဘဲ ပစ္စည်းလွှဲပြောင်းနိုင်သည်ဟု ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည်။ ပစ္စည်းခွဲဝေခြင်းကို စာဖြင့်ရေး သားရန် လိုအပ်ကြောင်း ပြဋ္ဌာန်းချက်မရှိ၍ နှုတ်ဖြင့် သဘောတူ ဆောင်ရွက်နိုင်သည်။ **ကြည်မောင်ပါ-၂ နှင့် အက်စ်အင်န်ပီအာရ် ချစ်တီးယားဖမ်းအမှု**[၂] ကို ရည်ညွှန်းသည်။

အမှုတွင် ပေါ်ပေါက်သော ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့၏ အချင်းဖြစ်နေအိမ်တွင် နှစ်ဦးသဘောတူ သီးသီးခြားခြား နေထိုင်ပြုမူပုံကို ထောက်ရှုပါက ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်တွင် ၎င်းတို့၏ အကျိုးခံစားခွင့်ကို အပြီးအပြတ် ခွဲဝေပြီး ဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်သည်။

---

(၂)၁၉၃၅ ခုနှစ်၊ အေအိုင်အာရ် ရန်ကုန် ၄၄

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

ထို့ပြင် မူလရုံး တရားပြိုင် ဦးအောင်ဝင်းက အချင်းဖြစ်မြေကွက်ဘက်ခြမ်းကို ဦးမောင်တင်ထံမှ ဝယ်ယူခဲ့သည်ဟု ဆိုသည်။ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း တင်ပြနိုင်ခြင်း မရှိသဖြင့် ၎င်းသည် အချင်းဖြစ် ဥပစာကို တရားဝင် ပိုင်ဆိုင်ခွင့်မရှိနိုင်ချေ။ ဦးအောင်ဝင်းက အချင်းဖြစ်အိမ်ကို တရားဝင်ခွဲဝေခြင်း မရှိသေး၍ ရောင်းချခွင့် မရှိကြောင်း ထုချေသော်လည်း ဦးမောင်တင်ပိုင်ဆိုင်သည့် နေအိမ်မြေကွက်ဘက်ခြမ်းကို ၎င်းဝယ်ယူခဲ့သည်ဟု တင်ပြနေခြင်းသည် ရှေ့နောက်ညီညွတ်မှုမရှိချေ။ သတ်သတ်မှတ်မှတ် ခွဲခြမ်းထား၍သာ မြေကွက်ဘက်ခြမ်းကို ဝယ်ယူသည်ဟု တင်ပြခြင်းဖြစ်ကြောင်း ယူဆရန်ရှိသည်။

အချင်းဖြစ်မြေကွက်ဘက်ခြမ်းတွင် နေထိုင်သည့် ဦးမောင်တင်သည် ၁၉၈၈ ခုနှစ်တွင် လက်သည်မပေါ်ဘဲ အသတ်ခံရပြီး ဦးမောင်တင်၏သမီး မငွေရီ၊ မငွေစန်း နှင့် မဌေးဌေးဝင်းတို့ ဆက်လက်နေထိုင် သော်လည်း ဦးအောင်ဝင်း၏ ခြိမ်းခြောက်မှုကို ကြောက်ရွံ့၍ တစ်ခြားသို့ ပြောင်းရွှေ့နေရသည်။ ယင်းအချက်မှန်ကန်ကြောင်းကို မြိတ်မြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် ၅၁၀/၉၁ ၏ စီရင်ချက်က ထောက်ပြလျက် ရှိသည်။

သို့ဖြစ်၍ မငွေရီတို့က ယင်းအိမ်တွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် ဖခင်၏သီးခြား ခွဲဝေပိုင်ဆိုင်လျက်ရှိသော အချင်းဖြစ်နေအိမ် မြေကွက်ဘက်ခြမ်းကို မြေပိုင်ရှင် ဦးတင်ဝင်းအား အရောင်းအဝယ်စာချုပ်အမှတ် ၁၄/၉၁ အရလည်းကောင်း၊ တစ်ဖန် ဦးတင်ဝင်းက မူလရုံးတရားလို ဦးကျော်ညွန့်အား မှတ်ပုံတင်စာချုပ်အမှတ် ၂၆/၉၂ အရလည်းကောင်း ရောင်းချခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ ရောင်းချခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိဟု ဆိုနိုင်မည် မဟုတ်ပေ။

၂၀၀၅
ဦးအောင်ဝင်း
ပါ ၃
နှင့်
ဦးကျော်ညွန့်

မူလရုံးတရားလို ဦးကျော်ညွန့်သည် မိမိဝယ်ယူခဲ့သည့် မြောက် ဘက်ခြမ်း ၄၉ (က) အတွက် အိမ်ခွန်များကိုသီးခြား ပေးဆောင်လျက် ရှိကြောင်း တွေ့ရှိရသည်။ မူလရုံးတရားပြိုင် ဦးအောင်ဝင်းသည် အချင်း ဖြစ်နေအိမ်တစ်ဝက်ကိုသာ ပိုင်ဆိုင်ခွင့်ရှိပါလျက် မြောက်ဘက်ခြမ်းနှင့် ခွဲခြားထားသည့် အကာအရံများ ဖျက်ဆီးခြင်း၊ လှေကားဖျက်ခြင်းများ ပြုလုပ်ကာ မြောက်ဘက်ခြမ်းကို လက်ရောက်ရယူထားခြင်းဖြစ်သည်။

ဤအခြေအနေတွင် တရားရုံးချုပ်က မူလရုံးစီရင်ချက်ကို ပယ်ဖျက်ပြီး မူလရုံးတရားလို ဦးကျော်ညွန့်အား အချင်းဖြစ်အိမ်မြောက် ဘက်ခြမ်းကို လက်ရောက်ရထိုက်ကြောင်းဖြင့် အနိုင်ဒီကရီချမှတ်ခြင်း သည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးကကြားနာလျက်ရှိသော ပြဿနာများကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

"၁။ အမှုတွဲရှိ သက်သေခံချက်များအရ ဦးအောင်ဝင်းနှင့် ဦးမောင်တင်တို့ နှစ်ဦး အတူပူးတွဲပိုင်ဆိုင်သည့် နေအိမ်တွင် ၎င်းတို့၏ အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ အပြီး အပြတ် ခွဲဝေပြီးကြောင်း၊

၂။ ဦးမောင်တင်၏သမီးများဖြစ်ကြသော မငွေရီတို့ ၃ ဦးက အချင်းဖြစ် နေအိမ်အစိတ်အပိုင်းကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခြင်းသည် ဥပဒေနှင့် ညီညွတ်ကြောင်း"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၅
ဇန်နဝါရီလ
၂၈ ရက်

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဦးခင်မောင်အေးနှင့် ဦးတင်အေးတို့ရှေ့တွင်

ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ် ပါ ၂ *
(ကွယ်လွန်သူဦးဇော်ဝင်း (ခ) ဦးဇော်ဝင်းဇော်၏
တရားဝင်ကိုယ်စားလှယ်များ)

ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁၃၊ အမှုကို ဆောင်ရွက်ရန်ချိန်းဆိုသည့်နေ့မှစ၍ သို့မဟုတ် ချိန်းဆိုခြင်း မရှိလျှင် မဆောင်မရွက် ငြင်းပယ်ခြင်းကို တရားလိုသိသည့်အခါကစ၍ (၃ နှစ်)အတွင်း တရားစွဲဆိုရန်ဖြစ်သည်။

တရားလိုအနေဖြင့် မည်သူကို တရားဘက်ပြုရမည်ဆိုသည့် ကိစ္စရပ်မှာ တရားရုံးက အဆုံးအဖြတ်မပြုမီ မသိနိုင်ခြင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်အရ ပေါ်ပေါက်သူကို တရားဘက် ပြု၍ အမှုစွဲဆိုရခြင်းဖြစ်သောကြောင့် တရားလို အား မိမိအခွင့်အရေးနှင့် စပ်လျဉ်း၍ အိပ်ပျော်နေသူ ဖြစ်သည် ဟု ဆိုနိုင်မည်မဟုတ်ခြင်း။

---

* ၂၀၀၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၇၅

\+ ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃ တွင် ချမှတ်သော ၁၀-၃-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်)၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

**ဆုံးဖြတ်ချက်။** ။မူလရုံးတရားလို စွဲဆိုသည့်အမှုမှာ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှုဖြစ်သည်။ ယင်းအမှုကို ဆောင်ရွက်ရန် ချိန်းဆိုသည့် နေ့မှစ၍ သို့မဟုတ် ချိန်းဆိုခြင်း မရှိလျှင် မဆောင်မရွက် ငြင်းပယ် ခြင်းကို တရားလိုသိသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရန် ဖြစ်ကြောင်း ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁၃ တွင် ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်နီနီဇော်၏ ထွက်ဆိုချက်အရ တရားရုံးချုပ် တရားမအထူးအယူခံမှုအမှတ် ၃၀/၂၀၀၃ ၏ ၁၉-၆-၂၀၀၃ ရက်စွဲပါ ဆုံးဖြတ်ချက်ကြောင့် ဦးဇော်ဝင်းဇော်သည် ဒေါ်မြင့်မြင့်၏ကိတ္တိမသား တစ်ဦးဖြစ်ကြောင်း ထင်ရှားသည်။ ဦးဇော်ဝင်းဇော်မှာ အခြား အမွေဆိုင်များနှင့် အမှုအခင်းများဖြစ်ပွားလျက်ရှိရာ မူလရုံး တရားလိုအနေဖြင့် ဒေါ်မြင့်မြင့်၏ အမွေစားအမွေခံကို တရားရုံးက ဆုံးဖြတ်သည့်နေ့ နောက်ပိုင်းမှ ခွဲခွဲခြားခြားသိရှိရခြင်း ဖြစ်သည်။ တရားလိုအနေဖြင့် မည်သူကိုတရားပြိုင်ဘက် ပြုရမည်ဆိုသော ကိစ္စရပ်မှာ တရားရုံးက အဆုံးအဖြတ်မပြုမီ မသိနိုင်ချေ။ တရားရုံး၏ ဆုံးဖြတ်ချက်အရ ဒေါ်မြင့်မြင့်၏ ကိတ္တိမသားအဖြစ် တရားဘက်ပြု၍ အမှုစွဲဆိုခြင်း ဖြစ်ပေသည်။ သို့ဖြစ် ၍ မူလရုံးတရားလိုအနေဖြင့် မိမိအခွင့်အရေးနှင့် စပ်လျဉ်း၍ အိပ်ပျော် နေသူဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် တရားရုံးချုပ်က **မရွှေမြ** နှင့် **မောင်မိုးနှောင်းအမှု**[၁] ကို ကိုးကား၍ အမှုကိုအဆုံးအဖြတ်ပြုခြင်း သည် မှန်ကန်ခြင်း မရှိပေ။

---

(၁)၁၉၂၁ - ၂၂ ခုနှစ်၊ အထက်မြန်မာပြည်စီရင်ထုံး အတွဲ-၄၊ စာ-၃၀ (ပီစီ)

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

အယူခံတရားလိုအတွက် - ဦးမင်းလွင်
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်များအတွက်- ဒေါ်သောင်းသောင်း
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂၇ တွင် မူလရုံးတရားလို ဒေါ်သိန်းနုက မူလရုံးတရားပြိုင် ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်းအပေါ် မြေအရောင်းအဝယ် သဘောတူညီချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက မူလရုံးတရားလိုစွဲ ဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်းက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ၂၀၀၄ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၁၃ အရ အယူခံဝင်ရောက်ရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက် နှင့် ဒီကရီကိုပယ်ဖျက်ပြီး မူလရုံး တရားလိုစွဲဆိုသော အမှုကို ပလပ်ခဲ့ သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို မူလရုံးတရားလို ဒေါ်သိန်းနုက မကျေနပ်သဖြင့် ကွယ်လွန်သူ မူလရုံးတရားပြိုင် ဦးဇော်ဝင်းဇော်(ခ) ဦးဇော်ဝင်း၏ တရားဝင်ကိုယ်စားလှယ်များဖြစ်ကြ သော ဒေါ်နီနီယဉ်နှင့် ဦးဇော်ဏီဇော်တို့အပေါ် ၂၀၀၀ ပြည့်နှစ် တရား စီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက် ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာများ နှင့် စပ်လျဉ်း၍ အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင် ခွင့်ပြုခဲ့သည် -

"၁။ ဝယ်သူသည် ရောင်းသူကွယ်လွန်သည်အထိ ၃ နှစ် ၈ လ ၁၃ ရက် ကြာမြင့်သည့်တိုင်အောင် အချိန်များစွာ ရရှိပါလျက် အရောင်းအဝယ်ကတိပြီးမြောက်ရေးကို

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

အကြောင်းမဲ့ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟု ဆုံးဖြတ် ခြင်းသည် မှန်ကန်မှုရှိမရှိ၊

၂။ တရားရုံးချုပ်က ဝယ်သူသည် ကွယ်လွန်ပြီးနောက် ၈ နှစ်ကျော်ကြာမှ တရားစွဲဆိုခြင်းမှာ ဝယ်သူ၏ဝီရိယ စိုက်ထုတ်မှု နှိုးကြားမှုမရှိခြင်းသာဖြစ်ကြောင်း၊ **မရွှေမြ** နှင့် **မောင်မိုးနှောင်းအမှု**[၁] ကို ကိုးကား၍ စွဲဆိုမှုကို ပလပ်ခဲ့ ခြင်းသည် မှန်ကန်မှုရှိမရှိ၊

၃။ တရားရုံးချုပ်က ဝယ်သူ ဒေါ်သိန်းနုအနေဖြင့် အချင်းဖြစ် မြေကွက်ကို လက်ရောက်မရရှိခဲ့ခြင်း၊ ရောင်းဖိုးလက်ကျန်ငွေ မပေးချေရသေးခြင်းတို့ကြောင့် စွဲဆိုမှုကို ပလပ်ခဲ့ခြင်းသည် မှန်ကန်မှုရှိမရှိ။"

အဆိုလွှာအရ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အရှေ့နှင့်သရက်ကုန်းတိုက်နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၄ အိတ်ချ်၊ ဧရိယာ ၀. ၅၂၆ ဧကရှိ မြေပိုင်မြေကွက်ကို ဦးဘထွန်းနှင့် ဒေါ်မြင့်မြင့်တို့ လင်မယားအမည်ပေါက် ပိုင်ဆိုင်ကြောင်း၊ ဦးဘထွန်း ကွယ်လွန်ပြီးနောက် ၁၄-၁၁-၁၉၉၀ နေ့စွဲပါ စာချုပ်နှင့် ၃-၁-၁၉၉၁ နေ့စွဲပါစာချုပ်တို့ဖြင့် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၈၂၊ မြေကွက်အမှတ် ၄ အိတ်ချ်/၁၊ မြေကွက်ဧရိယာ ၀. ၃၁၆ ဧကအနက် မခွဲမစိတ်ရသေးသော လက်ယာဘက်အခြမ်း ဝင်ထွက်လမ်း နှင့်တစ်ဖက်စီဖြစ်သော မြေအကျယ် ၄၅ ပေ × ၆၀ ပေရှိ မြေပိုင်မြေနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အားလုံးကို ဒေါ်မြင့်မြင့်နှင့် ဒေါ်သိန်းနု တို့ အရောင်းအဝယ်ပြုလုပ်၍ စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ဒေါ်သိန်းနု က မြေကို လက်ရောက်ရယူ၍ ကျောက်တိုင်စိုက်ကာ သံဆူးကြိုးဖြင့် ခြံခတ်ခဲ့ကြောင်း၊ ဒေါ်မြင့်မြင့်က ဒေါ်သိန်းနု၏ခင်ပွန်း ဦးဘတင်အား

(၁) ၁၉၂၁ - ၂၂ ခုနှစ်၊ အထက်မြန်မာပြည်စီရင်ထုံး အတွဲ-၄၊ စာ-၃၀ (ပီစီ)

ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာကို ပြုလုပ်ပေးခဲ့ကြောင်း၊ စာချုပ် ချုပ်ဆိုသည့်နေ့တွင် ငွေကျပ် ၅၀၀၀၀ဝိ/-၊ ၃-၁-၉၁ နေ့တွင် ငွေကျပ် ၉၅၀၀၀ဝိ/- ကို ပေးချေခဲ့ပြီး ကျန်ငွေကျပ် ၅၀၀၀ဝိ/- ကို အပြီးအပိုင် မှတ်ပုံတင်စာချုပ်ပြုလုပ်သည့်နေ့တွင် ပေးချေရန်စာချုပ်ချုပ်ခဲ့ကြောင်း၊ မှတ်ပုံတင်စာချုပ် မချုပ်ဆိုနိုင်မီ ရောင်းသူ ဒေါ်မြင့်မြင့် ကွယ်လွန်ခဲ့ကြောင်း၊ ဦးဇော်ဝင်းဇော်သည် ဒေါ်မြင့်မြင့်၏ ကိတ္တိမမွေးစားသားဖြစ်သည်ဟု သိရှိရကြောင်း၊ ဦးဇော်ဝင်းဇော်အား မြေအရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်စေလိုသဖြင့် အကြောင်းကြားခဲ့သော်လည်း အကြောင်း ပြန်ကြားမှုမရှိကြောင်း၊ မူလရုံးတရားလိုသည် ကျန်ငွေများကို ပေးချေ၍ အရောင်းအဝယ်စာချုပ် ပြီးပြတ်အောင် ပြုလုပ်ရန် အသင့်ရှိကြောင်း ဖော်ပြအဆိုပြုသည်။ ၂၀၀၅ ဒေါ်သိန်းနု နှင့် ဒေါ်နန်းနွယ် ပါ ၂

မူလရုံးတရားပြိုင်က အချင်းဖြစ် မြေကွက်ကို ဒေါ်မြင့်မြင့် မကွယ်လွန်မီက ဒေါ်မြင့်မြင့်နှင့် ဒေါ်သိန်းနုတို့ ငွေကျပ် ၁၅၀၀၀၀ဝိ/- ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့သည့်အချက်၊ ၃-၁-၉၁ နေ့တွင် ဒေါ်မြင့်မြင့်က ဒေါ်သိန်းနု၏ ခင်ပွန်း ဦးဘတင်အား မြေကွက်နှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ပြန်လည်မရုပ်သိမ်းနိုင်သည့် အထူးကိုယ်စားလှယ်လွှဲစာ ပြုလုပ်ပေးခဲ့သည့်အချက်တို့ကို ငြင်းဆိုမှုမရှိချေ။ ဦးဘတင်အား လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာမှာ ဒေါ်မြင့်မြင့်ကွယ်လွန်သည်နှင့် ရပ်စဲခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်မြင့်မြင့် မကွယ်လွန်မီ တစ်နှစ်အတွင်းက ပြုလုပ်ဆောင်ရွက်ခဲ့သည့် ကိစ္စမဟုတ်၍ တရားစွဲ တောင်းခံပိုင်ခွင့် မရှိကြောင်း၊ အချင်းဖြစ် ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၄ အိတ်ခ်ျ/၁ မြေဧရိယာ ၀. ၃၁၆ ဧကရှိ မြေပိုင်မြေနှင့် ထိုမြေပေါ်ရှိ အမှတ် ၄၄၊ သီရိမင်္ဂလာလမ်း (ယခင် အာတီးယားလမ်း) အမှတ် ၈ ရပ်ကွက်ဟု ခေါ်တွင်သည့်နေအိမ်၊ ဂိုဒေါင်၊ တယ်လီဖုန်း၊ နှစ်ထပ်တန်းလျားနှင့်

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

အကျိုးခံစားခွင့်အရပ်ရပ်မှာလည်း ယနေ့တိုင်မူလရုံးတရားပြိုင်၏ လက်ဝယ်သို့ မရောက်သေးကြောင်း၊ ဒေါ်မြင့်မြင့်ကွယ်လွန်ပြီး ၂ နှစ်ကျော် လွန်ပြီးမှ စွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ချေပသည်။

တိုင်းတရားရုံးက ၃-၁-၉၁ နေ့တွင် ဝယ်သူခင်ပွန်းဦးဘတင်သည် ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာရရှိပြီးသူဖြစ်၍ အရောင်းအဝယ်ကိစ္စတွင် ဒေါ်မြင့်မြင့်သည်လည်းကောင်း၊ ဒေါ်မြင့်မြင့်၏ကိုယ်တိုင်မသား မူလရုံးတရားပြိုင်သည်လည်းကောင်း ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် တာဝန်မရှိဆိုသည်မှာ မမှန်ကြောင်း၊ ထို့ကြောင့် မူလရုံးတရားပြိုင်သည် မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင်၏ မွေးစားမိခင် ဒေါ်မြင့်မြင့်တို့ ချုပ်ဆိုခဲ့သော ၁၄-၁၁-၉၀ ရက်စွဲပါ "မြေနှင့် စပ်လျဉ်း၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်" ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ပြုလုပ်ချုပ်ဆိုပေးရန်ဖြစ်ကြောင်း သုံးသပ်၍ အနိုင်ဒီကရီချမှတ်သည်။

တရားရုံးချုပ်က ဝယ်သူမူလရုံး တရားလို ဒေါ်သိန်းနုသည် ၁၄-၁၁-၉၀ နေ့စွဲဖြင့် ပြုလုပ်ထားသည့် သက်သေခံအမှတ် (က) အရောင်းအဝယ်ကတိစာချုပ် စာပိုဒ် ၄ နှင့်အညီ ကျန်ငွေကျပ် ၁၀၀၀၀၀၀ိ/-ကို ၃၁-၁၂-၉၀ နေ့တွင် ပေးချေခြင်းမပြုဘဲ ငွေကျပ် ၉၅၀၀၀၀ိ/-ကိုသာ ၃-၁-၉၁ နေ့၌ ပေးချေခဲ့ခြင်းဖြစ်၍ စာချုပ်သဘောတူညီချက်အတိုင်း ဝယ်သူက ဆောင်ရွက်နိုင်ခြင်းမရှိဟု ဆိုရမည်ဖြစ်ကြောင်း၊ အထူးကိုယ်စားလှယ်လွှဲစာအရ ဝယ်သူ၏ ခင်ပွန်းဦးဘတင်သည် အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ဆောင်ရွက်နိုင်ခွင့်ကို ၃-၁-၉၁ နေ့ကတည်းက အာဏာရရှိပြီးဖြစ်ကြောင်း၊ ဦးဘတင်သည် ၃-၁-၉၁ နေ့မှစ၍ ဒေါ်မြင့်မြင့် ကွယ်လွန်သည့် ၂၂-၉-၉၄ နေ့အထိ မြေအရောင်းအဝယ် ကိစ္စအတွက် လှုပ်ရှားဆောင်ရွက်မှုမရှိ သည်မှာ မြင်သာပြီး အရောင်းအဝယ်ကိစ္စပြီးပြတ်စေရေး ဆောင်ရွက်ရာတွင်

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်[illegible]ယဉ်
ပါ ၂

အလွန်အမင်းပေါ့ဆမှုရှိသည်ဟု ဆိုရမည်ဖြစ်ကြောင်း ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၂၀၉ ပြဋ္ဌာန်းချက်အရ ကိုယ်စားလှယ်လွှဲသူ ဒေါ်မြင့်မြင့်ကွယ်လွန်သွားသည့်အတွက် ကိုယ်စားလှယ်လွှဲခြင်း ရပ်စဲစေကာမူ ကွယ်လွန်သူ၏အခွင့်အရေးကို ဆက်ခံသူများကိုယ်စား သင့်တော်သည့် အရေးယူဆောင်ရွက်မှု အရပ်ရပ်ကို ကိုယ်စားလှယ်က ပြုရန်တာဝန်ရှိကြောင်း၊ ရောင်းသူပျက်ကွက်မှုကြောင့် ပဋိညာဉ်အတိုင်း မဆောင်ရွက်နိုင်ခြင်း မဟုတ်သည့်အပြင် ၈ နှစ်ကျော် အချိန်ကာလ ကုန်လွန်ပြီးမှ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် စွဲဆိုသောအမှု မှာ အောင်မြင်ရန်အကြောင်း မရှိကြောင်း၊ ဝယ်သူသည် အချင်းဖြစ်မြေ ကွက်ကို လက်ရှိမဖြစ်၊ လက်ဝယ်မရသည့်အပြင် ရောင်းဖိုးကျန်ငွေကို ပေးချေရခြင်း မရှိသေးသဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၂၇ (ခ) ၏ အကာအကွယ်ကို မရထိုက်ကြောင်း သုံးသပ်၍ မူလရုံး တရားလို ဒေါ်သိန်းနု စွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

မူလအမှုတွဲကို စိစစ်ရာတွင် မူလရုံးတရားလို ဒေါ်သိန်းနုက ၎င်းနှင့်ကွယ်လွန်သူ ဒေါ်မြင့်မြင့်တို့အကြား ချုပ်ဆိုခဲ့သည့် ၁၄-၁၁-၉၀ ရက်စွဲပါ မြေယာအရောင်းအဝယ်သဘောတူစာချုပ်၊ သက်သေခံ အမှတ် (က) နှင့် ၃-၁-၉၁ ရက်စွဲပါ ဝန်ခံကတိစာချုပ်၊ သက်သေခံ အမှတ် (ဃ) တို့ကို အခြေပြု၍ ဒေါ်မြင့်မြင့်၏ကိတ္တိမသားဖြစ်သူ ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်းအပေါ် မြေအရောင်းအဝယ် သဘောတူညီချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆိုသည်။

အချင်းဖြစ် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့နှင့် သရက်ကုန်း တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၄ အိတ်ချ်၊ ဧရိယာ ၀. ၅၂၆ ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အာတီးယားလမ်းအမှတ် ၄၄ ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဘထွန်းနှင့်

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

ဇနီး ဒေါ်မြင့်မြင့်တို့က ပိုင်ဆိုင်ခဲ့ရာ ဦးဘထွန်းကွယ်လွန်ပြီးနောက် ဒေါ်မြင့်မြင့်က ၎င်းတို့ပိုင်ဆိုင်သော မြေကွက်ကြီးထဲမှ မခွဲစိတ်ရသေးသော မြေကွက်အကျယ် ၄၅ ပေ × ၆၀ ပေရှိ မြေကို ဒေါ်သိန်းနုသို့ ရောင်းချခဲ့သည်။ ယင်းမြေကွက်ကို ၁၄-၁၁-၉၀ ရက် နေ့စွဲပါ ကတိစာချုပ်ချုပ်၍ ငွေကျပ် ၁၅ သိန်းဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး စရန်ငွေကျပ် ၅ သိန်းပေးချေသည်။ ကျန်ငွေကျပ် ၁၀ သိန်းကို ၃၁-၁၂-၉၀ ရက်နေ့တွင် နောက်ဆုံးထားပေးချေရန်နှင့် ကျန်ငွေပေးသည့်အခါ မြေကိုရောင်းသူက ဝယ်သူသို့ ပေးအပ်ပြီး မှတ်ပုံတင်ပေးရန်နှင့် မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်စာ ပေးရန်ကတိပြုခဲ့ကြသည်။

ရောင်းသူဝယ်သူတို့ ပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် ၃-၁-၉၁ ရက်စွဲပါ ကတိဝန်ခံစာချုပ်ကို ထပ်မံချုပ်ဆိုကြသည်။ ယင်းစာချုပ် ချုပ်ဆိုရာတွင် မူလသဘောတူစာချုပ်အရ ကျန်ငွေကျပ် ၁၀ သိန်းအနက် ငွေကျပ် ၉၅၀၀၀၀ိ/- ကို ရောင်းသူ ဒေါ်မြင့်မြင့်က လက်ခံပြီး မြေကွက်ကို ဒေါ်သိန်းနုသို့ လက်ရောက်ပေးအပ်ကြောင်း၊ ကျန်ငွေကျပ် ၅၀၀၀၀ိ/- ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုသည့်နေ့တွင် ပေးချေရန်ဖြစ်ကြောင်း သဘောတူခဲ့သည်။ ထို့အတူ ဒေါ်မြင့်မြင့်က မူလရုံးတရားလို ဒေါ်သိန်းနု၏ခင်ပွန်း ဦးဘတင်ကို မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာ သက်သေခံအမှတ် (င) ပေးအပ်ခဲ့သည်။ ဤအချက်များသည် အမှုတွင် အငြင်းမပွားပေါ်ပေါက်သော အချက်များ ဖြစ်သည်။

သို့ရာတွင် အရောင်းအဝယ် ကတိစာချုပ်အရ ဆောင်ရွက်ရန် ဒေါ်မြင့်မြင့်၏ကိုတ္တိမ မွေးစားသား ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်းအား အကြောင်းကြား စာပေးပို့ခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် ဒေါ်သိန်းနုက တရားစွဲဆိုခြင်း ဖြစ်သည်။

တိုင်းတရားရုံးက မူလရုံးတရားလိုစွဲဆိုသည့်အတိုင်း မူလရုံး

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

တရားလိုအား အနိုင်ဒီကရီ ချမှတ်ပေးသော်လည်း အယူခံတွင် တရားရုံးချုပ်က ယင်းဒီကရီကို ပယ်ဖျက်ခဲ့သည်။

တရားရုံးချုပ်၏ စီရင်ချက်တွင် မူလရုံးတရားလိုသည် အကြောင်းထူးတစ်စုံတစ်ရာရှိ၍ မဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဒေါ်မြင့်မြင့် ကွယ်လွန်သည်အထိ ၃ နှစ် ၈ လ ၁၃ ရက်ကြာမြင့်သည့် တိုင်အောင် အချိန်များစွာ ရရှိပါလျက် အရောင်းအဝယ်ကိစ္စပြီးမြောက်ရေးကို အကြောင်းမဲ့ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း၊ ဝယ်သူ ဒေါ်သိန်းနုသည် ရောင်းသူ ဒေါ်မြင့်မြင့်ကွယ်လွန်ပြီးနောက် ၈ နှစ်ကျော်ကြာမှ တရားစွဲ ဆိုခြင်းမှာ တရားလို၏ ဝီရိယစိုက်ထုတ်မှု၊ နိုးကြားမှုမရှိခြင်းသာ ဖြစ်ကြောင်း၊ ဝယ်သူမူလရုံးတရားလို ဒေါ်သိန်းနုအနေဖြင့် အချင်းဖြစ် မြေကွက်ကို လက်ရောက်မရရှိခဲ့ခြင်း၊ ရောင်းဖိုး ငွေလက်ကျန်ငွေကို လည်း မပေးချေရသေးခြင်းများကြောင့် သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၂၇ (ခ) ၏ အကာအကွယ်ကို မတောင်းဆို နိုင်ကြောင်း သုံးသပ် ဆုံးဖြတ်ခဲ့သည်။

ဤအထူးအယူခံတွင် တရားရုံးချုပ်က အထက်ဖော်ပြပါ အကြောင်းများဖြင့် အဆုံးအဖြတ်ပြုခဲ့ခြင်းသည် မှန်ကန်ခြင်းရှိမရှိ စိစစ်ရန်ဖြစ်သည်။

၁၄-၁၁-၉၀ ရက်စွဲပါ မြေယာအရောင်းအဝယ် သဘောတူစာချုပ်တွင် အပြီးသတ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အပိုဒ် ၈ နှင့် ၉ တွင် အောက်ပါအတိုင်း သဘောတူခဲ့သည်။

အပိုဒ်-၈။ အောက်စာရင်းဇယားတွင် တိကျသေချာစွာ ဖော်ပြထားသော မြေပိုင်မြေနှင့် ပတ်သက်၍ အပြီးသတ် အရောင်းအဝယ် စာချုပ် ချုပ်ဆိုနိုင်ရန် လိုအပ်သော မြေပုံမြေရာဇဝင်အစရှိသည့် လိုအပ်သော စာရွက်စာတမ်းများပြီးပြည့်စုံအောင် ရောင်းရန်ကတိပြုသူက တာဝန်ယူဆောင်ရွက်ပေးရန် ဝန်ခံကတိပြုပါသည်။

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

အပိုဒ်-၉။ အောက်ပါစာရင်းဇယားတွင် တိကျသေချာစွာ ဖော်ပြထားသော မြေပိုင်မြေနှင့်ပတ်သက်၍ ရောင်းချသည့် မြေအတိုင်းအတာအတိုင်း တရားဝင်မြေခွဲစိတ် ပေးရန်လည်းကောင်း၊ အပြီးသတ်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရာတွင် အဆိုပါစာချုပ်မှတ်ပုံတင်သွင်း ခြင်းကိစ္စပြီးမြောက် အောင်မြင်စေရန်လည်းကောင်း၊ ဝယ်ယူရန် ကတိပြုသူအမည်ပြောင်း လျှောက်ထား ခြင်းကို လည်းကောင်း ရောင်းရန်ကတိပြုသူမှ လိုအပ် သလို လိုက်ပါဆောင်ရွက်ပေးရန် ဝန်ခံကတိပြု ပါသည်။

ယင်းသို့စာချုပ်တွင် ဖော်ပြချက်အရအချင်းဖြစ် မြေခွဲစိတ်ခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ ဝယ်သူအမည်ပြောင်းခြင်းတို့ကို ပြုလုပ်ပေးရမည့်သူမှာ ရောင်းသူဒေါ်မြင့်မြင့်သာလျှင်ဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားရုံးချုပ်က ရောင်းသူ ဒေါ်မြင့်မြင့်က ဦးဘတင် (မူလရုံးတရားလို၏ခင်ပွန်း)အား အထူးကိုယ်စားလှယ်ပေးသည်ကို အကြောင်းပြု၍ ဦးဘတင်သည် ရောင်းသူဒေါ်မြင့်မြင့်၏ ကိုယ်စားလှယ် ဖြစ်သကဲ့သို့ ဝယ်သူဒေါ်သိန်းနု၏ ခင်ပွန်းဖြစ်ရာ အရောင်းအဝယ် စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲမရှိကြောင်း၊ အရောင်းအဝယ်ကိစ္စပြီးပြတ်အောင် အလွယ်တကူဆောင်ရွက်နိုင် ကြောင်း၊ ဒေါ်သိန်းနုအနေဖြင့် ခင်ပွန်းဖြစ်သူ ဦးဘတင်နှင့် ပူးပေါင်း ဆောင်ရွက်ရန် ပျက်ကွက်ကြောင်းဖြင့် ဝယ်သူအပေါ် တာဝန်ကျရောက်သည့်သဘော ကောက်ယူသုံးသပ်ခဲ့သည်။

မူလရုံးတရားလို၏ ခင်ပွန်း၊ ရောင်းသူ ဒေါ်မြင့်မြင့်ကိုယ်စားလှယ် ဦးဘတင်က ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု အလေးပေး

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

စဉ်းစားခဲ့သော်လည်း စာချုပ်ပါ တာဝန်အရ ရောင်းသူဘက်မှ ဆောင်ရွက်ရန် ပျက်ကွက်သည်ကို မူလတရားရုံးချုပ်က သုံးသပ်ခဲ့ခြင်းမရှိပေ။

အမှန်စင်စစ်ရောင်းသူ ဒေါ်မြင့်မြင့်က ၎င်း၏လူယုံတော် ဦးထွန်းဝင်းအား စေခိုင်း၍ အိုးအိမ်ဦးစီးဌာနသို့ သွားရောက်ပြီး မြေအရောင်းအဝယ်ကိစ္စများအတွက် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက် နေစဉ်မှာပင် ဒေါ်မြင့်မြင့်ကွယ်လွန်ခြင်းဖြစ်ကြောင်း ဦးထွန်းဝင်း (လိုပြ-၁) ၏ ထွက်ချက်အရ ပေါ်ပေါက်သည်။

သို့ဖြစ်၍ ရောင်းသူဘက်မှ မိမိတာဝန်အရ ဆောင်ရွက်နေသည့် အတွက် ဝယ်သူဒေါ်သိန်းနုသည် အချိန်များစွာရပါလျက် အရောင်း အဝယ်ကတိဖြစ်မြောက်ရန် အကြောင်းမဲ့ ဆောင်ရွက်ရန်ပျက်ကွက် သည်ဟု တရားရုံးချုပ်က ဆုံးဖြတ်ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင် ချေ။

မူလရုံးတရားလိုစွဲဆိုသည့်အမှုမှာ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှုဖြစ်သည်။ ယင်းအမှုကို ဆောင်ရွက်ရန် ချိန်းဆိုသည့်နေ့မှ စ၍သို့မဟုတ် ချိန်းဆိုခြင်းမရှိလျှင် မဆောင်မရွက်ငြင်းပယ်ခြင်းကို တရားလိုသိသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရန် ဖြစ်ကြောင်း ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ် ၁၁၃ တွင် ပြဋ္ဌာန်းထား သည်။

၃-၁-၉၁ ရက်နေ့တွင် ချုပ်ဆိုသော ဝန်ခံကတိစာချုပ် သက်သေခံအမှတ် (ဃ) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည် -

" (၁၄-၁၁-၉၀) ရက်စွဲပါ ဒေါ်မြင့်မြင့် (အေဘီ-၀၄၅၅၆၅) နှင့် ဒေါ်သိန်းနု (စီအေ-၀၅၅၂၂၂) တို့ ချုပ်ဆိုသော မြေယာအရောင်းအဝယ် သဘောတူကတိစာချုပ် အပိုဒ် (၄) ပါ သဘောတူညီချက်အရ ကျန်ငွေကျပ် ၁၀၀၀၀၀၀ိ/- (ကျပ်တစ်ဆယ်သိန်းတိတိ) အနက် ငွေကျပ်

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

၉၅၀၀၀၀ိ/- (ကျပ်ကိုးသိန်းငါးသောင်းတိတိ) ကို ယနေ့ (၃-၁-၉၁) နေ့တွင် အပိုင်ဝယ်ယူသူ ဒေါ်သိန်းနုက ပေးချေရာ အပိုင်ရောင်းသူ ဒေါ်မြင့်မြင့်ကလည်း လက်ရောက်ရရှိပါသဖြင့် ရရှိပြီးဖြစ် ကြောင်း ဝန်ခံလက်မှတ်ရေးထိုးသည့်ပြင် အထက်အဆိုပါ အရောင်းအဝယ်စာချုပ်အရ ရောင်းချလိုက်သော မြေအကျယ် (၄၅ × ၆၀) ပေရှိ မြေပိုင်မြေကို အပြီးအပိုင် လက်ရောက် လွှဲပြောင်းပေးအပ်လိုက်ပါသည်။ ကျန်ငွေကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) ကို အပြီးအပိုင် အရောင်းအဝယ် စာချုပ် လက်မှတ်ရေးထိုး မှတ်ပုံတင်သွင်းသည့်နေ့၌ အပိုင် ဝယ်ယူသူ ဒေါ်သိန်းနုမှ အပြေအကြေ ပေးချေရန်လည်း ဝန်ခံ ကတိပြုပါသည်။"

ယင်းစာချုပ်အရဆိုလျှင် ဆောင်ရွက်ရန် ချိန်းဆိုရက် သတ်မှတ် ခြင်းမရှိပေ။ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုသည့်နေ့သာ လျှင် အပြီးအပြတ် အရောင်းအဝယ်ပြုလုပ်သည့်နေ့ဖြစ်သည်။

ဒေါ်နီနီဇော်၏ ထွက်ဆိုချက်အရ တရားရုံးချုပ် အထူးအယူခံမှုအမှတ် ၃၀/၂၀၀၃ ၏ ၁၉-၆-၂၀၀၃ ရက်စွဲပါ ဆုံးဖြတ်ချက်ကြောင့် ဦးဇော်ဝင်းဇော်သည် ဒေါ်မြင့်မြင့်၏ ကိတ္တိမသားတစ်ဦးဖြစ်ကြောင်း ထင်ရှားသည်။ ဦးဇော်ဝင်းဇော်မှာ အခြားအမွေဆိုင်များနှင့် အမှုအခင်း များဖြစ်ပွားလျက်ရှိရာ မူလရုံးတရားလိုအနေဖြင့် ဒေါ်မြင့်မြင့်၏ အမွေ စားအမွေခံကို တရားရုံးက ဆုံးဖြတ်သည့်နေ့ နောက်ပိုင်းမှ ခွဲခွဲခြားခြား သိရှိရခြင်းဖြစ်သည်။ တရားလိုအနေဖြင့် မည်သူကို တရားဘက်ပြုရ မည်ဆိုသောကိစ္စရပ်မှာ တရားရုံးက အဆုံးအဖြတ်မပြုမီမသိနိုင်ချေ။ တရားရုံး၏ဆုံးဖြတ်ချက်အရ ဒေါ်မြင့်မြင့်၏ကိတ္တိမသားအဖြစ် တရား ဘက်ပြု၍ အမှုစွဲဆိုခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ မူလရုံးတရားလိုအနေ ဖြင့် မိမိအခွင့်အရေးနှင့်

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

စပ်လျဉ်း၍ အိပ်ပျော်နေသူဖြစ်သည်ဟု ဆိုနိုင် မည်မဟုတ်သဖြင့် တရားရုံးချုပ်က **မရွှေမြ နှင့် မောင်မိုးနှောင်းအမှု**(၁) ကို ကိုးကား၍ အမှုကို အဆုံးအဖြတ်ပြုခြင်းသည် မှန်ကန်ခြင်း မရှိပေ။

မူလရုံးတရားလိုက တရားပြိုင်ဦးဇော်ဝင်းဇော်ထံသို့ ပေးပို့သည့် ၅-၉-၂၀၀၂ ရက်နေ့ နေ့စွဲပါအကြောင်းကြားစာကို မူလရုံး တရားပြိုင် က လက်ခံမရရှိဟု ဆိုစေကာမူ ၁-၈-၂၀၀၂ ရက်စွဲဖြင့် ပေးပို့သော အကြောင်းကြားစာ လက်ခံရရှိပြီး ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ငြင်းပယ်ကြောင်း အမှုတွင် ပေါ်ပေါက်သည့် အလျောက် ၁၃-၁၁-၂၀၀၂ တွင် စွဲဆိုသော ဤအမှုမှာ ကာလ စည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၁၁၃ အရ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိချေ။ ထို့ကြောင့် ဝယ်သူသည် ရောင်းသူကွယ်လွန်ပြီး ၈-နှစ်ကျော်မှ တရားစွဲ ဆိုခြင်းသည် ဝယ်သူမှာ ဝီရိယစိုက်ထုတ်မှု နိုးကြားမှု မရှိဟု ဆိုနိုင် မည်မဟုတ်ပေ။

သက်သေခံအမှတ် (က) စာချုပ်တွင် အချင်းဖြစ်မြေကို ဒေါ်သိန်းနုအား အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်ကြောင်း ဖော်ပြပါရှိသည်။ ထို့အတူ ဒေါ်သိန်းနုကလည်း အချင်းဖြစ်မြေကို လက်ရောက်ရရှိပြီး ခင်ပွန်း ဦးဘတင်နှင့်အတူ ဒေါ်မြင့်မြင့်တို့ကြီးကြပ်၍ မြေကွက်ကို အုတ်တိုင်စိုက်ကာ သံဆူးကြိုးကာရံခဲ့ကြောင်း ထွက်ဆို သည်။ ဒေါ်မြင့်မြင့်၏ လူယုံဖြစ်သူ ဦးထွန်းဝင်း (လိုပြ-၁) ကလည်း ထောက်ခံထွက်ဆိုသည်။ သို့ဖြစ်၍ သက်သေခံအမှတ် (ဃ) စာချုပ်ပါ ဖော်ပြချက်နှင့် သက်သေထွက်ချက်များအရ မြေကွက်အရောင်းအဝယ်ပြုစဉ် ဝယ်သူဒေါ်သိန်းနုအနေဖြင့် လက်ရောက်ရရှိခဲ့ကြောင်း ထင်ရှား သည်။ မှတ်ပုံတင်စာချုပ် ချုပ်ဆိုသည့်နေ့တွင် ကျပ်ငွေကျပ် ၅၀၀၀၀ ကျပ် အပြေအကြေ

(၁) ၁၉၂၁ - ၂၂ ခုနှစ်၊ အထက်မြန်မာပြည်စီရင်ထုံး အတွဲ-၄၊ စာ-၃၀ (ဝီစီ)

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

ပေးချေရန် ဒေါ်သိန်းနုက သက်သေခံအမှတ် (ဃ) ဝန်ခံကတိပြု၍ နှစ်သက်သဘောတူပြီးလည်း ဖြစ်သည်။

သို့ပါလျက်တရားရုံးချုပ်က အချင်းဖြစ်ပစ္စည်း လက်ရောက်မရသေးခြင်း၊ ရောင်းဖိုးငွေမပေးချေရသေးခြင်းတို့ကြောင့် ဒေါ်သိန်းနုအနေဖြင့် တောင်းဆိုသည့် သက်သာခွင့်မရနိုင်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည်လည်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာများကိုအောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

"၁။ ဝယ်သူသည် ရောင်းသူကွယ်လွန်သည်အထိ ၃ နှစ် ၈ လ ၁၃ ရက်ကြာမြင့်သည့်တိုင်အောင် အချိန်များစွာရရှိပါလျက် အရောင်းအဝယ်ကတိပြီးမြောက်ရေးကို အကြောင်းမဲ့ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ဟု ဆုံးဖြတ် ခြင်းသည် မှန်ကန်မှုမရှိကြောင်း၊

၂။ တရားရုံးချုပ်က ဝယ်သူသည် ကွယ်လွန်ပြီးနောက် ၈-နှစ်ကျော်ကြာမှ တရားစွဲဆိုခြင်းမှာ ဝယ်သူ၏ဝီရိယစိုက်ထုတ်မှု၊ နိုးကြားမှုမရှိခြင်းသာဖြစ်ကြောင်း၊ **မရွှေမြနှင့် မောင်မိုးနှောင်းအမှု**[၁] ကို ကိုးကား၍ စွဲဆိုမှုကို ပလပ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း၊

၃။ တရားရုံးချုပ်က ဝယ်သူ ဒေါ်သိန်းနုအနေဖြင့် အချင်းဖြစ် မြေကွက်ကို လက်ရောက်မရရှိခဲ့ခြင်း၊ ရောင်းဖိုးလက်ကျန်ငွေမပေးချေရသေးခြင်းတို့ကြောင့် စွဲဆိုမှုကို ပလပ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း။"

(၁) ၁၉၂၁ - ၂၂ ခုနှစ်၊ အထက်မြန်မာပြည်စီရင်ထုံး အတွဲ-၄၊ စာ-၃၀ (ဗိစီ)

၂၀၀၅
ဒေါ်သိန်းနု
နှင့်
ဒေါ်နီနီယဉ်
ပါ ၂

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီ ပယ်ဖျက်ကာတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၅
နှစ်လ
၁၀ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့ရှေ့တွင်**

**ဦးမြတ်စိုး ပါ ၄**
**နှင့်**
**ဒေါ်တင်ကြည် ***

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ မယားပြိုင်အများရှိသော မြန်မာဗုဒ္ဓ ဘာသာအိမ်ထောင်တွင် ဖခင်ကွယ်လွန်သော အခါ ဖခင် အလျှင် ကွယ်လွန်သော ပထမမယားနှင့် ရသော သားသမီးများနှင့် ကျန်ရစ်သူ မိထွေးတို့ ရခွင့်ရှိသည့် အမွေဝေစု။**

**ဆုံးဖြတ်ချက်။** ။မိဘတစ်ဦးဦးကွယ်လွန်ပြီး ကျန်ရစ်သူ မိဘနောက်အိမ်ထောင်ပြုသည့်အခါ ကွယ်လွန်သူနှင့် ရရှိခဲ့သော သားသမီးများသည် ကျန်ရစ်သူမိဘထံမှ ကွယ်လွန်သူ မိဘအစုကို ရရှိသည်။ ယင်းဝေစုကို အမွေရယူခဲ့ပါလျှင် ထိုကျန်ရစ်သူမိဘ ကွယ်လွန်သောအခါ အမွေတောင်း ခံခွင့်မရှိတော့ပေ။ သို့ရာတွင် အမွေတောင်းခံခြင်းမရှိခဲ့ပါမူ ကျန်ရစ်သူ မိဘကွယ်လွန်သောအခါ မိထွေး၊ ပထွေးထံမှ အမွေတောင်းခံခွင့် ရှိသည်။

---

* ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁

\+ ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၈၁ တွင် ချမှတ်သော ၂-၈-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်တင်ကြည်

**ထပ်မံဆုံးဖြတ်ချက်။** ။ဖခင်ရင်းနှင့် မိထွေးတို့ပိုင်ဝေစု၏ ခြောက်ပုံတစ်ပုံကိုသာလျှင် လင်ပါမယားပါသားသမီးများ အမွေရခွင့်ရှိသည်ဟူသော အယူခံတရားပြိုင်ဘက်မှ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ထိုသို့ ခြောက်ပုံတစ်ပုံရခွင့်ရှိကြောင်းပြဆိုသည့် ဓမ္မသတ်များသည် တစ်လင်တစ်မယားရှိသော အိမ်ထောင်နှင့်သာ သက်ဆိုင်သည်။ မယား ပြိုင်များရှိသော အိမ်ထောင်နှင့် သက်ဆိုင်သော ဓမ္မသတ်များ မရှိသည် ကတစ်ကြောင်း၊ လင်ပါမယားပါသားသမီးများသည် ဖခင်ရင်း၏ ဝေစုကို သာလျှင် အထိုက်အလျောက် အမွေရခွင့် ရှိသည်ကတစ်ကြောင်းတို့ ကြောင့် ထိုတင်ပြချက်ကို လက်ခံရန် အကြောင်းမမြင်ချေ။

မိခင်ရင်း ကွယ်လွန်စဉ်က အမွေမတောင်းခဲ့သော လင်ပါသားသမီးသည် ၎င်းတို့၏ ဖခင်ရင်း ကွယ်လွန်သောအခါ မိခင်ထံမှ ရရှိသည့် ဝေစုအပြင် ဖခင်ရင်း၏ အပြီးအပိုင်ရရှိပြီးဖြစ်သည့် ဝေစုကိုလည်း မိထွေးနှင့် ပူးတွဲအမွေဆက်ခံသည်။ ထိုဝေစုအားလုံးကို မိထွေးတစ်ဦး တည်းကသာလျှင် ဆက်ခံကြောင်း မည်သည့်ဓမ္မသတ်၊ မည်သည့်စီရင် ထုံးကမျှ ပြဆိုခြင်းမရှိပေ။

| | |
|---|---|
| အယူခံတရားလိုများအတွက် - | ဦးမင်းလွင်<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်အတွက် - | ဦးအောင်သစ်<br>(တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄၈ တွင်တရားလိုဦးမြတ်စိုး၊ ဦးမြတ်တိုး၊ ဦးအေးသန်းနှင့် ဦးသန်းဝင်း တို့က တရားပြိုင် ဒေါ်တင်ကြည်အပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ တရားလိုတို့သည် အမွေပစ္စည်း၏ $\frac{၄၇}{၁၀၈}$ ရထိုက်ကြောင်း

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်တင်ကြည်

တိုင်းတရားရုံးက ပဏာမ ဒီကရီချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်တင်ကြည်က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ၂၀၀၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၂၈၁ အရအယူခံဝင်ရောက်ရာတရားရုံးချုပ်က တိုင်းတရားရုံး၏ ပဏာမဒီကရီကို အမွေပုံပစ္စည်း၏ ၁/၁၆ ရထိုက်ကြောင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကိုဦးမြတ်စိုးတို့က မကျေနပ်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူး အယူခံဝင်ခွင့်ပြုခဲ့သည် -

> " မယားပြိုင်များရှိသော မြန်မာဗုဒ္ဓဘာသာအိမ်ထောင်တွင် ဖခင်ကွယ်လွန်သောအခါ ဖခင်အလျင်ကွယ်လွန်သော ပထမ မယားနှင့် ရသော သားများသည် ကျန်ရစ်သူ ဒုတိယ မယားအပေါ် ဖခင်ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ၌ ကွယ်လွန်ပြီးဖြစ်သော မိခင် ရင်းအပြီးအပိုင် ရရှိခဲ့သည့် ဝေစုအပြင် ဖခင်၏ ဝေစု (Vested interest)တွင်လည်း အမွေရခွင့်ရှိမရှိ၊ ရှိလျှင် မည်မျှရထိုက်ခွင့် ရှိပါသနည်း။"

အဆိုလွှာအရ တရားလို ဦးမြတ်စိုးပါ ၄ ဦးတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ဦးချစ်ထွေး၊ ဒေါ်ကြည်လှတို့၏သားများဖြစ်ကြောင်း၊ ဦးချစ်ထွေးသည် တရားလိုများ၏ မိခင်ဒေါ်ကြည်လှအပြင် ဒေါ်ခင်စိန်၊ တရားပြိုင် ဒေါ်တင်ကြည်တို့နှင့်လည်း အကြောင်းပါခဲ့ကြောင်း၊ ဒုတိယမယား ဒေါ်ခင်စိန်သည် ၁၉၉၁ ခုနှစ်တွင် သားသမီးမရဘဲ ကွယ်လွန်ခဲ့ကြောင်း၊ တတိယမယား ဒေါ်တင်ကြည်တွင်သားနှစ်ဦးထွန်းကားခဲ့သော်လည်း ၎င်းတို့သည် ဖခင်ဦးချစ်ထွေးထက်စော၍ ကွယ်လွန်ခဲ့ကြောင်း၊ မိမိတို့၏ မိခင်ဒေါ်ကြည်လှသည်

၁၉၉၈ ခုနှစ် တွင်လည်းကောင်း၊ ဖခင်ဦးချစ်ထွေးသည် ၂၀၀၂ ခုနှစ်တွင်လည်း ကောင်း ကွယ်လွန်ခဲ့ကြကြောင်း၊ ဖခင် ဦးချစ်ထွေး ကွယ်လွန်သောအခါ မယား ၃ ဦးနှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းများ ကျန်ရစ်သဖြင့် တရားလိုများသည် ယင်းပစ္စည်းများ၏ ထက်ဝက်ကိုရထိုက်ကြောင်း အဆိုပြုသည်။

တရားပြိုင်ဒေါ်တင်ကြည်က ၎င်းနှင့်ဦးချစ်ထွေးတို့သည် ၁၃-၅-၉၉ ရက်နေ့တွင် ကတိသစ္စာပြု၍ကွာရှင်းပြတ်စဲခဲ့ကြောင်း၊ ဦးချစ်ထွေးကွယ်လွန်သည့်အခါ မိမိသည် ၎င်း၏ဇနီးမဟုတ်တော့ကြောင်း၊ ဦးချစ်ထွေးနှင့် တရားပြိုင်တို့ ကွာရှင်းစဉ်က အချင်းဖြစ်ပစ္စည်း များသည် တရားပြိုင်က ခွဲဝေရယူပြီးဖြစ်၍ တရားပြိုင် အမည်ပေါက်ခဲ့ကြောင်း၊ သို့ဖြစ်၍ တရားပြိုင်ထံတွင် အမွေပစ္စည်း မကျန်ရစ်တော့ကြောင်း၊ တရားလိုများစွဲဆိုသော အမှုသည်အမှုပုံစံ မှားယွင်းနေပြီး တရားစွဲဆိုရန်အကြောင်းလည်း မပေါ်ပေါက်ကြောင်း ချေပသည်။

တိုင်းတရားရုံးက ဦးချစ်ထွေးသည် မယား ၃ ယောက်နှင့် ပေါင်းသင်းစဉ်ဖြစ်ထွန်းသော ပစ္စည်းများ၏ ထက်ဝက်ကို ရရှိပြီး မယား တစ်ဦးစီ၏ ဝေစုသည် ကျန်ထက်ဝက်၏ ၁/၃ ပုံစီရရှိမည်ဖြစ်ကြောင်း၊ ၁၉၉၁ ခုနှစ်တွင် မယားပြိုင် ဒေါ်ခင်စိန်ကွယ်လွန်သည့်အခါ ဒေါ်ခင်စိန်၏ ဝေစုသည် ခင်ပွန်းဦးချစ်ထွေးထံရောက်ရှိပြီး နိဿယနှင့် နိဿိတ မူသဘောအရအဆိုပါဝေစုမှ ၁/၃ ကို ကျန်မယား ၂ ဦးကအညီ အမျှရရှိပြီး ကျန် ၂/၃ ပုံ ဝေစုကို ဦးချစ်ထွေးကရကြောင်း၊ ၁၉၉၈ ခုနှစ် တွင် မယားပြိုင် ဒေါ်ကြည်လှကွယ်လွန်သည့်အခါ ဒေါ်ကြည်လှရရှိသော အမွေဝေစု ၂/၃၆ ပုံကို ၎င်း၏သားများဖြစ်သော ဦးမြတ်စိုးတို့က ဆက်ခံရရှိကြောင်း၊ ၂၀၀၂ ခုနှစ်တွင် ဖခင်ဦးချစ်ထွေး ကွယ်လွန်သည့် အခါ ဦးမြတ်စိုးတို့သည် မိထွေးဒေါ်တင်ကြည်ထံမှ ဖခင်၏အမွေကို ဆက်ခံရခွင့်ရှိကြောင်း၊ ဖခင်ရင်း၏ ဝေစုကို လင်ပါမယားပါသားသမီး

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်တင်ကြည်

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်တင်ကြည်

များကတစ်ဆ၊ မိထွေးကနှစ်ဆရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားလို တို့ မိခင်ရင်းကွယ်လွန်သည့်အခါ မိခင်ရင်းရရှိသော ဝေစု ၇/၃၆ ပုံနှင့် ဦးချစ်ထွေးကွယ်လွန်သည့်အခါ ရှိသော အမွေဝေစု ၃၃/၂၄ ပုံတို့ကို ပေါင်းလျှင် အမွေဝေစု ၄၄/၁၀၈ ပုံ ရထိုက်ကြောင်း ပဏ္ဏာမဒီကရီ ချမှတ်ခဲ့သည်။

တရားရုံးချုပ်က လင်ပါမယားပါ သားသမီးများသည် ဖခင်ကွယ်လွန်သည့်အခါ အမွေနှစ်ကြိမ်ရသည်၊ အမွေပစ္စည်းအချို့အား ထပ်မံ ရသည်ဟု မည်သည့်ဓမ္မသတ်ကမျှ ဆုံးဖြတ်ထားခြင်း မရှိကြောင်း၊ ထို့ကြောင့် ဒေါ်ကြည်လှကွယ်လွန်ချိန်တွင် သားများဖြစ်ကြသည့် ဦးမြတ်စိုးပါ ၄ ဦးတို့က မိခင်ရင်းအမွေဝေစု ၇/၃၆ ပုံကိုသာ ရထိုက် ကြောင်း၊ ဖခင်ထံမှ အမွေဝေစုကို ထပ်မံရခွင့်မရှိကြောင်း၊ ဦးမြတ်စိုး ပါ ၄ ဦးတို့က ရထိုက်သည့်အမွေဝေစုသည် ၇/၃၆ ပုံသာ ဖြစ်ကြောင်း ပြင်ဆင်ချက်ဖြင့် မူလရုံး၏ ပဏ္ဏာမဒီကရီကို အတည်ပြုခဲ့သည်။

မူလရုံးအမှုတွဲကို စိစစ်ကြည့်ရှုရာတွင် အယူခံတရားလိုတို့၏ ဖခင်ဦးချစ်ထွေးတွင် မယား ၃ ဦးရှိရာ ပထမ မယား ဒေါ်ကြည်လှ၊ ဒုတိယမယား ဒေါ်ခင်စိန်နှင့် တတိယမယား ဒေါ်တင်ကြည်တို့ဖြစ်ကြသည်။ အယူခံတရားလို ဦးမြတ်စိုးတို့သည် ဦးချစ်ထွေးနှင့် ပထမမယား ဒေါ်ကြည်လှမှ မွေးဖွားသည့်သားများဖြစ်ကြပြီး ဦးချစ်ထွေးနှင့် တတိယ မယား ဒေါ်တင်ကြည်တို့မှ သားနှစ်ဦး ထွန်းကားခဲ့သော်လည်း ထိုသား များသည် ဦးချစ်ထွေး၏အလျင် ကွယ်လွန်ခဲ့ကြပြီးဖြစ်သည်။ ဦးချစ်ထွေး နှင့် ဒုတိယမယား ဒေါ်ခင်စိန်တို့မှ သားသမီးမွေးဖွားခြင်းမရှိပေ။ ဒုတိယ မယား ဒေါ်ခင်စိန်သည် ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ ပထမမယား ဒေါ်ကြည်လှသည် ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ အမွေရှင် ဦးချစ်ထွေးသည် ၂၀၀၂ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသည်။

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်တင်ကြည်

ဦးချစ်ထွေး ကွယ်လွန်သည့်အခါ မယားသုံးဦးနှင့် ပေါင်းသင်းဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းများနှင့် စပ်လျဉ်း၍ ဦးမြတ်စိုးတို့ ၄ ဦးက ဦးချစ်ထွေး၏တတိယမယား ဒေါ်တင်ကြည် အပေါ် အမွေပုံ စီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

မူလတိုင်းတရားရုံးက ၁၉၉၈ ခုနှစ်တွင် ကွယ်လွန်သူ၏ မယားပြိုင်တစ်ဦးဖြစ်သူ ဒေါ်ကြည်လှ ရရှိသော အမွေဝေစု၏ ၃/၃၆ ပုံကို လည်း သားများဖြစ်ကြသည့် အယူခံတရားလိုတို့က ဆက်ခံရရှိကြောင်း၊ ၂၀၀၂ ခုနှစ်တွင် ဖခင်ဦးချစ်ထွေး ထပ်မံကွယ်လွန်သည့်အခါ မိထွေး ဒေါ်တင်ကြည်ထံမှ အယူခံတရားလိုတို့သည် ဖခင်၏အမွေကို ထပ်မံရရှိ ခွင့်ရှိကြောင်း၊ ဤနည်းဖြင့် အယူခံတရားလိုတို့သည် မိခင်ရင်းကွယ်လွန် သည့်အခါ မိခင်ရင်းရရှိသည့် ဝေစု ၃/၃၆ ပုံနှင့် ဦးချစ်ထွေးကွယ်လွန်သည့် အခါ ရရှိသည့် အမွေဝေစု ၁၁/၄၅ ပုံ စုစုပေါင်း အမွေဝေစု ၅၉/၁၈၀ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ တရားရုံးချုပ်ကမူ လင်ပါမယားပါသားသမီးများအနေဖြင့် ဖခင်ကွယ်လွန်သောအခါ အမွေနှစ်ကြိမ် ရခွင့်မရှိသဖြင့် မိခင်ရင်း ဒေါ်ကြည်လှ ကွယ်လွန်ချိန်တွင် ရရှိမည့် မိခင်ရင်းအမွေဝေစု ၃/၃၆ ပုံသာ ရထိုက်ပြီး ဖခင်ရင်းအမွေဝေစုကို ထပ်မံ ရရှိခွင့် မရှိကြောင်း သုံးသပ်လျက် ပြင်ဆင်ချက်ဖြင့် မူလရုံး၏ ပဏာမ ဒီကရီကို အတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

ဤအထူးအယူခံမှုတွင် ကွယ်လွန်ပြီးဖြစ်သော မိခင်ရင်း အမြီးအပိုင်ရရှိသည့်ဝေစုအပြင် နောက်ကွယ်လွန်သော ဖခင်၏ ဝေစုကို လည်း အယူခံတရားလိုများအနေဖြင့် ထပ်မံရရှိခွင့် ရှိမရှိကို စိစစ်ရန် ဖြစ်သည်။

အယူခံတရားလိုများအနေဖြင့် ဖခင်ရင်းဦးချစ်ထွေးထက် အလျင်ကွယ်လွန်သော မိခင်ရင်း ဒေါ်ကြည်လှ အသက်ထင်ရှားရှိစဉ်က အချင်းဖြစ်ပစ္စည်း အမွေပုံပစ္စည်းများ၌ လင်ခန်းမယားခန်းအရ

၂၀၀၅
ဦးမြတ်စိုး ပါ ၄
နှင့်
ဒေါ်တင်ကြည်

ရရှိ သော အကျိုးခံစားခွင့်ရှိသည့် ဝေစုကို ရထိုက်ခွင့်ရှိကြောင်း၊ မူလတိုင်း တရားရုံးနှင့် အယူခံရုံးဖြစ်သည့် တရားရုံးချုပ်တို့က တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့ကြသည်။ သို့ရာတွင် ဖခင်ရင်းကွယ်လွန်သောအခါ မိခင်ရင်းဒေါ်ကြည်လှ၏ ဝေစုအပြင် ဖခင်ဝေစုကို တောင်းခံရာ၌ မူလ တိုင်းတရားရုံးက ခွင့်ပြုသော်လည်း တရားရုံးချုပ်က လက်ထက်ပွား ပစ္စည်းတစ်ခုတည်းတွင် ၂ ကြိမ် ရထိုက်ခွင့် ရှိသည်ဟု မည်သည့်ဓမ္မသတ်၊ မည်သည့် စီရင်ထုံးကမျှ ပြဆိုထားခြင်းမရှိဟု အကြောင်းပြ၍ ငြင်းပယ် ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

မိဘတစ်ဦးဦးကွယ်လွန်ပြီးကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုသည့်အခါ ကွယ်လွန်သူနှင့် ရရှိခဲ့သော သားသမီးများသည် ကျန်ရစ်သူ မိဘထံမှ ကွယ်လွန်သူ မိဘအစုကို ရရှိသည်။ ယင်းဝေစုကို အမွေရယူခဲ့ပါလျှင် ထိုကျန်ရစ်သူမိဘ ကွယ်လွန်သောအခါ အမွေတောင်းခံခွင့် မရှိတော့ပေ။ သို့ရာတွင် အမွေတောင်းခံခြင်း မရှိခဲ့ပါမူ ကျန်ရစ်သူမိဘကွယ်လွန်သောအခါ မိထွေးပထွေးထံမှ အမွေတောင်းခံခွင့် ရှိသည်။

ဤအမှုတွင်အယူခံတရားလိုများသည် မိခင်ရင်းဒေါ်ကြည်လှ ကွယ်လွန်စဉ် အမွေတောင်းခံခဲ့ခြင်း မရှိသဖြင့် ဖခင်ဦးချစ်ထွေး ကွယ်လွန်သည့်အခါ မိထွေးထံမှ ဖခင်၏အမွေဝေစု ရခွင့်ရှိသည်။ အမှု၌ အချင်းဖြစ်ပစ္စည်းသည် ဦးချစ်ထွေးနှင့် မယားပြိုင် ဒေါ်ကြည်လှ၊ ဒေါ်ခင်စိန်၊ ဒေါ်တင်ကြည်တို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်းများဖြစ်သဖြင့် အယူခံတရားလိုတို့၏ မိရင်းဖရင်းတို့မှ ထပ်ဆင့် အမွေရခွင့်ရှိသည်မှာ မြင်သာသည်။

အယူခံတရားလိုတို့က ဖခင်ဦးချစ်ထွေးကွယ်လွန်သောအခါ မယား ၃ ဦးနှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထပ်ပွားပစ္စည်းများကျန်ရစ်ကြောင်း အဆိုပြုထားသည်။ ယင်းပစ္စည်းတွင် ဦးချစ်ထွေး

၏ ဝေစုသည် $\frac{၁}{၂}$ ပုံ ဖြစ်ပြီး မယားတစ်ဦးစီ၏ ဝေစုသည် $\frac{၁}{၂} \times \frac{၁}{၃} = \frac{၁}{၆}$ ပုံစီဖြစ်သည်။ မယားပြိုင် ဒေါ်ခင်စိန်ကွယ်လွန်သောအခါ ၎င်းဝေစု $\frac{၁}{၆}$ ပုံကို ဦးချစ်ထွေးနှင့် ကျန်မယားနှစ်ဦးသည် နိဿယနှင့် နိဿိတမူအရ $\frac{၂}{၃}$ း $\frac{၁}{၃}$ ခွဲဝေယူရန်ဖြစ်သည်။ သို့ဖြစ်၍ ဦးချစ်ထွေးက ($\frac{၁}{၆}$ ၏ $\frac{၂}{၃} = \frac{၂}{၁၈}$ ပုံရရှိမည်ဖြစ်ပြီး မယားပြိုင်နှစ်ဦးသည် $\frac{၁}{၁၈}$ ပုံဖြစ်၍ မယားတစ်ဦးချင်းအနေဖြင့် ( $\frac{၁}{၆}$ ၏ $\frac{၁}{၃} \times \frac{၁}{၂}$ ) $= \frac{၁}{၃၆}$ ပုံစီရရှိမည်ဖြစ်သည်။ ထို့ကြောင့် ဦးချစ်ထွေး၏ ဝေစုအားလုံးမှာ $\left(\frac{၁}{၂} + \frac{၂}{၁၈}\right) = \frac{၁၁}{၁၈}$ ပုံဖြစ်သည်။ မယားပြိုင်ဒေါ်ကြည်လှ၊ ဒေါ်တင်ကြည်တို့သည် $\left(\frac{၁}{၆} + \frac{၁}{၃၆}\right) = \frac{၇}{၃၆}$ ပုံစီ အသီးသီးရရှိကြသည်။

မယားပြိုင်တစ်ဦးကွယ်လွန်သောအခါ ၎င်း၏အပြီးအပိုင်ရရှိသည့် ဝေစုကို ၎င်း၏သားသမီးများက အမွေဆက်ခံကြမည် ဖြစ်သည်။ **မောင်အောင်ဖေ နှင့် ဦးထွန်းအောင်ကျော်ပါ (၃) အမှု**[၁] ကိုကြည့်ပါ။ သို့ဖြစ်၍ အယူခံတရားလိုတို့၏မိခင် ဒေါ်ကြည်လှကွယ်လွန်သည့်အခါ မိခင်ဝေစုကို အယူခံတရားလိုတို့က ဆက်ခံရရှိသည်။

ဖခင်နှင့်မိထွေးတို့ပေါင်းသင်းပြီး ဖခင်ရင်း သေဆုံးသည့်အခါ အမွေမရသေးသည့် သားသမီးများသည် ဖခင်ရင်း၏ အမွေဝေစုကို မိထွေးထံမှရခွင့်ရှိမည်ဖြစ်သည်။ လက်ထက်ပွားပစ္စည်း၌ ဖခင်ရင်း၏ ဝေစုတွင် လင်ပါမယားပါသားသမီးကတစ်ဆ၊ မိထွေးက နှစ်ဆရရှိမည်ဖြစ်ရာ ဦးချစ်ထွေးဝေစုဖြစ်သည့် $\frac{၁၁}{၁၈}$ တွင် အယူခံတရားလိုများသည် $\left(\frac{၁၁}{၁၈} \times \frac{၁}{၃}\right) = \frac{၁၁}{၅၄}$ ရရှိသည်။ သို့ဖြစ်၍ မိခင်ရင်း သေဆုံးစဉ်က ရရှိပြီး ဖြစ်သည့်ဝေစုနှင့် ပေါင်းလျှင် $\left(\frac{၇}{၃၆} + \frac{၁၁}{၅၄}\right)$ စုစုပေါင်း $\frac{၄၃}{၁၀၈}$ ပုံကို အယူခံ တရားလိုများက ရထိုက်ခွင့်ရှိကြောင်း ထင်ရှားသည်။

---

(၁) ရန်ကုန်၊ အတွဲ ၈၊ စာ-၅၂၄

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်တင်ကြည်

ဖခင်ရင်းနှင့် မိထွေးတို့ပိုင် ဝေစု၏ ခြောက်ပုံတစ်ပုံကိုသာလျှင် လင်ပါမယားပါသားသမီးများ အမွေရခွင့်ရှိသည်ဟူသော အယူခံတရားပြိုင်ဘက်မှ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ထိုသို့ခြောက်ပုံတစ်ပုံရခွင့် ရှိကြောင်း ပြဆိုသည့်ဓမ္မသတ်များသည် တစ်လင်တစ်မယားရှိသော အိမ်ထောင်နှင့်သာ သက်ဆိုင်သည်။ မယားပြိုင်များရှိသော အိမ်ထောင် နှင့် သက်ဆိုင်သော ဓမ္မသတ်များ မရှိသည်ကတစ်ကြောင်း၊ လင်ပါမယားပါသားသမီးများသည် ဖခင်ရင်း၏ ဝေစုကိုသာလျှင် အထိုက်အလျောက် အမွေရခွင့်ရှိသည်ကတစ်ကြောင်းတို့ကြောင့် ထိုတင်ပြချက်ကို လက်ခံရန် အကြောင်းမမြင်ချေ။

မိခင်ရင်း ကွယ်လွန်စဉ်က အမွေမတောင်းခဲ့သော လင်ပါသားသမီးသည် ၎င်းတို့၏ ဖခင်ရင်းကွယ်လွန်သောအခါ မိခင်ထံမှရရှိသည့် ဝေစုအပြင် ဖခင်ရင်း၏အပြီးအပိုင် ရရှိပြီးဖြစ်သည့် ဝေစုကိုလည်း မိထွေးနှင့်ပူးတွဲ အမွေဆက်ခံသည်။ ထိုဝေစုအားလုံးကို မိထွေးတစ်ဦးတည်းကသာလျှင် ဆက်ခံကြောင်း မည်သည့်ဓမ္မသတ်၊ မည်သည့် စီရင်ထုံး ကမျှ ပြဆိုခြင်း မရှိပေ။

ဤအခြေအနေတွင် တရားရုံးချုပ်က အယူခံတရားလိုများသည် မိခင်ရင်း ဒေါ်ကြည်လှဝေစုကိုသာ ရရှိနိုင်ပြီး ဖခင်ဝေစု ထပ်မံရထိုက် ခွင့် မရှိဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံ ခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည် -

" မယားပြိုင်များရှိသော မြန်မာဗုဒ္ဓဘာသာအိမ်ထောင်တွင် ဖခင်ကွယ်လွန်သောအခါ ဖခင်အလျှင်ကွယ်လွန်သော ပထမမယားနှင့်ရသော သားများသည် ကျန်ရစ်သူတတိယ

၂၀၀၅
ဦးမြတ်စိုး
ပါ ၄
နှင့်
ဒေါ်ကင်ကြည်

မယားအပေါ် ဖခင်ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့် ခွဲပေးစေလိုမှု စွဲဆိုရာ၌ ကွယ်လွန်ပြီးဖြစ်သော မိခင်ရင်း အပြီး အပိုင် ရရှိခဲ့သည့် ဝေစုအပြင် ဖခင်၏ဝေစု (Vested interest) တွင်လည်း အမွေရခွင့်ရှိကြောင်း၊ မူလရုံးမှ သတ်မှတ် သည့်အချိုးအစားအတိုင်း ရခွင့်ရှိကြောင်း။"

ဤတရားမ အထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၅
မလေ
၆ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဦးခင်မောင်အေးနှင့်
ဦးမြင့်သိန်းတို့ရှေ့တွင်

ဒေါက်တာဦးတင်ဦး
(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်)
နှင့်
ဒေါ်အေးအေးသန်း *

ပစ္စည်းခွဲဝေပေး စေလိုမှု၊ လင်မယားနှစ်ဦးအတူပိုင်ဆိုင်သော မြေကွက်ကိုမယားဖြစ်သူကလင်သဘောမတူဘဲ သူတစ်စိမ်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ရောင်းချခဲ့ရာ မယားဖြစ်သူ၏ ဝေစုသာအတည်ဖြစ်ပြီး ခင်ပွန်းဖြစ်သူ ၏ ဝေစု အတည်မဖြစ်သော အခြေအနေတွင် ခင်ပွန်းဖြစ်သူနှင့် မြေကွက်ဝယ်ထားသူတို့သည် မြေကွက်ကို တစ်ဝက်စီသာ ပိုင်ဆိုင်ခွင့်ရှိမရှိ၊ လင်ဖြစ်သူက မြေကွက်ဝယ်ထားသူ အပေါ်အတည်မဖြစ်သော ၎င်း၏ ဝေစုအတွက်ပစ္စည်း ခွဲဝေပေး စေလိုမှုစွဲဆိုခွင့်ရှိမရှိ။

**ဆုံးဖြတ်ချက်။** ။လင်နှင့်မယားတို့သည် မိမိတို့နှစ်ဦးပိုင်ပစ္စည်းကို နှစ်ဦးသဘောတူညီလျှင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း စသည်တို့ကိုပြုလုပ်ခွင့်ရှိသည်။ လင်ကဖြစ်စေ၊ မယားက ဖြစ်စေ

---

* ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၆

\+ ၂၀၀၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁ တွင် ချမှတ်သော ၄-၃-၂၀၀၄ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

ခင်း၏ သဘောဆန္ဒကို အထင်အရှား မဟုတ်သော်လည်း အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီချက်ရရှိလျှင်လည်း နှစ်ဦးပိုင်ပစ္စည်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်။ သို့ရာတွင် သင်မယားနှစ်ဦးအနက် တစ်ဦးသည် ကျန်တစ်ဦး၏ သဘော တူညီချက်မရရှိလျှင် နှစ်ဦးပိုင်ပစ္စည်းမှ ထိုသဘောမတူသူ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းရောင်းချ ခြင်း မပြုနိုင်ပေ။

အမှုတွင် ဒေါက်တာ ဦးတင်ဦး၏ သဘောတူညီချက် မရရှိဘဲ ဇနီးဖြစ်သူ ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားက ဒေါ်အေးအေးသန်းကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၁၄၆/၉၇ဖြင့် အချင်းဖြစ် ပစ္စည်းကို ရောင်းချခြင်းသည် ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထား၏ ဝေစုဖြစ်သော အစိတ်အပိုင်း သာ အတည်ဖြစ်သော်လည်း ခင်ပွန်းဖြစ်သူ ဒေါက်တာ ဦတင်ဦး၏ ဝေစုဖြစ်သည့် အစိတ်အပိုင်းနှင့် ပတ်သက်၍ တရားဝင်လွှဲပြောင်း ရောင်းချရာမရောက်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။အဆိုပါ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်တွင် မူလရုံးတရားလို ဒေါက်တာ ဦးတင်ဦး၏ အကျိုးခံစားခွင့် နှင့်သက်ဆိုင်သမျှ ပျက်ပြယ်ကြောင်းတရားရုံးချုပ်တရားမ ပထမအယူခံမှု အမှတ် ၂၇၁/၂၀၀၀ ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်လျက် ရှိသည်။ လင်မယားနှစ်ဦး ပိုင်ပစ္စည်းတွင် လင်နှင့်မယားတို့သည် အညီအမျှအကျိုး ခံစားခွင့်ရှိသည်။ **မခင်နှင့် မောင်ဖိုးစိန်အမှု** (၃) ကိုကြည့်ပါ။ ရောင်းချ ခဲ့သော အချင်းဖြစ်ပစ္စည်းတွင် လင်ဖြစ်သူတရားလို ဒေါက်တာဦးတင်ဦး ၏ ဝေစုထက်ဝက်သည် ပယ်ဖျက်ခဲ့ပြီးဖြစ်ရာ ယင်းပစ္စည်းအပေါ်တွင် ဒေါက်တာ ဦးတင်ဦးအနေဖြင့် ဒေါ်အေးအေးသန်းနှင့် အတူပူးတွဲပိုင်ဆိုင်ခွင့် ရရှိသည်မှာ ထင်ရှားသည်။

---

**(၃)၆ ရန်ကုန် စာ-၁**

ဤအခြေအနေတွင် ဝယ်ယူသူမူလရုံးတရားပြိုင် ဒေါ်အေးအေးသန်းနှင့် မူလရုံးတရားလို ဒေါက်တာ ဦးတင်ဦးတို့သည် အချင်းဖြစ် မြေကွက်ပေါ်တွင် တစ်ဝက်စီပူးတွဲပိုင်များ အဖြစ် တည်ရှိနေမည်ဖြစ်သည်။ အချင်းဖြစ်မြေကွက်ကို ဒေါ်အေးအေးသန်း က မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူပြီး လက်ရောက်ရယူထားသည်ဟု ဆိုသော်လည်း အချင်း ဖြစ်မြေကွက်တွင် ဒေါက်တာ ဦးတင်ဦးသည် ပူးတွဲပိုင်ရှင်အဖြစ်အခွင့်အရေးအညီအမျှရရှိသည်။ ထို့ပြင် လင်မယားနှစ်ဦးပိုင်လက်ရှိထားသော မြေကွက်ကို လင်သဘော တူညီချက်မရဘဲ ရောင်းချရာတွင် လင်၏အကျိုး ခံစားခွင့် တစ်ဝက်သည်အတည်မဖြစ်သည့်အလျောက် ယင်းပစ္စည်းအပေါ် တွင် ဥပဒေသဘောအရ လင်သည်လက်ရှိထားမြဲဖြစ်သည်မှာ မြင်သာ သည်။ သို့ဖြစ်၍ အချင်းဖြစ်ပစ္စည်းကို တရားလိုနှင့်တရားပြိုင်တို့ အကျိုး ခံစားမှု သို့မဟုတ် အခွင့်အရေးအညီအမျှ ရရှိသည့်အပြင် အချင်းဖြစ် ပစ္စည်းတွင် တရားလိုနှင့်တရားပြိုင်တို့သည် အညီအမျှ လက်ရှိဖြစ်ကြောင်း ပေါ်ပေါက်သည့် အခြေအနေတွင် ပူးတွဲပိုင်ဆိုင်သူ တစ်ဦးက အခြားပူးတွဲ ပိုင်ဆိုင်သူတစ်ဦးအပေါ် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုရန်သာ ရှိပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်ခင်ငြိမ်းဌေး (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်အတွက် | - | ဦးဉာဏ်ဝင်း (တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉၀ တွင် တရားလို ဒေါက်တာ ဦးတင်ဦးက ၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကျော်ကျော်မှတစ်ဆင့်တရားပြိုင် ဒေါ်အေးအေးသန်းအပေါ်

ဖစ္စည်းခွဲ ဝေပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်အေးအေးသန်းကကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ် တွင် ၂၀၀၄ခုနှစ်၊ တရားမ ပထမအယူခံအမှတ် ၁၁အရအယူခံဝင် ရောက်ရာ တရားရုံးချုပ်က မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တရားလိုစွဲဆိုသော အမှုကိုစရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ထို့ကြောင့် ဒေါက်တာ ဦးတင်ဦးကတရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရအထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာနှင့် စပ်လျဉ်း၍ အထူးအယူခံ ခုံရုံးဖြင့်ကြားနာရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်။

"လင်မယားနှစ်ဦးအတူပိုင်ဆိုင်သော မြေကွက်ကို မယားဖြစ်သူက သူတစ်စိမ်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ရာ မယားဖြစ်သူ၏ ဝေစုသာအတည်ဖြစ်ပြီး ခင်ပွန်းဖြစ်သူ၏ ဝေစု အတည်မဖြစ်သော အခြေအနေတွင် ခင်ပွန်းဖြစ်သူနှင့် မြေကွက်ဝယ်ယူထားသူတို့သည် မြေကွက်ကို ထက်ဝက်စီသာ ပိုင်ဆိုင်ခွင့်ရှိ-မရှိနှင့် မြေကွက်ဝယ်ယူထားသူအပေါ် ခင်ပွန်းဖြစ်သူက အတည်မဖြစ်သော ၎င်း၏ ဝေစုအတွက် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုပိုင်ခွင့် ရှိမရှိ။"

အဆိုလွှာအရ မူလတရားရုံးတရားလို ဒေါက်တာဦးတင်ဦးက ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းအမှတ် ၁၀၀၈ အက်ဖ်၊မြေတိုင်းရပ်ကွက် ၄၅/သမိုင်း၊ မြေကွက်အမှတ် ၁-ခ/၁၅၈ ဟုခေါ်တွင်သော မြေကွက်ကို ၎င်းနှင့်ဇနီး ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားတို့က တရားဝင်ပိုင်ဆိုင်ကြကြောင်း၊ ဒေါ်ခင်သက်ထားက ယင်းမြေကွက်၏ အရှေ့မျက်နှာစာ ၈၃ပေ၊ အနောက်ဘက်

၂၀၀၅
ဒေါ်က်တာဦးတင်ဦး
နှင့်
ဒေါ်အေးအေးသန်း

မျက်နှာစာ ၇၁ပေ၊ တောင် ဘက်မျက်နှာစာ ၅၂ပေ၊ မြောက်ဘက်မျက်နှာစာ၅၂ပေတို့ကို တရားပြိုင် သို့မှတ်ပုံတင်စာချုပ်အမှတ် ၁၁၄၆/၉၇ဖြင့် ရောင်းချခဲ့ကြောင်း၊ ထိုသို့ရောင်းဝယ်ခြင်း မပြုမီကပင် မူလရုံးတရားလိုက ရပ်ကွက် ရုံးနှင့် နေ့စဉ်ထုတ်သတင်းစာများ၌ အရောင်းအဝယ်မပြုလုပ်ရန် တရား ဝင်ကန့်ကွက်ထားမြစ်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှု အမှတ် ၂၅၉/၉၈ တွင်မူလရုံးတရားလိုက မြေကွက်အရောင်းအဝယ် စာချုပ်ကို ပယ်ဖျက်စေရန်နှင့် ယင်း မြေကွက်အားတရားလိုမိသားစုသို့ လက်ရောက်ပြန်လည်ပေးအပ်စေရန် အဆိုပြုတောင်းဆိုခဲ့ကြောင်း၊ တိုင်းတရားရုံးက မှတ်ပုံတင်မြေ အရောင်းအဝယ်စာချုပ် ၁၁၄၆/၉၇ အရရောင်းချထားသောပစ္စည်းတွင် တရားလို၏အကျိုးခံစားခွင့်နှင့် ပတ်သက်၍ ရောင်းချမှုကို ပယ်ဖျက်သည့် ဒီကရီချမှတ်ပေးခဲ့ကြောင်း၊ အချင်းဖြစ်မြေကွက်ကို လက်ရောက်ပေးအပ်ရန် တောင်းဆိုသည့် သက်သာခွင့်ကိုမူငြင်းပယ်ခဲ့ကြောင်း၊ ထိုတရားမကြီးမှုတွင်တရားလို၏ အကျိုးခံစားခွင့်ကိုရယူလိုပါက ဝယ်သူအပေါ် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုခွင့်ရှိသည်ဟုစီရင် ဆုံးဖြတ်ခဲ့ကြောင်း၊ တရားလိုသည် တရားပြိုင်ထံမှ ရောင်းချပြီးမြေကွက်၏ တစ်ဝက်ကိုလွှဲပြောင်းပေးအပ်ရန် အကြိမ်ကြိမ် ညှိနှိုင်းတောင်းဆိုခဲ့သော်လည်းတရားပြိုင်က ပြန်လည်ပေးအပ်ခြင်းမရှိ ကြောင်း၊ တရားပြိုင်သည် တရားလိုအား အချင်းဖြစ်မြေကွက်တစ်ဝက် ကိုခွဲဝေပေးအပ်စေသည့် ဒီကရီ ရလိုကြောင်း အဆိုပြုသည်။

မူလရုံးတရားပြိုင် ဒေါ်အေးအေးသန်းကတရားမကြီးမှုအမှတ် ၂၅၉/၉၈ ၏ဒီကရီတွင် အချင်းဖြစ်မြေအရောင်းအဝယ်စာချုပ်အမှတ် ၃၉၉/၉၇ အရရောင်းဝယ်ထားသော ပစ္စည်းတွင် တရားလို၏ ဝေစုနှင့် ပတ်သက်၍ ရောင်းချမှုအား ပယ်ဖျက်သည်ဟု ဒီကရီချမှတ်ပေးခဲ့ ကြောင်း၊ တရားပြိုင်က မြေကွက်အရောင်း

၂၀၀၅
ဒေါက်တာဦးတင်ဦး
နှင့်
ဒေါ်အေးအေးသန်း

အဝယ်ပြုရာတွင် တရား ဥပဒေနှင့်အညီ ရောင်းဝယ်မှုပြုခဲ့ခြင်းဖြစ်ကြောင်း၊ တရားလို၏ ရထိုက် ခွင့်ကို ဇနီးဖြစ်သူ ဒေါ်ခင်သက်ထားထံမှသာ တောင်းဆိုရမည်ဖြစ်၍ တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၂၅၉/၉၈ ၏ဒီကရီတွင် "ဒုတိယသက်သာခွင့်ဖြစ်သောအချင်းဖြစ်ပစ္စည်းပြန်အပ်ပေးစေရန် တောင်းဆိုသည့် သက်သာခွင့်ကို ငြင်းပယ်သည်" ဟု ဒီကရီချမှတ်ထားသဖြင့်တရားလိုသည် တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်သည့်အပြင် ယခုအမှုကို ဤပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်းချေပသည်။

တိုင်းတရားရုံးက မူလရုံးတရားလိုသည် အချင်းဖြစ်ပစ္စည်းတွင် ပစ္စည်းခွဲဝေပေးစေလိုမှုကို မိမိဝေစုအတွက်တရားပြိုင်ထံမှ တရားစွဲဆိုတောင်းခံပိုင်ခွင့်ရှိပြီး ထိုပစ္စည်းတွင် တစ်ဝက်ကို ရထိုက်ခွင့်ရှိသည်မှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ တရားပြိုင်သည် မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီ လမ်း၊ အမှတ် ၁၀၀၈ အက်ဖ်၊ ရှိမြေကွက်မှ အရှေ့ဘက်မျက်နှာစာ ၈၃ ပေ၊ အနောက်ဘက်မျက်နှာစာ ၇၁ ပေ၊ တောင်ဘက်နှင့်မြောက် ဘက်မျက်နှာစာ ၅၂ ပေစီရှိသည့် မြေကွက်၏ တစ်ဝက်ကို တရားလိုသို့ ခွဲဝေပေးစေရန် အနိုင်ဒီကရီချမှတ်ခဲ့သည်။

တရားရုံးချုပ်က အမှုတွဲရှိသက်သေခံအထောက်အထားများအရ ဒေါက်တာဦးတင်ဦးနှင့်ဒေါ်အေးအေးသန်းတို့သည် အချင်းဖြစ်မြေကွက်ပေါ်၌ တူညီသောအကျိုးခံစားခွင့်၊ တူညီသောလက်ရှိထားမှုရှိကြောင်း ပေါ်ပေါက်ခြင်းမရှိသည့်အလျောက် ဒေါက်တာဦးတင်ဦးအနေဖြင့် အချင်းဖြစ်ပစ္စည်းကို ထက်ဝက်ခွဲဝေရထိုက်သည့် သက်သာခွင့် အပေါ်၌ဒီကရီရရန် အကြောင်းမရှိကြောင်း သုံးသပ်လျက် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

အယူခံတရားလိုရှေ့နေက အယူခံတရားလိုသည်အချင်းဖြစ် မြေကွက်အားရောင်းချခြင်းကို သဘောမတူကန့်ကွက်ကြောင်းထင်ရှား စွာပေါ်ပေါက်နေသဖြင့် အယူခံတရားလို၏ အကျိုးခံစားခွင့်ဝေစုကိုလွှဲ ပြောင်းရောင်းချခြင်းလုံးဝမပြုလုပ်နိုင်၍ အယူခံတရားပြိုင်၏ မှတ်ပုံတင်စာချုပ်အမှတ် ၁၁၄၆/၉၇တွင်ခင်ပွန်းဖြစ်သူ အယူခံ တရားလို၏ဝေစုသည် ရောင်းချခြင်းအတည်မဖြစ်သည်မှာ ထင်ရှား နေကြောင်း၊ အယူခံတရားလိုသည် အချင်းဖြစ်မြေကွက်ကို ဇနီး ဒေါ်ခင်သက်ထားနှင့် နှစ်ဦးစပ်တူအညီအမျှ တစ်ဝက်စီပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဒေါ်ခင်သက်ထား ရောင်းချခြင်းကို သဘောမတူကန့်ကွက် တားမြစ်ခဲ့၍ မှတ်ပုံတင်စာချုပ်အမှတ် ၁၁၄၆/၉၇တွင် အယူခံ တရားလို ၏ ဝေစုအကျိုးခံစားခွင့်မှာ အတည် မဖြစ်ပျက်ပြယ်ကြောင်း၊ ထို့ကြောင့် အချင်းဖြစ်မြေတစ်ဝက်တိတိမှာ ဥပဒေနှင့်အညီ အယူခံတရားလိုသည် ပိုင်ဆိုင်ပြီးလက်ရှိထားရှိမြဲရှိနေ ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ရှေ့နေက အယူခံတရားလို၏ သတ်မှတ် ကာလကျော်လွန်ပြီးမှ အထူးအယူခံ ဝင်ခွင့်ပြုရန် လျှောက်လွှာ တင်သွင်းခြင်းအတွက် အကြောင်းပြချက်မှာ လုံလောက်သော အကြောင်းပြချက် မဟုတ်ကြောင်း၊ အယူခံတရားလိုသည် အယူခံ တရားပြိုင်နှင့်အကျိုးခံစားမှု သို့မဟုတ် အခွင့်အရေး အညီအမျှ ရရှိရန်လိုသည့်အပြင် အချင်းဖြစ်ပစ္စည်းတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့အညီအမျှ လက်ရှိဖြစ်ရန်လိုကြောင်း၊ တရားရုံး ချုပ်က တရားမ ပထမအယူခံမှု အမှတ် ၁၁/၂၀၀၄တွင် အယူခံ တရားလို၏ ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုထားခြင်းသည် ပစ္စည်းခွဲ ဝေပေးစေလိုမှုအတွက်လိုအပ်သော အင်္ဂါရပ်များ မပါရှိသဖြင့် အယူခံတရားလို၏ အမှုကိုပလပ်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်လဲ တင်ပြသည်။

အထူးအယူခံဝင်ခွင့်ပြုရန်သတ်မှတ်ကာလထက် ၅ရက် ကျော်လွန်ပြီးမှ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍အယူခံတရားလိုဘက်မှ တင်ပြချက်ကိုခွင့်ပြုသည်။

မူလရုံးအမှုတွဲကိုစီစစ်ရာတွင် မူလရုံးတရားလိုဒေါက်တာဦးတင်ဦး နှင့်ဇနီး ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားတို့သည် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းအမှတ် ၁၀၀၈ အကျယ်၊ မြေတိုင်းရပ်ကွက် ၄၅/သမိုင်း၊ မြေကွက် ၁ခ/၁၅၈ကိုပိုင်ဆိုင်သည်။ ဒေါ်ခင်သက်ထား (ခ)ဒေါ်သက်ထားသည် ယင်းမြေကွက်၏ တစ်စိတ်တစ်ဒေသ ဖြစ်သော အရှေ့မျက်နှာစာ ၈၃ပေ၊ အနောက်မျက်နှာစာ ၇၁ပေ၊ တောင်မြောက် မျက်နှာစာ ၅၂ပေစီရှိ မြေကွက်ကို မူလရုံးတရားပြိုင် ဒေါ်အေးအေးသန်းအား မှတ်ပုံတင်စာချုပ်အမှတ် ၁၁၄၆/၉၇ဖြင့် ရောင်းချခဲ့သည်။ ယင်းမြေကွက်ကိုရောင်းချခြင်းမပြုမီ ဒေါက်တာဦးတင်ဦး က ၈-၅-၉၆ ရက်နေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် လည်းကောင်း၊ ၃၀-၁၁-၉၆ ရက်နေ့၌ သက်ဆိုင်ရာ ရပ်ကွက် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့တွင်လည်းကောင်း၊ အရောင်းအဝယ်မပြုလုပ်နိုင်ရန် ကန့်ကွက်ခဲ့သည်။ သို့ပါလျက် ဒေါ်ခင်သက်ထား(ခ)ဒေါ်သက်ထားနှင့် ဒေါ်အေး အေးသန်းတို့ ၁၁-၂-၉၇ ရက်နေ့တွင် အချင်းဖြစ်မြေကွက်ကို အရောင်းအဝယ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မူလရုံးတရားလိုဒေါက်တာဦးတင်ဦးက ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅၄/၉၈တွင် ဒေါ်ခင်သက်ထားနှင့် ဒေါ်အေးအေးသန်းတို့အပေါ် မြေကွက်ကို အရောင်းအဝယ်စာချုပ်စာတမ်း ပယ်ဖျက်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုစွဲဆိုခဲ့သည်။ တိုင်း တရားရုံးက မူလရုံးတရားလို ဒေါက်တာဦးတင်ဦး သဘောမတူဘဲမယား ဖြစ်သူ ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားက မူလရုံးတရားပြိုင် ဒေါ်အေးအေးသန်းအား

မှတ်ပုံတင်စာချုပ်ဖြင့် မြေကွက်ကိုရောင်းချခြင်းမှာ ၎င်း၏ ဝေစုအစိတ်အပိုင်းသာ အတည်ဖြစ်သော်လည်း လင်၏ဝေစု အစိတ်အပိုင်းနှင့် စပ်လျဉ်း၍ တရားမဝင်ပျက်ပြယ်ကြောင်း၊ ဇနီးဖြစ်သူ ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထား ရောင်းချခဲ့သည့်အချင်းဖြစ် ပစ္စည်း တွင် ခင်ပွန်းဖြစ်သူတရားလို ဒေါက်တာဦးတင်ဦး အနေဖြင့် အကျိုးခံစား ခွင့်ရှိသော်လည်း ပစ္စည်းတစ်ခုလုံးလက်ရောက်ရရန် တရားစွဲဆို တောင်း ခံခွင့်မရှိကြောင်း၊ သူတစ်စိမ်းအား ဇနီးဖြစ်သူက ရောင်းချလိုက်ပြီးဖြစ် သည့်ကိစ္စတွင် ဒေါက်တာဦးတင်ဦးအနေဖြင့် မိမိဝေစုကိုရယူလိုပါက ဝယ်သူဒေါ်အေးအေးသန်းအပေါ် ပစ္စည်းခွဲဝေ ပေးစေလိုမှုသာ စွဲဆိုခွင့် ရှိမည်ဖြစ်ကြောင်း သုံးသပ်လျက် တရားလို ဒေါက်တာဦးတင်ဦး တောင်း ဆိုသည့် သက်သာခွင့်နှစ်ရပ် အနက် အချင်းဖြစ်မြေကွက် အရောင်း အဝယ် မှတ်ပုံတင်စာချုပ် အမှတ် ၁၁၄၆/၉၇ အရရောင်းချထားသော ပစ္စည်းတွင် မူလရုံးတရားလို ဒေါက်တာဦးတင်ဦး၏ ဝေစုနှင့်ပတ်သက်၍ ရောင်းချမှုကို ပယ်ဖျက်လိုက်ကြောင်း၊ ဒီကရီချမှတ် ပြီး တရားလို၏ မိသားစုအား အချင်းဖြစ်ပစ္စည်းပြန်လည်ပေးအပ်စေရန် တောင်းဆိုသည့် သက်သာခွင့်ကိုမူ ငြင်းပယ်ကြောင်း အမိန့်ချ မှတ်ခဲ့သည်။

ယင်းအမှုတွင် ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားကတိုင်း တရားရုံး၏ စီရင်ချက်ကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် တရားမ ပထမအယူခံမှုအမှတ် ၂၇၁/၂၀၀၀ အရအယူခံဝင်ရောက်ရာ တရားရုံးချုပ် က မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုခဲ့သည်။

မူလရုံးတရားလိုက အဆိုပါစီရင်ချက်နှင့် ဒီကရီကို အထောက် အထားပြု၍ ဒေါ်အေးအေးသန်း အပေါ်ပစ္စည်းခွဲဝေပေးစေလိုမှု အတွက် ရန်ကုန်တိုင်း တရားရုံးတွင် ထပ်မံစွဲဆိုခဲ့ရာတိုင်းတရားရုံးက

တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင်တရားရုံးချုပ်က **မောင်ဘတူ နှင့် မသက်စု စီရင်ထုံး**[၁] **ဦးဘန်စွမ်း နှင့် ဒေါ်သီပါ-၆ စီရင်ထုံး**[၂] တို့ကို ကိုးကား၍ ပစ္စည်းခွဲဝေပေးစေလိုမှုတွင် အချင်းဖြစ်ပစ္စည်းအပေါ် တူညီသော အကျိုးခံစားခွင့်နှင့် တူညီသော လက်ရှိထားမှုမရှိသည့်အတွက် တရားလိုသည် တောင်းဆိုသည့်သက်သာခွင့်ကိုမရနိုင်ကြောင်း သုံးသပ် လျှောက်မှုလရုံး၏ စီရင်ချက် နှင့် ဒီကရီကို ပယ်ဖျက်ပြီး တရားလို စွဲဆိုသော အမှုကိုစရိတ်နှင့်တကွ ပလပ်ခဲ့သည်။

လင်နှင့်မယားတို့သည် မိမိတို့နှစ်ဦးပိုင် ပစ္စည်းကိုနှစ်ဦးသဘော တူညီလျှင်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းစသည်တို့ကိုပြုလုပ်ခွင့်ရှိသည်။ လင်ကဖြစ်စေ မယားကဖြစ်စေ ၎င်း၏သဘောဆန္ဒကို အထင်အရှားမဟုတ်သော်လည်း အဓိပ္ပါယ်သက်ရောက်သည့် သဘော တူညီချက်ရရှိလျှင်လည်း နှစ်ဦးပိုင်ပစ္စည်းကိုလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်။ သို့ရာတွင် လင်မယားနှစ်ဦးအနက် တစ်ဦးသည် ကျန်တစ်ဦး၏ သဘောတူညီချက်မရရှိလျှင် နှစ်ဦးပိုင် ပစ္စည်းမှ ထိုသဘောမတူသူ၏ အကျိုးခံစားခွင့်ကိုလွှဲပြောင်း ရောင်းချခြင်း မပြုနိုင်ပေ။

အမှုတွင် ဒေါက်တာဦးတင်ဦး၏ သဘောတူညီချက်မရရှိဘဲ ဇနီးဖြစ်သူ ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထားက ဒေါ်အေးအေးသန်းကို မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် ၁၁၄၆/၉၇ ဖြင့်အချင်းဖြစ် ပစ္စည်းကိုရောင်းချခြင်းသည် ဒေါ်ခင်သက်ထား (ခ) ဒေါ်သက်ထား၏ ဝေစုဖြစ်သော အစိတ်အပိုင်း သာအတည်ဖြစ်သော်လည်း ခင်ပွန်းဖြစ်သူ ဒေါက်တာဦးတင်ဦး၏ ဝေစုဖြစ်သည့်အစိတ်အပိုင်းနှင့် ပတ်သက်၍ တရားဝင်လွှဲပြောင်း

---

(၁)၅ ရန်ကုန်၊ စာ-၇၈၅

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၂၅

ရောင်းချရာမရောက်ချေ။

သို့ဖြစ်၍ အဆိုပါအရောင်းအဝယ်မှတ်ပုံတင်စာချုပ်တွင် မူလရုံး တရားလိုဒေါက်တာဦးတင်ဦး၏ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သမျှပျက်ပြယ်ကြောင်းတရားရုံးချုပ် တရားမ ပထမ အယူခံအမှတ် ၂၇၁/၂၀၀၀ ၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်လျက် ရှိသည်။ လင်မယားနှစ်ဦးပိုင် ပစ္စည်းတွင် လင်နှင့်မယားတို့သည် အညီအမျှအကျိုးခံစားခွင့်ရှိသည်။ **မခင် နှင့် မောင်ဖိုးစိန်အမှု** (၃) ကိုကြည့်ပါ။ ရောင်းချခဲ့သော အချင်းဖြစ် ပစ္စည်းတွင် လင်ဖြစ်သူ တရားလို ဒေါက်တာဦးတင်ဦး၏ ဝေစုထက်ဝက် သည် ပယ်ဖျက်ခဲ့ပြီး ဖြစ်ရာ ယင်းပစ္စည်းအပေါ်တွင် ဒေါက်တာဦးတင်ဦး အနေဖြင့် ဒေါ်အေးအေးသန်းနှင့် အတူပူးတွဲပိုင်ဆိုင်ခွင့်ရရှိသည်မှာ ထင်ရှားသည်။

ဤအခြေအနေတွင် ဝယ်ယူသူ မူလရုံးတရားပြိုင် ဒေါ်အေးအေးသန်းနှင့် မူလရုံးတရားလို ဒေါက်တာဦးတင်ဦးတို့သည် အချင်းဖြစ်မြေကွက်ပေါ်တွင် တစ်ဝက်စီပူးတွဲပိုင်များအဖြစ် တည်ရှိနေမည်ဖြစ်သည်။ အချင်းဖြစ်မြေကွက်ကို ဒေါ်အေးအေးသန်း က မှတ်ပုံတင်စာချုပ်ချုပ်ဆို ဝယ်ယူပြီး လက်ရောက်ရယူထားသည်ဟု ဆိုသော်လည်း အချင်းဖြစ် မြေကွက်တွင် ဒေါက်တာဦးတင်ဦးသည် ပူးတွဲပိုင်ရှင်အဖြစ် အခွင့်အရေး အညီအမျှရရှိသည်။ ထို့ပြင် လင်မယားနှစ်ဦးပိုင် လက်ရှိထားသောမြေကွက်ကို လင်သဘော တူညီချက်မရဘဲ ရောင်းချရာတွင် လင်၏အကျိုးခံစားခွင့်တစ်ဝက် သည် အတည် မဖြစ်သည့်အလျောက် ယင်းပစ္စည်းအပေါ်တွင် ဥပဒေ သဘောအရ လင်သည်လက်ရှိထားမြဲ ဖြစ်သည်မှာ မြင်သာသည်။ သို့ဖြစ်၍ အချင်းဖြစ်ပစ္စည်းကို တရားလို တရားပြိုင်အကျိုးခံစားမှု သို့မဟုတ် အခွင့်အရေးအညီအမျှရရှိသည့်အပြင် အချင်းဖြစ်

(၃) ၆ ရန်ကုန်၊ စာ-၁

ပစ္စည်းတွင် တရားလိုနှင့် တရားပြိုင်တို့သည် အညီအမျှ လက်ရှိဖြစ်ကြောင်း ပေါ်ပေါက်သည့်အခြေအနေတွင် ပူးတွဲပိုင်ဆိုင်သူတစ်ဦးက အခြား ပူးတွဲပိုင်ဆိုင်သူတစ်ဦးအပေါ် ပစ္စည်းခွဲဝေပေးစေလိုမှုစွဲဆိုရန်သာ ရှိပေသည်။

သို့ပါလျက် တရားရုံးချုပ်က မူလရုံးတရားလိုတောင်းဆိုသည့် သက်သာခွင့်မရထိုက်ဟု ကောက်ယူသုံးသပ်၍ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်သည်ဟုဆိုနိုင်မည် မဟုတ်ချေ။

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံခုံရုံးက ကြား နာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

"လင်မယားနှစ်ဦးအတူပိုင်ဆိုင်သော မြေကွက်ကို မယားဖြစ်သူက သူတစ်စိမ်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ရာ မယားဖြစ်သူ၏ ဝေစုသာအတည်ဖြစ်ပြီး ခင်ပွန်းဖြစ်သူ၏ ဝေစု အတည်မဖြစ်သော အခြေအနေတွင် ခင်ပွန်းဖြစ်သူနှင့် မြေကွက်ဝယ်ယူထားသူတို့သည် မြေကွက်ကို ထက်ဝက်စီသာ ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် မြေကွက် ဝယ်ယူထားသူအပေါ် ခင်ပွန်းဖြစ်သူက အတည်မဖြစ်သော ၎င်း၏ ဝေစုအတွက် ပစ္စည်းခွဲဝေ ပေးစေလိုမှုစွဲဆိုပိုင်ခွင့်ရှိကြောင်း။"

ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုစရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၅
ဇူလိုင်လ
၁၅ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့်
ဒေါက်တာတင်အောင်အေးတို့ရှေ့တွင်

**E.S.W.C Company**
(၎င်း၏ကိုယ်စားလှယ်ဦးသက်နိုင်ဦး၊
အရောင်းကိုယ်စားလှယ်)
နှင့်
ဦးသန်းဝင်း *

တရားရုံးချုပ်က တိုင်းတရားရုံး၏ ယာယီတားဝရမ်း ထုတ်ပေးသည့် အမိန့်ကို ပယ်ဖျက်သည့်တရားမ အထွေထွေအယူခံမှုသည် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ပါ "တရားရုံး တစ်ရုံး၏ အပြီးအပြတ် ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ် စီရင်ထားသောအမှု" ဟုတ်မဟုတ်။

ထာဝရတားဝရမ်းထုတ်ပေးရန် တောင်းခံသည့်အမှုတွင် အမှု၏ကနဦးအဆင့်၌ ယာယီတားဝရမ်းထုတ်ပေးရန် သင့်မသင့် စဉ်းစားရာ၌ အခြေခံရမည့်အချက်များ။

**ဆုံးဖြတ်ချက်။** ။တရားလိုစွဲဆိုသော အမှုသည်ထာဝရတားဝရမ်း ရလိုကြောင်းနှင့် နစ်နာကြေးငွေရလိုကြောင်း သက်သာခွင့်တောင်းဆို သည့်အမှုဖြစ်သည်။ တိုင်းတရားရုံးက အမှုကိုစစ်ဆေးခြင်း မပြုမီ

* ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄

\+ ၂၀၀၄ ခုနှစ်၊ တရားမ အထွေထွေအမှု အမှတ် ၅၂တွင် ချမှတ်သော ၂၈-၉-၂၀၀၄ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံ-မှု

ယာယီ တားဝရမ်းထုတ်ပေးသော အမိန့်တစ်ရပ်ချမှတ်သည်။ ယာယီ တားဝရမ်း ထုတ်ဆင့်သည်ဖြစ်စေ၊ မထုတ်ဆင့်သည်ဖြစ်စေ တရားလို တောင်းဆိုသော ထာဝရတားဝရမ်းရလိုသည့်သက်သာခွင့်အပေါ် အမှုအား ဆက်လက် ကြားနာ၍ ဆုံးဖြတ်ရန် ကျန်ရှိနေသေးသည်။ ယာယီတားဝရမ်း ထုတ်ဆင့်သည့် အမိန့်သို့မဟုတ် ယာယီတား ဝရမ်းကို ပယ်ဖျက်သည့် အမိန့်သည် မူလမှုမှ အမှုသည်တို့၏ အခွင့်အရေးကို အပြီးအပြတ် အဆုံးအဖြတ်ပြုရာ ရောက်သော အမိန့်မဟုတ်ပေ။ သို့ဖြစ်၍ တရားရုံးချုပ် က ယာယီတားဝရမ်းအမိန့်ကို ပယ်ဖျက်လိုက်သော်လည်း အယူခံတရားလိုအနေဖြင့် မိမိ တောင်းဆိုသည့် ထာဝရတားဝရမ်း ရလိုသည့် သက်သာခွင့်ကိုဖြစ်စေ၊ နစ်နာကြေး ငွေကိုဖြစ်စေ၊ ရထိုက်မရထိုက် အဆုံးအဖြတ်ရရန် အခွင့်အရေးရှိနေသေးသည့်အလျောက် ယင်းအမိန့်သည် အပြီးသတ်အမိန့်မဟုတ်ပေ။ ထို့ကြောင့် တိုင်းတရားရုံး၏ ယာယီတားဝရမ်းထုတ်ဆင့်သည့် အမိန့်ကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့ သည့် အမိန့်အပေါ် အထူးအယူခံဝင်ခွင့်ပြုရန် မသင့်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ထာဝရတားဝရမ်းထုတ်ပေးရန် တောင်းခံ သည့်အမှုတွင် အမှု၏ကနဦးအဆင့်၌ ယာယီတားဝရမ်း ထုတ်ပေးရန် သင့်မသင့်စဉ်းစားရာ၌ တရားရုံးရှေ့မှောက်ရှိ အကြောင်းအရာအရ တောင်းဆိုသည့်သက်သာခွင့်ကို ရခွင့်ရှိကြောင်းဖြစ်ဟန် လက္ခဏာ (Probability) ရှိခြင်း၊ တစ်နည်းအားဖြင့် တရားစွဲဆိုသည့်အမှုတွင် သာမန်အားဖြင့်မြင်သာသည့်အခြေ (Prima facie) ရှိခြင်းတို့ကို တရားလိုက ထင်ရှားပြသရန်လိုပေသည်။ ရေရာသေချာသည့် အခြေအနေရှိမရှိ သေချာစွာ မစိစစ်ဘဲယာယီတားဝရမ်းကို ပေါ့ပေါ့လွယ်လွယ်ထုတ်ပေးလျှင် ထာဝရတားဝရမ်းကို ကြိုတင် ထုတ်ပေးသည့် သဘောသက် ရောက်စေနိုင်သကဲ့သို့ ယာယီ တားဝရမ်းထုတ်ပေးသင့်ပါလျက် ထုတ်ပေး ခြင်းမပြုလျှင်

တရားလို၏နစ်နာမှုကို အကာအကွယ်ပေးရန် ပျက်ကွက် ရာရောက်ပေလိမ့်မည်။

အယူခံတရားလိုစွဲဆိုသော အမှုသည်သာမန်အမြင်အားဖြင့် အခြေခံ (Prima facie) ရှိဖို့လိုသည်။ **ဦးထွန်းမြင့် နှင့် ဦးသက်ရှည် အမှု**[၃] ကိုကြည့်ပါ။ အထက်တွင် သုံးသပ် ဖော်ပြထားသည့်အတိုင်း အဆိုပါကုန် အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိရာ အယူခံတရားပြိုင်က အယူခံတရားလို ကုမ္ပဏီ၏ မြင်းခွာပုံသဏ္ဌာန် ကုန်အမှတ်တံဆိပ်ကို တုပပြီး ရောင်းချနေကြောင်း အမြင်အားဖြင့် ယူဆနိုင်အောင်တင်ပြနိုင် ခြင်းမရှိသေးသည့် အခြေအနေတွင် အယူခံတရားလိုစွဲဆိုသော အမှုသည် အခြေအမြစ်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးအောင်သစ်
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ဦးသန်းစိုး
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၄ခုနှစ်တရားမကြီးမှုအမှတ် ၂၀၈ တွင် တရားလို E.S.W.C Company ကအရောင်းကိုယ်စားလှယ် ဦးသက်နိုင်ဦးမှ တစ်ဆင့်တရားပြိုင် ဦးသန်းဝင်းအပေါ် E.S.W.C ကုမ္ပဏီတစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားသည့် ကိုရီးယား နိုင်ငံလုပ် ESSENCE အမည်ရှိနာရီကုန်အမှတ်တံဆိပ်ကို ထပ်တူတုပပြု လုပ်ထားသည့် ယင်းတံဆိပ်အမှတ်အသားပါ နာရီများ ကိုတင်သွင်းခြင်း၊ လက်ဝယ်ထားရှိသိုလှောင်ခြင်း၊ ဖြန့်ချီရောင်းချခြင်း မပြုလုပ်စေရန် အတွက် ထာဝရတားဝရမ်းထုတ်ဆင့်ပေးရန်နှင့် နစ်နာကြေးငွေကျပ် သိန်း ၅၀၀ပေးလျော်စေရန် တရားစွဲဆိုသည်။

---

**(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၇၄**

၂၀၀၅
E.S.W.C Company
နှင့်
ဦးသန်းဝင်း

အမှုအတောအတွင်း ယာယီတားဝရမ်းထုတ်ဆင့်ပေးရန် E.S.W.C Company ၏လျှောက် ထားချက်အရ တိုင်းတရားရုံးက ယင်းကုမ္ပဏီအား ကျပ်(၂)သိန်းတန် ခံဝန်ချုပ်ချုပ်ဆိုစေပြီး ဦးသန်းဝင်းအပေါ် အမှုအတွင်း ESSENCE ကုန်အမှတ်တံဆိပ်ပါ နာရီနှင့် အပိုပစ္စည်းများဖြန့်ဖြူးရောင်းချခြင်း မပြု စေရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ဥပဒေ-၁ အရယာယီ တားဝရမ်းအမိန့် ထုတ်ဆင့်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးသန်းဝင်းက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ၂၀၀၄ခုနှစ် တရားမအထွေထွေအယူခံ မှုအမှတ် ၅၂ ကိုတင်သွင်းရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သည်။ တရားရုံးချုပ်၏ အမိန့်ကို E.S.W.C Company က ၂၀၀၀ပြည့်နှစ်တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါ ပြဿနာ (၂)ရပ်ကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန် အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "၁။ တရားရုံးချုပ်က တိုင်းတရားရုံး၏ ယာယီတားဝရမ်းထုတ်ဆင့်သည့် အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းအပေါ် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇အရ အထူးအယူခံခုံရုံးဖြင့်ကြားနာရန် လျှောက်ထားခွင့်ရှိမရှိ
>
> ၂။ တရားရုံးချုပ်က ထာဝရတားဝရမ်းထုတ်ဆင့်ရန် သက်သာခွင့်တောင်းခံသည့် တရားမမှုတွင် ယာယီတားဝရမ်းထုတ်ပေးရန် သင့်မသင့်စဉ်းစားရာ၌ ကောက်ယူဆုံးဖြတ်ချက်များသည် တရားမကျင့်ထုံး ဥပဒေပါပြဋ္ဌာန်းချက်များလမ်းညွှန်စီရင်ထုံးများနှင့် ညီညွတ်မှုကန်မှုရှိမရှိ။"

အယူခံတရားလိုရှေ့နေက ယာယီတားဝရမ်းထုတ်ပေးသောသို့မဟုတ် ထုတ်ပေးရန်ငြင်းဆန်သော တိုင်းတရားရုံး၏ အမိန့်သည်

၂၀၀၅
E.S.W.C Company
နှင့်
ဦးသန်းဝင်း

ယာယီတားဝရမ်း ကိစ္စကိုအပြီးအပြတ်ဆုံးဖြတ်သည့် အမိန့်ဖြစ်ရာ ၂၀၀၀ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၇ပါတရားရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက်တွင် အကျုံးဝင်သည်မှာ ယုံမှားဖွယ် မရှိကြောင်း၊ တိုင်းတရားရုံးက ယာယီတားဝရမ်း ထုတ်ဆင့်သည့် အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က ၂၀၀၄ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၅၂ တွင် စိစစ်ပြီးတားဝရမ်း ထုတ်ဆင့်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည် ဖြစ်၍ ထိုတရားမ အထွေထွေ အယူခံမှုသည် တိုင်းတရားရုံး၏ အပြီးအပြတ် ဆုံးဖြတ်ချက်အပေါ် အပြီးသတ်စီရင်ထားသောအမှုဖြစ်သည်မှာ ပေါ်လွင်ထင်ရှားကြောင်း၊ ကုန်အမှတ်တံဆိပ်တုပသည့် ကိစ္စ၌ အမှုပြီးပြတ်မှ တားဝရမ်းထုတ်ဆင့်မည်ဆိုပါက တရားလိုမှာ အကြီးအကျယ်ထိ ခိုက်နစ်နာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နစ်နာမှုမျိုး မပေါ်ပေါက်စေရန် အမှုအတောအတွင်း ယာယီတားဝရမ်း ထုတ်ဆင့်ပေးနိုင်ရန် တရားမကျင့် ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း၊ ဤအခြေအနေတွင် တရားရုံးချုပ်က ယာယီတားဝရမ်း ကိစ္စအပေါ် အပြီးသတ်ဆုံးဖြတ်သည့် အမှုမှန်မမှန် ပြန်လည်စစ်ဆေး စီရင်ခွင့်ရှိစေမည့်လမ်းဖွင့်ပေးသင့်ကြောင်း၊ ဤရှုထောင့်မှ ကြည့်ပါလျှင်လည်း အယူခံတရားလိုသည် တရားရုံးချုပ်က ချမှတ်ထားသောအမိန့်အပေါ် ၂၀၀၀ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ လျှောက်ထားခွင့်ရှိကြောင်း၊ ထို့ပြင် **ဦးတင်လတ် (ခ) ဦးစိုင်းလတ် ပါ-၂ နှင့် ဦးကျော်ငြိမ်းအမှု**[၁] တွင် အဆုံးအဖြတ်ပေးပြီးသည့်ထုံးသာဓကေအခိုင်အမာရှိသဖြင့် ထိုအဆုံးအဖြတ် နှင့် ကွဲလွဲဆုံးဖြတ်ရန်အကြောင်းမရှိနိုင်ကြောင်း၊ ဤအမှုတွင် တရားပြိုင် သည် တရားလိုကုမ္ပဏီက တောင်ကိုးရီးယားနိုင်ငံမှ ထုတ်လုပ် ရောင်းချ သော ESSENCE အမည်ရှိသည့်အပြင် မြင်းခွာပုံ

**(၁) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၁၆**

အမှတ်အသားပါသည့် တရုတ်နိုင်ငံလုပ်နာရီများကို ရောင်းချလျက်ရှိသည်မှာ အငြင်းမပွားကြောင်း၊ တရားပြိုင်အား ၎င်းလက်ဝယ်ရှိ နာရီအတုများကို ရောင်းချခြင်း မပြုရန်အလို့ငှာတားမြစ်ပေးရန် အရေးတကြီးလိုအပ်သည်မှာ မြင်သာသောအချက်ဖြစ်ကြောင်း၊ အယူခံတရားလို ကုမ္ပဏီ၏ အမည်အပြင် မြင်းခွာပုံအမှတ်အသားကိုလည်း အယူခံတရားပြိုင်ရောင်း ချသော နာရီတွင်တုပအသုံးပြုထားသည်ကို တွေ့မြင်နိုင်ကြောင်း၊ ယာယီတားဝရမ်းထုတ်ဆင့်ရန် အဆင့်၌တရားလိုသည်အချင်းဖြစ်ကုန်အမှတ်တံဆိပ်၏ ပိုင်ရှင်အစစ်ဟုတ်မဟုတ်သက်သေထင်ရှားမပြုရသေး၍ real title ကိုစိစစ်ရန်မလိုသေးကြောင်း၊ အယူခံတရားလို ကုမ္ပဏီသည် Colour of title တည်းဟူသော အချင်းဖြစ်ကုန် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ဟန် လက္ခဏာရှိခြင်း ရှိမရှိကို ဆန်းစစ်ရန်သာလိုအပ်ကြောင်း၊ အယူခံတရားလို ကုမ္ပဏီသည် အချင်းဖြစ် ကုန်အမှတ်တံဆိပ်ကို ၁၉၈၇ ခုနှစ်တွင် စတင်သုံးစွဲခဲ့ကြောင်းကို အမှုတွင် အခြေအမြစ်ရှိသော သက်သေခံအထောက်အထား prima facie evidence တင်ပြထားကြောင်း၊ တရား ပြိုင်ပြုလုပ်သော ကုန်အမှတ်တံဆိပ်ကို ၂၀၀၂ ခုနှစ်တွင်မှ မှတ်ပုံတင်သည်မှာ ပေါ်ပေါက်ကြောင်း၊ အယူခံတရားလို ကုမ္ပဏီကနှစ်ကာလစော၍ အချင်းဖြစ်ကုန်အမှတ်တံဆိပ်ကို စတင်သုံးစွဲကြောင်းမှာ အခြေအမြစ်ရှိ သည့် အထောက်အထားဖြစ်ကြောင်း၊ အယူခံတရားလို ကုမ္ပဏီထုတ်လုပ်သော ကုန်အမှတ်တံဆိပ်ပါရှိသည့် တရုတ်နိုင်ငံလုပ်နာရီများကို အယူခံ တရားပြိုင်ရောင်းချလျက်ရှိရာ နေ့စဉ်နှင့်အမျှ အယူခံတရားလို ကုမ္ပဏီ အနေဖြင့် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ မြင်းခွာပုံသဏ္ဌာန် အမှတ် အသားတူသည့် တံဆိပ်တုပါရှိသော နာရီများကို တင်သွင်းခြင်း၊ ရောင်းချ ခြင်းအစရှိသည်တို့ မပြုလုပ်ရန်တားမြစ်သည့် ဝရမ်းရရန်မျက်မြင်အားဖြင့် ခိုင်လုံသောအမှု prima facie case

၂၀၀၅
E.S.W.C Company
နှင့်
ဦးသန်းဝင်း

ဟုမူလရုံးက ကောက်ယူခြင်းသည် မှားယွင်းခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ရှေ့နေက ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ ပါပြဋ္ဌာန်းချက်တွင် အယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးကြားနာမှုပြုနိုင်သော ဆုံးဖြတ်ချက်သည် တရားရုံးတစ်ရုံးရုံး၏ အပြီးအပြတ် ဆုံးဖြတ်ချက် ဖြစ်ရမည့်အပြင် ယင်းဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသော အမှုတွင်၊ ချမှတ်သောဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ကြောင်း၊ ယေဘုယျအားဖြင့် အမှုသည်တို့၏ အခွင့်အရေးကို အပြီးအပြတ်အဆုံးအဖြတ်ပြုရာ မရောက်ဘဲအမှုကိုဆက်လက် ဆောင်ရွက်ရန်အခွင့်အရေး ကျန်ရှိနေသေးကြောင်း၊ အမှုသည်တို့၏ နစ်နာမှုများကို အခြားနည်းများဖြင့် ကုစားမှုပြုရန် လမ်းပွင့်နေသေး သောကိစ္စရပ်များတွင် ချမှတ်သည့် အမိန့်များသည် ကြားဖြတ်အမိန့်များ ဖြစ်၍ အထူးအယူခံဝင်ခွင့်မရထိုက်ကြောင်း၊ ယခုအမှုတွင် ရန်ကုန်တိုင်းတရားရုံးက ချမှတ်သောအမိန့်သည် ထာဝရတားဝရမ်းရလိုကြောင်း သက်သာခွင့်တောင်းဆိုသည့်အမှု၌အမှုကိုစစ်ဆေးစီရင်ခြင်း မပြုရသေးမီ ယာယီတားဝရမ်း ထုတ်ပေးကြောင်း ချမှတ်သည့်အမိန့်ဖြစ်၍ ယင်းအမိန့်သည် အမှုသည်တို့၏အခွင့်အရေးကို အပြီးသတ် အဆုံးအဖြတ်ပေးသော အမိန့်မဟုတ်ကြောင်း၊ ယာယီတားဝရမ်း ထုတ်ဆင့်သည် ဖြစ်စေ၊ မထုတ်ဆင့်ဘဲငြင်းပယ်သည်ဖြစ်စေ၊ တရားလိုက တောင်းဆိုသော ထာဝရတားဝရမ်း သက်သာခွင့်အပေါ် အမှုအား ဆက်လက်စစ်ဆေးကြားနာမှုပြုပြီး ဆုံးဖြတ်ချက်ချမှတ်ရန် ကျန်ရှိနေသေးကြောင်း၊ ကုန်အမှတ်တံဆိပ်အတုပြုလုပ်ကြောင်း စွဲဆိုသည့်အမှုများတွင် ယာယီတားဝရမ်းထုတ်ပေးသော မှုများ ရှိကြောင်း၊ အယူခံတရားလိုဘက်မှ **ဦးတင်လတ် (ခ)**

၂၀၀၅
E.S W C Company
နှင့်
ဦးသန်းဝင်း

ဦးစိုင်းလတ်ပါ-၂ နှင့် ဦးကျော်ငြိမ်း အမှု(၁) စီရင်ထုံးလမ်းညွှန်မှုကို ဘင်ပြကြောင်း၊ ယင်းစီရင်ထုံးပါအမှုသည် ၂၀၀၀ပြည့်နှစ်တရား စီရင်ရေး ဥပဒေပုဒ်မ ၇ အရဝင်ခွင့်ပြုခဲ့သော အထူးအယူခံမှုမဟုတ်ဘဲ ယခင် ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၆အရ လျှောက်ထားခဲ့သော လျှောက်လွှာအပေါ် ခွင့်ပြု၍ ၂၀၀၁ ခုနှစ်တွင်မှ အထူးအယူခံခုံရုံးဖြင့်စီရင်ဆုံးဖြတ်ခဲ့သော အမှု ဖြစ်ကြောင်း၊ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရယခု အမှုကဲ့သို့ ယာယီတားဝရမ်း ထုတ်ဆင့်သည့် ပြဿနာရပ်အပေါ် အထူးအယူခံ ဝင်ခွင့်လျှောက်ထားမှုအား ခွင့်ပြုခဲ့သော အစဉ်အလာ မရှိ သေးကြောင်း၊ ထို့ကြောင့် တိုင်းတရားရုံး၏ ယာယီတားဝရမ်း ထုတ်ဆင့်ပေးသော အမိန့်သည် မူလမှုကို အပြီးအပြတ်ဆုံးဖြတ်ပေး သော စီရင်ဆုံးဖြတ်ချက် မဟုတ်သောကြောင့် ယင်းအမိန့်အပေါ် တရားရုံးချုပ်က အမှန်အမှားထပ်မံဆုံးဖြတ်သော အမိန့်သည် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ နှင့်အညီအထူးအယူခံ ဝင်ခွင့်တင်သွင်းခွင့် ရှိသော အမိန့်မဟုတ်ကြောင်း၊ အယူခံ တရားလိုသည် ၁၉၈၇ခုနှစ်က ကိုးရီးယားနိုင်ငံ၌ ESSENCE ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင် အဖြစ် မှတ်ပုံတင်သွင်း၍ နာရီများကိုထုတ်လုပ်ခဲ့သည်ဟုဆိုသော်လည်း အဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းသည့် ကိုးရီးယားနိုင်ငံ၌ မှတ်ပုံတင်ပြု လုပ်ထားသော ကုန်အမှတ်တံဆိပ်မှာ အင်္ဂလိပ်အက္ခရာ E ပုံသဏ္ဍာန်ပါရှိသော ES-SENCE ကုန်အမှတ်တံဆိပ်ဖြစ်ပြီး မြန်မာနိုင်ငံ၌ မှတ်ပုံတင် ထားသော ကုန်အမှတ်တံဆိပ်မှာ မြင်းခွာပုံသဏ္ဍာန် ကုန်အမှတ် တံဆိပ် ဖြစ်နေကြောင်း၊ သာမာန်အားဖြင့် ကုမ္ပဏီတစ်ခုက တရားဝင်မူပိုင် မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်သည် မည်သည့်နိုင်ငံတွင် မှတ်ပုံတင်သည်ဖြစ်စေ၊ မူလရှိနှင့်ပြီးသော

(၁) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၁၆

၂၀၀၅

E S W.C Company
နှင့်
ဦးသန်းဝင်း

ကုန်အမှတ်တံဆိပ်အတိုင်း မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ အယူခံတရားလို ကုမ္ပဏီက ယခုအမှုတွင် တင်ပြသည့် မြင်းခွာပုံသဏ္ဌာန် ကုန်အမှတ်တံဆိပ်သည် အယူခံတရားပြိုင်က အမှုတွင်တင်ပြသည့် တရုတ်နိုင်ငံ၌ တရားဝင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ထားသော မြင်းခွာပုံသဏ္ဌာန် ESSENCE ကုန်အမှတ်တံဆိပ်နှင့် တူညီနေသည်ဟု ဆိုရုံမျှဖြင့် တရုတ်နိုင်ငံရှိ ကုမ္ပဏီကထုတ်လုပ်သော ESSENCE အမျိုးအစားနာရီများသည် အယူခံတရားလို ကုမ္ပဏီက ထုတ်လုပ်သော နာရီများကို တုပထုတ်လုပ်ခြင်း ဖြစ်သည်ဟု တထစ်ချစွပ်စွဲခြင်းပြုနိုင်မည်မဟုတ်ကြောင်း၊ ယင်းအချက်မှာ အယူခံတရားလိုကုမ္ပဏီနှင့် တရုတ်နိုင်ငံရှိ ကုမ္ပဏီတို့အကြား အငြင်းပွားပေါ်ပေါက်သော ပြဿနာရပ်သာ ဖြစ်ပြီး အယူခံတရားပြိုင်နှင့် မသက်ဆိုင်ကြောင်း၊ အယူခံတရားပြိုင် အပေါ် ယင်းသို့တုပထုတ်လုပ်သည်ဟု စွပ်စွဲထားခြင်းလည်း မရှိကြောင်း၊ တရုတ်နိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံကုန်သွယ်ရေးဆိုင်ရာ မူဝါဒများနှင့်အညီ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချသူသာ ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း တရားရုံးက ယင်းအချက် ကိုလက်ခံသော်လည်း မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားခြင်း မရှိဟုသုံးသပ်လျက် ယာယီတားဝရမ်းထုတ်ဆင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ အယူခံတရားပြိုင်သည် တရုတ်နိုင်ငံမှ တရားဝင် မှတ်ပုံတင်၍ ထုတ်လုပ်သော နာရီများကို ကုန်သွယ်ရေး မူဝါဒများနှင့် အညီ တရားဝင်တင်သွင်းခြင်း ဖြစ်ရာ ယင်းသို့တင်သွင်းမှုကို တားမြစ် ပိတ်ပင်သည့် အမိန့်မှာ နိုင်ငံခြားမှ ကုန်ပစ္စည်းတင်သွင်းရာတွင် လိုက်နာ ရန် ချမှတ်ထားသော ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများကို စွက်ဖက်ထိပါးရာရောက် စေကြောင်း လျှောက်လဲတင်ပြသည်။

၂၀၀၅
E.S.W.C Company
နှင့်
ဦးသန်းဝင်း

အဆိုလွှာအရတရားလို E.S.W.C Company သည် ကိုးရီးယား နိုင်ငံ၌တည်ထောင်ခဲ့သော Essence Watch Co, Ltd မှအမည်ပြောင်း လဲထားသော ကုမ္ပဏီဖြစ်ကြောင်း၊ ESSENCE ဆိုသောကုန်အမှတ်တံဆိပ်အမည် Trade Name "E" ပုံသဏ္ဍာန်ကုန်အမှတ်တံဆိပ် အမှတ်အသား Trade Mark တို့ကို ကိုးရီးယားနိုင်ငံ၌ ၂၉-၉-၈၇ နေ့စွဲပါ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် ၈၇၆၀ အရ တစ်ဦးတည်းမူပိုင်မှတ်ပုံ တင်ပြုလုပ်၍ ၁၉၈၇ ခုနှစ်ကစပြီး နာရီများထုတ်လုပ်ကာ နိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ယခုအခါ ကိုရီးယားနိုင်ငံရှိ တရားလို ကုမ္ပဏီသည် ESSENCE ဆိုသော ကုန်အမှတ်တံဆိပ်အမည်နှင့် မြင်း ခွာပုံသဏ္ဍာန်ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် နာရီများ ထုတ်လုပ် ကာ ကမ္ဘာအရပ်ရပ်သို့တင်သွင်းဖြန့်ချီရောင်းချလျက် ရှိရာတွင် မြန်မာနိုင်ငံ၌ နိုင်မိသားစုကုမ္ပဏီ Naing Family Co, Ltd အား ၁၆-၁၀-၂၀၀၂ နေ့ (နှင့်) ၁-၁၁-၂၀၀၃ နေ့စွဲဖြင့် ကိုယ်စားလှယ် ခန့်အပ်မှု သဘောတူစာချုပ် Agency Agreement ချုပ်ဆို ခန့်အပ်ထားကြောင်း၊ ထို့နောက်ယင်း ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဦးသက်နိုင်ဦးအား မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ဌာနေကိုယ်စားလှယ် အရောင်း တာဝန်ခံအဖြစ် ၁၂-၁၁-၂၀၀၂ ရက်စွဲပါ ခန့်အပ်လွှာ Appointment Authorized of Sole Agent ဖြင့်ခန့်အပ်ခဲ့ကြောင်း၊ ထို့ပြင် တရားလိုကုမ္ပဏီသည် Essence ဟူသော ကုန်တံဆိပ်သည် Trade Name နှင့် မြင်းခွာပုံကုန်တံဆိပ် အမှတ် အသား Trade Mark တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၄-၁-၂၀၀၃ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၈၆/၂၀၀၃ အရ တစ်ဦးတည်း မူပိုင်ပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ မူပိုင်ပြုလုပ်ပြီး ဖြန့်ဖြူး ရောင်းချနေသော Essence အမျိုးအစားနာရီများအား ထပ်တူ တုပ ပြုလုပ်ထားသည့် တရုတ်နိုင်ငံလုပ် Essence အမျိုးအစားနာရီများကို

၂၀၀၅
E.S.W.C Company
နှင့်
ဦးသန်းဝင်း

တရားပြိုင် ဦးသန်းဝင်းက တင်သွင်းရောင်းချလာသဖြင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို တရားလို ကုမ္ပဏီက ၁၂-၇-၂၀၀၃ နေ့ထုတ်ကြေးမုံ သတင်းစာ၌ သတိပေးကြေညာပြီးထားခဲ့ကြောင်း၊ သို့ရာတွင် တရားပြိုင်သည် အဆိုပါနာရီများကို ဆက်လက်၍ ဖြန့်ဖြူး ရောင်းချနေသဖြင့် ထိုသို့ဖြန့်ဖြူးရောင်းချခြင်းကို ရပ်သိမ်းပေးရန် တရားလိုက တရားပြိုင်ထံ ၂-၁-၂၀၀၄ ရက်စွဲဖြင့် အကြောင်းကြားစာ ပေးပို့၍ တောင်းဆိုသော်လည်း တရားပြိုင်က ၉-၁-၂၀၀၄ ရက်စွဲပါစာ ဖြင့် ငြင်းဆန်ပြန်ကြားခဲ့ကြောင်း၊ တရားလို ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ တွင် တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်ဖြင့် တရားဝင်မှတ်ပုံတင်ထားသော Essence ကုန်အမှတ်တံဆိပ် အမည်ပါနာရီများကို တရားလို ကုမ္ပဏီ၏ ဌာနေကိုယ်စားလှယ် ချယ်ရီဦး နာရီအရောင်းဌာနမှ သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားတို့တွင် ကြော်ငြာ၍ ဖြန့်ချိရောင်းချခဲ့ရာ မြန်မာနိုင်ငံတစ်ဝှမ်း နာမည်ကောင်း Good Will ရလျက်ရှိလာသော အခြေအနေတွင် ထိုနာရီများနှင့် ထပ်တူပြုလုပ်ထားကာ တရုတ်နိုင်ငံလုပ် Essence အမျိုးအစားနာရီများကို တရားပြိုင်က ရောင်းချလာခြင်းကြောင့် တရားလို ကုမ္ပဏီအဖို့များစွာ နစ်နာဆုံးရှုံးရကြောင်း၊ သို့ဖြစ်၍ Essence အမည်တံဆိပ် အမှတ်အသားဖြင့် တရုတ်နိုင်ငံလုပ် နာရီများကို မြန်မာနိုင်ငံသို့ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း မပြုစေရေးအတွက် တရားပြိုင်အပေါ် ထာဝရ တားဝရမ်းထုတ်ဆင့် ပေးစေလိုကြောင်းနှင့် တစ်နှစ်ခန့် ကာလအတွင်း တရားလို၏ နစ်နာဆုံးရှုံးမှုအတွက် ကျပ်သိန်း (၅၀၀)ကို လျော်ကြေးအဖြစ် ရထိုက်ကြောင်း စသည်ဖြင့် အဆို ပြုစွဲဆိုခြင်းဖြစ်သည်။

ထို့နောက် တရားပြိုင်ဘက်မှ ချေလွှာမတင်မီတရားလိုက Essence အမည်ကုန်တံဆိပ်အမှတ်အသားပါ နာရီများကို အမှုအတောအတွင်း တင်သွင်းရောင်းချဖြန့်ဖြူးခြင်း မပြုစေရေး

အတွက်တရားမကျင့်ထုံး ဥပဒေအမိန့်-၃၉၊ နည်းဥပဒေ ၁အရ ယာယီတားဝရမ်း ထုတ်ဆင့်ပေး ပါရန် လျှောက်ထားသည်။ တရားပြိုင်က တရားလိုအဆိုပြုစွဲဆိုသော အချက်များ ထင်ရှား ပေါ်ပေါက်ခြင်းမရှိသေးဘဲ ယေဘုယျစွပ်စွဲချက်များ သာဖြစ်၍ ယာယီတားဝရမ်းမထုတ်ဆင့်သင့်ကြောင်း ကန့်ကွက် ခဲ့သည်။

ရန်ကုန်တိုင်း တရားရုံးက တရားလို၏ ကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားကြောင်း၊ တရားပြိုင်သည် အလားတူ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားသည့် အထောက် အထား တင်ပြနိုင်ခြင်း မရှိကြောင်း၊ ဤအခြေအနေတွင် တရားလို စွဲဆိုထားသော အမှုမှာ အခြေအမြစ်မရှိဟု မဆိုနိုင်ကြောင်း ကုန်အမှတ်တံဆိပ်မူပိုင်အသုံးပြု ခွင့်အငြင်းပွားသည့်ပြဿနာပေါ်ပေါက် နေကြောင်း၊ အမှုအတောအတွင်း ယာယီတားမြစ်ခြင်းမပြုလျှင် ဦးစွာမူပိုင်ခွင့်ရရန်မှတ်ပုံတင်ထားသည့် တရားလို ကုမ္ပဏီတွင် ကုစား၍ မရနိုင်သည့် နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်ကြောင်း သုံးသပ်လျက် ယာယီတားဝရမ်းထုတ်ဆင့်ခဲ့သည်။

တရားရုံးချုပ်က ထာဝရတားဝရမ်းထုတ်ဆင့်ပေးရန် အန္တိမ သက်သာခွင့်တောင်းဆိုသည့် ယခုကဲ့သို့အမှုမျိုးတွင် မူလရုံးတရားပြိုင် ဘက်မှ ချေလွှာပင် မတင်ရသေးသည့်အဆင့်၌ ယာယီတားဝရမ်း ထုတ်၍ တားမြစ်လောက်သည့် ထင်လင်းမြင်သာသည့် အကြောင်း အချက် များရှိကြောင်း မပေါ်ပေါက်သေးသည့် အခြေအနေတွင် ရန်ကုန်တိုင်း တရားရုံးက ယာယီတားဝရမ်း ထုတ်ဆင့်ခဲ့ခြင်းသည် မှန်ကန်သည်ဟုမဆို နိုင်ကြောင်း သုံးသပ်၍ ရန်ကုန်တိုင်း တရားရုံး၏ ယာယီတားဝရမ်း ထုတ်ဆင့်သည့် အမိန့်ကို ပယ်ဖျက်ခဲ့သည်။

မူလရုံးတရားလို ကုမ္ပဏီကတရားပြိုင် ဦးသန်းဝင်း အပေါ်နာရီ ကုန်အမှတ်တံ့ဆိပ်ကို ထပ်တူပြုလုပ်ထားသည့် တံဆိပ်အမှတ်အသားပါ နာရီများတင်သွင်းခြင်း၊ လက်ဝယ်ထား

၂၀၀၅
E.S W.C Company
နှင့်
ဦးသန်းဝင်း

သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်းမပြုရန်ထာဝရ တားဝရမ်း ထုတ်ဆင့်ပေးရန်နှင့် နစ်နာကြေးပေးရန် စွဲဆိုစဉ်တရားလို ကုမ္ပဏီ၏ လျှောက်ထားချက်အရ ရန်ကုန်တိုင်း တရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့်၃၉၊ နည်းဥပဒေ ၁အရ ယာယီတားဝရမ်း ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

တိုင်းတရားရုံးက ယင်းကဲ့သို့ယာယီတားဝရမ်းထုတ်ပေးခြင်း ကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့သည့်အမိန့်အပေါ် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇အရအထူးအယူခံရုံးဖြင့် ကြားနာရန် လျှောက် ထားခွင့်ရှိမရှိကို ရှေးဦးစွာစီစစ်ရန်ဖြစ်သည်။

အထူးအယူခံဝင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ယခင်ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့သည်-

<u>ပုဒ်မ-၆</u>။ ပုဒ်မ ၅တွင်မည်သို့ပင်ပါရှိစေကာမူ တရားမမှု ရာဇဝတ်မှုသို့တည်းမဟုတ် အခြားအမှုတွင် အခြေခံ ဥပဒေစတင်အာဏာ မတည်မီက ဖြစ်စေ၊ တည်ပြီးမှ ဖြစ်စေတရားရုံး တစ်ရပ်ရပ် က ချမှတ်စီရင်ချက်ကို၊ ဒီကရီကို သို့တည်း မဟုတ် အပြီးသတ်အမိန့်ကို အယူခံဝင်ရန် တရားလွှတ်တော်ချုပ်သည် မိမိ၏ သဘော အတိုင်း အခွင့်ထူးပေးနိုင်သည်။

ယင်း ဥပဒေပုဒ်မ ၆ ကို ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ ဥပဒေပုဒ်မ ၄၁ ဖြင့်အောက်ပါအတိုင်း အစားထိုးခဲ့သည်။

တရားမမှု၊ ရာဇဝတ်မှု သို့တည်းမဟုတ်အခြားအမှုတွင် တရားရုံးတစ်ရပ်ရပ် (တရားရုံးချုပ်တရားသူကြီးတစ်ဦးဖြင့် ဖြစ်စေ၊ နှစ်ဦးဖြင့်ဖြစ်စေ ဖွဲ့စည်းထားသော တရားရုံးအပါ အဝင်) ကချမှတ်သော စီရင်ချက်ကို သို့တည်းမဟုတ်အပြီး

သတ်အမိန့်ကို အယူခံဝင်ရန် တရားရုံးချုပ်သည် မိမိသဘော အတိုင်းအခွင့်ထူးပေးနိုင်သည်။

၁၉၇၄ ခုနှစ်၊ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေကို ပြဋ္ဌာန်းသောအခါ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဖျက်သိမ်းလိုက်သဖြင့် ယခင်တရားရုံးချုပ် စီရင်ချက်အစရှိသည်တို့ကို ထပ်မံအယူခံဝင်ခွင့်မရှိ တော့ချေ။

၁၉၈၈ ခုနှစ်၊ တရားစီရင်ရေး ဥပဒေကို ပြဋ္ဌာန်းရာ၌ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေကို ဖျက်သိမ်းပြီး အထူးအယူခံဝင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းပြဋ္ဌာန်းခဲ့သည်-

တရားရုံးချုပ်တရားသူကြီးတစ်ဦးဦးဖြင့်ဖြစ်စေ၊ ခုံရုံးဖြင့်ဖြစ်စေ၊ စီရင်ထားသော မည်သည့်အမှုကိုမဆို လိုအပ်ပါက တရားရုံးချုပ်လက်ရှိအဖွဲ့ဝင်အားလုံး ပါဝင်သော စုံညီခုံရုံးဖြင့် ပြန်လည် စစ်ဆေးစီရင်နိုင်သည်။

ယင်းပြဋ္ဌာန်းချက်အရ တရားရုံးချုပ်က ဆုံးဖြတ်သည့်အမှု တိုင်းကို အထူးအယူခံဝင်ရောက်ခွင့်ရရှိခဲ့သည်။ ယင်းသို့ဆုံးဖြတ်ချက် အမိန့်တိုင်းကို အယူခံဝင်ခွင့်ပြုခြင်းအားဖြင့် အမှုများမှာ ပြီးပြတ်သင့်သည့် အချိန်မပြီးပြတ်ဘဲအမှုသည်များ အနေဖြင့် အမှုကို အကြိမ်ကြိမ်ရင်ဆိုင် ဖြေရှင်းနေကြရသည့်အတွက် ဆင်းရဲပင်ပန်း ကြသည်။ သို့ဖြစ်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပြဋ္ဌာန်းသည့်အခါအထူးအယူခံဝင်ခွင့် ပြုခြင်းနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များဖြင့်အောက်ပါအတိုင်း ပြဋ္ဌာန်း ခဲ့ခြင်းဖြစ်သည်။-

<u>ပုဒ်မ-၇</u> တရားရုံးချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ အပြီးသတ်စီရင်ထားသော အမှုကိုဖြစ်စေ၊ တရားရုံး တစ်ရုံးရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက် အပေါ်တရားရုံးချုပ်က အပြီးသတ် စီရင်ထား သော အမှုကိုဖြစ်စေ အထူးခုံရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုပြီးပါက တရားသူကြီးချုပ်၊ ဒုတိယ

၂၀၀၅
E S W C Company
နှင့်
ဦးသန်းဝင်း

တရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီး ၁ဦး၊ စုစုပေါင်း ၃ဦး သို့မဟုတ် တရားသူကြီး ချုပ်နှင့် တရားရုံးချုပ် တရားသူကြီး ၂ဦး စုစုပေါင်း ၃ဦး သို့မဟုတ် ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီး ၂ဦး စုစုပေါင်း ၃ဦးပါဝင်သော အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်။

စိစစ်ရန် ပြဿနာမှာ တရားရုံးချုပ်က ယာယီတားဝရမ်းကို ပယ်ဖျက်သည့် တရားမအထွေထွေအယူခံမှုသည် အထက်ပုဒ်မ ၇ပါ "တရားရုံးတစ်ရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသော အမှု" ဟုတ်မဟုတ်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် အပါအဝင် တရားသူကြီး (၄) ဦး ပါသည့် **ဒေါ်မြရင် ပါ-၅ နှင့် ဒေါ်စော အမှု**[၂] တွင် ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ-၆ ပါအပြီး သတ်အမိန့်ဟူသော စကားရပ်ကို အောက်ပါအတိုင်းဖွင့်ဆိုသည်-

> ထို့ကြောင့် အပြီးသတ်အမိန့်ကို အဓိပ္ပါယ် ကောက်ယူရာ တွင်၊ အမိန့်၏ အကျိုးသက်ရောက်မှုကို အဓိက ထားရမည်။ အမိန့် သည်မူလအမှုကို အပြီးအပြတ်ဆုံးဖြတ် ပေးခဲ့သော စီရင်ဆုံးဖြတ်ချက်သည် အမှန်အမှားကို အပြီးသတ်ဆုံးဖြတ်ခြင်းဖြစ်လျှင်၊ ၎င်း အမိန့်မှအခွင့်ထူး အယူခံခွင့်ကိုလျှောက်ထားနိုင်သည်။ တစ်ခါတစ်ရံတွင် မူလရုံးက အကြောင်းခြင်းရာနှင့် တွဲယှဉ်နေသော ဥပဒေ ပြဿနာကို အကြောင်းခြင်းရာမစုံစမ်းတော့ဘဲ ဥပဒေ ကြောင်း သက်သက်ဆုံးဖြတ်၍ အမှုကိုပယ်သည်၊ ဆက်သည် ဆိုအံ့။ ထိုအခြင်းအရာကိုတွေ့သော အယူခံရုံးက မူလရုံးအား အကြောင်းခြင်းရာကို စစ်ဆေးပြီး အမှုကိုပြန်တင်ရန် အမိန့်

(၂) ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၂၃၂

ချမှတ်ခြင်းတို့သည် အပြီးသတ်အမိန့်မဟုတ်။

တရားလိုစွဲဆိုသော အမှုသည် ထာဝရတားဝရမ်းရလိုကြောင်းနှင့် နစ်နာကြေးငွေရလိုကြောင်း သက်သာခွင့်တောင်းဆိုသည့် အမှုဖြစ်သည်။ တိုင်းတရားရုံးက အမှုကိုစစ်ဆေးခြင်း မပြုမီယာယီတားဝရမ်း ထုတ်ပေး သောအမိန့်တစ်ရပ်ချမှတ်သည်။ ယာယီတားဝရမ်းထုတ်ဆင့်သည်ဖြစ်စေ၊ မထုတ်ဆင့်သည်ဖြစ်စေ တရားလိုတောင်းဆိုသော ထာဝရတားဝရမ်း ရလိုသည့်သက်သာခွင့် အပေါ်အမှုအားဆက်လက်ကြားနာ၍ ဆုံးဖြတ်ရန်ကျန်ရှိနေသေးသည်။ ယာယီတားဝရမ်းထုတ်ဆင့်သည့်အမိန့် သို့မဟုတ် ယာယီတားဝရမ်းကိုပယ်ဖျက်သည့် အမိန့်သည် မူလမှုမှအမှုသည်တို့၏ အခွင့်အရေးကို အပြီးအပြတ်အဆုံးအဖြတ်ပြုရာရောက်သော အမိန့်မဟုတ်ပေ။ သို့ဖြစ်၍ တရားရုံးချုပ်က ယာယီတားဝရမ်းအမိန့်ကို ပယ်ဖျက်လိုက်သော်သည်း အယူခံတရားလိုအနေဖြင့် မိမိတောင်းဆိုသည့် ထာဝရတားဝရမ်း ရလိုသည့်သက်သာခွင့်ကိုဖြစ်စေ၊ နစ်နာကြေးငွေကိုဖြစ်စေ၊ ရထိုက်မရထိုက်အဆုံးအဖြတ်ရရန်အခွင့်အရေးရှိနေသေးသည့် အလျောက်ယင်းအမိန့်သည်အပြီးသတ်အမိန့်မဟုတ်ပေ။ ထို့ကြောင့် တိုင်းတရားရုံး၏ ယာယီတားဝရမ်းထုတ်ဆင့်သည့်အမိန့်ကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့သည့် အမိန့်အပေါ် အထူးအယူခံဝင်ခွင့်ပြုရန်မသင့်ချေ။

၁၉၈၇ ခုနှစ်တွင် ကိုးရီးယားနိုင်ငံ၌ Essence ကုန်အမှတ်တံဆိပ်ကို အယူခံတရားလို၏ ကုမ္ပဏီတစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်၍ နာရီများရောင်းချသည်ဆိုသော်လည်း ကိုးရီးယားနိုင်ငံ၌ မှတ်ပုံတင်သည့် ကုန်အမှတ်တံဆိပ်မှာ E ပုံသင်္ကေတန်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ တွင် မှတ်ပုံတင်သည့်အခါမှ မြင်းခွာပုံသင်္ကေတန်ဖြင့် မှတ်ပုံတင်ခြင်း ဖြစ်ကြောင်း၊ အယူခံတရားလိုက မြန်မာနိုင်ငံတွင်

၂၀၀၅
E.S.W.C Company
နှင့်
ဦးသန်းဝင်း

မှတ်ပုံမတင်မီ ၂၀၀၂ ခုနှစ်မတိုင်မီကပင် တရုတ်နိုင်ငံရှိ စိန်းကျိန့်ကုမ္ပဏီမှ အယူခံတရားပြိုင် ထံသို့ တရုတ်နိုင်ငံလုပ် Essence အမည်ရှိနာရီများတင်ပို့ပေး၍ ရောင်းချနေခဲ့ ပြီးဖြစ်ကြောင်း။ သို့ဖြစ်၍မည်သူက မည်သူ့ကိုတုပသည်ဟု ယခုအချိန်တွင် မပြောနိုင်သေးကြောင်း အယူခံတရားပြိုင်ဘက်မှ တင်ပြ ထားသည်။ ထို့ပြင် ပုံသဏ္ဌာန်မတူသည့် Essence အမည်ရှိနာရီများ ကိုလည်းတင်ပြသည်။ အယူခံတရားလိုက အဆိုလွှာနှင့်ပူးတွဲ တင်ပြသည့် စာရွက်စာတမ်းများအရ ၁၉၈၇ ခုနှစ်တွင် ကိုးရီးယားနိုင်ငံတွင် Essence ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်သည်ဆိုရာတွင် ကုန်အမှတ်တံဆိပ်မှာ မြင်းခွာ ပုံသဏ္ဌာန် မဟုတ်ဘဲ E ပုံသဏ္ဌာန် ဖြစ်သည်။ ၂၀၀၁ ခုနှစ် တွင် ကိုးရီးယားနိုင်ငံ၌ မှတ်ပုံတင်သည်ဆိုသော မြင်းခွာပုံသဏ္ဌာန် ကုန်အမှတ်တံဆိပ် များမှာလည်း မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်၌ မှတ်ပုံတင်သည့် မြင်းခွာပုံသဏ္ဌာန်ကုန်အမှတ်တံဆိပ်နှင့် မတူဘဲ ကွဲပြားခြားနားသည်။ သို့ဖြစ်၍ တရုတ်နိုင်ငံမှ ထုတ်လုပ်သော နာရီ များသည် တုပ ထုတ်လုပ်သောနာရီများ ဟုတ်မဟုတ်ဆိုသည့် အချက်၌ အယူခံတရားလို ကုမ္ပဏီနှင့် တရုတ်နိုင်ငံရှိ ကုမ္ပဏီ တို့အကြား အငြင်းပွားလျက်ရှိသည်။ မြင်းခွာပုံသဏ္ဌာန် ကုန်အမှတ် တံဆိပ်ကို မည်သူကစော၍ သုံးစွဲခဲ့သည်ဆိုသည်မှာ ယခုအချိန်တွင် မပေါ်ပေါက်သေးချေ။

ထာဝရတားဝရမ်းထုတ်ပေးရန်တောင်းခံသည့်အမှုတွင် အမှု၏ ကနဦးအဆင့်၌ယာယီတားဝရမ်းထုတ်ပေးရန်သင့်မသင့်စဉ်းစားရာ၌ တရားရုံးရှေ့မှောက်ရှိအကြောင်းအရာအရ တောင်းဆိုသည့် သက်သာခွင့် ကိုရခွင့်ရှိကြောင်းဖြစ်ဟန်လက္ခဏာ (Probability) ရှိခြင်း၊ တစ်နည်းအားဖြင့်တရားစွဲဆိုသည့်အမှုတွင် သာမန်အားဖြင့် မြင်သာသည့်အခြေ (Prima facie) ရှိခြင်းတို့ကို တရားလိုက

သင်ရှားပြသရန်လိုပေသည်။ ရေရာသေချာသည့် အခြေအနေ ရှိမရှိသေချာစွာ မစိစစ်ဘဲယာယီ တားဝရမ်းကို ပေါ့ပေါ့လွယ်လွယ် ထုတ်ပေးလျှင် ထာဝရတားဝရမ်းကို ကြိုတင်ထုတ်ပေးခဲ့သည့် သဘောသက်ရောက်စေနိုင်သကဲ့သို့ ယာယီ တားဝရမ်းထုတ်ပေးသင့်ပါလျက် ထုတ်ပေးခြင်းမပြုလျှင် တရားလို၏ နစ်နာမှုကို အကာအကွယ်ပေးရန် ပျက်ကွက်ရာရောက်ပေလိမ့်မည်။

အယူခံတရားလိုစွဲဆိုသောအမှုသည် သာမန်အမြင်အားဖြင့် အခြေခံ(Prima facie) ရှိဖို့လိုသည်။ **ဦးထွန်းမြင့်နှင့် ဦးသက်ရှည်အမှု**[၃]ကိုကြည့်ပါ။ အထက်တွင် သုံးသပ်ဖော်ပြထားသည့်အတိုင်း အဆိုပါ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိရာ အယူခံတရားပြိုင်က အယူခံတရားလိုကုမ္ပဏီ၏ မြင်းခွါပုံသင်္ကေတကုန်အမှတ် တံဆိပ်ကို တုပပြီး ရောင်းချနေကြောင်း အမြင်အားဖြင့် ယူဆနိုင်အောင် တင်ပြနိုင်ခြင်း မရှိသေးသည့် အခြေအနေတွင် အယူခံတရားလိုစွဲဆိုသော အမှုသည် အခြေအမြစ်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်တိုင်းတရားရုံးက အယူခံတရားလိုတောင်းဆိုသည့်အတိုင်း ယာယီတားဝရမ်း ထုတ်ပေးခြင်းသည် မှန်ကန်မျှတခြင်းမရှိသဖြင့် တရားရုံးချုပ်က ယာယီ တားဝရမ်းထုတ်ဆင့်သည့်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည် မှားယွင်းခြင်း မရှိဟု ကျွန်ုပ်တို့သဘောရရှိသည်။

ထို့ကြောင့်၍အထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာ များကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

"၁။ တရားရုံးချုပ်က တိုင်းတရားရုံး၏ ယာယီတားဝရမ်း ထုတ်ဆင့်သည့် အမိန့်ကိုပယ်ဖျက်ခဲ့ခြင်းအပေါ် ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံ

---

(၃) ၁၉၆၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၇၄

ခုံရုံးဖြင့် ကြားနာရန် လျှောက်ထားခွင့် မရှိကြောင်း၊

၂။ တရားရုံးချုပ်က ထာဝရတားဝရမ်းထုတ်ဆင့်ရန် သက်သာခွင့် တောင်းခံသည့် တရားမမှုတွင် ယာယီ တားဝရမ်းထုတ်ပေးရန် သင့်မသင့်စဉ်းစားရာ၌ ကောက်ယူ ဆုံးဖြတ်ချက် များသည် တရားမကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လမ်းညွှန် စီရင်ထုံးများနှင့် ညီညွတ် မှန်ကန်ကြောင်း။"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ် လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

\+ ၂၀၀၅
ဇူလိုင်လ
၁၈ ရက်

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်ရှေ့တွင်

### ဦးမြတ်ထွန်း (၎င်း၏ကိုယ်စားလှယ်ဦးရွှေကြည်)
### နှင့်
### ဒေါ်တင်အုန်း ( ၎င်း၏ကိုယ်စားလှယ်ဦးမင်းအေး)

**ဇာရီမှုတွင် တရားနိုင်နှင့်တရားရှုံးတို့အကြား ဒီကရီအတည်ပြုခြင်း နှင့်ပတ်သက်၍ ပေါ်ပေါက်သည့် ပြဿနာကိုအဆုံးအဖြတ် ပေးခြင်း၊ ယင်းအဆုံးအဖြတ်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံးဝင်သဖြင့် ယင်းဥပဒေပုဒ်မ ၂ (၂)အရ ဒီကရီဟုမှတ်ယူရခြင်း၊ အဆိုပါအမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းခြင်းမှာ မှန်ကန်ခြင်းရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ဇာရီမှုတွင်တရားနိုင်နှင့် တရားရှုံးတို့အငြင်းပွားသည်မှာ တရားနိုင်ရရှိထားသည့် ဒီကရီကိုအတည်ပြုရာ၌ မည်သည့်မြေ အတိုင်းအတာကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ တရားနိုင် သို့လက်ရောက်ပေးအပ်ရမည်ဆိုသော အချက်ဖြစ်သည်။ ဤအချက်သည် ဒီကရီအတည်ပြုခြင်းနှင့် သက်ဆိုင်သောတရားနိုင်နှင့်တရားရှုံး တို့အကြားအငြင်းပွားမှုဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံးဝင်သော ပြဿနာဖြစ်သည်မှာမြင်သာသော အချက်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂) ပါ ပြဋ္ဌာန်းချက်အရ တရားမကျင့်ထုံး ဥပဒေပုဒ်မ

---

* ၂၀၀၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၈

\+ ၂၀၀၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၇၁တွင် ချမှတ်သော ၂၇-၁၂-၂၀၀၄ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို လျှောက်ထားမှု

၂၀၀၅
ဦးမြတ်ထွန်း
နှင့်
ဒေါ်တင်အုန်း

၄၇ အတွင်း ကျရောက်သော ပြဿနာအပေါ် ချမှတ်သည့်အမိန့်သည် ဒီကရီဖြစ်သည်။တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆အရ ဒီကရီကို အယူခံဝင်ရောက်ရမည်သာဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားသူသည် မူလတိုင်းတရားရုံးက ဇာရီမှုတွင်ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို ဤတရားရုံးချုပ်တွင် ပြင်ဆင်မှု ဝင်ရောက်ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။

အယူခံတရားလိုအတွက် - ဦးမောင်မောင်ကျော်လင်း
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ဒေါ်အေးကြူ
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၇၁တွင် ဒေါ်တင်အုန်း (၎င်း၏ကိုယ်စားလှယ် ဦးမင်းအေး)က တရားရှုံး ဦးမြတ်ထွန်း (၎င်း၏ကိုယ်စားလှယ် ဦးရွှေကြည်) အပေါ် ရန်ကုန်တိုင်း တရားရုံး၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂၀တွင်ရရှိထားသည့် အနိုင်ဒီကရီကိုအတည်ပြုပေးရန် လျှောက်ထားသည်။ ဇာရီမှုတွင် တရားရှုံးပိုင်မြေကွက်ကြီးမှ ဖယ်ထုတ်ရမည့်မြေအစိတ်အပိုင်း၏ တည်နေရာကို သတ်မှတ်ပေးပါရန်တရားနိုင်၏လျှောက်ထားချက်အရ မူလတိုင်းတရားရုံးက (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ဖြင့် တည်နေရာ သတ်မှတ်ပေးခဲ့သည်။ အဆိုပါအမိန့်ကို တရားရှုံးဦးမြတ်ထွန်းက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ဤတရားမပြင်ဆင်မှုကို တင်သွင်း သည်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅(ဘီ)၊ မြေကွက်အမှတ် ၃၂ အေ"၊ ၃၃ ဘီ ဧရိယာ (၀. ၂၅၈) ဧက၊ ပေအားဖြင့်အနံ ၉၀ပေ၊ အလျား ၁၂၅ပေရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ် ရှိ နှစ်ထပ်တိုက်သည် မူလက ဦးမြတ်ထွန်း အမည်ပေါက်ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်သည်။ ဦးမြတ်ထွန်း၏

၂၀၀၅
ဦးမြတ်ထွန်း
နှင့်
ဒေါ်တင်အုန်း

သားနှင့်သားမက်များဖြစ်ကြသော ဦးသိဒ္ဓိ(ခ) ဦးဟယ်ရီထွန်းနှင့် ဦးကြည်ဆွေတို့က ဦးမြတ်ထွန်းမသိဘဲ ဦးမြတ်ထွန်းပိုင် အဆိုပါမြေကွက်ကြီးမှ ၄၆ပေ×၃၂ပေရှိမြေအစိတ် အပိုင်းကို ဒေါ်အေးအေးသွယ်အား (၂၈-၃-၉၅) နေ့စွဲပါ မှတ်ပုံတင် စာချုပ်ပြုလုပ်ရောင်းချခဲ့သည်။ ထို့နောက် ဦးမြတ်ထွန်းက အချင်းဖြစ် မြေကွက်ကြီးတစ်ခုလုံးနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့ကို (၃-၄-၉၇) နေ့တွင် ဒေါ်တင်အုန်းအား စရန်ပေးစာချုပ်ပြုလုပ် ရောင်းချခဲ့သည်။ နောက်ပိုင်းတွင် ဦးမြတ်ထွန်းသည် ဒေါ်တင်အုန်းမှ ကျန်ငွေပေးချေသည်ကို လက်ခံခြင်းမပြုသည့်ပြင်မြေနှင့် အဆောက်အဦ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် ပျက်ကွက်သည်ဟု ဆိုကာ ဒေါ်တင်အုန်းက ဦးမြတ်ထွန်းအပေါ် ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၂၀တွင် မြေနှင့်အဆောက်အဦအတွက် ကျန်ငွေကိုလက်ခံပြီး၊ တရားဝင်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆို၍မြေနှင့် အဆောက်အဦလက်ရောက် ပေးအပ်စေလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးကအချင်းဖြစ် မြေကွက်ကြီးမှ ဒေါ်အေးအေးသွယ် ဝယ်ယူပြီးဖြစ်သော ၄၆ပေ×၃၂ပေ မြေကွက်အစိတ်အပိုင်းကို ချန်လှပ် လျက်ကျန်မြေကွက်နှင့်အဆိုပါ မြေကွက်ပေါ်ရှိ အဆောက်အဦကို ဦးမြတ်ထွန်းမှ ဒေါ်တင်အုန်းသို့ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးအပ်ရန်၊ ဒေါ်တင်အုန်းမှ ဦးမြတ်ထွန်းသို့ပေးချေရန် ကျန်ငွေတွင် ၄၆ပေ×၃၂ပေအတွက် အချိုးကျ ကျသင့်ငွေကိုနုတ်၍ပေးချေရန် ဒီကရီချမှတ်ခဲ့သည်။ အဆိုပါဒီကရီကို အတည်ပြုဆောင်ရွက်ပေးရန် ဒေါ်တင်အုန်းက ဦးမြတ်ထွန်းအပေါ် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်သည့် အခါ ဒေါ်တင်အုန်းက ဒေါ်အေးအေးသွယ် ဝယ်ယူခဲ့သည့် ၄၆ပေ×၃၂ ပေ မြေကွက်၏တည်နေရာကို သတ်မှတ်ပေးပါရန် လျှောက်ထားသည်။ မူလတိုင်းတရားရုံးက ကော်မရှင်နာခန့်အပ်လျက် လိုအပ်သည့် စုံစမ်းမှု ပြုလုပ်ပြီးနောက် ဒေါ်အေးအေးသွယ်

၂၀၀၅
ဦးမြတ်ထွန်း
နှင့်
ဒေါ်တင်အုန်း

ဝယ်ယူခဲ့သည့် ၄၆ပေ×၃၂ပေ မြေကွက်သည် အရပ်မျက်နှာအားဖြင့် မြေကွက် ကြီး၏ အနောက်တောင် ဒေါင့်တွင် တည်ရှိပြီး မြေကွက်၏အလျား ၄၆ပေသည် အေးရိပ်သာ (၂)လမ်းသို့မျက်နှာ မူလျက်ရှိကြောင်း သတ်မှတ်သည့် အမိန့်ချမှတ်ခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားသူ ဦးမြတ်ထွန်းက ဒေါ်အေးအေး သွယ်သို့ ရောင်းချခဲ့သည့် မြေကွက်တည်နေရာမှာ မူလမြေကွက် ကြီး၏ အနောက်မြောက်ဒေါင့်ဖြစ်ပါသည်ဟုတင်ပြသည်။ ထိုသို့တင်ပြသော်လည်း မည်သည့်အထောက်အထားအရ ဖြစ်သည်ဆိုခြင်းကိုမူ တင်ပြနိုင်ခြင်း မရှိချေ။

မူလမြေကွက်ကြီးသည် အေးရိပ်သာ (၁)လမ်းနှင့် အေးရိပ်သာ (၂)လမ်း အကြားတွင်တည်ရှိသည်။ အေးရိပ်သာ (၁)လမ်းသည် မြေကွက်ကြီး၏ အရှေ့ဘက်အရပ်တွင်ရှိသည့် လမ်းဖြစ်သည်။ အဆိုပါမြေကွက် ကြီးရှိ နေအိမ်အဆောက်အဦသည် အေးရိပ်သာ (၁)လမ်းဘက်မျက်နှာ မူလျက်ရှိသည်။ ဤအချက်များမှာ မူလမှုတွင်အငြင်းမပွားသော အချက် များဖြစ်သည်။

ဒေါ်အေးအေးသွယ်အမည်ဖြင့် ၄၆ပေ×၃၂ပေရှိ မြေ အစိတ်အပိုင်းကိုဝယ်ယူသည့်စာချုပ်ကို သက်သေခံ(က)အဖြစ်ဇာရီ မှုတွင် တင်ပြထားသည်။ ယင်းစာချုပ်ကို စိစစ်ကြည့်ရှုရာ ဒေါ်အေးအေးသွယ် ဝယ်ယူသည့် မြေအစိတ်အပိုင်းသည် မြေကွက်ကြီး၏ အနောက်ဘက်အခြမ်းဖြစ်ကြောင်း၊ ယင်းမြေ အစိတ်အပိုင်းသို့ ဝင်ထွက်ရန် မြေကွက်ကြီး၏ တောင်အရပ်ဘက် အခြမ်း၌ ၁၀ပေအကျယ်ကားလမ်း ချန်လှပ်ပေးကြောင်း ဖော်ပြ ပါရှိသည်။ ယင်းစာချုပ်ပါ ဖော်ပြချက်အရ ဆိုပါက ဒေါ်အေးအေးသွယ်ဝယ်ယူသည့်မြေ အစိတ်အပိုင်းမှာ မူလ မြေကွက်ကြီး၏အနောက်တောင်ဘက်ဒေါင့်ဖြစ်သည်ဟုမူလ တိုင်းတရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းရန် အကြောင်းမရှိချေ။

ဤစီရင်ချက်ကိုအဆုံးမသတ်မီဖော်ပြလိုသည့်အချက်မှာ ဇာရီမှုတွင် ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို တရားရုံးချုပ်တွင် ပြင်ဆင်မှုဝင်ရောက်ခွင့်ရှိမရှိဖြစ်သည်။

ဇာရီမှုတွင်တရားနိုင်နှင့်တရားရှုံးတို့အငြင်းပွားသည်မှာ တရားနိုင် ရရှိထားသည့် ဒီကရီကိုအတည်ပြုရာ၌ မည်သည့်နည်းအတိုင်းအတာကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ တရား နိုင်သို့ လက်ရောက်ပေးအပ်ရမည် ဆိုသောအချက်ဖြစ်သည်။ ဤအချက် သည် ဒီကရီ အတည်ပြုခြင်းနှင့်သက်ဆိုင်သော တရားနိုင်နှင့်တရားရှုံးတို့ အကြား အငြင်းပွားမှုဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံးဝင်သော ပြဿနာဖြစ်သည်မှာ မြင်သာသောအချက်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂) ပါပြဋ္ဌာန်းချက်အရ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ အတွင်းကျရောက်သော ပြဿနာအပေါ် ချမှတ်သည့် အမိန့်သည် ဒီကရီဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆အရ ဒီကရီကိုအယူခံဝင်ရောက်ရမည်သာဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထား သူသည် မူလတိုင်း တရားရုံးက ဇာရီမှုတွင်ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို ဤတရားရုံးချုပ်တွင် ပြင်ဆင်မှုဝင်ရောက်ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။

အထက်ပါအကြောင်းအချက်များအရ မူလတိုင်းတရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိချေ။

ထို့ကြောင့် မူလတိုင်းတရားရုံး၏ အမိန့်ကိုအတည်ပြု၍ ဤပြင် ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ငွေကျပ် ၁၀၀/-သတ်မှတ်သည်။

+ ၂၀၀၅
ဇူလိုင်လ
၁ ရက်

## တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီး
ဒေါက်တာတင်အောင်အေး ရှေ့တွင်

ဦးလှမြင့်
နှင့်
ဒေါ်ဂျူဘီ *

**နှစ်ဦးပူးတွဲဂရန်အမည်ပေါက်ဂရန်မြေတွင် မြေကွက် တစ်ခြမ်းကို ဂရန်အမည်ပေါက်သူတစ်ဦးက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီချမှတ်ပေးရန်တရားစွဲဆိုနိုင်ခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုသော အမှုတွင်ထိုပုဒ်မအရ တရားလိုကတောင်းဆိုသည့် မြွက်ဟ ဒီကရီကို တရားရုံးကခွင့်ပြုရာတွင်အလွယ်တကူခွင့်ပြုရန်မဟုတ်ချေ။ တရားရုံးမှဆင်ခြင်တုံတရားအတိုင်းသာအသုံးပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာ အာဏာပိုင်/ဌာနကို ဂရန်ခွဲစိတ်ပေးရန်လျှောက်ထားနိုင်သည့် အခွင့်အရေးရှိနေသော အခြေအနေတွင် တရားရုံးကတရားလိုအား ၎င်းတောင်းဆိုသည့် အတိုင်း အချင်းဖြစ်မြေကွက်၏တစ်ခြမ်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးရန်သင့် မြတ်မည်မဟုတ်ချေ။

---

* ၂၀၀၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၃၈

\+ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၂တွင် ချမှတ်သော ၁၃-၁-၂၀၀၅ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ အမိန့်ကိုမကျေနပ်သဖြင့် အယူခံမှု

၂၀၀၅
ဦးလှမြင့်
နှင့်
ဒေါ်ဂျူဘီ

**အယူခံတရားလိုအတွက်** - ဦးလှစိန်
(တရားရုံးချုပ်ရှေ့နေ)

**အယူခံတရားပြိုင်အတွက်** - ဦးမောင်မောင်
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၂တွင် ဒေါ်ဂျူဘီက ဦးလှမြင့်အပေါ် မြေတစ်ခြမ်းစီပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုရာ တိုင်းတရားရုံးက တရားလို စွဲဆိုသည့် အတိုင်း စရိတ်နှင့်တကွဒီကရီချမှတ်သည်။

ဦးလှမြင့်က တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီအပေါ် မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ် သည်။

မူလမှုအဆိုလွှာအရ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂ ရပ်ကွက်၊ သုမန ၂ လမ်းရှိမြေကွက်အမှတ် ၁၀၆၆၊ အလျား ၄၀ပေ× အနံ ၆၀ပေခန့်ရှိ မြေကွက်ကို တရားလို သည် တရားပြိုင်ဦးလှမြင့်နှင့် ပူးတွဲ၍ တစ်ဝက်စီပိုင်ဆိုင်လာခဲ့ပြီး ၂၈-၉-၉၃ နေ့တွင် နှစ်ယောက်တွဲ အမည်ဖြင့် ဂရန်ထုတ်ပေးခဲ့ကြောင်း၊ အချင်းဖြစ်မြေကွက်အားတရားလို နှင့်တရားပြိုင်တို့သည် တစ်ခြမ်းစီခွဲပြီး မိမိတို့ပိုင်ဆိုင်သောအပိုင်းကို အိမ်ဆောက်လုပ် နေထိုင်လာခဲ့ကြကြောင်း၊ တရားလိုသည် စားဝတ်နေရေးနှင့် ဆေးကုသရေးအတွက်ငွေလိုသဖြင့် မိမိပိုင်မြေတစ်ခြမ်းထဲမှ ၂၀ပေ×၂၀ပေကို ဦးလှဝင်းဆိုသူသို့ရောင်းချခဲ့ကြောင်း၊ တရားပြိုင်က ရောင်းချသူနေရာတွင် လက်မှတ်ရေးထိုးပေးခဲ့ပြီး ၎င်း၏ဇနီးဒေါ်မြရီက အသိသက်သေနေရာတွင် လက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ၄-၃-၂၀၀၂ နေ့တွင်မြန်မာ့အလင်းသတင်းစာ၌ အချင်းဖြစ်မြေကွက်ကို ရောင်းချ ပေါင်နှံခွဲခြားလွှဲပြောင်းခြင်း မပြုရန်တရားပြိုင်က ကန့်ကွက်သည်ဟု ကြေညာခဲ့ကြောင်း၊ ထိုနေ့နောက်ပိုင်းတွင်

တရားစွဲဆိုရန်အခွင့်အရေး ပေါ်ပေါက်ကြောင်းစသည်ဖြင့် ဖော်ပြ အဆိုပြုသည်။

မူလမှုချေလွှာအရ အချင်းဖြစ်မြေကွက်ကိုတရားလိုနှင့် တရား ပြိုင်တစ်ခြမ်းစီပိုင်ဆိုင်သည်ဟု ဖော်ပြထားခြင်းမှာ မှန်ကန်ခြင်းမရှိ ကြောင်း၊ တရားလို တရားပြိုင်တို့၏ ကွယ်လွန်သူမိဘနှစ်ပါးတွင် ဦးထူး၊ ဦးလှမြင့် နှင့် ဒေါ်ဂျူဘီဟုသားသမီး ၃ဦးမွေးဖွားခဲ့ကြောင်း၊ ဦးထူးသည် ၂၄-၆-၂၀၀၀ ရက်နေ့ကကွယ်လွန်သော်လည်း ၎င်းတွင် ဇနီးနှင့်သမီး တစ်ဦးကျန်ခဲ့ကြောင်း၊ မိဘနှစ်ပါးပိုင် အမွေဆက်ခံခွင့် ရှိသော အချင်းဖြစ်မြေတွင် မောင်နှမ ၃ဦးနှင့်ပတ်သက်သည်မှာ ဥပဒေအရမြင်သာ ကြောင်း၊ အမှန်မှာ မူလအိမ်ဆောက်စဉ်က ၄ပင် ၃ခန်းဖြစ်ကြောင်း၊ မိခင်နှင့်ညီမ ဒေါ်ဂျူဘီတို့မှာ အိမ်ဦးခန်းတွင် နေထိုင်ကြောင်း၊ ဦးတူးနှင့် ဦးလှမြင့်တို့မှာ ခြေရင်းခန်းများ၌ နေထိုင်ခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်တွင် မောင်လှဝင်းဆိုသူက မိုးယိုသည်ကို အကြောင်းပြု၍ ခေါင်တစ်ခုတည်း ကို တစ်ခုစီအဖြစ် နှစ်ခုဖြစ်အောင်ခွဲထုတ်ပြုလုပ်ခြင်းသာ ဖြစ်ကြောင်း၊ မိဘများ ကွယ်လွန်ပြီးနောက် ပစ္စည်းတစ်စုံတစ်ရာခွဲဝေခြင်းမရှိသေး ကြောင်း၊ တရားလိုစွဲဆိုသည့် အမှုမှာမြွက်ဟ ကြေညာပေးစေလို သည့်အမှု၏ အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှုမရှိကြောင်း၊ တရားလိုက ၎င်း၏ ရထိုက်ခွင့်ကို ဥပဒေအရကျော်လွန်တောင်းဆိုထားခြင်းသာဖြစ် ကြောင်းစသည်ဖြင့် ဖော်ပြထုချေသည်။

တိုင်းတရားရုံးက ရုံးငြင်းချက် ၃ရပ် ထုတ်နုတ်ပြီးနောက်ရုံးငြင်း ချက်များအနက် ငြင်းချက်အမှတ် (၂)ကိုပဏာမငြင်းချက်အဖြစ် သတ် မှတ်ဆုံးဖြတ်ပြီးဖြစ်သည်။ ကျန်ငြင်းချက်နှစ်ရပ်နှင့်စပ်လျဉ်း၍ နှစ်ဖက် စစ်ဆေးကြားနာပြီးနောက် အချင်းဖြစ်မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာ ၂လမ်းရှိ မြေကွက်အမှတ် ၁၀၆၆၊ ဧရိယာ ၄၀ပေ×၆၀ပေရှိ မြေကွက်ကို တရားလိုနှင့်တရားပြိုင်တို့ မြေတစ်ခြမ်းစီ ပိုင်ဆိုင်သည်

ဆိုခြင်းမှာ မှန်ကြောင်း၊ အချင်းဖြစ်မြေကွက်၏ တစ်ခြမ်းသည် တရားလို ဒေါ်ဂျူဘီ ပိုင်ပစ္စည်းဖြစ်သည်ဟု မြွက်ဟကြေညာသည့် ဒီကရီကို ရထိုက်ကြောင်း ဖြေဆိုလျက်အောက်ပါအတိုင်း ဒီကရီချမှတ်သည်-

"ထို့ကြောင့်တရားလို ဒေါ်ဂျူဘီက တရားပြိုင် ဦးလှမြင့်အပေါ် မြောက်ဥက္ကလာပမြို့နယ်၊ ၂ရပ်ကွက်၊ သုဓမ္မာ ၂လမ်းရှိ မြေကွက်အမှတ် ၁၀၆၆၊ ဧရိယာ ၄၀ပေ×၆၀ပေရှိ မြေကွက်တစ်ခြမ်းသည် တရားလို ဒေါ်ဂျူဘီပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးသည့် အမိန့်နှင့်ဒီကရီကို စရိတ်နှင့်တကွ ချမှတ်ပေးလိုက်သည်။"

အယူခံတရားလိုရှေ့နေက မူလရုံးတရားလို၏ အဆိုလွှာတွင် အချင်းဖြစ် မြေကွက်ကို မည်သို့မည်ပုံရရှိသည်ဟု ဖော်ပြထားခြင်း မရှိ ဘဲတရားလိုနှင့်တရားပြိုင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်းကိုသာ ဖော်ပြခဲ့ ကြောင်း၊ အချင်းဖြစ်မြေကွက်မှာ ၁၉၆၁ ခုနှစ်တွင် တရားလို တရားပြိုင် တို့၏ မိခင်ဒေါ်သန်းက မူလပိုင်ရှင် ဦးခင်မောင်မြင့်ထံမှ ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကမြေပေါ်တွင် နေထိုင်သူများအား ဂရန်ထုတ် ပေးခဲ့ရာ မိခင်ဒေါ်သန်းလည်း ကွယ်လွန်ခဲ့ပြီး အစ်ကိုကြီး ဦးထူး မှာလည်း မြေနီကုန်းရောက်နေသဖြင့် ဂရန်တွင် ၎င်း၏အမည် မပါခြင်းဖြစ်ကြောင်း၊ ဂရန်တွင်အမည်မပါရှိရုံမျှဖြင့် အမွေဆိုင် မဟုတ်ဟုငြင်းဆို၍ မရကြောင်း၊ အချင်းဖြစ်မြေနှင့်အိမ်ဝယ်ယူစဉ်က ဦးထူး၏ငွေပါရှိခဲ့ ကြောင်း၊ ၁၈-၁၂-၉၀ ရက်စွဲပါ အပေးစာချုပ်မှာ လိမ်လည်အတုပြုလုပ်ထားသော စာချုပ်သာဖြစ်ကြောင်း၊ မိခင်ဒေါ်သန်းသည် ၁၄. ၁. ၇၉ နေ့တွင် ကွယ်လွန်ခဲ့သဖြင့် စာချုပ်ပါ ဒေါ်သန်း၏ လက်မှတ်မှာ ၎င်းကိုယ်တိုင်ရေးထိုးသည့် လက်မှတ် မဟုတ်သည်မှာ ထင်ရှားကြောင်း၊ အစ်ကိုအကြီးဆုံးဖြစ်သူ ဦးထူးအား အမွေပုံပစ္စည်းမှ ပယ်ထုတ်လို၍ ပြုလုပ်ခဲ့သောကြောင့် မမှန်ကန်သည့်

ပြုမူမှုများအပေါ် မည်သည့် သက်သာခွင့်မျှမရထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ရှေ့နေက မှုခင်းတွင်ပေါ်ပေါက်အငြင်းမပွားနိုင်သည်မှာ အချင်းဖြစ်မြေကွက်ကို ဒေါ်သန်းသည် ဦးခင်မောင်မြင့်ထံမှ ဝယ်ယူကြောင်း အထောက်အထား စာချုပ်စာတမ်းတင်ပြမထား၍ အမွေဆိုင်မြေဟု ဖြစ်ပေါ်လာစရာအကြောင်းမရှိကြောင်း၊ အချင်းဖြစ်မြေကွက်မှာ တရားလိုတရားပြိုင်များနှစ်ဦး ပူးတွဲဂရန်အမည်ပေါက်ကြောင်း အငြင်းမပွားနိုင်ကြောင်း၊ ပူးတွဲဂရန်အမည်ပေါက် ၄၀ပေ×၆၀ပေပေါ်တွင်တရားလိုနှင့် တရားပြိုင်တို့သည် ၂၀ပေ×၆၀ပေ တစ်ဝက်စီတစ်သီးတစ်ခြားဖြင့် ယနေ့ချိန်ထိ လက်ရှိပိုင်ဆိုင်မှုအနေအထားအရ အိမ်များဆောက်လုပ်နေထိုင်ခြင်းကြောင့် မူလရုံးက မြေတစ်ဝက်စီပိုင်ဆိုင်ကြောင်း ဆင်ခြင်တုံတရားဖြင့် ဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းချွတ်ချော်မှုရှိသည်ဟု မဆိုနိုင်ကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

မူလမှုကို စိစစ်ကြည့်ရာတရားလို ဒေါ်ဂျူဘီက ၎င်း၏အဆိုလွှာတွင် အောက်ပါသက်သာခွင့်ကို တောင်းဆိုထားကြောင်း တွေ့ရသည်-

" တရားပြိုင် ဦးလှမြင့် အပေါ်၌ အချင်းဖြစ် ပစ္စည်း၏ တစ်ခြမ်းသည် တရားလိုပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးရန် အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွချမှတ် ပေးရန်။"

ဒေါ်ဂျူဘီက အထက်ပါသက်သာခွင့်နှင့်စပ်လျဉ်း၍ ၎င်း၏အဆိုလွှာ အပိုဒ် ၁၅ဖော်ပြထားသော အောက်ပါအချက်အပေါ် အဓိကအခြေ ပြု၍တောင်းဆိုခဲ့ခြင်းဖြစ်သည်-

" ၁။ တရားလိုသည် ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂ ရပ်ကွက်၊ သုမင်္ဂလာ ၂လမ်းရှိမြေကွက်အမှတ် ၁၀၆၈ (အလျား ၄၀ပေ× အနံ ၆၀ပေ)ခန့်ရှိစတုရန်းပေ ၂၄၀၀ရှိသော မြေကွက်ကို တရားပြိုင် ဦးလှမြင့်နှင့်ပူးတွဲ၍ တစ်ဝက်စီပိုင်ဆိုင်

လာခဲ့ပြီး ဂရန်မြေငှားစာချုပ်အမှတ်- မဥ/၂-၁၅၄/၉၃၊ အမှုတွဲ အမှတ် (မဥ/၂၀၁၅၃)ဖြင့် ၂၈-၉-၉၃ နေ့တွင်နှစ်ယောက်တွဲ အမည်ဖြင့် ဂရန်ထုတ်ပေးခဲ့ပါသည်"

ဒေါ်ဂျူဘီက အထက်ဖော်ပြပါမြေကွက်အပေါ် တရားပြိုင် ဦးလှမြင့်နှင့်မိမိတို့နှစ်ယောက်တွဲအမည်ဖြင့် ဂရန်ရရှိသည့် အကြောင်းအချက်အရဖြင့် မြေကွက်ကိုတစ်ခြမ်းစီပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုခြင်းဖြစ်သည်။

မူလမှုတွင်မြေငှားဂရန်စာချုပ်ကို သက်သေခံ (က) အဖြစ်တင်ပြထားသည်။ သက်သေခံ (က) မြေငှားဂရန်စာချုပ်ကို ကြည့်ပါက ယင်းမြေကွက်ကြီး၏ အမည်ပေါက်မှာ ဦးလှမြင့်နှင့်ဒေါ်ဂျူဘီတို့နှစ်ဦးအမည် ပေါက်ဖြစ်ကြောင်း သိသာထင်ရှားသည်။

ဂရန်ချထားခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ဥပဒေအရပြဋ္ဌာန်းထားရှိသည်။ အောက်မြန်မာပြည်ရှိမြေများသည် အောက်မြန်မာပြည်မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေနှင့်သက်ဆိုင်သည်။

အဆိုပါဥပဒေအရ အစိုးရကချထားပိုင်ခွင့်ရှိသည့်မြေများ တွင်နေထိုင်ရန်အတွက်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ၊ ဂရန်၊ အငှားဂရန် နှင့် လိုင်စင်များချထားပေးသည်။ မြို့မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးသောမြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အငှားသက်တမ်းအနှစ်၃၀ ခွင့်ပြုပြီး အနှစ်၃၀ကုန် ဆုံးတိုင်း နောက်ထပ်အနှစ်၃၀စီနှင့် စုစုပေါင်းအနှစ် ၉၀ အထိလဲလှယ်ခွင့်ရှိသည့် မြေငှားစာချုပ်ကို ဂရန်ဟုခေါ်ဆိုသည်။

ယင်းမူသဘောအဓိပ္ပါယ်ကို ဒေါ်ကျင်ယုံ (ခ) ဒေါ်နှင်းအောင် ပါ-၂ နှင့် ဒေါ်စိန်တင်ပါ-၂ အမှု[၁]တွင် ဖွင့်ဆိုထားသည်။

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၉၁ (၉၈)။

၂၀၀၅
ဦးလှမြင့်
နှင့်
ဒေါ်ဂျူဘီ

ဂရန်ကို ဥပဒေနှင့်အညီအာဏာအပ်နှင်းခြင်းခံရသည့် အခွန်တော် အရာရှိကထုတ်ပေးသည်။

အခွန်တော်အရာရှိက ပြည်သူ့အတွက် မြေငှားစာချုပ် (ဂရန်) များထုတ်ပေးရာတွင် အောက်ပါမူများဖြင့်ဆောင်ရွက်လျှက်ရှိသည်-

(က) ပေ၄၀×ပေ၆၀ တစ်ကွက်လျှင် ပေ၂၀×ပေ၆၀ စီနှစ်ဦးခွဲဝေပိုင်ဆိုင်ခြင်းဖြစ်ပါက နှစ်ဦးအမည်ဖြင့်သီးခြားစီ ဂရန်ထုတ်ပေးသည်။

(ခ) ပေ၄၀×ပေ၆၀ တစ်ကွက်အား အစုစပ်ပိုင်ဆိုင်သူများဖြစ်ပါက အစုစပ်ပိုင်ဆိုင်သူများအမည်ဖြင့် ဂရန်တစ်ခုသာထုတ်ပေးသည်။

(ဂ) ပေ၄၀×ပေ၆၀ မြေကွက်အားခွဲစိတ်ရောင်းချထားရာတွင် ပေ၂၀×ပေ၆၀စီ မပြည့်ပါက သီးခြားဂရန်ထုတ်မပေးဘဲ ပိုင်ဆိုင်သူအားလုံး၏ အမည်ဖြင့်ဂရန်ထုတ်ပေးသည်။

(ဃ) ပေ၄၀×ပေ၆၀ နှင့် ပေ၂၀×ပေ၆၀ အဆင့်တွင် ဂရန်တစ်ခုစီထုတ်ပေးသည်။

(င) ပေ၄၀×ပေ၆၀ မြေတစ်ကွက်တွင် မူလက ၂ဦး သို့မဟုတ် ၃ဦး အမည်ဖြင့်ချထားပါက အဆက်အစပ်ဖြင့် ပိုင်ဆိုင်လာ သူများကို ပူးတွဲအမည်ဖြင့် မြေငှားစာချုပ် ထုတ်ပေးသည်။

အထက်ဖော်ပြပါမူများ အပေါ်အခြေခံ၍ ကြည့်လျှင် ယခုအမှု၌ ဦးလှမြင့်နှင့်ဒေါ်ဂျူဘီတို့နှစ်ဦးအမည်ဖြင့် ပေ၄၀×ပေ၆၀ မြေကွက်အတွက် မြေငှားစာချုပ်ထုတ်ပေးခြင်းမှာ အဆက်အစပ်ဖြင့် ပိုင်ဆိုင်လာ သူများအဖြစ်ပူးတွဲအမည်ဖြင့် မြေငှားစာချုပ်ထုတ်ပေးခြင်း ဖြစ်သည်ဟု ယူဆရသည်။

မြေငှားစာချုပ်ထုတ်ပေးရာ၌ ပိုင်ဆိုင်မှုကို ဂရန်မြေပုံတွင် အတိုင်းအတာဖြင့်ဖော်ပြပေးသည်။ မူလမှုသက်သေခံ (က) မြေငှားဂရန်စာချုပ် ကို ကြည့်လျှင်လည်းမြေငှားဂရန်စာချုပ်၏ နောက်ဆုံးစာမျက်နှာတွင် ဂရန်မြေပုံကိုပူးတွဲထားသည်။ ဂရန်မြေပုံ အရဆိုလျှင်အမည်ပေါက်မှာ ဦးလှမြင့်၊ ဒေါ်ဂျူဘီဖြစ်၍ မြေအမျိုးအစားမှာနှစ်၆၀ဂရန်မြေဖြစ်ပြီး အကျယ်အဝန်းမှာ အလျား ၄၀ပေ×အနံ ၆၀ပေ၊ ဧရိယာ ၂၄၀၀ စတုရန်းပေဖြစ်သည်။ ယင်းမြေကွက်ကို မြေကွက်အမှတ် ၁၀၆၆ဟု အမှတ်တစ်ခုတည်း ပေးလျက်မြေကွက်တစ်ကွက်တည်းအဖြစ်သာ ဂရန်မြေပုံတွင် ဖော်ပြထားသည်။

သက်သေခံ(က) မြေငှားဂရန်စာချုပ်တွင် ဖော်ပြချက်များအရ ဆိုပါက အချင်းဖြစ်မြေကွက်အမှတ် ၁၀၆၆ဟုခေါ်တွင်သော ဂရန်မြေ ကွက်ကြီး တစ်ကွက်ပေါ်တွင် ဦးလှမြင့်၊ ဒေါ်ဂျူဘီ နှစ်ဦးက ပူးတွဲအမည် ပေါက် ပိုင်ဆိုင်ခြင်းဖြစ်သည်။ ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသည့် အာဏာပိုင်က ယင်းမြေကွက်ကြီးအတွက် နှစ်ဦးအမည်ဖြင့် ပူးတွဲအမည်ပေါက် ချမှတ်ထားပေးခြင်းဖြစ်ပေရာ ယင်းမြေကွက်ကြီး၏ တစ်ခြမ်းစီကို တစ်ဦးစီပိုင်ဆိုင်သည်ဟု တရားမတရားရုံးက ကောက်ယူသတ်မှတ်ရန် မဖြစ်နိုင်ပေ။

နှစ်ဦးပူးတွဲအမည်ပေါက်သော ဂရန်မြေကွက်ကို တစ်ခြမ်းစီ ပိုင်ဆိုင်သည်ဟု တရားရုံးက ဖရားစီရင်ရေး အာဏာအရကောက်ယူ မည်ဆိုပါက တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေး အာဏာရပ် ဖြစ်သော စီမံခန့်ခွဲရေးအာဏာတို့ကို ရောထွေးပေါင်းစပ်ဆုံးဖြတ်ရာ ရောက်ပေမည်။

အငှားဂရန် ထုတ်ပေးသည့်ကိစ္စသည် အခွန်တော်အရာရှိ များက ဆုံးဖြတ်ရမည့် ကိစ္စဖြစ်၍ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေပုဒ်မ ၄၁(က)ပါ ပြဋ္ဌာန်းချက်အရ

၂၀၀၅
ဦးလှမြင့်
နှင့်
ဒေါ်ဂျူဘီ

တရားမရုံးများက ဝင်ရောက်စွက်ဖက်ခွင့်မရှိပေ။

အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၁(က)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

"41.No Civil Court shall have jurisdiction to determine-

(a) any matter which, under this Act, is to be determined by the Revenue-Officer;

(b) any claim to any right over Land as against the Government."

အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်ကို အကိုးအကားပြု၍ **စမိနာဘီဘီ(ခ)မသေးသေး နှင့် ဦးထွန်းရင်ပါ-၂ အမှု**(၂)တွင်လည်း စီရင်ထုံးပြုညွှန်ပြထားပြီးဖြစ်သည်။

ဦးလှမြင့်နှင့် ဒေါ်ဂျူဘီတို့သည် အချင်းဖြစ်မြေကွက်အတွက် ဂရန် ရရှိထားသူများဖြစ်သောကြောင့် အချင်းဖြစ်မြေပေါ်တွင် ဥပဒေနှင့်အညီ နှစ်ဦးအမည်ဖြင့် ‌နေထိုင်ပိုင်ခွင့်ရရှိထားသူများ ဖြစ်သည်။ ဒေါ်ဂျူဘီသည် နှစ်ဦးအမည်ပေါက်ဂရန်မြေမှ မြေတစ်ခြမ်းကို မိမိတစ်ဦးတည်းအမည်ပေါက်စေရန်အတွက် ဂရန်မြေခွဲစိတ်လိုပါက သက်ဆိုင်ရာ အာဏာပိုင်ဌာနများသို့ ဂရန်မြေခွဲစိတ်ခွင့်ပြုရန် လျှောက်ထားရမည် ဖြစ်သည်။ နောက်ဆုံးအဆင့်အနေဖြင့် ခွဲစိတ်ပြီးဂရန်မြေကို သီးခြား ဂရန်မြေ(မြေငှားစာချုပ်)ထုတ်ပေးရန် ဆက်လက်လျှောက်ထားခြင်းဖြင့် မြေတစ်ခြမ်းပိုင်ဆိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်နိုင်ပေသည်။

မူလမှုတွင် ဒေါ်ဂျူဘီက အချင်းဖြစ်မြေကွက်၏တစ်ခြမ်းကို မိမိ ပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီချမှတ်ပေးရန် သက်သာခွင့် တောင်းဆိုထားသည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုခြင်းဖြစ်သည်။

---

**(၂) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၅၃ ။**

၂၀၀၅
ဦးလှမြင့်
နှင့်
ဒေါ်ဂျူဘီ

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုသော အမှုတွင် ထိုပုဒ်မအရ တရားလိုက တောင်းဆိုသည့် မြွက်ဟဒီကရီကို တရားရုံးက ခွင့်ပြုရာတွင် အလွယ်တကူ ခွင့်ပြုရန် မဟုတ်ချေ။ တရားရုံး မှ ဆင်ခြင်တုံတရားအတိုင်းသာ အသုံးပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာအာဏာပိုင်/ဌာနကိုဂရန်ခွဲစိတ်ပေးရန် လျှောက်ထားနိုင်သည့်အခွင့်အရေး ရှိနေသော အခြေအနေတွင် တရားရုံးက တရားလိုအား ၎င်း တောင်းဆိုသည့်အတိုင်း အချင်းဖြစ် မြေကွက်၏ တစ်ခြမ်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် သင့်မြတ်မည်မဟုတ်ချေ။

ယင်းမူသဘောတရားကို **မောင်နီ နှင့် လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ဝန်ကြီးဌာနအမှု**[၃]၊ **မောင်စိန်မောင်နှင့် ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီး ဌာနအမှု**[၄] တို့တွင် စီရင်ထုံးပြုလမ်းညွှန်ထားသည်။

ထို့ကြောင့်မူလတိုင်းတရားရုံးက 'မြောက်ဥက္ကလာပမြို့နယ်၊ ၂ရပ်ကွက်၊ သုမဟာ ၂လမ်းရှိ မြေကွက်အမှတ် ၁၀၆၆၊ ဧရိယာ၄၀ပေ× ၆၀ပေရှိ မြေကွက်တစ်ခြမ်းသည် တရားလိုဒေါ်ဂျူဘီပိုင်ဖြစ်ကြောင်း' မြွက်ဟဒီကရီချမှတ်ပေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိဘဲ မှားယွင်းသည်ဟုဆိုရပေမည်။

အထက်ပါအကြောင်းများကြောင့်ဤအယူခံမှုကို ခွင့်ပြု၍ မူလ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ကာ မူလမှုတရားလို ဒေါ်ဂျူဘီစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၂၀၀/- သတ်မှတ်သည်။

---

(၃) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅၆၊

(၄) ၁၉၇၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၈။

+ ၂၀၀၅
ဒီဇင်ဘာလ
၂၂ ရက်

## တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီးဦးမြင့်သိန်း ရှေ့တွင်

ဒေါ်ရင်ရင်ဝေ
(၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ကျင်အေး၏
တရားဝင်ကိုယ်စားလှယ်၊ ၎င်းတို့၏
အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်ကြူ)
နှင့်
ဦးထွန်းမြင့်
(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးထွန်းထွန်း)*

မှတ်ပုံတင်အပိုင်ပေးစာချုပ်အား ပယ်ဖျက်ပေးရန် စွဲဆိုမှု၊ တိုင်းတရားရုံး၏ အမှုအား ပလပ်သည့်အမိန့်အပေါ် အယူခံဝင်ရာတွင် အယူခံမဝင်ခင်တရားလိုနှစ်ဦးအနက် တစ်ဦးသေသည်ကို အကြောင်းပြု၍ တစ်ဦးတည်းက ဆက်လက်ဆောင်ရွက်ခွင့်ပြုရန်တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ အရလျှောက်ထားခြင်း ကိုခွင့်ပြုနိုင်ခြင်းရှိမရှိ

ဆုံးဖြတ်ချက်။ ။ ဥပဒေသဘောအရ ကွယ်လွန်သူ၏ အမွေစား အမွေခံသို့မဟုတ် တစ်ဦးတစ်ယောက်၏အကျိုးကို ဆက်ခံသူ သည် ကွယ်လွန်သူစွဲဆိုထားသောအမှု (ကွယ်လွန်ခြင်းကြောင့် အမှုရပ်စဲခြင်း မရှိလျှင်) သို့မဟုတ် လွှဲပြောင်းသူစွဲဆိုထားသော အမှုကို ဆက်လက် စွဲဆိုပိုင်ခွင့်ရှိမည်ဖြစ်သည်။ ထိုသူလျှောက် ထားသောအမှုကိုလည်း

---

* ၂၀၀၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၂

\+ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၅၂တွင် ချမှတ်သော ရန်ကုန်တိုင်းတရားရုံး၏ ၂၃-၁၁-၂၀၀၄ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဆက်လက်ဆောင်ရွက်ခွင့်ရှိမည် ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆တွင် ရည်ညွှန်းသောမှုခင်းတွင် အယူခံမှုလည်း ပါဝင်သည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၆သည် အမိန့် ၂၂ ပါပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်း မပြုသဖြင့် ရပ်စဲသွားသောအမှုကိုမူ ယင်းဥပဒေ ပုဒ်မအရ အသက်ပြန်မသွင်း နိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှုတရားလို ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့သည် မိခင်နှင့်သမီးဖြစ်သည်။ ဒေါ်ကျင်အေး တွင် သမီးဒေါ်ရင်ရင်ဝေအပြင် အခြားအမွေဆက်ခံသူလည်း ရှိသည့် တိုင်အောင် ဒေါ်ကျင်အေး ကွယ်လွန်သည့်အခါ ဒေါ်ရင်ရင်ဝေ သည် မိခင်ဒေါ်ကျင်အေး၏အကျိုးသက်ဆိုင်ခွင့် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆက်ခံ မည်ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ပါ ပြဋ္ဌာန်းချက်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ၁၆ ထက်ပိုမို ကျယ်ဝန်း၍ တစ်ဦးတစ်ယောက်က မှုခင်းတစ်ရပ်စွဲဆိုနိုင်လျှင် ထိုသူ၏ အကျိုး သက်ဆိုင်ခွင့်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆက်ခံရရှိသူအား ယင်းမှုခင်းကိုစွဲဆိုနိုင်စေသည်။ သို့မဟုတ် ယင်းမှုခင်းနှင့် စပ်လျဉ်းသည့် အယူခံမှုကို တင်သွင်းနိုင်စေသည်။

သို့ဖြစ်၍ ဒေါ်ရင်ရင်ဝေသည် ကွယ်လွန်သူ ဒေါ်ကျင်အေး၏ အကျိုးသက်ဆိုင်ခွင့်တစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆက်ခံသူအနေဖြင့် မူလတိုင်းတရားရုံးက ချမှတ်သည့် ဒီကရီကို အယူခံဝင်ရောက်ခွင့်ရှိကြောင်းထင်ရှားသည်။

အယူခံတရားလိုအတွက် - ဦးကိုကို
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ဦးကျော်မြင့်
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၁၂၅၂ တွင် တရားလိုဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့က တရားပြိုင် ဦးထွန်းမြင့်အပေါ် မှတ်ပုံတင်အပိုင်ပေး စာချုပ်အမှတ် ၁၁၆၈/၀၁ အား ဖျက်သိမ်းပေးစေလိုမှုစွဲဆိုရာ မူလတိုင်းတရားရုံးက တရားလို များ၏ စွဲဆိုလွှာတွင် တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ဟူ၍ ပဏာမ ငြင်းချက်တစ်ရပ်အပေါ် ဖြေဆိုလျက်တရားမကျင့်ထုံးဥပဒေ အမိန့် ၇နည်းဥပဒေ ၁၁(က) အရအဆိုလွှာကို ပယ်သည့်အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏အမိန့်ကို ကျေနပ်မှုမရှိသဖြင့် ဒေါ်ရင်ရင်ဝေက ၎င်း ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ကျင်အေး၏တရားဝင် ကိုယ်စားလှယ် အဖြစ် တရားရုံးချုပ်တွင် ဤတရားမပထမအယူခံမှုကို တင်သွင်းလာ သည်။

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အုပ်စုအမှတ် (၄၃)၊ ကွင်း အမှတ်(၁၆) ဦးပိုင်အမှတ် ၆၊ ဧရိယာ ဝ. ၂၅၇ ဧကရှိမြေကွက်သည် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၃၄၁/၆၉ အရမူလမှ တရားလို ဒေါ်ကျင်အေးနှင့် သမီးဖြစ်သူ အပျိုကြီး ဒေါ်ရင်ရင်ဝေတို့နှစ်ဦး ပူးတွဲ ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်သည်။ မူလမှုတရားပြိုင်ဦးထွန်းမြင့်သည် ဒေါ်သန်းသန်းအေး၏ခင်ပွန်းဖြစ်ပြီး ဒေါ်သန်းသန်းအေးသည် ဒေါ်ကျင်အေး၏ မြေးဖြစ်သည်။ ဦးထွန်းမြင့်၏ဇနီး ဒေါ်သန်းသန်းအေး သည် ၇-၇-၂၀၀၁နေ့တွင် ကွယ်လွန်ခဲ့သည်။

မူလမှုတရားလို ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့သည် ၁၉-၃-၉၃ နေ့တွင် ၎င်းတို့ပိုင်မြေကွက်ကြီးမှ ၁၃/၁၇ပေ×၁၁/၂၄ပေ ရှိမြေအစိတ်အပိုင်းကို ဦးအေးမြင့်၊ ဒေါ်တင်တင်ဝင်းသို့ လွှဲပြောင်းရောင်း ချခဲ့သည်။ ဤသို့လွှဲပြောင်းရောင်းချပြီးနောက် ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့က ဦးထွန်းမြင့်အား တစ်နေ့တည်းမှာပင် အထွေထွေ ကိုယ်စားလှယ်လွှဲစာသီးခြားစီပေးလျက် ၎င်းတို့ပိုင်မြေကွက်ကို တရား ဝင်ခွဲစိတ်ပြီး သီးခြားဂရန်ထွက်လာရန် တာဝန်ပေးအပ်သည်ဟု

ဆိုသည်။ ဒေါ်ကျင်အေးက ဦးထွန်းမြင့်သို့လွှဲအပ်သည့် ၂၁-၆-၂၀၀၁နေ့စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာကို မှတ်ပုံတင်အမှတ် ၅၆/၂၀၀၁ ဖြင့် လည်းကောင်း၊ ဒေါ်ရင်ရင်ဝေက ဦးထွန်းမြင့်သို့ လွှဲအပ်သည့် ၂၁-၆-၂၀၀၁ နေ့စွဲပါ အထွေထွေကိုယ်စားလှယ် လွှဲစာကို မှတ်ပုံတင်အမှတ် ၅၇/၂၀၀၁ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ထားပြီးဖြစ်သည်။ သို့ရာတွင် ဦးထွန်းမြင့်သည် ၎င်းအား မှတ်ပုံတင်အထွေထွေကိုယ်စားလှယ် လွှဲစာများအရ လွှဲအပ်ထား၍ ပေးအပ်ထားသည့်တာဝန်အတိုင်း မဆောင်ရွက်ဘဲအချင်းဖြစ် မြေကို ဇနီးဒေါ်သန်းသန်းအေးသို့မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင် စာချုပ်အမှတ် ၃၁၆၈/၀၁ ချုပ်ဆို ပေးကမ်းခဲ့သည်ဟုဆိုသည်။ ဤသို့မှတ်ပုံတင် စာချုပ်ပြုလုပ်ပေးကမ်းခြင်း ကို ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့ သိရှိလာသည့်အခါ ၎င်းတို့က ဦးထွန်းမြင့်အပေါ် အပိုင်ပေးစာချုပ်အမှတ် ၃၁၆၈/၂၀၀၁အား ဖျက်သိမ်းပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

ဦးထွန်းမြင့်က ဒေါ်ကျင်အေးနှင့်ဒေါ်ရင်ရင်ဝေတို့သည် အချင်း ဖြစ်မြေကို ဒေါ်သန်းသန်းအေးသို့ မေတ္တာဖြင့်ပေးကမ်းရန် သဘောတူ ပြီးဖြစ်၍ တရားဝင်ပေးကမ်းခြင်းဖြစ်အောင် ဆောင်ရွက်နိုင်ရန် ဦးထွန်းမြင့်အား မှတ်ပုံတင်ထားသော အထွေထွေကိုယ်စားလှယ်စာဖြင့် လွှဲအပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့၏ သဘောတူညီချက်အရ ၎င်းတို့၏အထွေထွေကိုယ်စားလှယ်များဖြင့် အချင်းဖြစ်မြေကို ဒေါ်သန်းသန်းအေးအား မှတ်ပုံတင်ပေးကမ်းခြင်း စာချုပ်အမှတ် ၃၁၆၈/၀၁ ပြုလုပ်ပေးကမ်းပြီးဖြစ်၍ ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့၏ စွဲဆိုလွှာတွင် တရားစွဲရန် အကြောင်းပေါ်ပေါက် ခြင်းမရှိပါကြောင်း အဓိကချေပသည်။

အဆိုအချေများအရ မူလတိုင်းတရားရုံးက အောက်ပါအတိုင်း ပဏာမငြင်းချက်တစ်ရပ်ထုတ်ခဲ့သည်-

"တရားလိုများသည် ဤအမှုကိုတရားစွဲဆိုရန်အကြောင်းမပေါ် ပေါက်ဆိုသည်မှာ မှန်သလား"

မူလတိုင်းတရားရုံးက ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့သည် ဦးထွန်းမြင့်အား အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ထားသည်မှာ အငြင်းမပွားကြောင်း၊ ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့၏ အထွေထွေ ကိုယ်စားလှယ်စာရသူအနေဖြင့် ဦးထွန်းမြင့်က ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့ပိုင်အချင်းဖြစ် မြေကွက်ကို ဒေါ်သန်းသန်းအေးသို့ မေတ္တာဖြင့်အပိုင်ပေးမှတ်ပုံတင် စာချုပ်အမှတ် ၃၁၆၈/၀၁ ပြုလုပ်ပေး ကမ်းခြင်းသည် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၂၆ အရကိုယ်စားလှယ် လွှဲအပ်သူကိုယ်တိုင် ပေးကမ်းခြင်း ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်ကြောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာဆိုသည်မှာ အထူးကိုယ်စားလှယ် လွှဲစာကဲ့သို့လုပ်ပိုင်ခွင့် ဘောင်ကန့်သတ်ချက်ထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ဦးထွန်းမြင့်က ဒေါ်ကျင်အေးနှင့်ဒေါ်ရင်ရင်ဝေတို့၏ အထွေထွေ ကိုယ်စားလှယ်စာရသူအနေဖြင့် အချင်းဖြစ်မြေကို ဒေါ်သန်းသန်းအေးသို့ မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးကမ်းခြင်းသည် ကိုယ်စားလှယ်လွှဲအပ်စာအရ ပေးအပ်ထားသည့် တာဝန်ထက် ကျော်လွန်ဆောင်ရွက်ရာ မရောက်ကြောင်း၊ ထို့ကြောင့် ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့က မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ် ၃၁၆၈/၀၁ ကို ပယ်ဖျက်ပေးရန် စွဲဆိုလွှာတွင် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက် မှုရှိမည်မဟုတ်ကြောင်း သုံးသပ်လျက်တရားမကျင့်ထုံးဥပဒေအမိန့်-၇ နည်းဥပဒေ ၁၁(က)အရ အဆိုလွှာကို ပယ်သည့် အမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလို ဒေါ်ရင်ရင်ဝေက ဒေါ်ကျင်အေးကွယ်လွန် သွားပြီဖြစ်၍ ၎င်း၏အယူခံလွှာနှင့်အတူ ၎င်းတစ်ဦးတည်းအနေဖြင့် အယူခံတွင် ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တရားမကျင့်ထုံးဥပဒေ

ပုဒ်မ ၁၄၆အရ လျှောက်ထားသည်။ ၎င်း၏လျှောက်လွှာတွင် မူလမှု တရားလို (၁) ဒေါ်ကျင်အေးသည် အယူခံလွှာမတင်သွင်းမီ ၂၅-၁၁-၀၄နေ့တွင် ကွယ်လွန်ခဲ့သည်ဟု ဖော်ပြထားသည်။

အယူခံတရားပြိုင် ဦးထွန်းမြင့်၏ ရှေ့နေက မူလမှုတရားလို (၁) ဒေါ်ကျင်အေးသည် တိုင်းတရားရုံးမှ အမိန့်ချမှတ်သည့် ၂၃-၁၁-၂၀၀၄ နေ့မတိုင်မီ ၂၂-၁၀-၂၀၀၄ နေ့တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်၍ အမှုအတွင်း ကွယ်လွန်ရာရောက်ပါကြောင်း၊ ကွယ်လွန်သူဒေါ်ကျင်အေး အတွက် စည်းကမ်းသတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ်လျှောက် ထားခြင်းမရှိသဖြင့် ဒေါ်ကျင်အေးနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲသွားပြီ ဖြစ်၍ ဒေါ်ရင်ရင်ဝေ၏လျှောက်ထားမှုကို ခွင့်မပြုသင့်ပါကြောင်း တင်ပြသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ တွင် ဤဥပဒေတွင်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ဖြစ်စေ၊ အခြားနည်းပြဋ္ဌာန်းထားသည်မှ တစ်ပါးတစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်ဦးတစ်ယောက်အပေါ် ဖြစ်စေ မှုခင်းတစ်ရပ်စွဲဆိုနိုင်လျှင် သို့မဟုတ် လျှောက်ထားချက် တစ်ရပ်တင်သွင်း နိုင်လျှင် ထိုသူကို ဆက်ခံအရေးဆိုသူကလည်း သို့မဟုတ် ထိုဆက်ခံအရေးဆိုသူအပေါ်လည်း ယင်းမှုခင်းကို စွဲဆိုနိုင်ကြောင်း သို့မဟုတ် ယင်းလျှောက်ထားချက်ကို တင်သွင်း နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အထက်ပါပြဋ္ဌာန်းချက်၏ ဥပဒေသဘောအရ ကွယ်လွန်သူ၏ အမွေစား အမွေခံ သို့မဟုတ် တစ်ဦးတစ်ယောက်၏အကျိုးကို ဆက်ခံသူသည် ကွယ်လွန်သူစွဲဆိုထားသောအမှု (ကွယ်လွန်ခြင်း ကြောင့် အမှုရပ်စဲခြင်းမရှိလျှင်) သို့မဟုတ် လွှဲပြောင်းသူစွဲဆိုထားသော အမှုကို ဆက်လက်စွဲဆိုပိုင်ခွင့်ရှိမည်ဖြစ်သည်။ ထိုသူ လျှောက်ထားသောအမှုကိုလည်း ဆက်လက်ဆောင်ရွက်ခွင့် ရှိမည်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆တွင် ရည်ညွှန်းသော

မှုခင်းတွင် အယူခံမှုလည်း ပါဝင်သည်။ သို့ရာတွင် ပုဒ်မ ၁၄၆သည် အမိန့် ၂၂ ပါပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်းမပြုသဖြင့် ရပ်စဲသွားသော အမှုကိုမူ ယင်းဥပဒေပုဒ်မအရ အသက်ပြန်မသွင်းနိုင် ချေ။

အယူခံတရားလိုရှေ့နေက ဒေါ်ကျင်အေးသည် မူလမှုအတော အတွင်း ကွယ်လွန်ခြင်းဖြစ်၍ ဒေါ်ကျင်အေးနှင့် စပ်လျဉ်းသမျှအမှု ရပ်စဲ သွားပြီဖြစ်ကြောင်း တင်ပြခြင်းဖြစ်ရာ ဒေါ်ကျင်အေးသည် အမှုအတော အတွင်း ကွယ်လွန်ခြင်းဖြစ်ကြောင်းကို ခိုင်လုံအောင်တင်ပြရန် တာဝန် သည်အယူခံတရားလိုအပေါ် ကျရောက်မည်ဖြစ်သည်။ သို့ရာတွင် အယူခံ တရားလိုက မူလမှုအတောအတွင်း ဒေါ်ကျင်အေး သေဆုံးကြောင်း ခိုင်လုံ သည့်အထောက်အထားများ တင်ပြနိုင်ခြင်း မရှိသဖြင့် ဒေါ်ကျင်အေးသည် မူလအမှုအတောအတွင်း ကွယ်လွန်ခြင်းဖြစ်သည်ဆိုသော အယူခံတရားလို၏ရှေ့နေတင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။ ဒေါ်ကျင်အေးသည် မူလမှုအတွင်း ကွယ်လွန်ကြောင်းပေါ်လွင်ထင်ရှားခြင်းမရှိသဖြင့် ဒေါ်ကျင်အေးနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲရန်အကြောင်းမရှိတော့ချေ။

မူလမှုတရားလို ဒေါ်ကျင်အေးနှင့် ဒေါ်ရင်ရင်ဝေတို့သည် မိခင် နှင့်သမီးဖြစ်သည်။ ဒေါ်ကျင်အေးတွင် ဒေါ်ရင်ရင်ဝေအပြင် အခြား အမွေဆက်ခံသူလည်း ရှိသည့်တိုင်အောင် ဒေါ်ကျင်အေးကွယ်လွန် သည့်အခါ သမီးဒေါ်ရင်ရင်ဝေသည် မိခင်ဒေါ်ကျင်အေး၏အကျိုး သက်ဆိုင်ခွင့်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆက်ခံမည်ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆ပါပြဋ္ဌာန်းချက်သည် တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၂နည်းဥပဒေ ၁၀ထက်ပိုမိုကျယ်ဝန်း၍တစ်ဦး တစ်ယောက်က မှုခင်းတစ်ရပ်စွဲဆိုနိုင်လျှင် ထိုသူ၏အကျိုး သက်ဆိုင်ခွင့်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆက်ခံရရှိသူအား ယင်းမှုခင်းကိုစွဲဆိုနိုင်စေသည်။ သို့မဟုတ်

ယင်းမှုခင်းနှင့်စပ်လျဉ်းသည့် အယူခံမှုကိုတင်သွင်းနိုင်စေသည်။

သို့ဖြစ်၍ ဒေါ်ရင်ရင်ဝေသည် ကွယ်လွန်သူ ဒေါ်ကျင်အေး၏ အကျိုးသက်ဆိုင်ခွင့်တစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆက်ခံသူအနေဖြင့် မူလတိုင်းတရားရုံးကချမှတ်သည့် ဒီကရီကို အယူခံဝင် ရောက်ခွင့်ရှိကြောင်း ထင်ရှားသည်။

အယူခံတရားလိုရှေ့နေက မူလမှုတရားလိုတို့က ဦးထွန်းမြင့်အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့သော်လည်း ဦးထွန်းမြင့်သည် ၎င်းအားလွှဲအပ်ထားသည့် ကိစ္စထက်ကျော်လွန်ကာ အချင်းဖြစ်မြေကို မှတ်ပုံတင်စာချုပ်အမှတ် ၃၁၆၈/၀၁ဖြင့် ဒေါ်သန်းသန်းအေးသို့အပိုင် ပေးခဲ့ကြောင်း၊ ဤသို့အပိုင်ပေးခြင်းကို မူလမှုတရားလိုတို့၏ သဘောဆန္ဒမပါဘဲပြုလုပ်ခြင်းဖြစ်၍ မူလမှုတရားလိုတို့က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၉ အရ တရားစွဲဆိုရာတွင် ဥပဒေအရမှားယွင်းမှု မရှိပါကြောင်းတင်ပြသည်။

အယူခံတရားပြိုင်ရှေ့နေက မူလမှုတရားလိုတို့က မူလမှုတရားပြိုင် ဦးထွန်းမြင့်အား အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခဲ့ကြောင်း၊ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအရ ဦးထွန်းမြင့်ကမူလမှုတရားလိုတို့ပိုင်မြေကို ဒေါ်သန်းသန်းအေးသို့ မှတ်ပုံတင်စာချုပ်ဖြင့်အပိုင်ပေးကမ်း ခြင်းသည် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၂၆အရ ကိုယ်စားလှယ်လွှဲအပ်သူကိုယ်တိုင်ဆောင်ရွက်ဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလမှုတရားလိုတို့၏ စွဲဆိုလွှာတွင် တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ဟု မူလတိုင်းတရားရုံးက ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်အညီဖြစ်ပါကြောင်း တင်ပြသည်။

မူလမှုအဆိုလွှာတွင် ဒေါ်ကျင်အေးကမှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၆/၂၀၀၁ အရလည်းကောင်း၊ ဒေါ်ရင်ရင်ဝေက မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၇/၂၀၀၁ အရလည်းကောင်း၊ ဦးထွန်းမြင့်သို့လွှဲအပ်ခဲ့ကြောင်း ဖော်ပြထားသည်။

ဤအချက်ကို ဦးထွန်းမြင့်၏ ချေလွှာ၌ဝန်ခံထားသည်။

မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၆/၂၀၀၁ နှင့် ၅၇/၂၀၀၁တို့ကို စိစစ်ကြည့်ရာ ဦးထွန်းမြင့်အားဆောင်ရွက်ပိုင်ခွင့် လွှဲအပ်သည့် ကိစ္စရပ်များတွင် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း၊ ဆောင်ရွက် ပိုင်ခွင့်ပါဝင်သည်ကိုမတွေ့ရချေ။ ဤအခြေအနေတွင် မူလမှု တရားလို တို့ပိုင်သည်ဟုဆိုသောမြေကို ဦးထွန်းမြင့်ကငင်းအား လွှဲအပ်သည့် ကိုယ်စားလှယ်စာအရ ဒေါ်သန်းသန်းအေးသို့ မှတ်ပုံတင်စာချုပ် အမှတ် ၃၁၆၈/၀၁ ဖြင့်ပေးကမ်းခြင်းသည် မိမိအားလွှဲအပ်ထားသည့် ကိစ္စထက်ကျော်လွန်ဆောင်ရွက်ရာ ရောက်သည်မှာ မြင်သာသောအချက် ဖြစ်သည်။ လွှဲအပ်ထားခြင်း မရှိသည့်ကိစ္စကို ကိုယ်စားလှယ်က ဆောင်ရွက်ခြင်းဖြင့် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၂၆အရ ကိုယ်စားလှယ်စာ ပေးသူအပေါ်တွင် တာဝန်ကျရောက်မည်မဟုတ်ပေ။

သို့ဖြစ်ရာ မူလတိုင်းတရားရုံးက မြေပေးကမ်းခြင်းမှတ်ပုံတင်စာ ချုပ်ပြုလုပ်ချုပ်ဆိုပေးသည့် ကိုယ်စားလှယ်စာရသူ ဦးထွန်းမြင့်၏ ဆောင်ရွက်မှုသည် ကိုယ်စားလှယ်စာပေးသူကိုယ်တိုင်ပြုဘိသကဲ့သို့ မှတ်ယူရန် ဖြစ်သည်ဟုကောက်ယူခြင်းသည် မှန်ကန်ခြင်းမရှိချေ။

တရားရုံးသို့အဆိုလွှာတင်သွင်းလာသည့်အခါ အဆိုလွှာတွင် ဒီကရီချမှတ်နိုင်ရန် သက်သေထူရမည့်စွပ်စွဲချက်များပါ၊ မပါတရားရုံးက စိစစ်ရန်တာဝန်ရှိသည်။ စွပ်စွဲချက်များထင်ရှားသည့်တိုင်အောင် တရား လိုတွင်မည်သည့်သက်သာခွင့်မျှမရနိုင်ကြောင်း တွေ့ရှိရမှသာ အဆိုလွှာကို ပလပ်ရန်ဖြစ်သည်။ တရားမကျင့်ထုံးအမိန့် ၇ နည်းဥပဒေ ၁၁(က) အရ အဆိုလွှာကိုပယ်နိုင်ရန်အတွက် အဆိုလွှာကို စိစစ်ရမည်။ အခြား အကြောင်းအချက်တို့ကို ကြည့်ရှုရမည်မဟုတ်ပေ။ **ဦးထွန်းဝင်း နှင့် ဦးမောင်မောင်ကျော် အမှု**[၁] ကိုရည်ညွှန်းသည်။

(၁) ၂၀၀၀-ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၁၃၉

မူလမှုအဆိုလွှာကို စိစစ်ကြည့်ရှုရာတရားလိုတို့က တရားပြိုင် ဦးထွန်းမြင့်အား မြေခွဲစိတ်ရန်သီးခြားဂရန်ထွက်ရှိရန် မှတ်ပုံတင်အထွေထွေ ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခဲ့ကြောင်း၊ သို့ရာတွင် ဦးထွန်းမြင့် သည်တရားလိုများကို အသိပေးခြင်းမရှိဘဲတရားလိုများ ပူးတွဲပိုင် မြေကို ဒေါ်သန်းသန်းအေးသို့ မှတ်ပုံတင်စာချုပ်အမှတ် ၃၁၆၈/၂၀၀၁ ဖြင့်လွှဲပြောင်းပေးခဲ့ကြောင်း၊ ယင်းမှတ်ပုံတင်စာချုပ်သည် တရားလို တို့၏ ပိုင်ရေးပိုင်ခွင့်ကို ထိပါးနှောင့်ယှက်လာ၍ ယင်းစာချုပ်ကို မဖျက်သိမ်းဘဲ ထားလျှင်တရားလိုတို့အား အကြီးအကျယ် ထိခိုက်နစ်နာစေမည်ဖြစ် ကြောင်း၊ သို့ဖြစ်၍ ယင်းမှတ်ပုံတင်စာချုပ်ကို ဖျက်သိမ်းပေးရန် တရား စွဲဆိုရကြောင်း ဖော်ပြပါရှိသည်။

အထက်ပါအတိုင်းအဆိုလွှာပါဖော်ပြပါရှိသည့်အချက်များသည် တရားလိုအနေဖြင့် မိမိအခွင့်အရေးကို အထောက်အခံအဖြစ် သက်သေ ထင်ရှားပြသရန်လိုအပ်သည့် အကြောင်းအရာများပင် ဖြစ်ကြောင်း ပေါ် ပေါက်နေ၍ မူလမှုတရားလိုတို့၏ အဆိုလွှာတွင် တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ဟုမဆိုနိုင်ချေ။ သို့ဖြစ်၍ မူလတိုင်းတရားရုံးက တရားလိုတို့၏အဆိုလွှာတွင်တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဟူ၍ ပဏာမငြင်းချက်ကိုဖြေဆိုလျက် တရားမကျင့်ထုံး ဥပဒေအမိန့် ၇ နည်း ဥပဒေ ၁၁(က)အရ အဆိုလွှာကိုပယ်ကြောင်း ချမှတ်သည့်အမိန့်သည် မှန်ကန်မည် မဟုတ်ပေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍တိုင်းတရားရုံး၏ ၂၃-၁၁-၂၀၀၄ နေ့စွဲပါ "စီရင်ချက်နှင့် ဒီကရီ"ကို ပယ်ဖျက်လိုက်သည်။ မူလမှုတရားလိုတို့၏ အဆိုလွှာတွင် တရားစွဲဆို ရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ကြောင်း ပဏာမငြင်းချက်ကို ဖြေဆိုလိုက်သည်။

၂၀၀၅
ဒေါ်ရင်ရင်မေ
နှင့်
ဦးထွန်းမြင့်

တိုင်းတရားရုံးသည်အမှုကို မူလအမှုနံပါတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ ကျန်ငြင်းချက်များအား ဥပဒေနှင့်အညီ ဖြေဆိုဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် ကုန်ကျစရိတ်ကို နောက်ဆုံးတွင် အမှုရှုံးသူက အမှုနိုင်သူအားပေးစေရမည်။

ဤအယူခံတွင် အယူခံတရားလို ထမ်းဆောင်သည့် ရုံးခွန်ကိုပြန်အမ်းရန်အတွက် ရုံးခွန်တော်အက်ဥပဒေပုဒ်မ ၁၃ အရသက်သေခံလက် မှတ်ထုတ်ပေးစေ။

## တရားမပထမအယူခံမှု

\+ ၂၀၀၅
စက်တင်ဘာလ
၉ ရက်

### တရားရုံးချုပ်တရားသူကြီးဦးမြင့်သိန်း ရှေ့တွင်

ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဖြူဖြူဝင်း)

ခွင့်ပြုချက်ဖြင့်ထားသော အချင်းဖြစ်မြေကွက်မှ ဖယ်ရှား ထွက်ခွာပေးစေလိုမှု။

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃(ခ) ၏ ခြွင်းချက်အရ လယ်ယာမြေဟူသော စကားရပ်၌ မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် မြေမပါ ဝင်ခြင်း။

လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်။

ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုကြောင်း စွဲဆိုမှုကို ၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၆ က တားမြစ်ပိတ်ပင်ထားမှုမရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃ (ခ)၏ ခြွင်းချက်တွင် လယ်ယာမြေဟူသော စကားရပ်၌

---

* ၂၀၀၅ ခုနှစ်၊ ပထမအယူခံမှုအမှတ် ၃၂၇

\+ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၁တွင် ချမှတ်သော မွန်ပြည်နယ်တရားရုံး၏ ၄-၄-၂၀၀၅ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် မြေမပါဝင်ကြောင်း ဖော်ပြထားသည်။

ဤအမှုတွင် အချင်းဖြစ်မြေသည် မြေစာရင်းဌာနနှင့် ဥယျာဉ်ခြံမြေဟု အမည်ပေါက်ဆဲဖြစ်သော်လည်း အစိုးရက ကြေညာ၍ ပြန်လည်သိမ်းယူကြောင်း သို့မဟုတ် သီးစားချထားရေးဥပဒေပုဒ်မ ၃ အရ သီးစားချထားပြီးဖြစ်ကြောင်း သို့တည်းမဟုတ် ယင်းသို့ တစ်နည်းနည်းပြုလုပ်ရန် လက်ငင်းအစီအစဉ် ရှိကြောင်း သက်သေခံ ချက်များ အခိုင်အမာအခြေအမြစ် ရှိရှိ ပေါ်ပေါက်ခြင်း မရှိချေ။

အချင်းဖြစ်မြေကွက်တည်ရှိရာ မော်လမြိုင်မြို့၊ ဈေးကြီး ရပ်ကွက်သည် မြို့နယ်စည်ပင်သာယာရေးနယ်နမိတ်အတွင်း တည်ရှိပြီး လူနေရပ်ကွက်ဖြစ်ကြောင်း သက်သေခံချက်အရ ပေါ်ပေါက်နေပေရာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက် ဥပဒေပုဒ်မ ၃(ခ) ခြွင်းချက်ပါ ပြဋ္ဌာန်းချက်အရ အချင်းဖြစ်မြေသည် လယ်ယာမြေတွင်အကျုံးမဝင်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက် ဥပဒေပုဒ်မ ၃၆တွင်လျှော်ကြေးကိစ္စနှင့် အုပ်ထိန်းသူခန့်အပ် ခြင်းကိစ္စတို့မှ တစ်ပါးထိုအက်ဥပဒေပါမည်သည့်အခြားကိစ္စကို မျှတရားမရုံးက စီရင်ပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။

"အက်ဥပဒေပါအခြားကိစ္စများ" ဆိုသည်မှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄ အရ လယ်ယာမြေကို လွှဲပြောင်းခြင်း၊ ပုဒ်မ ၅အရသိမ်းယူခြင်း၊ ပုဒ်မ ၆ အရကင်းလွတ်ခွင့်ပြုခြင်း၊ ပုဒ်မ ၇ အရ ဝေငှခြင်း၊ ပုဒ်မ ၂၉မှ ၃၂ အရဝေငှထားသည့် လယ်ယာမြေနှင့် ကင်းလွတ်ခွင့်ပြုထားသည့် လယ်ယာမြေများကို ပြန်လည်သိမ်းယူခြင်းတို့သာဖြစ်သည်။ ၎င်းကိစ္စတို့နှင့် ပတ်သက်ခြင်းမရှိလျှင် တရားမရုံး၏ စီရင်ပိုင်ခွင့်

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရေးသူ
ဒေါ်ဖြူဖြူဝင်း)

အာဏာကို ပုဒ်မ ၃၆ က ပိတ်ပင်သည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမှန်မမှန်ကိုသာလျှင် စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။ အချင်းဖြစ်မြေပိုင်ဆိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန်လိုမည် မဟုတ်သကဲ့သို့ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပါ လယ်ယာမြေကို လွှဲပြောင်းခြင်း၊ သိမ်းယူခြင်း စသည့်ကိစ္စရပ်များ ကိုလည်း ဤကဲ့သို့သော အမှုမျိုးတွင် ဆုံးဖြတ်ရန်အကြောင်းမရှိပေ။ ထို့ကြောင့်အယူခံတရားလိုက အယူခံတရားပြိုင်အား မူလမှုတွင် အခမဲ့ခွင့်ပြုချက်ဖြင့် ထားသူအား နှင်ထုတ်လိုကြောင်းကို ၁၉၅၃ခုနှစ်၊ လယ်ယာ မြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ က တားမြစ် ပိတ်ပင်ခြင်း မရှိဟု ဆိုရပေမည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးမြင့်စိုး<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်အတွက် | - ဦးတင်မြင့်<br>(တရားရုံးချုပ်ရှေ့နေ) |

မွန်ပြည်နယ်တရားရုံး၊ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၆၁ တွင် ဒေါ်ကြည်ကြည်က ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမင်းဟန်မှ တစ်ဆင့် ဦးကင်စူးအပေါ် အခမဲ့ခွင့်ပြုချက်ဖြင့်ထားသောအချင်းဖြစ် မြေကွက်မှ ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုရာပြည်နယ်တရားရုံးက တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ဒေါ်ကြည်ကြည်က ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီ အပေါ် မကျေနပ်သဖြင့် ၎င်းအခွင့်ရကိုယ်စားလှယ်ဦးမင်းဟန်မှ တစ်ဆင့် တရားရုံးချုပ်တွင် ဤတရားမအယူခံမှုကိုတင်သွင်းသည်။

မူလမှု အဆိုလွှာအရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ ဈေးကြိုရပ်ကွက်နယ်မြေ၊ ကျူကွင်းမီလမ်း၊ အမှတ် ၁၉ (အေ) ဟု ခေါ်တွင်သော ဧရိယာ ၉. ၁၈ ဧကရှိ မြေကွက်ကြီးသည် တရားလို၏

၂၀၀၅
ဒေါ်ကြည်ကြည်
(ဦးအေးအောင်နှင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကာရီး
(ဦးအေးအား
ကိုယ်စားလှယ်
[illegible]
[illegible])

ခင်ပွန်း ဦးတင်းဝိန်ပိုင်မြေကွက်ဖြစ်ကြောင်း၊ ဦးတင်းဝိန်က ဦးသော်မောင် မိသားစုအား ထိုမြေကွက်တွင် အခမဲ့ ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြု ခဲ့ကြောင်း၊ တရားပြိုင်သည် ဦးသော်မောင်၏ သားသမီးများအနက် တစ်ဦးဖြစ်၍ ဦးသော်မောင်၏ဆက်ခံသူမိသားစုဝင်ဖြစ်ကြောင်း၊ တရားလိုသည် ဦးတင်းဝိန်ကွယ်လွန်သည့်အခါ အခြားဇနီးဖြစ်သူ မစွစ်မေရီဝိန်နှင့် အမွေမှုဖြစ်ပွားခဲ့ကြောင်း၊ တရားလိုသည် အနိုင်ဒီကရီရရခဲ့ကြောင်း၊ အနိုင်ဒီကရီအရ အမွေဆိုင်မြေကွက်ကြီး၏ ၃ အကျယ်အဝန်းကို တရားလိုရရှိခဲ့ကြောင်း၊ တရားပြိုင်သည် တရားလိုအမွေရသည့် မြေကွက် အစိတ်အပိုင်းတွင် ဆက်လက်၍ အခမဲ့နေထိုင်လျက်ရှိကြောင်း၊ အခမဲ့ နေထိုင်ခွင့်ကိုစာဖြင့် တရားဝင် အကြောင်းကြားကာတရားလိုက ရုပ်သိမ်းခဲ့ပြီး ဖြစ်ကြောင်း စသည်ဖြင့်ဖော်ပြအဆိုပြုသည်။

မူလမှုချေပလွှာအရ အချင်းဖြစ် မြေကွက်ကြီးသည် ယနေ့တိုင် မြို့မြေအမည်စာရင်းတွင် ဥယျာဉ်ခြံမြေအမျိုးအစားဖြင့် တည်ရှိနေ ကြောင်း၊ ၁၉၄၂ ခုနှစ်မတိုင်မီကပင် ဦးသော်မောင်သည် အဆိုပါ ဥယျာဉ် ခြံမြေတွင် သီးစားချထားလုပ်ကိုင်နေသော တောင်ယာသမား ဖြစ်ကြောင်း၊ ဦးသော်မောင်သည် ဦးတင်းဝိန်၏ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင် ခွင့်ပြုခြင်း ခံရသူမဟုတ်ကြောင်း၊ ဦးသော်မောင် ကွယ်လွန်သောအခါ သားများဖြစ်သော ဦးအန်တီး၊ ဦးအောင်ခိုင်နှင့် ဦးကင်ဒူးတို့က အမည်ပေါက်သီးစားချထားခံရသူများအဖြစ် [illegible]ကိုရွက်လက်ရင်း ဆက်လက် လုပ်ကိုင်နေရာ ယနေ့တိုင်ဖြစ်ကြောင်း၊ [illegible]သည့် လယ်ယာမြေပေါ်တွင် လယ်လုပ်နေသူတရားပြိုင်အား [illegible]နှင့် နေထိုင်သူအဖြစ် နှင်ထုတ်ရန် တရားစွဲဆိုခွင့် [illegible]သည့်အကြောင်းကရားရုံးအနေဖြင့်[illegible] ယခုအမှုကိုစီရင်[illegible]ခွင့် [illegible]ကြောင်း တရားစွဲဆိုသည့်[illegible]များပျက်နေကြောင်း စသည်ဖြင့် [illegible]ခဲ့သည်။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စိုး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်မြမြဝင်း)

ပြည်နယ်တရားရုံးက အဆိုအချေတို့အရ ရုံးငြင်းချက် ၅ ရပ် ထုတ်နုတ်သည်။ ယင်းငြင်းချက်များအနက် အောက်ပါငြင်းချက် ၂ ရပ်ကို ပဏာမငြင်းချက်များအဖြစ် သတ်မှတ်၍ ရှေးဦးပထမစုံစမ်းစစ်ဆေးကြားနာခဲ့သည်။

(၁) အချင်းဖြစ်မြေသည် လယ်ယာမြေဖြစ်၍ ဤရုံးတွင် စီရင်ပိုင်ခွင့်မရှိဆိုခြင်းမှာ မှန်ပါသလား။

(၂) လယ်ယာမြေဖြစ်၍ တရားလိုသည် တရားစွဲဆိုပိုင်ခွင့် မရှိဘဲ အမှုပုံစံမှားယွင်းနေသည်ဆိုခြင်းမှာ မှန်ပါသလား။

၎င်းနောက်ပြည်နယ် တရားရုံးက အောက်ပါအတိုင်း သုံးသပ်အမိန့်ချမှတ်သည်-

"အချင်းဖြစ်သည့် ဦးပိုင်အမှတ် ၇၇၊ ၉၃ တို့သည် ၁၉၅၃-၅၄ခုနှစ်များ၌ အယ်လ်အိပ်ချ်ဝိန် အမည်ပေါက်ခဲ့ကြောင်း အငြင်းမပွားပေ။ သို့သော် ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ အရ ယခင်ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် မှတ်တမ်းများကို အကိုးအကားပြု၍ လက်ရှိ လယ်ယာမြေ လုပ်ကိုင်သူများကိုသာ မြေယာကော်မတီက သီးစားချထားခဲ့ ကြောင်း၊ ထိုသီးစားချထားသူများကို အခွန်ကောက်ကြောင်း ပေါ်ပေါက်သည်။ လက်ရှိဦးပိုင်အမှတ် ၇၇/၃ တွင် အခွန် စည်းကြပ်ခံရသူမှာ ဦးကင်စိုးဖြစ်သည်။ သို့ဖြစ်၍ တရားပြိုင်သည်အချင်းဖြစ်မြေပေါ်တွင် လယ်ယာမြေလုပ်ကိုင်သူအဖြစ် မြေယာကော်မတီမှ သီးစားချထား၍ နေထိုင်လုပ်ကိုင်ခြင်းဖြစ်သည်။ အချင်းဖြစ်မြေသည် လယ်ယာမြေဖြစ်၍ လယ်ယာ မြေတွင် သီးစားလုပ်ကိုင်လျက် အခွန်စည်းကြပ်ခံရသူ တရားပြိုင်အား တရားလို၏ ခွင့်ပြုချက်အရ နေထိုင်သူဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားလိုက တရားပြိုင်အပေါ် ခွင့်ပြုချက်နှင့် ထားသူအား

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်ဖြူဖြူဝင်း)

နှင်လိုမှုစွဲဆိုခြင်း သည် အမှုပုံစံမှန်ကန်သည်ဟု မဆိုနိုင်ပေ။ ငြင်းချက် (၂) နှင့် ပတ်သက်၍ အချင်းဖြစ်မြေသည် လယ်ယာမြေဖြစ်၍ တရားလိုသည် တရားပြိုင်အပေါ် အခမဲ့ ခွင့်ပြုချက်နှင့် ထားသူအား နှင်လိုမှုပုံစံဖြင့် စွဲဆိုပိုင်ခွင့်မရှိသဖြင့် အမှုပုံစံမှားယွင်းနေသည် ဆိုခြင်းမှာ မှန်ကန်သည်ဟု ဖြေဆို ဆုံးဖြတ်သည်။

တရားလို ဒေါ်ကြည်ကြည်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမင်းဟန်) က တရားပြိုင်ဦးကင်စူးအပေါ် စွဲဆိုသော အခမဲ့ခွင့်ပြုချက်ဖြင့်ထားသော အချင်းဖြစ်မြေကွက်မှ ဖယ်ရှား ထွက်ခွာပေးစေလိုမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။"

အယူခံတရားလိုရှေ့နေက အချင်းဖြစ်မြေကွက်များသည် ဘိုးဘွားပိုင်ဖြစ်ကြောင်း အငြင်းမပွားသည့်အပြင် မော်လမြိုင်မြို့ စည်ပင်သာယာနယ်နမိတ် လူနေရပ်ကွက်အတွင်းရှိ လူနေအိမ်ရာ ဖြစ်နေခြင်းတို့ကြောင့် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေနှင့် အကျုံးမဝင်ကြောင်း၊ ဘိုးဘွားပိုင်မြေဖြစ်သဖြင့်သာ အမွေရှင်ဦးတင်းဝိန်က မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ရန်ကုန်တိုင်းတရားရုံး၏ ကော်မရှင်နာများက အမွေပစ္စည်းအဖြစ် တင်ပြသဖြင့် ရန်ကုန်တိုင်းတရားရုံးက စီမံခန့်ခွဲခြင်းလည်းဖြစ်ကြောင်း၊ ဦးအန်တီးနှင့် ဦးအောင်ခိုင်တို့က ရန်ကုန်တိုင်းတရားရုံး၏ ပစ္စည်းထိန်းအရာရှိထံပေးပို့သောစာများ၌ လယ်ယာမြေဖြစ်၍ ၎င်းတို့သီးစားရထားသည့် ကိစ္စကို မဖော်ပြဘဲသင့်တင့်သော ဈေးနှုန်းဖြင့် ပြန်ရောင်းရန် ညှိနှိုင်းတောင်းဆိုသည့်စာရှိနေကြောင်း၊ ပြည်နယ်တရားရုံးက လယ်ယာမြေဟု ကောက် ယူ၍ အမှုကိုပလပ်ခဲ့ခြင်းမှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃ (ခ)၏ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှုမရှိကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
တရားသူ
ဒေါ်မြမြဝင်း)

အယူခံတရားပြိုင်ရှေ့နေက မြို့နယ်မြေစာရင်းဦးစီးဌာန၏ ထွက်ချက်နှင့်သက်သေခံ (က)(ခ)(ဂ) တို့ဖြစ်သော မြေစာရင်းပုံစံ ၁၀၅ တို့အရ အချင်းဖြစ်မြေသည် ဦးကင်စူး အမည်ပေါက်အခွန်စည်းကြပ်ခံရသော မြေဖြစ်ပြီး ဘိုးဘွားပိုင်ဥယျာဉ်ခြံမြေဖြစ်သည်ဟု ပေါ်ပေါက်လျက်ရှိကြောင်း၊ စုံစမ်းစစ်ဆေးချက်အရ အချင်းဖြစ်မြေတွင် တရားပြိုင်သည် အမှန်တကယ်စိုက်ပျိုးရေးလုပ်ငန်း လုပ်နေခြင်းဖြစ်၍ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃ (ခ) ခြွင်းချက်တွင်အကျုံးမဝင်ကြောင်း၊ အချင်းဖြစ်မြေသည် လယ်ယာမြေတွင် အကျုံးဝင်သောဥယျာဉ်မြေအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ အချင်းဖြစ်မြေသည် လူနေအိမ်ဆောက်လုပ်ရန်မြေ သို့မဟုတ် အခြားနည်းသုံးစွဲခွင့်ရှိသောမြေဟုပြောင်းလဲသတ်မှတ်ပေးသည့် အမိန့်ရရှိပြီးဖြစ်သည်ဟု အဆိုလွှာတွင်ဖော်ပြထားခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေသည် လယ်ယာမြေဖြစ်၍ တရားလိုသည် တရားပြိုင်အပေါ် အခမဲ့ ခွင့်ပြုချက်ဖြင့် ထားသူအား နှင်လိုမှုပုံစံဖြင့် စွဲဆိုနိုင်ခွင့်မရှိကြောင်း၊ အမှုပုံစံမှားယွင်းနေကြောင်း လျှောက်လဲတင်ပြသည်။

မူလမှုကို စိစစ်ကြည့်ရာ ပြည်နယ်တရားရုံးက အချင်းဖြစ်မြေသည်လယ်ယာမြေဖြစ်သည်၊ တရားပြိုင်ဦးကင်စူးသည် သီးခြားချထားခြင်းခံရသူတစ်ဦးဖြစ်သည်ဟု သုံးသပ်ပြီးနောက်တရားလို ဒေါ်ကြည်ကြည် စွဲဆိုသောအမှုကို တရားရုံးက စီရင်ပိုင်ခွင့်မရှိဟု ကောက်ယူဆုံးဖြတ်၍အမှုကို ပလပ်လိုက်သည်။

မူလမှု အဆိုလွှာအပိုဒ် ၁ အရ အချင်းဖြစ်မြေမှာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ ဈေးကြိုရပ်ကွက်နယ်မြေ၊ ကျိုက္ကမိလမ်း၊ အမှတ် ၁၉(အေ) ဟု ခေါ်တွင်သော လက်ရှိရေိယာ ၉. ၁၈ ဧကရှိ မြေကွက်ကြီးဖြစ်သည်။

တရားလို ဒေါ်ကြည်ကြည်သည် အချင်းဖြစ်မြေကွက်ကြီး၏ ၃/၄ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းကို အမွေရရှိပိုင်ဆိုင်သည်၊

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်ဖြူဖြူဝင်း)

အချင်းဖြစ်မြေကွက်ကြီးသည် မြို့မြေအမည်စာရင်းတွင် ဥယျာဉ်ခြံမြေ အမျိုးအစားအဖြစ် ယနေ့တိုင်တည်ရှိနေကြောင်း တရားပြိုင် ဦးကင်စူးက ချေပလွှာအပိုဒ် ၁ တွင် ဖော်ပြထုချေသည်။

မူလပြည်နယ်တရားရုံးက အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ဦးစွာ စုံစမ်းစစ်ဆေးသည်။ ထိုသို့စုံစမ်းစစ်ဆေးရာ၌ မော်လမြိုင်မြို့၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဝင်းမြင့်ကိုလည်း ရုံးခေါ် သက်သေအဖြစ် ဆင့်ဆိုစစ်ဆေးခဲ့သည်။ ဦးဝင်းမြင့်က အချင်းဖြစ်မြေ နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းထွက်ဆိုသည်-

"မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက္ကမီလမ်း၊ ဈေးကြိုရပ်ကွက် အပိုင်၊ စမ်းကြီးရပ်၊ ကွင်းအမှတ် ၉၇၊ ဦးပိုင်အမှတ် ၇၇နှင့် ၉၃၊ စုစုပေါင်း ဧရိယာ ၉. ၁၈ ဧကရှိမြေကွက်သည် ကျွန်တော် တို့မြေစာရင်း ဦးစီးဌာနမှတ်တမ်း၌ ဥယျာဉ်ခြံမြေဖြစ်ပါသည်။ ဥယျာဉ်ခြံမြေဖြစ်၍ လယ်မြေဟူသော စကားရပ်တွင် အကျုံး ဝင်ပါသည်။"

"လယ်ယာမြေ" ဟူသော စကားရပ်၏အဓိပ္ပာယ်ကို ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

"လယ်ယာမြေ" ဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့် အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများနှင့် လယ်၊ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးမှု၊ သို့တည်းမဟုတ်၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်းဖြင့်အသက်မွေးမှု ကိစ္စများအတွက် ဖြစ်စေ၊ ယင်းသို့စိုက်ပျိုးမှုနှင့် အသက်မွေးမှု၏ အထောက်အပံ့ ဖြစ်သောအမှုကိစ္စများအတွက်ဖြစ်စေ လက်ရှိထားသည့် သို့တည်းမဟုတ် သာမန်လုပ်ကိုင်သည့် သို့တည်းမဟုတ် အငှားချထားပြီးဖြစ်သည့်မြေကို ဆိုလိုသည့်ပြင် ထိုစကားရပ်တွင် ထိုမြေပေါ်ရှိ လူနေအိမ်များ

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်မြဖြူဝင်း)

နှင့် အခြားအဆောက်အအုံများ တည်ရာမြေများလည်း ပါဝင်သည်။ သို့ရာတွင် မြို့ရွာအတွင်း တည်ရှိသော လူနေအိမ်ရာ အဖြစ်လက်ရှိထားသည့် မြေမပါ ဝင်ချေ။"

ထို့ကြောင့် အချင်းဖြစ်မြေကွက်ကြီးသည် မြေစာရင်းဦးစီးဌာန မှတ်တမ်း၌ ဥယျာဉ်ခြံမြေအမျိုးအစားအဖြစ် ပေါ်ပေါက်နေပေရာ "လယ်ယာမြေ" ဟူသော စကားရပ်တွင် အကျုံးဝင်သည့် မြေအမျိုးအစား ဖြစ်ကြောင်း ထင်ရှားသည်။

အချင်းဖြစ်မြေသည် "လယ်ယာမြေ" ဟူသောစကားရပ်တွင် အကျုံးဝင်နေသဖြင့် တရားရုံးတွင် စီရင်ပိုင်ခွင့်ရှိမရှိ စိစစ်ရန်လိုသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၆တွင် လယ်ယာမြေနှင့် စပ်လျဉ်း၍ တရားရုံး၏စီရင်ပိုင်ခွင့်အာဏာ ကို အောက်ပါအတိုင်း ပြဋ္ဌာန်းတားမြစ်ထားသည်-

"ပုဒ်မ ၃၆။ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ လျော်ကြေးကို မည်သူရထိုက်သည် ဟူသောပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားသော မှုခင်းကိစ္စနှင့် အုပ်ထိန်းသူခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စများမှတစ်ပါး ဤအက်ဥပဒေပါ မည်သည့် အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာမရှိစေရ။"

အထက်ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် လျော်ကြေးနှင့် စပ်လျဉ်း သည့်အမှုများ၊ အုပ်ထိန်းသူခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့်အမှုများတွင် သာ တရားမတရားရုံးက စီရင်ပိုင်ခွင့်ရှိသည်။ အဆိုပါအက်ဥပဒေတွင် ပါရှိသည့် အခြားကိစ္စများနှင့် စပ်လျဉ်း၍ တရားမရုံးကစီရင်ပိုင်ခွင့် မရှိချေ။

လယ်ယာမြေနှင့် စပ်လျဉ်းသောမှုခင်းကိစ္စများကို တရားမ တရားရုံးတွင် စွဲဆိုလာပါက စီရင်ပိုင်ခွင့်ရှိမရှိ စိစစ်ရာတွင် ယင်းလယ်ယာ မြေသည် နိုင်ငံပိုင်ပြုလုပ်ပြီး သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်ခြင်းမှ ကင်းလွတ် ခွင့်ပြုပြီး ဟုတ်မဟုတ်ကိုသာမက သီးစားချထားပြီး ဟုတ်မဟုတ်ကို

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်ဖြူဖြူဝင်း)

လည်း စုံစမ်းရန် လိုအပ်ကြောင်း အထက်ပါပြဌာန်းချက်အရ ကောက်ယူဆင်ခြင်ရမည်ဖြစ်သည်။

ယင်းမူသဘောတရားကို **မသက်ရွှေ(ကွယ်လွန်) ၎င်း၏တရားဝင် ကိုယ်စားလှယ် ကိုသူတော်ပါ-၁၁ နှင့် ကိုဘိုလွန်းအမှု**[၁] တွင် စီရင်ထုံးပြုညွှန်ပြထားပြီးလည်းဖြစ်သည်။

မူလမှုရုံးခေါ်သက်သေဦးဝင်းမြင့်အား ပြန်လည်စစ်ဆေးရာတွင် အချင်းဖြစ်မြေအမျိုးအစားနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားပြိုင် ဦးကင်စူးအား သီးစားချထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်-

"ဦးပိုင်အမှတ် ၇၇/၃ ဥယျာဉ်ခြံမြေဖြစ်ကြသော မြေအမျိုးအစားနှင့် ပတ်သက်၍ မည်သည့်ခုနှစ်ကကောက်ထားသောစာရင်းဖြစ်ပါသလဲဟု ဆိုလျှင် ၁၉၆၅ ခုနှစ်တွင် ကောက်ယူထားခြင်းဖြစ်ပါသည်။

ဦးကင်စူး၊ ဦးမောင်ခိုင်၊ ဦးအန်တီးတို့အား သီးစားချထားသည့်အမိန့်များကို တင်ပြနိုင်သလားဆိုလျှင် ယခုကြာပြီဖြစ်၍ မတင်ပြနိုင်ပါ။ ကျွန်တော်၏မှတ်တမ်းအရ မည်သည့်ခုနှစ်အမိန့်အမှတ်မည်မျှဖြင့် သီးစားချထားခဲ့ကြောင်း ပြောနိုင်ပါသလားဆိုလျှင် မပြောနိုင်ပါ။ ယခုသက်သေခံ (က)(ခ)(ဂ)ပါ မြေကွက်များသည် မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ မြို့စည်ပင်သာယာနယ်နိမိတ်အတွင်းရှိသည်ဆိုလျှင် မှန်ပါသည်။"

မူလမှုတွင် ဦးဝင်းမြင့်၏ ထွက်ဆိုချက်အရဆိုပါက အချင်းဖြစ်မြေကွက်ကြီးသည် ဥယျာဉ်ခြံမြေဖြစ်၍ လယ်ယာမြေဟူသောစကားရပ် တွင် အကျုံးဝင်သည်မှာ ထင်ရှားသည်။

သို့ရာတွင် ဥယျာဉ်ခြံမြေဖြစ်သောအချင်းဖြစ် မြေကွက်ကိုနိုင်ငံပိုင် ပြုလုပ်ပြီးဖြစ်သည် သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုပြီး ဖြစ်သည်ဟူသောအချက်မှာ အထင်အရှား ပေါ်ပေါက်ခြင်းမရှိချေ။

(၁) ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၅၀ (ရုံးချုပ်)

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရေးသူ
ဒေါ်ဖြူဖြူဝင်း)

ဦးဝင်းမြင့်၏ထွက်ဆိုချက်အရဆိုလျှင် အချင်းဖြစ်မြေကွက်မှာ ၁၉၅၃-၅၄ခုနှစ်ကပင် L.Hဝိန် အမည်ပေါက်နေသည်။ ဦးကင်စူး၊ ဦးအောင် ခိုင်နှင့် ဦးအန်တီးတို့ကို သီးစားချထားခဲ့ကြောင်း ထွက်ဆိုသော်လည်း ထိုသီးစားချထားသည့် အမိန့်ကိုတင်ပြနိုင်ခြင်း မရှိကြောင်း တွေ့ရသည်။

၁၉၆၃ခုနှစ် သီးစားချထားရေးဥပဒေပုဒ်မ ၃ တွင်အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်

"ပုဒ်မ၃။ အစိုးရသည်အမိန့်ကြော်ငြာစာဖြင့် မည်သည့်လယ်ယာမြေကိုမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် နေ့ရက်မှစ၍ သီးစားချထားမည်ဟု ကြေညာနိုင်သည်။ ထိုကြေညာသည့်အခါ ထိုလယ်မြေနှင့် သက်ဆိုင်သည့် မြေရှင်၏ သီးစားချထားနိုင်သည့် အခွင့်အရေးသည် ရပ်စဲရမည်။"

အထက်ပါဥပဒေပုဒ်မ ၃ ပြဋ္ဌာန်းချက်ကိုကြည့်လျှင် မည်သည့်လယ်ယာမြေကိုမဆိုသီးစားချထားပေးရာတွင် အစိုးရကအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ချထားရမည်ဖြစ်ကြောင်း မြင်တွေ့နိုင်သည်။

မူလမှုတွင် ဦးကင်စူးအား အချင်းဖြစ်မြေပေါ်တွင် သီးစားချထားခြင်းဖြစ်သည်ဟု ဆိုသော်လည်း သီးစားချထားမှုနှင့် စပ်လျဉ်းသည့် အမိန့်တစ်စုံတစ်ရာမရှိချေ။ ဦးကင်စူးတင်သွင်းသော မူလမှုချေလွှာနှင့် ပူးတွဲထားသည့် စာရွက်စာတမ်းစာရင်းတွင်လည်း ဦးကင်စူးအား သီးစားချထားကြောင်း အမိန့်တစ်စုံတစ်ရာမပါရှိချေ။

ချေလွှာနှင့်အတူ ပူးတွဲတင်သွင်းသည့် စာရွက်စာတမ်းစာရင်း အမှတ်စဉ် ၃ ၌ အချင်းဖြစ်မြေတွင် ဦးကင်စူးအမည်ပေါက်သီးစားလုပ်ကိုင်လျက်ရှိကြောင်း သက်ဆိုင်ရာ ရယက၏ထောက်ခံချက်ကို ဖော်ပြထား သည်။ ထောက်ခံချက်မူရင်းကိုလည်း ပူးတွဲထားသည်။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
တရားသူ
ဒေါ်မြမြမှုဝင်း)

ချေလွှာတွင် ပူးတွဲထားသည့် ထောက်ခံချက်ကိုကြည့်လျှင် "ဦးကင်စူး အမည်ဖြင့် သီးစားလုပ်ကိုင်ခွင့်ရရှိထားပြီးဖြစ်ရာ ဦးကင်စူး မိသားစုမှာလည်း ၎င်းခြံမြေအတွင်း နေထိုင်လုပ်ကိုင်လျက်ရှိပါကြောင်း စုံစမ်းသိရှိ ရပါ၍ မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်" ဟု ဖော်ပြထားသည်။

အဆိုပါထောက်ခံချက်တွင် မည်သည့်နေ့ရက်မှစ၍ အမိန့်အမှတ် မည်မျှဖြင့် ဦးကင်စူးအားသီးစားချထားခြင်းဖြစ်ကြောင်းတိတိကျကျဖော်ပြထားနိုင်ခြင်းမရှိပေ။

ဤကဲ့သို့ အထောက်အထားများက ခိုင်ခိုင်မာမာရည်ညွှန်းဖော်ပြနိုင်ခြင်းမရှိပါဘဲလျက် မူလရုံးက တရားပြိုင်သည်အချင်းဖြစ်မြေပေါ်တွင်လယ်ယာမြေလုပ်ကိုင်သူအဖြစ် မြေယာကော်မတီမှ သီးစား ချထား၍ နေထိုင်လုပ်ကိုင်ခြင်းဖြစ်သည်ဟု သုံးသပ်ထားခြင်းမှာ မှန်ကန် ခြင်းမရှိချေ။

မူလမှုတွင်ပေါ် ပေါက်သောအချက်အလက်များအပေါ် စိစစ်တွေ့ရှိချက်အရ အချင်းဖြစ်မြေသည် ဥယျာဉ်ခြံမြေဖြစ်ကြောင်းနှင့် ယင်းမြေကို နိုင်ငံပိုင်ပြုလုပ်ပြီးကြောင်း သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုပြီးကြောင်းအလျဉ်းပေါ် ပေါက်ခြင်း မရှိချေ။ ထို့မျှသာမက အချင်းဖြစ်မြေကို ဦးကင်စူးအား သီးစားချထားသည်ဟူသော အချက်မှာလည်း ခိုင်မာထင်ရှားခြင်းမရှိဟု ကောက်ယူရပေမည်။

မူလမှုတွင် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးဝင်းမြင့်ကို သာမက မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းစာရေး ဒေါ် အေးအေးသိမ့်ကိုလည်း ခေါ် ယူစစ်ဆေးသည်။

ဒေါ် အေးအေးသိမ့်က ဦးကင်စူးအမည်နှင့် ၁၀၄ တပ်ထိန်းတပ်ရှေ့၊ ဆေးဆိုးပန်းရိုက်အိမ်ကို အိမ်ခွန်စည်းကြပ်ထားပါသည်။ ဦးကင်စူး အမည်ဖြင့် စည်းကြပ်ရာတွင် ဆေးဆိုးပန်းရိုက်အိမ်ဟု မှတ်သားထားပါသည်။ ထိုနေရာသည် စည်ပင်သာယာရေးနယ်အတွင်း တည်ရှိသော

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်ဖြူဖြူဝင်း)

လူနေရပ်ကွက်ဖြစ်ပါသည်ဟု ထွက်ဆိုခဲ့သည်။

ဦးဝင်းမြင့်ကိုယ်တိုင်ကလည်း အချင်းဖြစ်မြေကွက်သည် မြို့နယ်စည်ပင်သာယာရေးနယ်နမိတ်အတွင်းရှိသည်ဟု ထွက်ဆိုထားချက်ရှိသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူတို့ကိုယ်တိုင်အချင်းဖြစ်မြေကွက်တည်ရှိရာ နေရာမှာ မြို့နယ်စည်ပင်သာယာဧရိယာအတွင်းတည်ရှိပြီး လူနေရပ်ကွက်ဖြစ်ကြောင်း အတိအလင်းညွှန်ပြထွက်ဆိုထားပေသည်။ ၎င်းတို့၏ထွက်ဆိုချက်အရပင်လျှင်အချင်းဖြစ်မြေကွက်သည် လူနေရပ်ကွက်အတွင်း တည်ရှိကြောင်း ထင်ရှားသည်ဟုဆိုရပေမည်။

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃(ခ)၏ ခြွင်းချက်တွင် လယ်ယာမြေဟူသော စကားရပ်၌မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် မြေမပါဝင်ကြောင်း ဖော်ပြထားသည်။

ဤအမှုတွင် အချင်းဖြစ်မြေသည် မြေစာရင်းဌာန၌ ဥယျာဉ်ခြံမြေဟုအမည်ပေါက်ဆဲဖြစ်သော်လည်း အစိုးရကကြေညာ၍ ပြန်လည် သိမ်းယူကြောင်း သို့မဟုတ် သီးစားချထားရေးဥပဒေပုဒ်မ ၃ အရ သီးစားချထားပြီးဖြစ်ကြောင်း သို့တည်းမဟုတ် ယင်းသို့တစ်နည်းနည်း ပြုလုပ်ရန် လက်ငင်းအစီအစဉ်ရှိကြောင်း သက်သေခံချက်များ အခိုင် အမာအခြေအမြစ်ရှိရှိ ပေါ်ပေါက်ခြင်း မရှိချေ။

အချင်းဖြစ်မြေကွက်တည်ရှိရာ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်သည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတည်ရှိပြီး လူနေရပ်ကွက်ဖြစ်ကြောင်း သက်သေခံချက်အရ ပေါ်ပေါက်နေပေရာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃(ခ) ခြွင်းချက်ပါ ပြဋ္ဌာန်းချက်အရ အချင်းဖြစ်မြေသည် လယ်ယာမြေတွင် အကျုံးမဝင်ဟုဆိုရပေမည်။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်မြမြဝင်း)

အထက်ဖော်ပြပါမြေမျိုးနှင့် စပ်လျဉ်း၍ အငြင်းပွားပြဿနာပေါ် ပေါက်သော **ရမ်နတ်ဆင်း နှင့် ချန်ဒရိဘာပရာဆဒ်နှင့်အများ**[၂] စီရင်ထုံးတွင် အောက်ပါအတိုင်းထုံးဖွဲ့ဆုံးဖြတ်ထားသည်-

"HELD: Under S.3 (b) of the Land Nationalisation Act, the term agricultural land includes garden land, but does not include a house site which is within a town or village.

Though the suit land is termed "Garden Land" there is clear evidence to show that it was never occupied or was ordinarily utilised or leased for agricultural purpose or purposes subservient to agriculture. The suit land is more or less in a town, if not a big village. Morever, there is documentary evidence to show that the District Land Committee has declined to classify the suit land as agricultural land under S.39 of the Land Nationalisation Act, as it is a human dwelling place.

The suit land is therefore not an agricultural land as defined in S.3 (b) of the Land Nationalisation Act."

ထို့ကြောင့် မူလပြည်နယ်တရားရုံးက အချင်းဖြစ်မြေသည် လယ်မြေဖြစ်သည်ဟု သုံးသပ်ခြင်းမှာ မှန်ကန်ခြင်းမရှိဟု ဆိုရပေမည်။

မူလမှုတရားလို ဒေါ်ကြည်ကြည်က စွဲဆိုသည့်မူလမှုမှာ တရားပြိုင် ဦးကင်စူးအား အခမဲ့ခွင့်ပြုချက်နှင့် ထားသောအချင်းဖြစ်မြေကွက်မှ ဖယ်ရှားထွက်ခွာပေးစေလိုမှုဖြစ်သည်။

(၂) ၁၉၆၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၇၀ (ရုံးချုပ်)။

၂၀၀၅
ဒေါ်ကြည်ကြည် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမင်းဟန်) နှင့် ဦးကင်စူး (၎င်းအထူး ကိုယ်စားလှယ် စာရသူ ဒေါ်ဖြူဖြူဝင်း)

ဤအမှုမျိုးတွင် အဓိကစဉ်းစားရန်အချက်မှာ အချင်းဖြစ် မြေကွက်ပေါ်တွင် ဦးကင်စူးအား အခမဲ့ခွင့်ပြုချက်ဖြင့်ထားသည် ဟူသော အဆိုပြုချက်မှန်မမှန်ကိုသာ စဉ်းစားရန်ဖြစ်သည်။ အခွင့်အမိန့်နှင့် နေထိုင်သူတစ်ဦးကိုနှင်ထုတ်လျှင် မြေပိုင်ဆိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန် လိုမည်မဟုတ်ပေ။

ယင်းအချက်နှင့် စပ်လျဉ်း၍ အယူခံတရားပြိုင်ရှေ့နေက **ဦးတာကောပါ-၂၊ ဦးဘိုးသောင်းပါ-၂၊ ဦးသောင်းဖေပါ-၂၊ ဦးမောင် သိန်းပါ၂** နှင့် **ဒေါ်စန်းရီ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်ရီ) အမှု**[၃] ကိုတင်ပြသည်။ ယင်းအမှုကို ရည်ညွှန်း၍ လယ်ယာမြေ ပေါ်တွင် နေထိုင်သူအား အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူအဖြစ် နှင်ထုတ်တရားစွဲဆိုခွင့်မရှိဟု လျှောက်လဲ တင်ပြသည်။

အဆိုပါ အထူးအယူခံမှုမှာ အချင်းဖြစ်လယ်ယာမြေများကို မူလ ပိုင်ရှင်ဦးသုံး လက်ထက်မှစ၍ လယ်ယာစိုက်ပျိုးရေးကိစ္စ အသုံးမပြုဘဲ သစ်စက်တည်ခြင်း၊ လူနေအဆောက်အအုံများ ဆောက်လုပ်ခြင်းဖြင့် စည်းကမ်းမဲ့စွာ အသုံးပြုခဲ့ကြောင်း၊ လယ်ယာမြေကို စည်းကမ်းပျက်စွာ အသုံးချလာသူ အယူခံ တရားပြိုင်အား ၎င်းတောင်းဆိုခဲ့သည့် သက်သာ ခွင့်ကိုပေးရန် မသင့်ဟု စီစစ်ဆုံးဖြတ်ခြင်းဖြစ်သည်။ ယင်းအထူးအယူခံမှုမှာ ဤအမှုဖြစ်ရပ်နှင့် တူညီခြင်းမရှိပေ။

ဤအမှုမှာ ဒေါ်ကြည်ကြည်သည် အချင်းဖြစ်မြေကွက်ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးတင်းဝိန်၏ဒုတိယဇနီး ဖြစ်ပြီး ဦးတင်းဝိန်၏ ပထမဇနီး မစွစ်မေရီဝိန်နှင့် အမွေမှုဖြစ်ရာမှ တရားရုံးချုပ်၏ အနိုင်ဒီကရီအရအချင်းဖြစ်မြေကွက်ကြီး၏ ၁/၃ ကိုအမွေ ရရှိလာခဲ့ရာ ဦးတင်းဝိန်သက်ရှိထင်ရှားရှိစဉ်ကအချင်းဖြစ်မြေကွက်ပေါ်

(၃) ၁၉၉၄ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၆၊ ၇၊ ၈ နှင့် ၉ (စုံညီ)။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်ဖြူဖြူဝင်း)

တွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သောသူများအပေါ် နှင်လိုမှုစွဲဆိုသည့် အမှုဖြစ်သည်။ ထို့ကြောင့် အယူခံတရားပြိုင်ရှေ့နေတင်ပြချက်ကို လက်မခံနိုင်ပေ။

ဤနေရာတွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၆ ပြဋ္ဌာန်းချက်ကို ဆက်စပ်စိစစ်ရန်ဖြစ်သည်။ (လယ်ယာမြေနိုင်ငံပြုလုပ် ရေးအက်ဥပဒေပုဒ်မ ၃၆ တွင်လျော်ကြေးကိစ္စနှင့် အုပ်ထိန်းသူခန့်အပ်ခြင်းကိစ္စတို့မှ တစ်ပါးထိုအက်ဥပဒေပါ မည်သည့်အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။

"အက်ဥပဒေပါ အခြားကိစ္စများ" ဆိုသည်မှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၄ အရ လယ်ယာမြေကို လွှဲပြောင်းခြင်း၊ ပုဒ်မ ၅အရ သိမ်းယူခြင်း၊ ပုဒ်မ ၆အရ ကင်းလွတ်ခွင့်ပြုခြင်း၊ ပုဒ်မ ၇ အရဝေငှခြင်း၊ ပုဒ်မ ၂၉ မှ ၃၂ အရ ဝေငှထားသည့် လယ်ယာမြေနှင့် ကင်းလွတ်ခွင့်ပြုထားသည့် လယ်ယာမြေများကို ပြန်လည်သိမ်းယူခြင်းတို့သာ ဖြစ်သည်။ ၎င်းကိစ္စတို့နှင့် ပတ်သက်ခြင်းမရှိလျှင် တရားမရုံး၏ စီရင်ပိုင်ခွင့်အာဏာကို ပုဒ်မ ၃၆ က ပိတ်ပင်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။)

ယခုအမှုတွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းမှန် မမှန်ကိုသာလျှင် စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။ အချင်းဖြစ်မြေ ပိုင်ဆိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန်လိုမည်မဟုတ်သကဲ့သို့ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ် ရေး အက်ဥပဒေပါ လယ်ယာမြေကို လွှဲပြောင်းခြင်း၊ သိမ်းယူခြင်းစသည့် ကိစ္စရပ်များကိုလည်း ဤကဲ့သို့သောအမှုမျိုးတွင် ဆုံးဖြတ်ရန်အကြောင်း မရှိပေ။ ထို့ကြောင့် အယူခံတရားလိုက အယူခံတရားပြိုင်အား မူလမှုတွင် အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူအား နှင်ထုတ်လိုကြောင်းကို ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ က တားမြစ် ပိတ်ပင်ခြင်းမရှိဟု ဆိုရပေမည်။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စူး
(၎င်းအထူး
ကိုယ်စားလှယ်
စာရေးသူ
ဒေါ်မြမြဝင်း)

အလားတူ မူသဘောတရားကို **ဒေါ်သိန်းဟန် နှင့် ဗိုလ်ကြီးမြင့်ဆွေ ပါ၆-အမှု**[၄] တွင်အောက်ပါအတိုင်းလမ်းညွှန်ဆုံးဖြတ်ထားသည်-

"၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အဆိုပါ အက်ဥပဒေပုဒ်မ ၃(ခ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော "လယ်ယာမြေ" နှင့် ပတ်သက်သည့် တရားမ မှုခင်းတိုင်းကို တရားမရုံးကစီရင်ပိုင်ခွင့်မရှိဟုပိတ်ပင်တားမြစ်ထားခြင်း မရှိကြောင်း ပေါ်ပေါက်သည်။ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေတွင် လယ်ယာမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်သူ အားဖယ်ရှားသည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းမရှိပေ။ သို့ဖြစ်ရာ မိမိ၏ယာမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်သည် ဆိုသော အယူခံတရားပြိုင်တို့အပေါ် အယူခံတရားလို ဒေါ်သိန်းဟန်က ဖယ်ရှားပေးရန် စွဲဆိုသည့်အမှုမှာ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၆ တွင်ပါရှိသည့် "အက်ဥပဒေပါ မည်သည့်အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာမရှိစေရ" ဟူသော တားမြစ်ချက်တွင် အကျုံးဝင်သည်ဟု မဆိုနိုင်ပေ။"

အထက်ဖော်ပြပါ စီရင်ထုံးလမ်းညွှန်ချက်ကို တရားရုံးချုပ် ၂၀၀၄ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၅၁(သားဦးကရင်၊ မေတ္တာဖြဟ္မစိုရ် တိုင်းရင်းဘာသာသာသနာဂိုဏ်း (၎င်း၏ကိုယ်စားလှယ် ဦးစောဂေးလ် ဖော့ဒီဘိုးမင်းနှင့်စောထူးစောပါ-၂) တွင်လက်ခံဆုံးဖြတ်ထားသည်။

ထို့ကြောင့် အချင်းဖြစ်မြေသည် လယ်ယာမြေဖြစ်သဖြင့် တရားလိုသည် တရားပြိုင်အပေါ် အခမဲ့ ခွင့်ပြုချက်နှင့်ထားသူအား

---

(၄) ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၇၃။

၂၀၀၅
ဒေါ်ကြည်ကြည်
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမင်းဟန်)
နှင့်
ဦးကင်စုး
(၎င်းအထူး
ကိုယ်စားလှယ်
စာရသူ
ဒေါ်ဖြူဖြူဝင်း)

နှင်လိုမှုပုံစံဖြင့် စွဲဆိုပိုင်ခွင့်မရှိသဖြင့် အမှုပုံစံမှားယွင်းနေသည်ဆိုခြင်းမှာ မှန်သည်ဟု သုံးသပ်၍ မူလမှုကို ပလပ်ခဲ့သည့် ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည် ဥပဒေနှင့် ညီညွတ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အထက်ပါအကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြု၍ မူလ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်သည်။

၎င်းနောက်အချင်းဖြစ်မြေသည် လယ်ယာမြေဖြစ်၍ ဤရုံးတွင် စီရင်ပိုင်ခွင့်မရှိခြင်းမှာ မမှန်ကြောင်း၊ လယ်ယာမြေဖြစ်၍ တရားလိုသည် တရားစွဲဆိုပိုင်ခွင့်မရှိဘဲ အမှုပုံစံမှားယွင်းနေသည်ဆိုခြင်းမှာ မမှန်ကြောင်း ပဏာမငြင်းချက်အမှတ် (၁) နှင့် (၂) တို့အပေါ် ဖြေဆိုဆုံးဖြတ်လိုက်သည်။

မွန်ပြည်နယ်တရားရုံးသည် မူလမှုတရားလိုစွဲဆိုသောအမှုကို မူလမှုနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်ပြီး ကျန်ရုံးငြင်းချက်များကို ဥပဒေနှင့် အညီဖြေဆိုဆုံးဖြတ်ရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်းဥပဒေ ၂၃ အရ ညွှန်ကြားလိုက်သည်။

ဤအယူခံမှုတွင် အယူခံတရားလို ထမ်းဆောင်ထားသော ရုံးခွန် ကို ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို အယူခံ တရားလိုအား ထုတ်ပေးစေ။

\+ ၂၀၀၅
နိုဝင်ဘာလ
၂၉ ရက်

# တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဦးခင်မောင်အေး ရှေ့တွင်

ကိုမင်းလွင်
နှင့်
မောင်သန်းနိုင်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃ အရအမှုကို သဘောတူပြေငြိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းနှစ်ရပ်၊ ပထမနည်းလမ်းမှာအမှုကို သဘောတူပြေငြိမ်းသည့်အခါပြေငြိမ်းမှုကို မှတ်တမ်းတင်ထားချက်နှင့် အညီဒီကရီချမှတ်ခြင်းဖြစ်ပြီး၊ ဒုတိယနည်းလမ်းမှာ သဘောတူပြေငြိမ်းချက်ပါစည်းကမ်းချက်များအရအမှုတွင် နောက်ထပ်ဆောင်ရွက်ချက်အရပ်ရပ်ကိုဆိုင်းငံ့ထားစေရန် ဒီကရီချမှတ်ခြင်းဖြစ်သည်။**

**ပြေငြိမ်းဒီကရီအရ စည်းကမ်းချက်များကိုအတည်ပြုရန်အမှုကို ရပ်ဆိုင်းထားခြင်းသည် အမှုသည်တို့၏ရပိုင်ခွင့်ကိုသတ်မှတ် ဖော်ထုတ်ဆုံးဖြတ်သောဒီကရီမဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃ ပြဋ္ဌာန်းချက်အရ အမှုစွဲဆိုပြီး နောက်ဥပဒေနှင့်အညီသဘောတူညီချက် သို့မဟုတ် သဘောတူကျေအေးပြေငြိမ်းချက်အရ အမှုတစ်မှုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အမှု

* ၂၀၀၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၆၅

\+ ၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၃၃တွင် ချမှတ်သော ၃၀. ၆. ၂၀၀၅ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

သည်များက ရှင်းလင်းပြေကျေနိုင်သည်။ တရားပြိုင်သည် အမှု ၏ အချင်းဖြစ် အကြောင်းအရာတစ်ရပ်လုံး သို့မဟုတ် တစ်စိတ် တစ်ဒေသနှင့် စပ်လျဉ်း၍တရားလို အားကျေအေးပြေငြိမ်း အောင်လည်းဆောင်ရွက် နိုင်သည်။ ထိုအခါ တရားရုံးကအဆို ပါ သဘောတူညီချက်၊ သဘောတူကျေအေးပြေငြိမ်းချက်ကို မှတ်တမ်းတင်စေရန် အမိန့်ချမှတ် ရသည်။ ထိုမှတ်တမ်းတင် ချက်နှင့်အညီ ဒီကရီချမှတ်နိုင်သည် သို့မဟုတ် အဆိုပါသဘော တူညီချက်၊ သဘောတူကျေအေးပြေငြိမ်းချက်ကို အကျိုးသက် ရောက်စေရန်အလို့ငှာအမှုသည်များက လျှောက်ထားခွင့်နှင့် တကွယင်းသဘောတူညီချက်၊ သဘောတူပြေငြိမ်းချက်ပါ စည်း ကမ်းချက်များအရ အမှုတွင် နောက်ထပ်ဆောင်ရွက်ချက် အရပ်ရပ်ကို ဆိုင်းငံ့ထားစေရန် ဒီကရီချမှတ်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှုတွင်ချမှတ်သောပြေငြိမ်းဒီကရီပါ အတိအလင်းဖော်ပြပါရှိချက်အရတိုင်းတရားရုံးသည် တရားမ ကြီးမှုတွင် ဆက်လက်ဆောက်ရွက်ခြင်း အရပ်ရပ်ကိုရပ်ဆိုင်း ခဲ့ခြင်းမျှသာဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ၂ (၂)တွင် ဖွင့်ဆိုထားသကဲ့သို့အမှုသည် တို့၏ ရပိုင်ခွင့်ကို သတ်မှတ်ဖော် ထုတ်ဆုံးဖြတ်သော ဒီကရီမျိုး မဟုတ်သည့်အပြင် အမွေစီမံခန့်ခွဲ ပေးစေလိုမှုတွင် အမှုသည်တို့၏ ရခွင့်ရှိသည့်အမွေဝေစုကို သတ်မှတ်ဖော်ထုတ်ဆုံးဖြတ်သော ပဏာမ ဒီကရီလည်း မဟုတ်ပေ။

တစ်ဖက်တွင် တရားမပုံစံအမှတ် ၆၄-က၊ စာမျက်နှာ(၂) တွင် "အတည်ပြုရန်အမှုသည်များက လျှောက်ထားခွင့်ရှိသည်" ဟူသောစကားရပ်သည်အမိန့် ၂၃၊ နည်း ၃ပါ "With liberty to the parties to apply for the purpose of carrying the same into effect" ၏ ဘာသာပြန်ဆိုချက် ဖြစ်သည်။ ယင်းစကားရပ် အနေအထားကို ထောက်ချင့်၍ ကတိစာချုပ်ပါ စည်းကမ်းချက်များ အတိုင်း သို့မဟုတ် ကတိ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ

ဆောင်ရွက်စေရန် သို့မဟုတ် အကောင်အထည်ဖော်စေရန်ဟု အဓိပ္ပာယ်ရရှိသည်။

တရားမပုံစံအမှတ် ၆၄-က အရချမှတ်သော ဒီကရီအတိုင်း နှစ်ဖက်အမှုသည်များ ဆောင်ရွက်ကြ၍ ကျေနပ်မှုရရှိပါလျှင် တရားရုံးသို့လာရောက်အရေးဆိုတော့မည် မဟုတ်သဖြင့် ထိုဒီကရီချမှတ်ထားသောအဆင့်မှာပင် ရပ်ဆိုင်းထားသည့် တရားမကြီးမှုသည် ဆုံးခန်းတိုင်ရောက်ရှိသွားမည် ဖြစ်သည်။ ပြေငြိမ်းဒီကရီပါ"မှတစ်ပါး" ဟူသော စကားရပ်ကို ထောက်ရှု၍ တစ်ဖက်ဖက်သောအမှုသည်က သဘောတူညီ ချက်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက ကျန်တစ်ဖက် အမှုသည်က ဒီကရီတွင်သီးသန့်ထားသည့်အတိုင်း ကတိစာချုပ် ပါ စည်းကမ်းချက်များကို အတည်ပြုရန် ရပ်ဆိုင်းထားသည့် တရားမကြီးမှုတွင် လျှောက်ထားခွင့်ရှိသည်။

အယူခံတရားလိုအတွက် - ဦးအေးမောင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ဦးစိုးမြင့်
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၁၈၃၃ တွင် မောင်သန်းနိုင်က ကိုမင်းလွင်အပေါ် ကွယ်လွန်သူမိဘများကျန်ရစ်သည့် အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာတရားပြိုင်ရုံးရှေ့ သို့ ရောက်ရှိပြီးနောက် နှစ်ဖက်ညှိနှိုင်းကြပြီး တရားလိုကတရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃အရ ပြေငြိမ်းဒီကရီချမှတ်ပေးရန် လျှောက်ထားသဖြင့် တိုင်းတရားရုံးက ၁၃-၁၀-၂၀၀၄ နေ့တွင် ပြေငြိမ်း ဒီကရီချမှတ်ပေးခဲ့သည်။

ယင်းကဲ့သို့ပြေငြိမ်း ဒီကရီချမှတ်ပြီးနောက် မူလရုံးတရားလို မောင်သန်းနိုင်က အပြီးသတ်ဒီကရီချမှတ်ပေးပါရန် ၉-၃-၂၀၀၅ ရက်စွဲ ဖြင့် လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက တရားလိုနှင့် တရားပြိုင်တို့

သည် အမွေရှင်မိဘများဖြစ်ကြသည့် ဦးသောင်းတင်နှင့်ဒေါ်မြသန်းတို့ ကျန်ရစ်သော အမွေပစ္စည်းတွင်ထက်ဝက်စီအညီအမျှခံစားခွင့်ရှိသူများ ဖြစ်ကြ၍ ၆-၁၀-၂၀၀၄ ရက်စွဲပါသဘောတူညီမှုကတိစာချုပ်ပါ စည်းကမ်းချက်နှင့်အညီ မူလချမှတ်ခဲ့သည့် ၁၃-၁၀-၂၀၀၄ ရက်စွဲပါ ပြေငြိမ်း ဒီကရီတွင်ပါရှိသည့်အတိုင်း ခွဲဝေခံစားကြစေရန်အပြီးသတ် ဒီကရီ ချမှတ်ခဲ့သည်။

တိုင်းတရားရုံး၏အပြီးသတ်ဒီကရီကို ကိုမင်းလွင်က ကျေနပ်မှု မရှိသဖြင့် ဤတရားမအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် မိဘများဖြစ်ကြသည့်ဦးသောင်းတင်နှင့် ဒေါ်မြသန်း တို့မှာ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ဖခင် ဦးသောင်းတင်သည် ၁၉၉၅ခုနှစ်၊ နှစ်လယ်ပိုင်းခန့်က ကွယ်လွန်ကြောင်း၊ မိခင်ဒေါ်မြသန်းသည် ၁၀-၁၂-၂၀၀၁ နေ့တွင် ကွယ်လွန်ကြောင်း၊ တရားလိုသည် အိမ်ထောင်မကျမီက မိခင်ဒေါ်မြသန်း၊ အစ်ကို တရားပြိုင် တို့နှင့်အတူ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း အမှတ် ၂၅၃၊ ပထမထပ် တွင် နေထိုင်ခဲ့ပြီး တရားပြိုင်မှာလူပျိုဖြစ်ကြောင်း၊ မိဘများကွယ်လွန် ပြီးနောက် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း များ အမွေပစ္စည်းအဖြစ် ကျန်ခဲ့ကြောင်း၊ တရားပြိုင်ကမိခင်ကျန်ခဲ့သည့် ပစ္စည်းများ ၎င်းလက်ဝယ်ရှိသည့် အချက်ကိုဝန်ခံပြီး တရားလိုရသင့်သည့် အမွေဝေစုကို ခွဲဝေပေးရန် ကတိပြုခဲ့ကြောင်း၊ နောက်ပိုင်းတွင်တရားပြိုင် သည် တရားလိုအား အမွေဆိုင်အိမ်ခန်းအတွင်းသို့ ဝင်ခွင့်မပြုတော့သည့် အပြင် အမွေပစ္စည်းထက်ဝက်ခွဲဝေပေးရန် ငြင်းဆန်နေသဖြင့် ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

ချေလွှာမတင်မီ တရားလိုနှင့်တရားပြိုင်တို့ ညှိနှိုင်းသဘောတူ ညီမှုများပြုလုပ်ခဲ့ကြပြီး ၎င်းတို့သဘောတူညီခဲ့သည့် ၆-၁၀-၂၀၀၄ ရက်စွဲ ပါ ကတိစာချုပ်ကိုတင်ပြ၍ ပြေငြိမ်းဒီကရီချမှတ်ပေးပါရန် လျှောက်ထားသဖြင့် တိုင်းတရားရုံးက သဘောတူညီချက်များကို

၂၀၀၅
ကိုမင်းလွင်
နှင့်
မောင်သန်းနိုင်

မှတ်တမ်းတင်ပြီး မောင်သန်းနိုင်သည် ကိုမင်းလွင်ထံမှ အမွေပစ္စည်းဖြစ်သည့်အချင်းဖြစ် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း၊ အမှတ် ၂၅၃၊ ပထမ ထပ်ရှိတိုက်ခန်းတစ်ခန်းကိုသဘောတူညီမှု ပြုလုပ်ထားသည့် စည်းကမ်း ချက်များနှင့်အညီ ရောင်းချ၍ ရောင်းချရငွေကို အညီအမျှခွဲဝေရထိုက် ခွင့်ရကြောင်းနှင့် အတည်ပြုပေးရန် လျှောက်ထားနိုင်ခွင့်ရှိကြောင်း ဒီကရီချမှတ်ပေးခဲ့သည်။

ယင်းကဲ့သို့ ဒီကရီချမှတ်ပေးပြီးနောက်ပိုင်းတွင် မူလရုံးတရားလိုနှင့် တရားပြိုင်တို့သည် အမွေဆိုင်တိုက်ခန်းနှင့် စပ်လျဉ်း၍ပြေငြိမ်း ဒီကရီအရ အကောင်အထည်ဖော်နိုင်ခြင်း မရှိသဖြင့်အပြီးသတ် ဒီကရီ ဆက်လက်ချမှတ်ပေးပါရန် မူလရုံးတရားလိုက လျှောက်ထားသဖြင့် တိုင်းတရားရုံးကအပြီးသတ်ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃ တွင် ပြေငြိမ်းဒီကရီချမှတ်ပြီး နောက်ထပ်မံ၍သဘော တူညီထားသည့်အတိုင်း ဆောင်ရွက်ပေးရန် အမိန့်ချမှတ်ခွင့်မရှိစေရဟု တားမြစ်ထားခြင်းမရှိကြောင်း၊ အမိန့် ၂၃၊ နည်း ဥပဒေ၃ အရမူလမှု၌ သဘောတူပြေငြိမ်းသည့် ဒီကရီပါ စည်းကမ်းချက်အတိုင်း လိုက်နာ ဆောင်ရွက်စေသည့် အတည်ပြုအမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားခွင့်ရှိမည်ဖြစ်ကြောင်း၊ ဤအမှုတွင်ပြေငြိမ်း ဒီကရီပါ စည်းကမ်းချက်များ အရအပြီး သတ်ဒီကရီ ချမှတ်ရန်သာရှိသဖြင့် မူလချမှတ်ခဲ့သည့် ပြေငြိမ်း ဒီကရီပါအတိုင်း မိဘများကျန်ခဲ့သည့် အမွေပစ္စည်းကို ထက်ဝက်စီ ခွဲဝေခံစားကြစေရန် သုံးသပ်၍အပြီးသတ် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားလိုနှင့်တရားပြိုင်တို့ သဘောတူညီထားသည့်သဘောတူညီချက်များကို မှတ်တမ်းတင်ပြီး ချမှတ်ခဲ့သည့်တိုင်းတရားရုံး၏ ဒီကရီမှာ ပဏာမဒီကရီမဟုတ်ဘဲ အမှု ရပ်ဆိုင်းထားသည့်ဒီကရီသာဖြစ်ကြောင်း၊ ထို့ကြောင့်တိုင်းတရားရုံးက

၂၀၀၅
ကိုမင်းလွင်
နှင့်
မောင်သန်းနိုင်

အပြီး သတ်ဒီကရီချမှတ်ခြင်းသည် မှားယွင်းကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်းဥပဒေ ၃ တွင်အပြီးသတ်ဒီကရီအပါအဝင် ဒီကရီနှစ်ရပ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ပြေငြိမ်း ဒီကရီတွင် ကတိစာချုပ်ပါ စည်းကမ်းချက်များကို အတည်ပြုရန်ဟု ဖော်ပြထားကြောင်း၊ ဒီကရီပါစကားရပ်များနှင့်နည်းဥပဒေ ၃ ပြဋ္ဌာန်း ချက်များအရအဓိပ္ပာယ်ဖွင့်ဆိုမှုသည်များ သဘောတူညီထားသည့် စည်းကမ်းချက် အတိုင်း ဆောင်ရွက်ပေးစေရန် သို့မဟုတ် အကောင်အထည်ဖော်ပေး စေရန် လျှောက်ထားခွင့်သာလျှင်ရှိကြောင်း၊ တိုင်းတရားရုံးသည် ပြေငြိမ်း ဒီကရီပါ စည်းကမ်းချက် (၄)ရပ်ကို အတည်ပြုပေးရန် ဖြစ်သဖြင့် အပြီးသတ် ဒီကရီချမှတ်ရန် လိုအပ်မှုမရှိကြောင်း လျှောက်လဲ တင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက မူလရုံးတရားလိုနှင့်တရားပြိုင် တို့သည် နှစ်ဖက်ညှိနှိုင်းသဘောတူကြပြီးနောက်ပြုလုပ်ထားသည့် ကတိ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ပြေငြိမ်းဒီကရီချမှတ်ပေးရန် လျှောက်ထားခြင်းဖြစ်ကြောင်း၊ မူလရုံးတရားပြိုင်ဘက်မှ အချင်းဖြစ် အခန်းတွင် လက်ရှိနေထိုင်နေသည့်အနေအထားရှိ၍ သဘောတူထား သည့် စည်းကမ်းချက်များနှင့် တရားရုံးအမိန့်တို့ကိုအကောင်အထည် ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် နစ်နာသူမောင်သန်းနိုင်က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် အပြီးသတ်ဒီကရီ ချမှတ်ပေးရေးကိစ္စကို လျှောက်ထားခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မူလချမှတ်သည့် ဒီကရီသည် ပဏာမဒီကရီအမျိုးအစားသာ ဖြစ်ကြောင်း၊ နည်းဥပဒေ ၃ တွင် ပြေငြိမ်း ဒီကရီချမှတ်ပြီး နောက်ပိုင်း ထပ်မံ၍ သဘောတူညီထားသည့်အတိုင်း ဆောင်ရွက်ပေးရန် အမိန့်ချမှတ်ခွင့်မရှိစေရဟု တားမြစ်ထားခြင်းမရှိသဖြင့် ပြေငြိမ်းဒီကရီပါ စည်းကမ်းချက်အတိုင်းလိုက်နာစေသည့် အတည်ပြုအမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားခွင့်ရှိမည်ဖြစ်ကြောင်း၊ တိုင်းတရားရုံး ဆုံးဖြတ်ချက်သည် မှားယွင်းမှုမရှိသဖြင့် အယူခံမှုကို ပလပ်သင့်ကြောင်း

လျှောက်လဲတင်ပြသည်။

ဤအမှုတွင် မူလရုံးတရားလို မောင်သန်းနိုင်က မူလရုံးတရား ပြိုင်ကိုမင်းလွင်အပေါ် မိဘများကျန်ရစ်သည့် အမွေပစ္စည်းကို စီမံခန့်ခွဲ ပေးရန် တရားစွဲဆိုခဲ့သည်။ ချေလွှာမတင်မီ မောင်သန်းနိုင်နှင့် ကိုမင်းလွင်တို့သည် အောက်ပါအတိုင်း သဘောတူခဲ့ကြ၍ သဘောတူညီမှုကတိ စာချုပ်ပါ စည်းကမ်းချက်များ အတိုင်း ပြေငြိမ်းဒီကရီချမှတ်ပေးရန် လျှောက်ထားခဲ့သည်-

**သဘောတူညီချက်များ**

၁။ အဆိုပါတိုက်ခန်းအားတန်ဖိုးငွေကျပ်သိန်း (၃၅၀) နှင့် သိန်း (၄၀၀)အကြား သတ်မှတ်ရောင်းချရန်။

၂။ ၃၁-၁၀-၂၀၀၄ နေ့ နောက်ပိုင်းကာလများတွင် ရောင်းချ၍ ရရှိသည့် ရောင်းရငွေကို နှစ်ဦးအညီအမျှခွဲဝေယူရန်။

၃။ ၃၀-၁၀-၂၀၀၄ ရက်နေ့အတွင်း တိုက်ခန်းရောင်းချခြင်း မရှိပါက နှစ်ဦးနှစ်ဖက်ဈေးညှိနိုင်း၍ တစ်ဦးဦးကအမ်းပေးရန် နှစ်ဦးနှစ်ဖက်ဈေးညှိနှိုင်းမရပါက တရားရုံးမှလေလံတင် ရောင်းချ၍ခွဲဝေပေးရန်။

၄။ ရောင်းချရငွေများအနက် အခွန်အခကိစ္စရပ်များကို နှစ်ဦးညီ တူမျှတူပေးအပ်ရန်။

၅။ ရန်ကုန်တိုင်း၊ တွဲဖက် (၁၃) တရားရုံးတော်တွင် စွဲဆို ထားသော တရားမကြီးမှုအမှတ် ၁၈၃၃တွင် ဖော်ပြပါ ညှိနှိုင်းသဘော တူညီချက်ကိုပြေငြိမ်း ဒီကရီချမှတ်ပေးရန်။

၆။ နောင်ကာလများတွင် အမွေကိစ္စရပ်များတွက် တစ်ဦးနှင့် တစ်ဦး ထပ်မံတောင်းဆိုခြင်းများ မပြုလုပ်ရန်။

တိုင်းတရားရုံးကလည်း နှစ်ဖက်အမှုသည်များ လျှောက်ထား သည့်အတိုင်း ၆-၁၀-၂၀၀၄ ရက်စွဲဖြင့် ပြုလုပ်ထားသည့် သဘောတူညီ မှုစာချုပ်ပါ စည်းကမ်းချက်များကို မှတ်တမ်းတင်ပြီး တရားလိုသည် တရားပြိုင်ထံမှ အမွေပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်း၊ ကျောက်တံတား

မြို့နယ်၊ ၃၅လမ်း၊ အမှတ် ၂၅၃၊ ပထမထပ်ရှိ တိုက်ခန်းတစ်ခန်းကို ပြုလုပ်ထားသည့် သဘောတူညီချက်ပါ စည်းကမ်းချက်များနှင့်အညီ ရောင်းချ၍ရောင်းရငွေကိုအညီအမျှခွဲဝေရထိုက်ခွင့်ရှိကြောင်းနှင့် အတည်ပြုပေးရန် လျှောက်ထားနိုင်ခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့သည်။

နှစ်ဖက်အမှုသည်များသည် ပြုလုပ်ထားသည့် သဘောတူညီချက်အတိုင်းကျေနပ်မှုမရရှိကြသည့်အပြင် ပြုလုပ်ထားသည့်သဘောတူညီချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မူလရုံးတရားလိုကအပြီးသတ်ဒီကရီချမှတ်ပေးရန် ၉-၃-၂၀၀၅ ရက်စွဲဖြင့် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သဘောတူညီချက်ပါ စည်းကမ်းများအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက အပြီးသတ်ဒီကရီချမှတ်နိုင်ခွင့်ရှိမရှိ ဤအမှုတွင် စိစစ်ရန်လိုအပ်သည်။

အမှုကိုသဘောတူပြေငြိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

"တရားဥပဒေနှင့်ညီသည့် သဘောတူညီချက် သို့မဟုတ် သဘောတူပြေငြိမ်းချက်အရအအမှုကို လုံးလုံးလျားလျားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ညှိနှိုင်းရှင်းလင်းပြီးကြောင်း တရားရုံးကျေနပ်အောင် သက်သေထင်ရှားပြသည့်အခါသော်လည်းကောင်း၊ တရားပြိုင်သည်အမှု အကြောင်းအရာတစ်ရပ်လုံးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အချို့တစ်ဝက်နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ တရားလိုကျေနပ်အောင် ဆောင်ရွက်ပြီးသောအခါတွင်လည်းကောင်း၊ တရားရုံးသည် ယင်းသဘောတူညီချက်၊ သဘောတူ ပြေငြိမ်းချက် သို့မဟုတ် ကျေနပ်အောင် ဆောင်ရွက်ချက်ကို အမှုတွင် ရေးမှတ်ထားစေရန် အမိန့်ချမှတ်၍ ယင်း အချက်နှင့်အညီ ဒီကရီချမှတ်ရမည် သို့မဟုတ် ဆိုခဲ့သည့် သဘောတူညီချက်၊ သဘောတူ

ပြေငြိမ်းချက် သို့မဟုတ် ကျေနပ် အောင်ဆောင်ရွက်ချက်ပါ စည်းကမ်းချက်များနှင့် အညီအမှုတွင် ဆက်လက် ဆောင်ရွက်ခြင်း အရပ်ရပ်ကိုရပ်ဆိုင်းထားရန် နှင့်အတည် ပြုရန် အမှုသည်များက လျှောက်ထားနိုင်ခွင့်နှင့် တကွ ဒီကရီ ချပေးရမည်။"

တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်းဥပဒေ ၃ ပြဋ္ဌာန်းချက် အရ အမှုစွဲဆိုပြီးနောက် ဥပဒေနှင့်အညီသဘောတူညီချက် သို့မဟုတ် သဘောတူကျေအေးပြေငြိမ်းချက်အရ အမှုတစ်မှုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ အမှုသည်များက ရှင်းလင်း ပြေကြေနိုင်သည်။ တရား ပြိုင်သည်အမှု၏ အချင်းဖြစ်အကြောင်းအရာ တစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသနှင့် စပ်လျဉ်း၍ တရားလိုအား ကျေအေးပြေငြိမ်း အောင်လည်း ဆောင်ရွက်နိုင်သည်။

ထိုအခါတရားရုံးက အဆိုပါသဘောတူညီချက်၊ သဘောတူ ကျေအေးပြေငြိမ်းချက်ကို မှတ်တမ်းတင်စေရန် အမိန့်ချမှတ်ရသည်။ ထို မှတ်တမ်းတင်ချက်နှင့်အညီ ဒီကရီချမှတ်နိုင်သည် သို့မဟုတ် အဆိုပါ သဘောတူညီချက်၊ သဘောတူကြေအေးပြေငြိမ်းချက်ကို အကျိုး သက်ရောက်စေရန် အလို့ငှာအမှုသည်များက လျှောက်ထားခွင့် နှင့်တကွ ယင်းသဘောတူညီချက်၊ သဘောတူပြေငြိမ်းချက်ပါ စည်းကမ်းချက်များအရ အမှုတွင်နောက်ထပ်ဆောင်ရွက်ချက် အရပ်ရပ်ကို ဆိုင်းငံ့ထားစေရန် ဒီကရီချမှတ်နိုင်သည်။ ဆိုင်းငံ့ထားစေရန် ချမှတ်သည့် ဒီကရီပုံစံမှာ တရားမ ပုံစံအမှတ် ၆၄-က ဖြစ်သည်။

တရားမပုံစံအမှတ် ၆၄-က ၏ စာမျက်နှာ (၂) တွင် အောက်ပါ အတိုင်းပါရှိသည်-

"ဒီကရီချမှတ်သည်မှာ အတည်ပြုရန်အမှုသည်များက လျှောက်ထားနိုင်ခွင့်ရှိသည့် ကတိစာချုပ်ပါစည်းကမ်းချက် များကို အတည်ပြုရန် အတွက်မှတစ်ပါး ဤအမှုတွင် ဆက်လက်ဆောင်ရွက်ခြင်း အရပ်ရပ်ကို ဆိုခဲ့သည့်

ကတိစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ရပ်ဆိုင်ထားစေရမည်"

ထို့ကြောင့် အထက်ပါပြေငြိမ်းဒီကရီ၏လိုရင်းမှာ "ဒီကရီချမှတ်သည်မှာ ဤအမှုတွင် ဆက်လက်ဆောင်ရွက်ခြင်းအရပ်ရပ်ကို × × × ရပ်ဆိုင်း ထားစေရမည်" ဟုဖြစ်သည်။

မူလမှုတွင် ချမှတ်သောပြေငြိမ်း ဒီကရီပါအတိအလင်း ဖော်ပြပါရှိချက်အရ တိုင်းတရားရုံးသည် တရားမကြီးမှုတွင် ဆက်လက်ဆောင်ရွက်ခြင်းအရပ်ရပ်ကို ရပ်ဆိုင်းခဲ့ခြင်းမျှသာဖြစ်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် ဖွင့်ဆိုထားသကဲ့သို့ အမှုသည်တို့၏ ရပိုင်ခွင့်ကို သတ်မှတ်ဖော်ထုတ်ဆုံးဖြတ်သော ဒီကရီမျိုးမဟုတ်သည့်အပြင် အမွေစီမံ ခန့်ခွဲပေးစေလိုမှုတွင် အမှုသည်တို့၏ရခွင့်ရှိသည့် အမွေဝေစုကို သတ်မှတ်ဖော်ထုတ်ဆုံးဖြတ်သော ပဏာမဒီကရီလည်း မဟုတ်ပေ။

တစ်ဖက်တွင် တရားမပုံစံအမှတ် ၆၄-က၊ စာမျက်နှာ (၂) တွင် "အတည်ပြုရန်အမှုသည်များက လျှောက်ထားခွင့်ရှိသည်ဟူသော စကား ရပ်သည် အမိန့်၂၃၊ နည်း ၃ ပါ "with liberty to the parties to apply for the purpose of carrying the same into effect" ၏ ဘာသာပြန်ဆိုချက်ဖြစ်သည်။ ယင်းစကားရပ်အနေအထားကို ထောက်ချင့်၍ ကတိစာချုပ်ပါ စည်းကမ်းချက်များအတိုင်း သို့မဟုတ် ကတိစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန် သို့မဟုတ် အကောင်အထည်ဖော်စေရန်ဟု အဓိပ္ပာယ်ရရှိသည်။

တရားမပုံစံအမှတ် ၆၄-က အရချမှတ်သော ဒီကရီအတိုင်း နှစ်ဖက်အမှုသည်များ ဆောင်ရွက်ကြ၍ ကျေနပ်မှုရရှိပါလျှင် တရားရုံးသို့လာရောက်အရေးဆိုတော့မည်မဟုတ်သဖြင့် ထိုဒီကရီ ချမှတ်ထားသည့် အဆင့်မှာပင် ရပ်ဆိုင်းထားသည့် တရားမကြီးမှုသည် ဆုံးခန်းတိုင်ရောက် ရှိသွားမည်ဖြစ်သည်။ ပြေငြိမ်းဒီကရီပါ "မှတစ်ပါး" ဟူသော စကားရပ်ကို ထောက်ရှု၍ တစ်ဖက်ဖက်သောအမှုသည်က သဘောတူညီချက်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက

ကျန်တစ်ဖက်အမှုသည်က ဒီကရီတွင် သီးသန့်ထားသည့်အတိုင်း ကတိစာချုပ်ပါစည်းကမ်းချက်များကို အတည်ပြုရန် ရပ်ဆိုင်းထားသည့် တရားမကြီးမှုတွင် လျှောက်ထားခွင့် ရှိသည်။

ဤအမှုတွင် တိုင်းတရားရုံးက တရားမပုံစံ ၆၄-က ဖြင့် ချမှတ်ခဲ့သည့် ဒီကရီမှာ ဆက်လက်ဆောင်ရွက်ခြင်း အရပ်ရပ်ကို ရပ်ဆိုင်းထားစေရန် ချမှတ်ခဲ့ခြင်းသာဖြစ်သည်။ အမွေရှင်မိဘများဖြစ်ကြသည့် ဦးသောင်းတင်နှင့် ဒေါ်မြသန်းတို့ကျန်ရစ်သော အမွေပစ္စည်းကို မည်သည့်အမျိုး အစားအတိုင်း ခွဲဝေရထိုက်ကြောင်း ချမှတ်သည့်ပဏာမဒီကရီ မဟုတ် သဖြင့် ယင်းအပေါ်မူတည်၍ အပြီးသတ်ဒီကရီက ချမှတ်ခွင့်ရှိမည် မဟုတ်ပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ တိုင်းတရားရုံး၏ ၃၀-၆-၂၀၀၅ ရက်စွဲပါ စီရင်ချက်နှင့်အပြီးသတ် ဒီကရီကို ပယ်ဖျက်ပြီးအမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၂၀၀/- သတ်မှတ်သည်။

၂၀၀၅
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်လီကွေ့ချင်
ပါ ၃

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဦးကျော်ဝင်း ရှေ့တွင်

## ဒေါ်နန်းခင်ထွေး
## နှင့်
## ဒေါ်လီကွေ့ချင်(ခ) လီလောက်မေ ပါ ၃ *

**ရုံးချိန်းပျက်ကွက်ခြင်းကြောင့် ပလပ်သောအမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားရာတွင်လုံလောက်သောအကြောင်းဟုတ်မဟုတ်။**

ဆုံးဖြတ်ချက်။ ။ ရုံးချိန်းပျက်ကွက်ခြင်းကြောင့် ပလပ်သောအမှုကို အမိန့်-၉၊ နည်း-၉အရ ပယ်ဖျက်နိုင်သည့်တစ်ခုတည်းသော အကြောင်းမှာ တရားလိုသည် လုံလောက်သောအကြောင်းကြောင့် တရားရုံးသို့ မလာရောက်နိုင်ခြင်းဖြစ်သည်။ လုံလောက်သော အကြောင်း ဟုတ်မဟုတ်မှာ အမှုတစ်မှုစီ၏ ဖြစ်ရပ်များအပေါ်တွင် မူတည်သည်။ အယူခံတရားလိုအနေဖြင့် လွန်ကဲစွာပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှုနှင့် တူသောအကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိလျှင် ၎င်း အား ကြားနာခွင့်မပေးဘဲမထားသင့်ပေ။ **ဦးငွေနှင့်ဗမာ့တံခွန် ကုမ္ပဏီအမှု**[၁] တွင်ကြည့်ပါ။

ယခုအမှုတွင် ယေဘုယျအားဖြင့် စိစစ်ရန်မှာ အယူခံ တရားလိုသည် အမှုကြားနာစဉ်တရားရုံးသို့ ရောက်ရှိရန် ရိုးရိုးသားသား ရည်ရွယ်ခြင်းရှိမရှိနှင့် အချိန်မီရောက်ရှိအောင်

---

* တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၄ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ်-၃၀

+ ၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၉တွင် ချမှတ်သော မန္တလေးတိုင်း တရားရုံး၏ ၇-၆-၂၀၀၄ ရက်စွဲပါအမိန့်ကိုအယူခံမှု။

၁။ ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၄(လွှတ်တော်)

၂၀၀၃
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်ကီကွေ့ချင်
၃

အစွမ်းကုန် ဆောင်ရွက်ခြင်းရှိမရှိဖြစ်သည်။ အယူခံတရားလိုအနေဖြင့် ရန်ကုန်မြို့တွင်ဆေးဝါးကုသမှုခံယူရသည်ဆိုသော်လည်း ဆေးရုံတက်ရောက်ကုသရခြင်းမျိုးမဟုတ်ဘဲ ပြင်ပလူနာအနေဖြင့်သာ ကုသမှုခံယူရကြောင်းပေါ်ပေါက်နေပေသည်။ သို့ဖြစ်ရာ၎င်း အနေဖြင့် ရုံးချိန်းနေ့ရက်များတွင် အထောက်အထားပြည့်စုံစွာဖြင့် ဆေးဝါးကုသမှုခံယူနေကြောင်း တင်ပြခြင်းမရှိဘဲလျက် ပျက်ကွက်ခြင်းမှာ ၎င်း၏ ပေါ့ဆမှု၊ ရုံးချိန်းရက်များတွင် ရုံးသို့ အချိန်မီ ရောက်ရှိအောင် အစွမ်းကုန်ဆောင် ရွက်ခြင်းမရှိဘဲ ပျက်ကွက်မှုများ ရှိနေကြောင်းမှာ မြင်သာသည်။

**အယူခံတရားလိုအတွက်** - ဦးကံချွန်
(တရားရုံးချုပ်ရှေ့နေ)

**အယူခံတရားပြိုင်များအတွက်** - (၁၊၂) ကိုယ်တိုင်(မလာ)
(၃) ဦးထွန်းအုံ
(တရားရုံးချုပ်ရှေ့နေ)

မန္တလေးတိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၃၇၉/၂၀၀၃ တွင် အယူခံတရားလို ဒေါ်နန်းခင်ထွေးက တရားလိုပြုလုပ်ကာ အယူခံ တရားပြိုင် ဒေါ်လီကွေ့ချင်(ခ)လီလောက်မေပါ-၃ဦးတို့ အပေါ် အမှု၏ပြင်ပတွင် လိမ်လည်ရယူထားသော ဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု စွဲဆိုခဲ့ရာ အမှုစစ်ဆေးနေစဉ်ကာလ အတွင်းတရားလိုရုံးချိန်းပျက်ကွက်မှုကြောင့် တိုင်းတရားရုံးက တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၂နှင့် အမိန့် ၉၊နည်း ၈တို့အရ တရားလို စွဲဆိုသောအမှုကို ပလပ်ခဲ့သည့် အမိန့်အပေါ်တွင် အမိန့် ၉၊ နည်း ၉ အရအမှုအား ဆက်လက် စစ်ဆေးခွင့်ပြုရန် လျှောက်ထားခဲ့သော်လည်း လျှောက်ထားလွှာကို ပလပ်ခဲ့သည်။ ထိုအမိန့်ကို မူလရုံးတရားလိုက ကျေ နပ်မှုမရှိသဖြင့် ဤတရားမအထွေထွေအယူခံမှုကိုတင်သွင်းလာခြင်း ဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ယခုအမှုတွင် ချိန်းဆိုသော

၂၀၀၅
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်လီကွေ့ချင်
ပါ ၃

ရုံးချိန်းတိုင်း၌ တရားလိုရုံးရှေ့မရောက်သော်လည်း တရားလို၏ အကျိုး ဆောင် ရုံးရှေ့ရောက်ရှိကြောင်းမှာ နေ့စဉ်မှတ်တမ်းများအရ ထင်ရှား ပြီးဖြစ်ကြောင်း၊ တရားလိုသည် (၈-၃-၂၀၀၄) နေ့မှ (၂၇-၄-၂၀၀၄) နေ့ထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်း၊ စံပြဆေးရုံကြီး ပြင်ပလူနာဌာနတွင် ဆေးဝါးကုသခံယူခဲ့ကြောင်းကို ဆေးမှတ်တမ်း များ၊ ကျမ်းကျိန်လွှာများ နှင့်အတူ ပူးတွဲကာ တင်ပြလျှောက်ထား ခဲ့ကြောင်း၊ မူလတိုင်းတရားရုံး က ဆေးရုံတွင်ဆေးကုသမှုခံယူနေရုံ သက်သက်ဖြင့် ရုံးချိန်းပျက်ကွက် ခြင်းအပေါ် ခွင့်လွှတ်ရန်အတွက် လုံလောက်သောအကြောင်းပြချက်ဟု မဆိုနိုင်ကြောင်း မှတ်ချက် ပြုသုံးသပ်ပြီး တရားလို၏အဆိုလွှာကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးကြီးသည့် ကိုယ်ရေးကိုယ်တာကြောင့် ရုံးသို့ မလာရောက်နိုင် ခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၉အရ အကျိုးခံစားခွင့် ဆုံးရှုံးရန် မလုံလောက်၊ အလွန်အရေးကြီးသည့် ကိုယ်ရေးကိုယ်တာကိစ္စရှိခြင်းသည်· ရုံးသို့မလာရောက်နိုင်ခြင်း၏ လုံလောက်သောအကြောင်းပြချက်ဖြစ်သည်ဟု **ဦးငွေ နှင့် ဗမာ့တံခွန်ကုမ္ပဏီအမှု**[၁] တွင် လမ်းညွှန်ထုံးဖွဲ့ထား သည့်အတွက် ယင်းအချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၂ နှင့် အမိန့် ၉၊ နည်း ၈ အရအမှုမစစ် ဆေးမီအဆင့်ဖြစ်ပါက တရားလိုမလာရောက်ဘဲ ပျက်ကွက်လျှင် အမှုကို ပလပ်သင့်သော်လည်း အမှုစစ်ဆေးဆဲကာလဖြစ်လျှင် တရားရုံးတော်၏ ဆင်ခြင်တုံတရားအရသာ ဆောင်ရွက်သင့်ကြောင်း စသည်ဖြင့် လျှောက် လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက အမှုတွဲရှိ နေ့စဉ်မှတ်တမ်း များအရ (၂၆-၂-၂၀၀၄) ရက်နေ့တွင် မူလတိုင်းတရားရုံးက ငြင်းချက် များထုတ်ပြီး တရားလိုဘက်ကိုစတင်စစ်ဆေးရန် (၁၀-၃-၂၀၀၄) နေ့သို့

(၁) ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၃၄။
(လွှတ်တော်)

၂၀၀၅
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်လီကွေ့ချင်
ပါ ၃

ချိန်းဆိုခဲ့ကြောင်း၊ ယင်းနေ့တွင် အယူခံတရားပြိုင် (၃)ဘက်မှ အမိန့် ၁၃၊ နည်း ၁အရ စာရွက်စာတမ်းများနှင့် သက်သေစာရင်းများကို တင်သွင်းခဲ့သော်လည်း တရားလိုမလာရောက်သဖြင့်အမှုကို ဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း၊ ယင်းနောက် (၁၈-၃-၂၀၀၄)၊ (၂-၄-၂၀၀၄)၊ (၂၂-၄-၂၀၀၄) နေ့များသို့ ရုံးချိန်း အကြိမ်ကြိမ်ချိန်းဆိုခဲ့ရကြောင်း၊ တရားလိုအကျိုးဆောင်မှ တရားလိုသည် ကျန်းမာရေး မကောင်းသဖြင့် ရန်ကုန်မြို့သို့ သွားရောက်ပြီး ဆေးကုသခံနေရကြောင်း တင်ပြသော်လည်း အထောက်အထားတစ်စုံတစ်ရာကို ရုံးသို့တင်ပြနိုင် ခြင်းမရှိကြောင်း၊ မူလတိုင်းတရားရုံးက (၂၂-၄-၂၀၀၄) ရက်နေ့တွင် အမိန့် ၁၇၊ နည်း ၂အရ လည်းကောင်း၊ အမိန့် ၉ ၊နည်း၈အရ လည်းကောင်း ပလပ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ ထို့နောက် (၄-၅-၂၀၀၄) ရက်နေ့ တွင် မူလရုံးတရားလိုကအမှုကို ဆက်လက် စစ်ဆေး ခွင့်ပြုရန် အမိန့်၉၊ နည်း ၉အရ လျှောက်ထားလာခြင်းဖြစ်ပြီး ထိုအချိန်တွင်မှ ဆေးစာများကို တင်ပြခြင်းဖြစ်ကြောင်း၊ အဆိုပါဆေးစာ မှတ်တမ်းအရ မူလရုံးတရားလိုသည် (၈-၃-၂၀၀၄) ရက်နေ့ တစ်ရက် တည်းသာ ရန်ကုန်မြို့၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် ဆေးကုသမှု ခံရကြောင်းသာ ယေဘုယျပေါ်ပေါက်ကြောင်း၊ တရားရုံးကချိန်းသော ရက်များတွင် မူလရုံးတရားလိုမလာရောက်ပျက်ကွက်ခြင်းနှင့် ပတ်သက်၍ တရားလိုဘက်မှ တင်ပြသောအကြောင်းပြချက် များသည် လုံလောက် သော အကြောင်းပြချက်များ မဟုတ်သည်မှာ ထင်ရှားကြောင်း၊ တိုင်း တရားရုံး၏ အမိန့်သည် မှားယွင်းမှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

မန္တလေးတိုင်းတရားရုံးက မူလရုံးတရားလိုတင်ပြသည့် ဆေးမှတ်တမ်းစာအုပ်အတွင်း စာမျက်နှာတွင်ဆေးကုသသည့်ရက်ကို (၈-၃-၂၀၀၄) တစ်ရက်တည်းသာဖော်ပြထားပြီး အခြားရက်များကို ဖော်ပြခြင်းမရှိကြောင်း၊ တရားလို၏တင်ပြချက်တွင် အရိုးကျိုးပေါင်း

၂၀၀၅
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်လီကျွေ့ချင်
ပါ ၃

ရောဂါဖြင့် ကျန်းမာရေးမကောင်းသောကြောင့် ရန်ကုန်မြို့ စံပြဆေးရုံကြီး ကုတင် (၃၀၀)သင်္ဃန်းကျွန်းတွင် (၈-၃-၂၀၀၄) နေ့မှ (၂၇-၄-၂၀၀၄) နေ့အထိ ဆေးဝါးကုသမှုခံယူနေရပါသည်ဟုသာ ဖော်ပြပါရှိပြီး ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်၍ဆေးကုသမှုခံနေခဲ့ရကြောင်းကို ဖော်ပြခြင်းမရှိကြောင်း၊ ဆေးရုံတွင် ဆေးကုသမှုခံနေရုံသက်သက်ဖြင့် ရုံးချိန်း ပျက်ကွက်ခြင်းအပေါ် ခွင့်လွှတ်ရန်အတွက် လုံလောက်သော အကြောင်းပြချက်ဟု မဆိုနိုင်ကြောင်း၊ ဆေးရုံတွင် ဆေးကုသမှု သွားရောက်ခံယူရရုံသက်သက်မျှဖြင့်လည်း တရားရုံးက ချိန်းဆိုသည့် နေ့များတွင်မလာရောက်နိုင်ခြင်းမှာ ခွင့်လွှတ်နိုင်ရန် အကြောင်းမရှိဟု သုံးသပ်ကာ တရားလို၏အမိန့် ၉၊ နည်း ၉ အရ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

မူလရုံးအမှုတွဲပါ နေ့စဉ်မှတ်တမ်းအရ အယူခံတရားလိုသည် ရုံးချိန်းရက်များဖြစ်သည့်(၁၀-၃-၂၀၀၄)၊ (၁၈-၃-၂၀၀၄)၊ (၂-၄-၂၀၀၄) နှင့် (၂၂-၄-၂၀၀၄) ရက်နေ့များတွင် ရုံးရှေ့သို့ ရောက်ရှိခြင်း မရှိဘဲအကြောင်းမဲ့ ပျက်ကွက်ခဲ့ကြောင်းတွေ့ရသည်။ (၁၈-၃-၂၀၀၄) ရက်နေ့တွင် တရားလိုရုံးချိန်းပျက်ကွက်ရခြင်းနှင့် စပ်လျဉ်း၍ ၎င်း၏ရှေ့နေက တရားလိုကျန်းမာရေးမကောင်း၍ ရန်ကုန်သို့ သွားရောက်ဆေးကုသမှုခံယူနေရကြောင်း ရုံးသို့တင်ပြကြောင်း ပေါ်ပေါက်သော်လည်း ယင်းသို့ဆေးကုသမှုခံယူနေရကြောင်း အထောက်အထား စာရွက်စာတမ်းတစ်စုံတစ်ရာတင်ပြခြင်း မရှိပေ။ မူလရုံးတရားလို တင်ပြသကဲ့သို့ (၈-၃-၂၀၀၄) နေ့မှ စတင်ကာ ဆေးဝါးကုသမှုခံယူရသည်ဆိုပါက ယင်းနေ့နောက်ပိုင်းရုံးချိန်းရက်များတွင် တရားရုံးသို့ တင်ပြသင့်ပေသည်။

အယူခံတရားလို၏ အမိန့် ၉၊ နည်း ၉ အရလျှောက်လွှာတွင် ဖော်ပြချက်၊ ယင်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ကျမ်းကျိန်လွှာ တို့တွင် အရိုးကျိုးပေါင်းရောဂါဖြင့် (၁၀-၃-၂၀၀၄) မှ (၂၇-၄-၂၀၀၄) နေ့အထိ ဆေးဝါးကုသမှုခံယူရကြောင်း

၂၀၀၅
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်လီကွေ့ချင်
ပါ ၃

တင်ပြထားသည်။ သို့သော်လည်း အယူခံတရားလိုတင်ပြသည့် ဆေးကုသမှုမှတ်တမ်းတွင်မူ (၈-၃-၂၀၀၄) ရက်နေ့ တစ်ရက်တည်းသာ ဆေးကုသမှုခံယူရကြောင်း ပေါ်ပေါက်သည်။ ယင်းဆေးမှတ်တမ်းတွင် ဖော်ပြချက်အရဆိုပါမူ အယူခံတရားလိုသည် ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေရကြောင်း မပေါ်ပေါက်ပေ။ ထိုသို့သောအခြေအနေတွင် အယူခံတရားလို အနေဖြင့် ဆေးဝါးကုသမှုဆက်လက်ခံယူရန် လိုအပ်သည် ဆိုပါကလည်း ရုံးချိန်းရက်များတွင် ရုံးချိန်းပျက်ရခြင်းနှင့် စပ်လျဉ်း၍ အနီးစပ်ဆုံးရုံးချိန်းဖြစ်သည့် (၁၈-၃-၂၀၀၄) ရက်နေ့တွင် တရားရုံးသို့လည်းကောင်း၊ ၎င်း၏ရှေ့နေ ထံသို့လည်းကောင်း ဆက်သွယ်တင်ပြသင့်ပေသည်။ သို့သော်လည်း တိုင်းတရားရုံးသို့ (၁၈-၃-၂၀၀၄) ရက်နေ့တွင် အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြခြင်းမရှိဘဲ ယေဘုယျသာတင်ပြကြောင်းတွေ့ရသည်။

ရုံးချိန်းပျက်ကွက်ခြင်းကြောင့် ပလပ်သောအမှုကိုအမိန့်၉၊ နည်း ၉အရ ပယ်ဖျက်နိုင်သည့်တစ်ခုတည်းသောအကြောင်းမှာ တရားလိုသည် လုံလောက်သောအကြောင်းကြောင့် တရားရုံးသို့ မလာရောက်နိုင်ခြင်း ဖြစ်သည်။ လုံလောက်သောအကြောင်း ဟုတ်/ မဟုတ်မှာ အမှုတစ်မှုစီ၏ ဖြစ်ရပ်များအပေါ်တွင် မူတည်သည်။ အယူခံတရားလိုအနေဖြင့် လွန်ကဲစွာ ပေ့ါဆမှု သို့မဟုတ် မလျော်မကန် ပြုလုပ်မှုနှင့်တူသောအကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ခြင်း မရှိလျှင် ၎င်းအားကြားနာခွင့်မပေးဘဲ မထားသင့်ပေ။ **ဦးငွေနှင့် ဗမာ့တံခွန်ကုမ္ပဏီ အမှု** [၁]တွင်ကြည့်ပါ။

ယခုအမှုတွင် ယေဘုယျအားဖြင့် စိစစ်ရန်မှာ အယူခံတရားလို သည် အမှုကြားနာစဉ်ကတရားရုံးသို့ ရောက်ရှိရန် ရိုးရိုးသားသား ရည်ရွယ်ခြင်းရှိ/မရှိနှင့် အချိန်မီရောက်ရှိအောင်အစွမ်းကုန် ဆောင်ရွက်ခြင်း ရှိ/မရှိဖြစ်သည်။

၂၀၀၅
ဒေါ်နန်းခင်ထွေး
နှင့်
ဒေါ်လီကွေ့ချင်
ပါ ၃

အယူခံတရားလိုအနေဖြင့် ရန်ကုန်မြို့တွင် ဆေးဝါးကုသမှု ခံယူရသည်ဆိုသော်လည်း ဆေးရုံတက်ရောက်ကုသရခြင်းမျိုး မဟုတ်ဘဲ ပြင်ပလူနာအနေဖြင့်သာ ကုသမှုခံရကြောင်း ပေါ်ပေါက်နေသည်။ သို့ဖြစ်ရာ ၎င်းအနေဖြင့် ရုံးချိန်းနေ့ရက်များတွင် အထောက်အထား ပြည့်စုံစွာဖြင့် ဆေးဝါးကုသမှုခံယူနေကြောင်း တင်ပြခြင်းမရှိဘဲ ပျက်ကွက်ခြင်းမှာ ၎င်း၏ပေါ့ဆမှု ရုံးချိန်းရက်များတွင် ရုံးသို့အချိန်မီ ရောက်ရှိအောင်အစွမ်းကုန်ဆောင်ရွက်ခြင်း မရှိဘဲပျက်ကွက်မှုများ ရှိကြောင်းမှာမြင်သာသည်။

ထိုသို့သောအခြေအနေမျိုးတွင် တိုင်းတရားရုံးက အယူခံတရားလို၏ အမိန့် ၉၊ နည်း ၉ အရ လျှောက်ထားချက်ကို ပလပ်သည့် အမိန့်မှာ အမှုတွဲတွင် ပေါ်ပေါက်နေသော သက်သေခံအထောက်အထားအရ မှန်ကန်မှုရှိကြောင်းတွေ့ရသည့်အတွက် ဤအယူခံရုံးအနေဖြင့် တစ်စုံ တစ်ရာဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် မန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုအတည်ပြုပြီး ဤတရားမအထွေထွေအယူခံမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀/- သတ်မှတ်သည်။